# နွယ်စိုး

# စိမ်းလန်းသော တောင်ကုန်း

[ အက်ဆေး၊ ဝတ္ထုတို / ရှည် စုစည်းမှု ]



"လောကမှာ အမြတ်နိုးဆုံး၊ အတွယ်တာဆုံး ဖြစ်သည့် အသက်နှင့်အချစ် ဟူသော အရာများကို စွန့်လွှတ်ရက်သည့် မျိုးချစ်စိတ်မျိုး ရှာမှ ရှားပါပေသည်။ မိမိ အသက်တမျှ ချစ်သူကို လည်းကောင်း၊ မိမိ၏ ဖခင်ကြီးနှင့် ညီမလေးကို လည်းကောင်း မိမိအသက်ထက် ပို၍ အလေးထားသည့် တိုင်းပြည်ကြီးပွားရေး အတွက် စွန့်သွားရှာသူ မျိုးချစ်မယ်ကလေးအား စိတ်ထဲတွင် လှိုက်လှိုက်လှဲလှဲ ချီးမွမ်းကြည်ညိုမိရင်း...."

**– အချစ်လေးပါး.... မှ။**

"စေတနာရှင် တစ်ဦးဦးနှင့် တွေ့တိုင်း ကျွန်တော် ထ ပြေးချင်စိတ် ပေါက်မိပါသည်။"

**– စေတနာရှင်.... မှ။**

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## နွယ်စိုး [ ၁၉၁၀–၁၉၉၅ ]

ရန်ကုန်မြို့၌ အဖ အငြိမ်းစား ဒုတိယအရေးပိုင် ဦးဘိုးမင်း၊ အမိ ဒေါ်စောနုတို့က ၇ ဧပြီ ၁၉၁၀ တွင် မွေးဖွားသည်။ မွေးချင်း လေးယောက်တွင် အငယ်ဆုံးဖြစ်၍ အမည်ရင်းမှာ ဦးမျိုးမင်း ဖြစ်သည်။

မူလတန်းပညာကို လှည်းကူး၊ ရန်ကုန်၊ ကျိုက်လတ်၊ မြောင်းမြ၊ မအူပင် မြို့များတွင် သင်ယူခဲ့သည်။ ငါးတန်းမှစ၍ ရန်ကုန် စိန့်ပွန်းကျောင်းတွင် ဆည်းပူးခဲ့သည်။ ၁၉၂၆ တွင် အင်္ဂလိပ်စာ၊ အပိုအင်္ဂလိပ်စာ၊ သင်္ချာ၊ ပထဝီဝင်နှင့် သမိုင်းဘာသာများ၌ ဂုဏ်ထူးနှင့် ဆယ်တန်းအောင်သည်။ ၁၉၃၁ တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ အင်္ဂလိပ်စာ ဂုဏ်ထူးတန်း အောင်ခဲ့သည်။ ၁၉၃၁–၃၃ တွင် လန်ဒန်တက္ကသိုလ်၌ ပညာဆည်းပူးသည်။ ၁၉၃၆ တွင် ဥပဒေဘွဲ့နှင့် ၁၉၄၇ တွင် မဟာဝိဇ္ဇာဘွဲ့ ရခဲ့သည်။

ရန်ကုန်တက္ကသိုလ်တွင် အချိန်ပိုင်း အင်္ဂလိပ်စာ နည်းပြမှသည် ပါမောက္ခအထိ အမှုထမ်းခဲ့သည်။ လူငယ်များ ကြီးပွားရေးအသင်း၊ မြန်မာနိုင်ငံ ပညာ ပြန့်ပွားရေး အသင်း၊ ကျေးလက်ပြုပြင်ရေးအဖွဲ့၊ မြန်မာနိုင်ငံ သုတေသနအသင်း၊ မြန်မာနိုင်ငံ ဘာသာပြန်စာပေ အသင်း၊ မြန်မာသမိုင်းကော်မရှင်တို့တွင် ပါဝင်ခဲ့သည်။ ဘားနဒ်ပိဋကတ်တိုက် အတွင်းရေးမှူး၊ ဂန္ထလောက အကျိုးဆောင် အယ်ဒီတာ၊ မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။

၁၉၂၇ တွင် လူငယ်များ ကြီးပွားရေးအသင်းထုတ် စာစောင်များ၌ စာ စတင် ရေးခဲ့သည်။ ကြီးပွားရေးမဂ္ဂဇင်း (ဒီဇင်ဘာ ၁၉၃၅)တွင် "မအူပင်" အက်ဆေးကို "နွယ်စိုး" ကလောင်အမည် ခံ၍ စ ရေးခဲ့သည်။ ဝတ္ထုတို၊ ဆောင်းပါး၊ အက်ဆေးများသာမက ကဗျာများကိုလည်း ရေးသားခဲ့သည်။ **နိုင်ငံရေးနှင့် အချစ်လေးပါး** (၁၉၄၆) ဝတ္ထုတိုများ၊ "ဦးမျိုးမင်း"အမည်နှင့် **အင်္ဂလိပ်စာ သင်ကြားရေး** (၁၉၅၉)၊ Archway English Course(၁၉၅၇)နှင့် Old Burma တို့ကို ထုတ်ဝေခဲ့သည်။ "မြင့်ဝင်း"ကလောင်အမည်ကိုလည်း ရံခါ သုံးစွဲသည်။ ဝဏ္ဏကျော်ထင်ဘွဲ့ (၁၉၅၄)နှင့် သီရိပျံချီဘွဲ့ (၁၉၆၁) ချီးမြှင့်ခံရသည်။ ၂၁ စက်တင်ဘာ ၁၉၉၅ တွင် ကွယ်လွန်ခဲ့သည်။

ရာပြည့်စာအုပ်တိုက်
၁၅ နှစ်ပြည့်
အမှတ်တရ စာစဉ်များ

၁။ မော်ဘီဆရာသိန်း၏ ဘုရားသမိုင်းပေါင်းချုပ်
၂။ ဒဂုန်ဦးထွန်းမြင့်၏ အုံ့ဖွယ့်စာရေးဆရာ
[ ဘာသာ စာပေ၊ ယဉ်ကျေးမှု အထွေထွေ ]
၃။ နွယ်စိုး၏ စိမ်းလန်းသော တောင်ကုန်း
[ အက်ဆေး၊ ဝတ္ထုတို / ရှည် စုစည်းမှု ]
၄။ သန်းဆွေ၏ သံသာလေ ကမ်းတိုင်
၅။ သိပ္ပံမောင်ဝ ပြဇာတ်များ
၆။ မောင်ခင်မင် (ဓနုဖြူ)၏ စာအုပ်များအကြောင်းကို ပြောဆိုပါမည်
၇။ ဒေါက်တာကျော်စိန်၏ ပျိုဖော်ဝင် စိတ်ပညာ
၈။ ကျော်အောင်၏ အိုက်ဗန်၏ နိဂုံးကမ္ဘတ်
[ The Death of Ivan Ilych by Leo Tolstoy]
၉။ မြင့်သန်း၏ တို့များ အချစ်အကြောင်း ပြောကြတဲ့အခါ တို့များ
ပြောကြတာတွေက ........ နှင့် အခြား ဝတ္ထုတိုများ
၁၀။ ဂျာနယ်ကျော် မမလေး ၏ စာပေခရီးသည်
၁၁။ မောင်ထင်၏ ဘာအရေးကြီးဆုံးလဲ၊ အာဇာနည်မိခင်နှင့်
အခြားပြဇာတ်များ
၁၂။ ရွှေကိုင်းသား၏ ဆရာကြီး သခင်ကိုယ်တော်မှိုင်း စာပေနှင့်
အခြားစာတမ်းများ
၁၃။ ထွန်းရီ(ရှေးဟောင်းသုတေသီ)၏ မဲဇာပြန်စာဆို လက်ဝဲသုန္ဒရဘွဲ့ခံ
ဦးမြတ်စံ [ဘဝဖြစ်စဉ်၊ စာပေဂန္တဝင်နှင့် သုတေသနအမြင်]

ရာပြည့်စာအုပ်တိုက်
၁၅ နှစ်ပြည့် အမှတ်တရ စာစဉ် ၃

# စိမ်းလန်းသော တောင်ကုန်း

[အက်ဆေး၊ ဝတ္ထုတို / ရှည် စုစည်းမှု]

## နွယ်စိုး

ရာပြည့်စာအုပ်တိုက်
အမှတ် ၄၅၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁၊ ၇၁၀၁၀၃

စာမူ ခွင့်ပြုချက် [၅၀၁ ၆၅၂ ၁၁ ၀၉]
မျက်နှာဖုံး ခွင့်ပြုချက် [၅၀၁ ၆၁၁ ၁၂ ၀၉]

❑

ပုံနှိပ်ခြင်း
ပထမအကြိမ်
(မတ် ၂၀၁၀)
အုပ်ရေ [၁၀၀၀]

❑

ထုတ်ဝေသူနှင့် ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့်၊ ရာပြည့်စာပေ [၀၃၈၀၁] နှင့်
ရာပြည့်အော့ဖ်ဆက်[၀၅၉၀၁]၊
၂၄၊ သာယာကုန်းလမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❑

မျက်နှာဖုံး ပန်းချီ
ဦးမင်းနိုင်၏ ပန်းချီကားများကို
လင်း၀ဏ္ဏ ဒီဇိုင်းဖွဲ့သည်။

❑

တန်ဖိုး
၁၅၀၀ ကျပ်

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း" (CIP)

၈၀၈.၈

နွယ်စိုး

စိမ်းလန်းသော တောင်ကုန်း/ နွယ်စိုး။
- ရန်ကုန်၊ ရာပြည့်စာပေ၊ မတ် ၂၀၁၀။
၂၁၇ – စာ၊ ၁၁.၅ x ၁၈ စင်တီ။

(၁) စိမ်းလန်းသော တောင်ကုန်း

# မာတိကာ

## အက်ဆေး


၁။ မအူပင် ၉
၂။ ကုသိုလ်ဆက် ၁၅
၃။ စိမ်းလန်းသော တောင်ကုန်း ၂၀


## ဝတ္ထုတို/ရှည်


၁။ နိုင်ငံရေး ၂၈
၂။ အချစ်လေးပါး ၄၂
၃။ စက်မှုကိရိယာ ၇၈
၄။ အညာကြိုက် ၉၈
၅။ ကံ ... ကံ ၁၁၁
၆။ စေတနာရှင် ၁၄၆

## မအူပင်

မအူပင်ကို ရောက်ဖူးရဲ့လား၊ မအူပင်မြို့ဟာ နေလို့ထိုင်လို့ ကောင်းတဲ့ သာယာတဲ့ မြို့ကလေးပဲ။ ကျွန်တော်က မအူပင်မြို့မှာ တော်တော်ကြာကြာ နေဖူးလို့ သိတယ်။ တစ်နေ့က ကျွန်တော် မကျန်းမမာ ဖြစ်ပြီးစ နာလန်ထနေတုန်း ပျင်းပြီး တော့ စိတ်လက်မကြည်မသာ ဖြစ်နေပါတယ်။ အဲဒီအခါမှာ မအူပင်မြို့မှာ နေခဲ့ထိုင်ခဲ့ရပုံတွေကို ပြန်ပြီး သတိရတော့ စိတ်ဟာ ကြည်ရွှင်လာတာပါပဲ။ ကိုယ်က အိပ်ရာထဲမှာ လဲနေပေမဲ့ စိတ်ကတော့ ငယ်ငယ်တုန်းကနေခဲ့တဲ့ မအူပင်က အိမ်ဆီကို လွင့်ပျံ့သွားပြီး သိပ်ပျော်နေမိတယ်။

မအူပင်အကြောင်း ပြောရဦးမယ်။ နားမထောင်ချင်နဲ့ဦးတော့ ပြောမှာပဲ။ မအူပင်မြို့ကလေးကို ကျေးဇူးတင်လွန်းလို့ လူတွေ့တိုင်း ဒီမြို့ကလေးကို ချီးကျူး ပြောနေချင်တာပဲ။ ကျွန်တော်ဖြင့် ငယ်ငယ်တုန်းက မအူပင်မှာ ပျော်ခဲ့တာလောက် တစ်ခါမှ မပျော်ဘူး။

ကျွန်တော်တို့အိမ်ဟာ မအူပင်မြို့ အရှေ့ဖျားမှာ ရှိတဲ့ တရုတ်လမ်းပိုင်း အဝနားမှာ ရှိပါတယ်။ အခု ရှိသေးသလား၊ မရှိတော့ဘူးလား မသိဘူး။ မြို့စွန်မြို့ဖျားမှာ နေရလို့ တိတ်ဆိတ် သာယာတာပေါ့။ အိမ်ကတော့ သိပ်မခမ်းနားပါဘူး။ သို့ပေမဲ့ ဝင်းကြီးက တော်တော်ကျယ်ပါတယ်။ ဝင်းရှေ့က တာရိုးလမ်း ရှိပါတယ်။ တာလမ်းနှင့် ယှဉ်ဖောက်ထားတဲ့ မြို့ထဲကလမ်းဟာ ကျွန်တော်တို့ အိမ်ပေါက်ဝမှာ ဆုံးတာပဲ။

ကျွန်တော်တို့အိမ်ကို ကျော်ပြီး လွန်သွားတာတော့ အဲဒီ တာကြီး တစ်ခုပဲ ရှိပါတယ်။ တာနှင့် ပေနှစ်ဆယ်လောက် အဝေးမှာတော့ ဧရာဝတီမြစ်ကြီးပေါ့။ ကျွန်တော်တို့အိမ်ရှေ့ ပြတင်းပေါက်ကနေ ကြည့်လိုက်ပြီ ဆိုလျှင် အိမ်ရှေ့က ပန်းခြံ၊ နောက် ခေါင်ရန်းပန်းတွေ၊ ပုဏ္ဏရိက်ပန်းတွေ ဝေနေတဲ့ ခြံစည်း ရိုး၊ နောက် တာကြီး၊ နောက် မြစ်ကြီးနှင့် မြစ်ကြီးပေါ်မှာ စုန်ဆန်သွားလာနေတဲ့ လှေတို့ သင်္ဘောတို့၊ နောက်ဆုံးမှ ဝါးရုံ ပင်တို့ သစ်ပင်တို့ ပေါက်နေတဲ့ ဟိုဘက်ကမ်း ကမ်းပါးကြီးကို အစဉ်လိုက် မြင်ရပါတယ်။ အဲဒီ မြို့ထဲက လာတဲ့ မြေနီလမ်း ဟာ အိမ်ဝင်းဝကို ဦးတိုက်ပြီး၊ ဝင်းနံဘေးနားက ပတ်ပြီး မြို့ထဲသို့ ပြန်လှည့်သွားပါတယ်။

အိမ်ရှေ့မှာ ပန်းပင်တွေကို အကွက်ချပြီး စိုက်ထားပါ တယ်။ အပေါဆုံး၊ အများဆုံးကတော့ ဒေါင်းဖလ်ဝါပန်းတွေနှင့် ဗုဒ္ဓသရဏပန်းတွေပေါ့။ မေမြို့ပန်း အစစ်တွေကလည်း ရှိပါ တယ်။ ဒေါင်းဖလ်ဝါနှင့် မေမြို့ပန်းတွေကိုတော့ ဝင်းဝကနေပြီး အိမ်ပေါက်ဝ အထိ ဖောက်ထားတဲ့ လမ်းကလေးနံဘေး တစ်ဖက်

တစ်ချက်မှာ စီတန်းစိုက်ထားပါတယ်။ မြိုင်မြိုင်ဆိုင်ဆိုင်ပွင့်တဲ့ ပန်းတွေမို့ စုပြီး စိုက်တော့ ကြည့်လို့ ကောင်းတာပေါ့။ ဗုဒ္ဓ သရဏပန်းတွေကိုတော့ တစ်ရုံစီ တစ်ရုံစီ ပန်းကွက်ရဲ့ ထောင့် တွေမှာ စိုက်ပါတယ်။ ပန်းကွက်ရဲ့ စည်းကိုတော့ အရွက် စိမ်းစိမ်းလန်းလန်းရှိတဲ့ နှင်းပန်းပင်တွေနှင့် လုပ်ထားပါတယ်။ နှင်းပန်းများဟာ ပွင့်တဲ့အခါ ကျက်သရေ တယ်ရှိတာပဲ။ နှင်းပန်း တွေကို ဘုရားတင်လို့ အင်မတန် တင့်တယ်ပါတယ်။ သူတို့ကို ကြည့်ရတာနှင့်ပင် မကောင်းတဲ့ အညစ်အကြေးတွေဟာ လွင့်စဉ် ပပျောက်၊ ကျက်သရေ ရှိလာတယ်လို့ ထင်ရပါတယ်။ ပန်းပင် တွေကလည်း တစုတရုံးကြီးပဲ ပွင့်ကြပါတယ်။ ကုလားပြည်က ပန်းစေ့အမျိုးမျိုး မှာပြီးစိုက်တိုင်း ဒန်းပင်ပေါက်လာတာချည်း ပါပဲ။ သို့ပေမဲ့ အရောင်အမျိုးစုံမို့လို့ စိတ်ကို ပျော်စေတာပေါ့။ ပန်းခြံကလေးဟာ အင်မတန် သာယာတာပဲ။ စိတ်လက်ကြည် သာစရာ သိပ်ကောင်းတာပဲ။ စည်စည်ကားကားလည်း ရှိလို့ ပျော်စရာ ကောင်းတာပဲ ထင်ပါရဲ့။ သုံးပန်လှ ဆိုတဲ့ ပန်းပွင့် တွေဟာ တစ်နေ့ကို အရောင်စုံသုံးမျိုး လဲတယ်။ ညနေကျတော့ လျှမ်းလာတဲ့ ပြာညိုအသွေးကလေးဟာ အာရုံမှာ အစွဲဆုံးပဲ။ ဇလပ်ပင် လေးငါးပင်ကတော့ ဂွမ်းပုံကြီးများလို ဖြူဖွေးနေ အောင် ပွင့်လို့ ဘုရားစင်မှာ ဆိုလျှင် ပြည့်လျှံသွားတာပဲ။ “မေ့ပါနဲ့ မောင်၊ မေ့ပါနဲ့ရှင်”လို့ ကျွန်တော် နာမည်ပေးထားတဲ့ ‘ဖော်ဂက် မီနော့’ ပန်းကလေးတွေကလည်း ယဉ်ယဉ်ကလေးနဲ့ လှတာပဲ။ ဖလောက်စ်ပန်းကလေးတွေရဲ့ နူးညံ့သိမ်မွေ့ပြီးတော့ ချစ်စရာ ကောင်းတဲ့ အရောင်ပြေးကလေးတွေဟာ စုတ်တံနှင့် ခြယ်ထား

ရာပြည့်စာအုပ်တိုက်

သလိုပဲ။ 'ဟော်လီးဟောက်'ပင်တွေကိုလည်း ခြံစည်းရိုး နံဘေး နားမှာ စီတန်းပြီး စိုက်ထားပါတယ်။ မြင့်မြင့်မားမား ပေါက်ပြီး တော့ အရောင်မျိုးစုံ အခိုင်ကြီး အခိုင်ကြီးတွေနှင့် ပင်လုံးကျွတ် ပွင့်ကြပုံကို ယခုထက်ထိ ကျွန်တော့်မျက်စိထဲမှာ မြင်နေပါသေး တယ်။ ညနေကျလျှင် လေညင်းခံ ဆိုပြီး မြို့ထဲက မြို့ပြင်ဘက် တစ်မိုင်သာသာရှည်တဲ့ လမ်းတွေပေါ်မှာ ကားနှင့် လမ်းလျှောက် လည်ပတ်ကြတဲ့ မြို့သူမြို့သားများက အဲဒီ 'ဟော်လီးဟောက်' ပင်တွေ ပွင့်နေတာကို မြင်ရတော့ အံ့ဩချီးမွမ်းကြတဲ့ အသံတွေကို ကျွန်တော်တို့ ကြားရတော့ သိပ် ဝမ်းသာတာပေါ့လေ။

ကျွန်တော်တို့ ပန်းခြံတစ်ခုထဲမှာပဲ တချို့နေရာမှာ ဖြူ၊ တချို့နေမှာ ဝါ၊ ပြာတဲ့နေရာက ပြာ၊ ခြံစည်းရိုးက နီ၊ မြက်တွေ သစ်ရွက်တွေက စိမ်း၊ ရောင်စုံရောတဲ့ အစုက ရောနှင့် အရောင် တွေ အမျိုးစုံ ဖြစ်နေတဲ့အပြင် ရင့်တဲ့အရောင်၊ နုတဲ့အရောင်၊ အရောင်ပြေး၊ အရောင်လတ်တွေ ရောနေလို့ မျက်စိပသာဒ ပျော်မွေ့ အားရစရာ ကောင်းပါတယ်။ သိပ်ကြွားတာလည်း မဟုတ်ပါဘူး။ ဟိုတုန်းက သာယာလှပတာကို ပြန်ပြီး အနုလုံ ပဋိလုံ တွေးလိုက်ရလျှင် စိတ်ပျော်လွန်းလို့ ပြောပြတာပါ။ အခု ပြောခဲ့တဲ့ ပန်းတွေဟာ တစ်ပြိုင်တည်း ပွင့်ကြတာတော့ မဟုတ် ဘူးပေါ့။ သူ့ရာသီ သူ့အချိန်နှင့် ပွင့်ကြ မွှေးကြတာပါပဲ။ သို့ပေမဲ့ အခုတော့ ကျွန်တော့်စိတ်ထဲမှာ ရာသီမခွဲဘဲ အားလုံးကို ရောပြီး မြင်နေပါတယ်။

အဲဒီလို ပန်းတွေနဲ့ ပြည့်စုံနေတော့ လိပ်ပြာတို့၊ ပန်း ပိတုန်း တို့ ဆိုတာ ပြည့်နေတာပေါ့။ ပန်းတွေကိုယ်တိုင်က အရောင်

တွေ အကွက်တွေနဲ့ သာယာလှတဲ့ အထဲမှာ ပန်းဝတ်ရည်များ လာပြီး သောက်ယူကြတဲ့ လိပ်ပြာတွေကလည်း အရောင်အမျိုးမျိုး၊ ပုံပန်းသဏ္ဌာန် အမျိုးမျိုးနှင့်မို့ ပိုပြီး ကြည်နူးစေတာပေါ့။ တစ်ခါတော့ မိုးဦးကျစမှာ ကျွန်တော် ဖျားပါတယ်။ အဖျား ပျောက်ခါစ ညနေ တစ်ညနေမှာ ပန်းခြံထဲ လမ်းလျှောက်ပါ တယ်။ ခပ်စောစောတုန်းက မိုးရွာထားလို့ စွတ်စိုစိုနဲ့။ ပန်းကလေး တွေဟာ ကျွန်တော့်ကို စကားပြောတော့ မလိုလို၊ ပြုံးနေတော့ သလိုလိုနှင့် အသက်ရှိသလိုပဲ။ လိပ်ပြာကလေးတွေကလည်း ပန်းပင်တွေပေါ်မှာ တဝဲဝဲနှင့် နေတာပဲ။ အဲဒီ လိပ်ပြာကလေး တွေကို မြင်ရတော့ လောကကြီးမှာ စင်စင်ကြယ်ကြယ် လှလှပပ နှင့် နေရတာမှ လူဖြစ်ကျိုးနပ်မှာပါကလား၊ ငါ မသေချင်သေး ပါဘူး၊ ငါ့စိတ် ငါ့အသက် ငါ့လောကဟာ ဟောဒီ ပန်းတွေနှင့် ဟောဒီ လိပ်ပြာတွေလို စင်ကြယ်လှပပါစေလို့ ဆုတောင်းမိ တာပါပဲ။ ဒါကတော့ ပန်းခြံအကြောင်းနှင့် မဆိုင်ပါဘူး။ သို့ပေမဲ့ လိပ်ပြာကလေးတွေ မြင်ရတော့ လောကမှာနေရတာ အားရှိလာ တာကို ပြောချင်တာပါပဲ။ ပျော့တယ်လို့ ဆိုရင်လည်း ခံရမှာပေါ့။

ခြံထဲမှာ သရက်၊ မရန်း စသည့် သစ်ပင်ကြီးတွေကလည်း ပြည့်နေတော့ ငှက်ကလေး ပေါင်းစုံလည်း လာရောက် မြူးထူး ကြတာပေါ့။ ငှက်ကလေးတွေရဲ့ နာမည်တွေကိုတော့ မသိပါဘူး။ ကြည့်လို့လှတဲ့ ငှက်ကလေးများ တစ်ကောင်တလေကို မြင်ရ ပါရဲ့။ ဒါပေမဲ့ ကြည့်လို့မှ အားမရသေးဘူး၊ ပျံပြေးတာပဲ။ အိမ် နောက်နားက ကင်ပွန်းချုံမှာ စာကလေးတွေ ဘူးတောင်းသိုက် များ လုပ်နေကြတာ ဆူညံနေတာပဲ။ ရွှေပြည်စိုးငှက်တို့၊ ဥဩ

ငှက်တို့ သီဆိုကျူးကြော်သံတွေကို အခါပေါင်းများစွာ ကြားရပေမဲ့ ကြားရတိုင်း အံ့ဩဝမ်းသာခြင်း ဖြစ်တာပဲ၊ သစ်တောက်ငှက်တို့၊ သပိတ်လွယ်တို့လည်း အိမ်နားမှာ လာနားတတ်လွန်းလို့ အိမ်က ပူစီဖြင့် တမော့မော့နှင့် ပင်ပန်းနေတာပဲ။ ဒီပူစီ တစ်သက်လုံး ဆက်ရက်တစ်ကောင်ကိုတောင် မမိဖူးပါဘူး။

ပန်းခြံအကြောင်း ဒါလောက်များများ ပြောခဲ့ပေမဲ့ ပန်းခြံအကြောင်း အစက ပြောမလို့ မဟုတ်ပါဘူး။ ကျွန်တော်တို့ အိမ်ကနေ ကြည့်လျှင် မြင်ရတဲ့ ရှုမျှော်ခင်း သာယာတဲ့ပုံကို ပြောမယ်လို့ စိတ်ကူးတာပါပဲ။ သွားစရာ ရှိသေးလို့လား၊ နားငြီးပြီ ထင်ပါရဲ့။ နောက်တစ်ခါလာလျှင် ဆက်ရဦးမယ်၊ အိမ်ရှေ့က မြစ်ကြီးပေါ်မှာ သွားလာ စုန်ဆန်နေကြတဲ့ လှေတွေ၊ သင်္ဘောတွေ၊ မြစ်ကြီး ရေပြည့်တော့ ကြည့်လို့ လှပုံတွေ၊ အညာရေနှင့် ပါလာတဲ့ လင်းပိုင်တွေကို မြင်ရပုံ၊ ကမ်းပြိုကျပုံတွေ၊ ညနေကျလျှင် ကမ်းနဖူးမှာ ထိုင်ပုံ အကြောင်းတွေကို ပြောချင်ပါသေးတယ်။ မအူပင် အကြောင်း ပြောမယ်ဆိုလျှင် ရန်ကုန်ကလာတဲ့ သင်္ဘောဟာ မြစ်ကို ကွေ့ကွေ့ချင်း မြင်ရတဲ့ ပေါ်တော်မူဘုရားက စပြီး ဟိုမြို့ အထက် အညာမှာရှိတဲ့ ဘုန်းကြီးကျောင်းအထိ ပြောစရာတွေ မကုန်နိုင်ပါဘူး။ ဟုတ်ကဲ့၊ သွားပါတော့၊ မကြာခင် လာပါဦး။ မအူပင်အကြောင်း အားရအောင် ပြောပါရစေ။

[ကြီးပွားရေးမဂ္ဂဇင်း၊ ဒီဇင်ဘာ ၁၉၃၅]

## ကုသိုလ်ဆက်

ကျွန်တော်၏ အိမ်ရှေ့ရှိ သနပ်ပင်ကြီးကား နှစ်ကာလ ကြာရှည်လှပြီ ဖြစ်၍ သက်ကြီးရွယ်ရင့်တို့ ဘာဝ ကွေးကောက် ကိုင်းညွတ်သော ကိုယ်နှင့် ရင့်ရော်ကြမ်းခက်သော အရွက်များဖြင့် မလှသော အသွင်ကို ဆောင်တော့၏။ ဤသနပ်ပင်ကြီးကဲ့သို့ ကွေးနိုင်၊ ကောက်နိုင်၊ ကော့နိုင်၊ ကိုင်းနိုင်သည့် အပင်မျိုး ရှိမည်မထင်။

ကျွန်တော်တို့၏ အိမ်ကလေးပေါ်သို့ မိုးနိုင်အောင်ပင် မမြင့်သော်လည်း ပင်စည်ကို ဘီလူးလက်များဖြင့် ဆွဲ၍ ဆန့်လိုက်ပါမူ ယခုရှိသော အမြင့်ထက် နှစ်ဆလောက် တိုး၍ မြင့်ပေလိမ့်မည်။ ဤပင်အိုကြီးသည် ယခင်ရှေးက ပင်ပျိုပင်နု ဖြစ်ခဲ့၏။ လန်းဆန်းဝေဆာခဲ့၏။ နွေရာသီဦး ရွက်ဟောင်း ကြွေ၍ ရွက်သစ်တွေ ဖူးသည့်အခါတွင် နုထွတ် စိမ်းဖပ်သည့် အညွန့်အရွက်ကလေးများကို ကျွန်တော်တို့ ငယ်စဉ်က နှစ်တိုင်း နှစ်တိုင်း ခူးကာ ချူကာ ချဉ်ရည်ဟင်း ချက်၍ မြိန်မြိန်ရှက်ရှက်ကြီး စားသောက်ခဲ့ကြ၏။

ယခုကား ရွက်ညွန့်ရွက်သစ်များ ဝေဆာခြင်း မရှိတော့ပေ။ သိသိသာသာ ရွက်သစ်လဲခြင်း မရှိတော့ပေ။ ရှေးအခါက နေမင်း ပူရှိန်သည့် နွေခါချိန်တွင် ထူထပ်ပေါများသော အရွက်တို့၏ တန်ခိုးကြောင့် ကျယ်ဝန်းစိမ့်အေးသော အရိပ်ဖြင့် ဝင်ရောက် ခိုလှုံသူ ခရီးသည်တို့အား နှစ်သိမ့်စေခဲ့၏။ ယခုကား ကျိုးတိုး ကျဲတားရှိသော အရွက်တို့ကို နေမင်း၏ ပူရှိန်သော အရောင် တို့သည် အလွယ်တကူ ထိုးဖောက်ကာ သစ်ပင်အောက်ရှိ အရိပ် ကို ကွက်တိကွက်ကျား နေအောင် ဖန်တီး၏။ ဖြတ်သန်းသွား လာသော ခရီးသည်တို့သည် ခိုလှုံရပ်နားစရာ အရိပ်ရှိသည်ဟုပင် မသိမမှတ်ကြတော့ပေ။

ဤသနပ်ပင်ကြီးကား သဘာဝဓမ္မ အတိုင်း တဖြည်းဖြည်း အိုမင်းမစွမ်း ရှိခဲ့ရသည် မဟုတ်ရာပေ။ လူတို့၏ စိတ်လိုရာကို ဖြည့်စွမ်းနိုင်စေခြင်းငှာ ဖန်တီးကြံစည်ထားသည့် လောကဓာတ် ပညာ၏ အသိုက်အဝန်း အစေအပါးတို့ကြောင့် ညှဉ်းဆဲခြင်း ခံခဲ့ရရှာ၏။ နှစ်တိုင်းပင် ဓာတ်ကြိုးဘက်မှ လည်းကောင်း၊ မြူနီ စီပယ်ဘက်မှ လည်းကောင်း လက်နက်အပြည့်အစုံနှင့် ကုလား များ လာ၍ ဓာတ်ကြိုးများ သွယ်ထားသော လမ်းထက်ရှိ အရွက် အခက် ကိုင်းကြီး ကိုင်းငယ်များကို ဖြတ်တောက် ခုတ်ထစ် သုတ်သင်ပစ်ကြကုန်၏။

အပင်ကြီးကား သနားစရာ၊ အိမ်ဘက်ကလည်း အလင်း ရောင် မရ။ လမ်းဘက်ကလည်း ခုတ်ပစ်၊ အရှေ့ဘက်ကလည်း အိမ်သို့ သွယ်ထားသော ဓာတ်ကြိုးကြောင့် အကိုင်းအခက် မထုတ်ရနှင့် သုံးဖက်မှ အနှိပ်စက်ကို ခံရရှာသဖြင့် ကျန်တစ်ဖက်

သို့ ကိုင်းထွက်ကာ ကောက်ကွေးခြင်း ဘဝသို့ ရောက်ရှာရလေသည်။

ကျွန်တော်၏ အဘွားသည် သနပ်ပင်အောက်၌ ရေအိုးစင်တည်၍ ရေကုသိုလ်ပြုရန် ဆုံးဖြတ်လိုက်၏။ ရေအိုးစင် ပုံပန်းသဏ္ဌာန်နှင့် ဆောက်လုပ်ပုံကို စီမံသူကား ကျွန်တော်၏ဖခင်၊ လက်စိုက်၍ လုပ်ကိုင်သူကား တပည့်ကျော် မြသီး၊ ကျွန်တော်ကား နံဘေးမှရပ်လျက် အားပေးအားမြှောက်ပြုကာ မနှောက်ဝစီကံဖြင့် ကူညီ၏။ ရေအိုးစင်ကလေး သပ်သပ်ရပ်ရပ် ရှိပေပြီ။ ခိုင်ခိုင်ခံ့ခံ့ တည်ထားပေပြီ။ သဘော်ဆေးဖြူ သုတ်ထားသည့်အမိုးနှင့် ခြေတံတို့ကြောင့် ကျက်သရေ ပဝင်းလျက် ရေသောက်သူများ ရေမွတ်သိပ်ခြင်းကို ပြေပျောက်စေရုံသာမက စိတ်နှလုံးကိုပါ နှစ်သိမ့်စေ၏။ ရေအိုးစင်ကလေးကို သနပ်ပင်ကြီးအောက်မှ လွဲ၍ အဘယ်နေရာ၌ ထားပါအံ့နည်း။ ရေသောက်သူများကား ရေကို အားရပါးရ ခပ်ယူကြ၏။ သောက်၍ မကုန်နိုင်သည့်အခါ သစ်ပင်ရင်းသို့ ပက်သွန်ခဲ့ကြလေ၏။ ကျွန်တော်တို့၏ ကုသိုလ်ကို ပွားများစေလိုကြပာန် တူ၏။

တစ်နေ့သောအခါ သနပ်ပင်ကြီး၏ အောက်ခြေမှ သနပ်ပင်ပျိုကလေးတစ်ပင် မြေနှားတွင် ကပ်လျက် ပေါက်လာ၏။ အံ့ဩဖွယ်ရာဟု ကျွန်တော်တို့ ကြည့်ကြ၏။ ဤသနပ်ပင်ကြီးကို ကျွန်တော်တို့သည် မျှော်လင့်ခြင်း ကင်းသောဘဝ၊ သစ်သစ်လွင်လွင် ဖန်တီးနိုင်ရန် ဝေးသောဘဝသို့ ရောက်ရှိလေပြီဟု မှတ်ယူထား၏။ မည်သည့် မိုးဦးလေ တိုက်ရာတွင် လဲပြိုမည်နည်းဟု စောင့်စားခဲ့၏။ မလဲပြိုစေချင်၊ သို့သော် လောက

သဘာဝအတိုင်း ဤတလှုပ်လှုပ် တကုပ်ကုပ်ရှိသော ပင်အိုသည် လဲပြိုခြင်း သဘောကို လွန်ဆန်နိုင်မည် မဟုတ်တော့ဟု ထင်မိခဲ့၏။ ဤမွဲခြောက်ခြောက် ရော်ရင့်ရင့်ရှိသော အပင်သည် သက်တမ်းစေ့လုနီးပြီဖြစ်ရကား ခက်နု ကိုင်းပျို ပေါက်ရောက်ထိုးထွက်ရန် မတတ်နိုင်တော့၊ အားကုန်ခဲ့ပြီဟု ကျွန်တော်တို့ မှတ်ယူခဲ့၏။

ယခုကား ဤအပင်၏ ကိုယ်လုံး ပင်ခြေအရင်းနားမှ အသက်သစ်ဖြစ်သော ပင်ပျို ကိုင်းခက်ကလေး ထွက်လာ၏။ ထွက်လာရုံသာမက တစ်နေ့တခြား ကြီးထွားလာ၏။ အရွက်အခက်တို့နှင့် ပြည့်စုံလာ၏။ တစ်နေ့ထက်တစ်နေ့ မြင့်လာ၏။ ကောင်းကင်အထိ တက်ရန်ပင် တာဝန်လေးလှမည် မဟုတ်ဟူသော သဘောမျိုး ရှိလေရော့သလား မသိ။ အညွန့်တလူလူနှင့် ထောင်လွှားကာ မာန်ပျိုးလျက် ရှိ၏။ လူ မချိုး၊ နွား မစား၊ ဆိတ် မညှဉ်းဘဲ ဝင့်ကင်းလာခဲ့၏။

ယခုအခါ ဤအပင်ကလေးသည် ကျွန်တော်၏ တစ်ရပ်ရှိပေပြီ။ အပင်ကလေးဟု ကျွန်တော် ဆို၏။ ပင်ကိုယ်လုံးမှ ပေါက်လာသော အကိုင်းကလေးပင် စင်စစ် ဖြစ်သော်လည်း မြေနားမှ ကပ်ပေါက်သည်တစ်ကြောင်း၊ တည့်တည့်မတ်မတ် တစ်ချိန်တည်း ထိုး၍ အပင်များကဲ့သို့ ပေါက်လာသည် တစ်ကြောင်း တို့ကြောင့် အပင်ကလေးနှင့် တူနေ၏။

ပင်ပျိုကလေး၏ အရွက်နုကလေးများကို မြင်ရတိုင်း ကျွန်တော်၏ စိတ်သည် နုပျိုသစ်လွင် လာ၏။ မတွေးဖူးသော အကြံများ၊ မကြံဖူးသော စိတ်ကူးများ၊ စိတ်မကူးဖူးသော

မျှော်လင့်ချက်များ၊ မမျှော်လင့်ဖူးသော ဉာဏ်သစ်များသည် ပေါ်ပေါက် ဝေဆာလာ၏။

ပင်ပျိုကလေး၏ စိမ်းစိုနုဖပ်သော အဆင်သည် လောကကြီးကို တန်ဆာဆင်တော့၏။ ပင်ပျိုကလေး၏ မကြောက်မရွံ့၊ မထိတ်မလန့်၊ မကြောင့်မကြ၊ မစိုးရိမ်သော အသွင်သည် ကျွန်တော်အား အားပေးလျက် ရှိ၏။ ဤပင်ပျို၏ မျှော်လင့်ခြင်းသည် ကျွန်တော်၏ မျှော်လင့်ခြင်း၊ ဤပင်ပျို၏ ရဲဝံ့ခြင်းသည် ကျွန်တော်၏ ရဲဝံ့ခြင်း၊ ဤပင်ပျို၏ နုပျိုတောင့်တင်း ဝေဆာခြင်းသည် ကျွန်တော်၏ နုပျိုတောင့်တင်း ဝေဆာခြင်း၊ ဤပင်ပျို၏ ခရီးသည် ကျွန်တော်၏ခရီး။ ဤပင်ပျိုကား ကျွန်တော်၊ ကျွန်တော်ကား ဤပင်ပျိုဟု ဆိုရမတတ်။ ဤပင်ပျိုသည် ကျွန်တော်၏ စိတ်ကို ဖုံးလွှမ်း စိုးမိုးလေတော့သည်။

**[ ဂန္ထလောက၊ မတ် ၁၉၃၆ ]**

## စိမ်းလန်းသော တောင်ကုန်း

စိမ်းလန်းစိုပြည်သော မြက်ခင်းတို့ဖြင့် ဖုံးလွှမ်းကာရှိသော တောင်ကုန်းတို့၏ အကြားတွင် သပ္ပာယ်လှစွာသော စေတီတော်သည် ငြိမ်ဆိမ်တိတ်ဆိတ်ခြင်း တည်းဟူသော အသရေကို ဆောင်ကာ တည်ရှိ၏။

ဤစေတီတော်မြတ်ထံသို့ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်ရှိသော တောင်ကုန်းတို့ကို ကျော်လွန်၍ လာရောက်ဖူးမြင်သူများသည် ကြည်လင်သော စိတ်ထား၊ ရွှင်လန်းသော အာရုံဖြင့် ချဉ်းကပ်ကြသည်သာ ဖြစ်ပေလိမ့်မည်။ ကျွန်တော်တို့မောင်နှမတစ်စုကား စေတီတော်မြတ်အား ဖူးမြော်အံ့ဟု ကြံညာ၍ အိမ်မှ ထွက်လာကြသော်လည်း စင်စစ်မှာမူ လွတ်လပ်ပျော်ရွှင်စွာ မိမိတို့ချည်း သွားလာလည်ပတ်ရခြင်းကို အဓိကထားသူများ ဖြစ်ကြ၏။ ညနေ လက်ဖက်ရည်ကို အိမ်၌ မသောက်ဘဲ သာယာသော တစ်နေရာရာတွင် ပျော်ပွဲစားသဖွယ် ယူဆောင်၍ သောက်လိုကြရကား စေတီတော်မြတ်၏ ပတ်ဝန်းကျင်ရှိ ကုန်း

ကလေး၊ ချိုင့်ကလေး၊ မြေညီ မြက်ခင်းကလေး၊ စမ်းကလေး များ ရှိရာသို့ ကျွန်တော်တို့သည် တညီတည်း မျက်နှာမူကြ၏။ 'ဘုရားဖူး သွားမလို့' ဟု ပါးစပ်က ပြောကြ၏။ "တို့ ပျော်ရမှာပဲ" ဟု အားရဝမ်းသာ စိတ်ထဲက အောက်မေ့ကြ၏။

မြေညီလမ်းတွင် လျှောက်လာစဉ် ခပ်ဝေးဝေးမှ စေတီတော်မြတ်အား မြင်တွေ့ရ၏။ စိမ်းလန်းသော တောင်ကုန်းမြင့်များ၏ ခြေရင်းသို့ ရောက်သောအခါ စေတီတော်မြတ်အား မမြင်နိုင်ပေ။ ဤတောင်ကုန်းများသည် သာယာလှ၏။ ကြည်အေးသော ရေကို ငတ်မွတ် မောပန်းသော ခရီးသည်သည် မဝနိုင်၊ မတော်နိုင်၊ အားမရနိုင်အောင် နှစ်နှစ်ခြိုက်ခြိုက်ကြီး သောက်သကဲ့သို့ ဤတောင်ကုန်းများ၏ စိမ်းလန်းသော အရောင်သည် ကျွန်တော်တို့၏ မျက်စိအာရုံ အရသာကို တင်းတိမ်စေခြင်းငှာ မတတ်နိုင်။ သာယာသော သဘာဝ၏ အရသာကို ကျွန်တော်တို့ မောင်နှမတစ်စုသည် လွတ်လပ်ပျော်ရွှင်စွာ ခံစားရ၏။ မြင့်သော တောင်ကုန်းကို ပြေးတက်ကြကုန်၏။ နိမ့်သော ချိုင့်ဝှမ်းသို့ ပြေးဆင်းကြကုန်၏။ ကျွန်တော်တို့ကား ငယ်ရွယ်၏။ သန်စွမ်း၏။ ကျန်းမာ၏။ နုပျို၏။ ငြိုငြင်ခြင်း၊ ပူပန်ခြင်း၊ စိုးရိမ်ခြင်း တည်းဟူသော စိတ်၏ အနှောင့်အယှက်များမှ လွတ်ကင်း၏။

ကျွန်တော်တို့ အထဲတွင် ခင်လှကား အပျော်ဆုံးတည်း။ စိတ်အား အထက်သန်ဆုံးတည်း။ ကျွန်တော်တို့ စခန်းချမည့် စေတီတော်မြတ်ထံသို့ အလျင်အမြန်ဆုံး ရောက်ချင်သူတည်း။ ခင်လှသည် ၁၃ နှစ်အရွယ် ကျွန်တော့်ညီမကလေး ဖြစ်၏။ ကျွန်တော်တို့၏ ရှေ့ဆုံးမှ နေ၍ လွှားခနဲ၊ လွှားခနဲ နေအောင်

အမြှန်လျှောက်ကာ မိမိ၏ လျှင်မြန်ထက်သန်သော စိတ်ကို ထင်ရှားစေ၏။ ခင်လှ၏ သန်မာနုပျိုသော ကိုယ်လုံးကလေး သည် စိမ်းလန်းစိုပြည်နေသော မြက်ခင်းပေါ်တွင် တစ်လှမ်းစီ လျှောက်နေသည်ဟု မထင်ရ။ အားမစိုက်ရဘဲ လျှင်မြန်စွာ အလို လို ရွေ့သွားသည်ဟု ထင်ရ၏။

ခင်လှကား မိမိ သွားလိုရာ အရပ်သို့ ချက်ချင်းပင် ရောက် လို၏။ ရောက်အောင်လည်း သွား၏။ စိတ်သွားတိုင်း ကိုယ်ပါ၏။ ခင်လှ ကုသိုလ်ကောင်း၏။

ခင်လှသည် ရှေ့ခပ်လှမ်းလှမ်းမှ ကျွန်တော်တို့အား လှည့် ကြည့်၍ 'ကိုကိုလေးတို့က နှေးလိုက်တာ'ဟု ပြုံးလျက် အော် ပြော၏။ နောက်ကျနေသော ကျွန်တော်တို့ မောင်နှမတစ်စုသည် ခင်လှနှင့် အမီ လိုက်ရလေသည်။

ကျွန်တော်တို့ကား စိတ်၏ ပျော်ရွှင်ခြင်းကို မျိုသိပ်မထား။ သီချင်းဆိုကြ၏။ ရယ်စရာ ပြော၍ ရယ်ကြ၏။ ရယ်စရာ မပြော ဘဲလည်း ရယ်ကြ၏။ တောင့်တင်းကြံ့ခိုင်သော ခြေတံတို့သည် နုပျိုရွှင်လန်းသော စိတ်၏ အခိုင်းအစေကို တာဝန်ကျေပွန်စွာ ဆောင်ရွက်ပေး၏။ စေတီတော်မြတ်သို့ ကျွန်တော်တို့ ရောက် သောအခါ မည်သူမျှ မောသည့် လက္ခဏာဖြင့် ဟီးမချ။ မည်သူမျှ ပန်းသည့် လက္ခဏာဖြင့် ပစ်မလှဲချေ။ ဆူညံစွာ စားသောက် ကြ၏။ ခင်လှ၏ ပါးစပ်မှ တတွတ်တွတ် ပြောသော စကားသံတို့ သည် စမ်းငယ်မှ စီးဆင်းသော ရေသံတို့ဖြင့် ရောနှောကာ လေ ထဲတွင် လွင့်ပါးသွား၏။ စေတီတော်မြတ် အနားတွင် ကျွန်တော် တို့ စခန်းချသော်လည်း ဘုရားဝတ်ပြုရန်ကား ရတ်တရက် သတိ မရကြချေ။

'မထွေး၊ ဘုရား ကန်တော့ဦးလေ'ဟု ခင်လှအား ကျွန်တော်က သတိပေးရလေသည်။

ခင်လှအား တစ်ခါတစ်ရံ မထွေး၊ တစ်ခါတစ်ရံ အထွေးဟု ကျွန်တော်က ခေါ်လေ့ရှိ၏။ အထွေး၊ မထွေးဟု ခေါ်ခြင်းကို ကလေးဘဝတွင် ခင်လှသည် သဘောမကျ မရှိခဲ့သော်လည်း ယခုကား ၁၃ နှစ် အရွယ် ရှိပြီဖြစ်၍ မိမိကိုယ်မိမိ လူကြီးဖြစ်ပြီဟု မှတ်ယူကာ သဘောမကျလှချေ။ အစ်ကိုဖြစ်သူ ကျွန်တော့်ကိုကား မခေါ်ပါနှင့်ဟု မတားမြစ်ဝံ့ချေ။ သို့သော် စကားပြောလျှင် ခင်လှ၊ ခင်လှဟု မိမိနာမည်ကို ထည့်၍ပြော၏။ အခြားသူများက "ခင်လှ"ဟု ခေါ်မှ ကြိုက်၏။

'ခင်လှ ဘာ ဆုတောင်းရမလဲ'ဟု ကျွန်တော့်ကို မေး၏။

မောင်နှမတစ်စု ဝိုင်းရယ်ကြလေ၏။ တစ်ယောက်တစ်မျိုး အကြံပေးကြ၏။ ခင်လှကား နားပိတ်၍ ပြေးလေပြီ။ စေတီတော်မြတ် ရှေ့တွင် ခဏ တွေဝေနေ၏။ ပုဆစ်ဒူးချလျက် ခပ်သုတ်သုတ် ဝတ်ကျောဝတ်ကုံ ဦးသုံးကြိမ်ချ၏။ ဦးခေါင်းမော့လျက် ဆုတောင်းဟန် ရှိ၏။

ကျွန်တော်တို့ထံ ပြန်လာသောအခါ မောင်နှမတစ်စုက 'ခင်လှ ဘာဆုတောင်းခဲ့သလဲ'ဟု မေးကြ၏။

'ခင်လှ ဆုတောင်းတာလေ၊ ပြောမယ်၊ ခင်လှလေ အသက်အရှည်ကြီး နေချင်တယ်၊ အသက်ရှည် နေရတာ သိပ်ကောင်းတာပဲနော်။ ခင်လှ ခုနက လျှောက်လာတုန်းက အော်လာတာ ကြားရလား။ ခင်လှ စိတ်ထဲမှာ သိပ်ပျော်တာပဲ။ အသက်ရှင်နေရတာ သိပ်ကျေးဇူးတင်တာပဲ။ ဒါကြောင့် ခုနက "မြေ၊ မြေ၊ ငါလျှောက်

ဖို့ ခိုင်မာအောင် နေလို့ ကျေးဇူးတင်တယ်။ လေ၊ လေ၊ ငါ့ကိုယ်ကို အေးအောင် တိုက်လို့ ကျေးဇူးတင်တယ်။ မြက်ခင်း၊ မြက်ခင်း၊ ငါ့ကို ပျော်အောင် စိမ်းစိမ်းကလေးနေလို့ ကျေးဇူးတင်တယ်"လို့ အော်လာတယ်။ ဒါကြောင့် ဘုရားမှာ ခင်လှ စဉ်းစားပြီးတော့ တပည့်တော်မ အသက်အရှည်ကြီး နေပါရစေ ဘုရား။ လူ့ပြည် နေလို့ သိပ်ကောင်းတာပဲလို့ ဆုတောင်းပြီး ပြောခဲ့တယ်'ဟု စိတ်ပါလက်ပါ ပြောပြလေရာ ကျွန်တော်တို့ မောင်နှမတစ်စုမှာ များစွာ သဘောကျကြလေသည်။

ကျွန်တော်တို့သည် စားသောက်ပြီးကြသောအခါ အသွား တုန်းက ကဲ့သို့ပင် သွက်လက်ပျော်ရွှင်စွာ ပြန်လာကြ၏။ စေတီ တော်မြတ်အား စောင်းငဲ့၍မျှ မကြည့်ခဲ့ပေ။ နုပျို ငယ်ရွယ်သူ တို့၏ ထုံးစံအတိုင်း ကျွန်တော်တို့မှာ ရှေးရှု၍သာ ဖောစိုက်လျက် သွားကြ၏။ စေတီတော်မြတ်အား ကျောခိုင်း၍ မျက်ကွယ် သွားသည့်အခါ သတိမရကြတော့ချေ။ သို့နှင့် တောင်ကုန်းများ ကို သွက်လက်စွာ ကျော်လွှန်၍ လာကြရာ အဆုံးစွန်သော တောင်ကုန်း၏ ခြေရင်းတွင် လူကြီးတစ်ယောက်ကို ကျွန်တော် တို့ တွေ့မြင်ရလေသည်။

ထိုသူမှာ အသက် ၆၀ ကျော်ကျော် ရှိပေလိမ့်မည်။ ထို သူသည် ယခင်အခါက ခံ့ညားသန်မာသော ရုပ်ကြန်သဏ္ဌာန် ရှိခဲ့ပေလိမ့်မည်။ ယခုအခါမူကား အသက်ကြီး အရွယ် ရင့်၍လော၊ ရောဂါဘယကြောင့်လော မသိ။ သန်သန်မာမာ မဟုတ်ကြောင်း ကို "ကျ"နေသော မျက်နှာက သက်သေခံလျက် ရှိ၏။ တဘက် တစ်ခုကို လောဘက်ထိုး၍ စိမ်းလန်းသော တောင်ကုန်း၏ခြေရင်း

တွင် ခြေစုံရပ်ကာ စေတီတော်မြတ် ရှိရာ အရပ်သို့ မျက်နှာမူလျက် တည်ကြည်ငြိမ်သက်စွာ ဘုရားကို အာရုံပြုနေသည်ကို ကျွန်တော် တို့ မောင်နှမတစ်စု တွေ့မြင်ရ၏။

ရှေ့ဆုံးမှ ခင်လှသည် ရပ်လျက် ဘုရားအာရုံပြုသူ လူကြီး အား စိန်းစိန်းကြည့်၏။ အော်ဟစ်ကျယ်လောင်စွာ ပြောခဲ့သော ကျွန်တော်တို့၏ စကားသံ၊ ရယ်မောသံတို့သည် အလိုအလျောက် တိတ်ဆိတ်သွား၏။ ထိုသူ၏ နောက်ဘက်ရှိ မြေညီလမ်းနှင့် ရှေ့ဘက်ရှိ တောင်ကုန်းများသည် ထိုသူ၏ အခြေအနေကို ထင်ရှားစွာ ပြ၏။ ထိုသူကား စေတီတော်မြတ်ကို ဖူးမြော်လို၍ လာသူ ဖြစ်၏။

မြေညီလမ်း အဆုံးတွင် ထိုလူကြီးသည် မောလေပြီ။ တောင်ကုန်းများကို ဖြတ်ကျော်သွားခြင်းငှာ မတတ်နိုင်တော့ချေ။ ကျွန်တော်တို့အဖို့ စိမ်းလန်းသာယာသော တောင်ကုန်းများသည် ထိုလူကြီး အဖို့ကား ကာကွယ်ပိတ်ဆီးသော အနှောင့်အယှက် များတည်း။ ထိုလူကြီး ငယ်ရွယ်စဉ်က ကျွန်တော်တို့ ကဲ့သို့ပင် လွှားခနဲ၊ လွှားခနဲဖြင့် တောင်ကုန်းများကို ကျော်သွားခဲ့ပေ လိမ့်မည်။ ထိုလူကြီး ငယ်ရွယ်စဉ်က စေတီတော်မြတ်အား အလေးတကြီး ဂရုမစိုက်ဘဲ ခပ်ပေါ့ပေါ့ပင် နေခဲ့ပေလိမ့်မည်။ စေတီတော်နားမှ ဖြတ်သန်း၍ သွားသော်လည်း ငုံ့မျှ မကြည့်၊ စိတ်ထဲကမျှ အမှတ်မရဘဲ သွားလာခဲ့ပေလိမ့်မည်။ ယခုကား ထိုလူကြီး အိုပြီ။ စိမ်းလန်းသော တောင်ကုန်းများကို ကျော် မတက်နိုင်တော့ပြီ။ မောခြင်း ဟူသော ဒုက္ခ ကပ်စွဲနေချေပြီ။ ကျွန်တော်တို့ကော...။

ယခုမူကား ထိုလူကြီးသည် တောင်ကုန်း၏ ခြေရင်းမှပင် ဘုရားကို အာရုံပြုနေရရှာ၏။ ငယ်ရွယ်စဉ်က မည်သည့်ကုသိုလ်၊ အကုသိုလ်များကို ပြုခဲ့ပါသနည်း။ နောင်ဘဝအတွက် စဉ်းစားရမည့် ယခုအရွယ်တွင် စေတီတော်မြတ်ထံသို့ ချဉ်းကပ်ခြင်းငှာ မတတ်နိုင်တော့ပြီ။ ကျွန်တော်တို့ကော...။

ဘုရားကို တကယ်ပင် ချဉ်းကပ်ရန်၊ မြင်မြင်ထင်ထင် ဖူးမြော်ရန် လိုလားရသည့် အရွယ်၌ ဤစိမ်းလန်းသော တောင်ကုန်းသည် စေတီတော်မြတ်အား ကွယ်ထားလေပြီ။ ဤစိမ်းလန်းသော တောင်ကုန်း၏ ခြေရင်းမှ စေတီတော်မြတ်အား မမြင်ရ။ စိတ်၌သာ အာရုံပြုနိုင်တော့သည်။ ကျွန်တော်တို့ကော...။

ကျွန်တော်တို့သည် တစ်မိနစ်ခန့်မျှ ထိုလူကြီးအား ငေးစိုက်လျက် ကြည့်မိ၏။ ခင်လှသည် ကျွန်တော့်ထံသို့ ဖြည်းညင်းစွာ လာလျက် 'ကိုကိုလေး၊ ခင်လှ ဘုရားကို ပြန်သွားချင်တယ်' ဟု လေသံဖြင့် ပြောလေ၏။ မောင်နှမတစ်စု တိတ်ဆိတ်စွာ စေတီတော်မြတ် ရှိရာသို့ ပြန်လှည့်သွားကြ၏။ လမ်းတွင် ခင်လှသည် တစ်လှမ်းစီ လှမ်း၍ ဖြည်းလေးစွာ သွား၏။ မောင်နှမတစ်စုမှာ စကားတစ်လုံးမျှ မပြောကြချေ။

စေတီတော်မြတ်သို့ ရောက်သောအခါ ကျွန်တော်တို့ အားလုံး ငြိမ်သက်စွာ ရှိခိုးကြ၏။ ခင်လှသည် လေးနက်သော အာရုံဖြင့် ကြာရှည်စွာ ဘုရားအား ရှိခိုးပူဇော်၏။ ဘုရားရှိခိုး အပြီးတွင် ခင်လှ၏ ရှိုက်သံကို ကြား၍ ကြည့်လိုက်ရာ မျက်နှာပြင်ပေါ်တွင် မျက်ရည်အသွယ်သွယ် ကျ၍ ပါးစပ်မှ 'အရှင်ဘုရား၊ တပည့်တော်မ ခုနက ဆုတောင်းတာ ပြင်ပါရစေဦး ဘုရား။

အသက်တော့ ရှည်ချင်ပါတယ်။ နို့ပေမဲ့ နို့ပေမဲ့ အိုလျှင် ဒီတောင်ကုန်းတွေကို ဖြတ်လာနိုင်အောင် သန်သန်မာမာ ရှိပါရစေ။ အို ... ခင်လှ မအိုချင်ဘူး။ အရှင်ဘုရားကို တောင်ကုန်းတွေ ကွယ်ပြီးနေရင် ခင်လှ အိုရမှာ ကြောက်တယ်။ အို ... ဘုရား၊ ခင်လှ ဒီလိုပဲ အိုရမှာလား ဘုရား။ ဒီမြက်ခင်းတွေ စိမ်းနေတာ ဘာလုပ်ဖို့လဲ။ အရှင်ဘုရားကို ခင်လှ တစ်သက်လုံး မြင်ချင်ပါတယ် ဘုရား'ဟု တစ်လုံးစီ လှိုက်လှိုက်လှဲလှဲ ဆုတောင်းသည်ကို ကြားရပါသည်။ ကျွန်တော်မှာ စကားမပြောနိုင်ဘဲ ညီမလေး၏ လက်ကိုကိုင်ကာ စေတီတော်မြတ်အား မော့၍ ငေးနေမိတော့သတည်း။

[ ဂန္ထလောက မဂ္ဂဇင်း၊ ဇက်တင်ဘာ ၁၉၃၆ ]

## နိုင်ငံရေး

သက္ကလတ်စိမ်း စားပွဲခင်းပေါ်ရှိ စာရွက်ဖြူဖြူများကို ကျနသေသပ်စွာ ကုလားထိုင်တစ်ခုစီ ရှေ့တွင် ချထားခြင်းမှာ ပါတီခေါင်းဆောင် ဦးလက်ဝင်း၏ စနစ်ကျနတတ်သော သဘောကို ထုတ်ဖော်ပြသကဲ့သို့ ရှိ၏။ စာရွက်ဖြူများကို စားပွဲ၌ ထိုင်နေသူများ အသုံးပြုလိုက ပြုနိုင်ရန် အသင့် ထားရှိသော်လည်း ကြွရောက်လာသူ လူကြီးမင်းတစ်ဦးက မိမိရှေ့ရှိ စာရွက်ပေါ်တွင် သရဲရုပ်ကလေး နှစ်ရုပ်၊ မိန်းကလေးရုပ် သုံးရုပ် ရေးဆွဲသည်မှတစ်ပါး အခြားသူများ အသုံးချသည်ကို မတွေ့ရပေ။ ထိုလူကြီးမင်းမှာ ဤမျှထက်ပင် အရုပ်များ ပိုမို၍ ခြစ်ဆွဲနိုင်ရိုး မှန်သော်လည်း နောက်ဆုံး မိန်းကလေးရုပ်တွင် ဆံမြိတ်မတပ်ရသေးမီ ဦးရာမွန် ရောက်လာသောကြောင့် တစ်ဝက်တစ်ပျက်ပင် ရပ်လိုက်ရသည်။

ဦးလက်ဝင်းသည် တစ်စုံတစ်ခုကို စောင့်ဆိုင်းနေဟန်နှင့် နာရီကို ခဏခဏ မော့ကြည့်နေ၏။ စားပွဲ၌ ဝိုင်းထိုင်နေသူ

ကျန်လူများကား ထွေထွေရာရာ စကားစပ်၍ ဖောင်လောက် အောင် ပြောဆိုနေကြ၏။ အစည်းအဝေး ဟုလည်း မခေါ်သာ၊ သာမန် စကားဝိုင်း ဟူ၍လည်း မယူဆအပ်သော ဤစားပွဲရှိ အစုအရုံးတွင် အပါအဝင်ဖြစ်သော လူကြီးမင်းများမှာ ပေါင်း ခြောက်ဦးမျှသာ ရှိပေသည်။ စားပွဲထိပ်တွင် ပါတီခေါင်းဆောင် ဦးလက်ဝင်း ထိုင်၍ သူ၏ ညာဘက်တွင် ဒုတိယခေါင်းဆောင် ဦးတက်ဆင်းနှင့် ပါတီအကျိုးဆောင် ဦးပက်ပင်းတို့ ရှိ၏။ ဦးပက်ပင်းနှင့် မျက်နှာချင်းဆိုင် ထိုင်၍ အရုပ်ဆွဲနေသူမှာ ပါတီဝင် သြဇာရှိသူ တစ်ဦးဖြစ်သော ဦးရှက်ကင်းပင် ဖြစ်၏။ ဦးလက်ဝင်း ၏ ဘယ်ဘက်တွင် ရှိ၍ ဦးလက်ဝင်းက ခဏခဏ လှည့်၍ စကားပြောခံရသူမှာ အခြားပါတီ တစ်ခုမှ အကျိုး အကြောင်း ကမ်းလှမ်းဆွေးစပ်ရန် လာသူ ဦးဘဖော ဖြစ်ပေသည်။ ထိုသူငါးဦး မှာ တိုင်းပြည်တွင် ဟိုးဟိုးကျော် ရဲရဲတောက် မျိုးချစ်အာဇာနည် ပုဂ္ဂိုလ်များ ဖြစ်ရကား နာမည်များကို ဖတ်ရ ကြားရရုံနှင့်ပင် စာဖတ်သူများ မျက်စိထဲတွင် ထိုပုဂ္ဂိုလ်များ၏ ပုံပန်း သဏ္ဌာန်၊ ရာဇဝင် အတ္တုပ္ပတ္တိနှင့် ဆောင်ရွက်ချက်များသည် လည်းကောင်း၊ စိတ်ထက်သန်စွာ ကျမ်းသစ္စာ ပြုထားသော သူတို့၏ ကတိများ သည် လည်းကောင်း အကွင်းလိုက် အကွက်လိုက် ပေါ်လာပေ လိမ့်မည်။ သို့သော် ထိုစားပွဲရှိ ဆဋ္ဌမလူကိုကား နာမည်ကိုပင် ကြားမျှ ကြားဖူးကြပေမည်။ ဦးဘဖောနှင့် ဦးရှက်ကင်းကြားတွင် ခပ်ကျုံ့ကျုံ့ထိုင်ကာ ပြုံးတစ်ခါ ရယ်တစ်လှည့် ခေါင်းညိတ်လိုက်၊ လည်ခါလိုက်နှင့် အလိုက်သင့် အလျားသင့် စကားပြောနေသူမှာ နိုင်ငံရေးကြမ်းပိုး မောင်ခဏရော ဖြစ်၏။ မောင်ခဏရောသည်

ဦးလက်ဝင်း၏ မေးခွန်းများကို ပျာပျာသလဲ ဖြေဆိုနေသည်ကို တွေ့ရပေမည်။ ‘ဟာ– လာမှာပါပဲ ခင်ဗျာ၊ သေသေချာချာ ပြောထားပါတယ်၊ သူ့အကျိုးပဲ၊ မလာပဲ နေပါ့မလား’

‘လာမယ်ဆို ချိန်းထားတဲ့အချိန် ရောက်နေပြီ။ နို့နေပါဦး၊ ဒီ ဦးရာမွန်ကို သေချာပေါက် ဆွဲလို့ ရမယ် မဟုတ်လား။ လူခွကြီး မျိုးထဲက မဟုတ်ဘူး မဟုတ်လား’

‘စိတ်ချပါ ဦးလက်ဝင်း၊ ဦးလက်ဝင်းတို့ ပါတီနှင့် ဒီက ဦးဘဖောတို့ ပါတီကသာ ဝေစု ဝေပုံကျ ဆိုသလို မျှမျှတတ လုပ်ရင် ဦးရာမွန်ဟာ ခက်ခဲမယ့်လူ မဟုတ်ပါဘူး။ သူ့အကြောင်း ကျွန်တော် သိပါတယ်’

‘စားနေကျ ကြောင်ဖားကြီးပေါ့ ဗျာ။ ဒါကြောင့်မို့လို့လည်း ဟန်ဟန်ပန်ပန် နေနိုင်တာပေါ့’ဟု ဦးဘဖောက ဝင်ထောက် လိုက်လေ၏။

‘ဟုတ်ပါတယ်၊ ခွဲရေးတွဲရေးတုန်းကလည်း တော်တော် ဟန်လိုက်တာပဲ။ ကုလားတွေဆီက အတော်ချိုင်လိုက်ရတယ်’ ဟု မောင်ခဏရောက ထပ်ဆင့်လိုက်၏။

‘သူ ဟိုတုန်းက အခွဲသမား မဟုတ်လား’

‘ဒါတော့ ဦးတက်ဆင်းလည်း ဘယ်လို လုပ်ကြတယ် ဆိုတာ သိသားပဲ။ တိုင်းပြည်ဆိုတာဗျာ . . . ကျွန်တော်တို့ချင်းချင်း မို့ ပြောတာပါ။ လိမ္မာသလို ပါပဲ . . . မဟုတ်လား’

‘ဟဲ . . . ဟဲ နို့ပေမဲ့ အခုကိစ္စက ပိုအရေးကြီးတယ်ဗျ၊ အပြင်ကို မပေါက်မကြားဖို့လည်း အရေးကြီးတယ်။ ကျွန်တော့် ပါတီက ဦးတက်ဆင်း၊ ဦးပက်ပင်းနဲ့ ဦးရှက်ကင်းတို့အတွက်

ကျွန်တော် ရဲရဲကြီး အာမခံပါတယ်။ ဦးဘဖောကိုလည်း စိတ်ချပါတယ်။ ခင်ဗျားကိုလည်း ယုံကြည်ပါတယ်။ ဦးရာမွှန် အတွက်တော့ ...'

'စိတ်ချပါ၊ ဒီလူကြီးက ငွေသာ ရပါစေ၊ သစ္စာ မပျက်စေရပါဘူး'

'အခုကိစ္စမှာ နိုင်ငံခြားသားတွေအကြိုက် လုပ်ပြီး နိုင်ငံခြားသားကို တင်မြှောက်ရမယ် ဆိုတော့ တိုင်းပြည်က စောစောစီးစီး သိသွားရင် ဆူပွက်ကုန်ကြလိမ့်မယ်။ ဒီကောင်ကတော့ သူသာ ဖြစ်ရင် ငွေဘယ်လောက်ကုန်ကုန်ပဲ။ ပါတီတိုင်း လိုလိုကမဲများများနဲ့သာ တင်လိုက်ရမယ် ဆိုရင် တိုင်းပြည်က ဆူနိုင်မယ် မဟုတ်ဘူး။ ဒါကြောင့် ဦးရာမွှန်နဲ့ သူ့လူတွေရဲ့ မဲကိုလိုချင်တာပေါ့၊ သူ့နောက်လိုက် မများဘူး ဆိုတာတော့ သိပါတယ်။ ဘယ်လောက် ပေးရမယ် ဆိုတာကို ဟိုကောင်ကို ပြန်ပြောဖို့ အရေးကြီးတယ်။ ကျွန်တော်တို့ အတွက်တော့ ယူသင့်သလောက် ဆုံးဖြတ်ပြီးပါပြီ။ ခင်ဗျားအတွက်လည်း ပြောပြီးသားမဟုတ်လား'

'ဟုတ်ပါတယ်၊ ဦးရာမွှန် တစ်ယောက်ပဲ ပြောဖို့ လိုနေတာပဲ။ ဒီအကြောင်း ကျွန်တော် ပြောထားလို့ သူ သိနေပါပြီ။ အန်ဂျူဟာကို တင်ဖို့တော့ သူ့အတွက် မခက်ခဲပါဘူး။ သူ့မဲကိုရမှာ အမှန်ပါပဲ။ နို့ပေမဲ့ နည်းနည်းခက်နေတာက ကျွန်တော်တို့ပေးချင်တာထက် သူလိုချင်တာက ပိုနေလို့ ကနေ့ မျက်နှာစုံညီတွေ့ဆုံဖို့ ကျွန်တော် ချိန်းရတာပေါ့။ ကျွန်တော်ကမှ တစ်ဆင့်ဆိုတော့ ကြားကနေပြီး ခေါင်းပုံဖြတ်ယူမှာစိုးလို့ ထင်ပါရဲ့။

သူကလည်း ဦးဘဖောတို့၊ ဦးလက်ဝင်းတို့နဲ့ တော့တော့ဆိုင်ဆိုင် ငွေအကြောင်း ပြောချင်တယ် တဲ့'

'တွေ့ချင်တယ် ဆိုပြီး အခု တယ် နောက်ကျပါကလား။ ကျွန်တော်တို့ မြန်မာတွေဟာ အချိန်မမှန်တာဟာ အကျင့်ဆိုးကြီးပဲ။ မြန်မာတွေ ကြီးပွားချင်ရင် ဒီလို စနစ်မကျတာတွေ ပြင်ဖို့ အပုံကြီး လိုသေးတယ်'

'ဦးလက်ဝင်း ပြောတာ သိပ်ဟုတ်တာပဲ။ ဦးလက်ဝင်းတို့လို ခေါင်းဆောင်က စည်းကမ်းစနစ် ဘယ်လို ကျနရမယ်လို့ နမူနာ ပြတာဟာ သိပ်တာသွားတာပဲ ခင်ဗျာ။ ဦးရာမွန် အတွက်ကတော့ သူ့အိမ်မှာ တယ်လီဖုန်း ရှိပါတယ်။ နောက် ငါးမိနစ်အတွင်း မရောက်လာခဲ့လို့ ရှိရင် တယ်လီဖုန်းနဲ့ မေးကြည့်တာပေါ့။ လူချင်း တွေ့တော့ ပိုစိတ်ချရတာပဲ'

'သူက ဘယ်လောက် လိုချင်သတဲ့လဲ'

'ကျွန်တော်က သုံးထောင် ပြောတယ်။ သူက ခြောက်ထောင်မှ တဲ့။ မဲကလေး တစ်ခုနှင့် ခြောက်ထောင်ဆိုတော့ များလွန်းပါတယ်လို့ ပြောထားတာပဲ'

'အန်ဂျူဟာကတော့ ဖြစ်မယ်ဆိုရင် ပေးမှာပဲ။ သူ့အမျိုးကောင်းစားဖို့ကိုး'

'ဟာ အန်ဂျူဟာ ပေးပေမဲ့ ပိုတာ ကျွန်တော်တို့ အမြတ်ပေါ့ဗျာ။ ကိုယ့်ဖို့လည်း ကြည့်ရသေးတယ်'

'လေး ငါးလောက်နဲ့ ရပါလိမ့်မယ်'

'ဘယ်လောက်ပဲ ဖြစ်ဖြစ်၊ အရေးကြီးတာက ကနေ့ ၁၂ နာရီ ထိုးရင် စကားပြန်ရလိမ့်မယ် ဦးခဏရောရဲ့။ အခုပဲ ၁၁

နာရီ ထိုးနေပြီ။ တယ်လီဖုန်း လုပ်မှ ထင်တယ်။ ဟော ပြောရင်း ဆိုရင်း...'ဟု ဦးလက်ဝင်းသည် စကားအဆုံးမသတ်ဘဲ ပွင့်လာသော အခန်းတံခါးဘက်သို့ အံ့အားသင့်စွာ ကြည့်လိုက်လေ၏။

တံခါးမှာ ဖြည်းညင်းစွာ ပွင့်လာ၍ အခန်းထဲသို့ အသက်ငါးဆယ်ခန့်ရှိ လူကြီးတစ်ယောက်သည် ဝင်လာလေ၏။ အဝတ်အစားမှာ သစ်လွင်စွာပင် ဝတ်စားထားသော်လည်း လူကြီး၏ မျက်နှာသည် ဖြူဖပ်ဖြူရော်ရှိ၍ လူကောင်းပကတိနှင့် မတူပေ။ မည်သူ့မျှ မကြည့်ဘဲ လပ်နေသည့် ကုလားထိုင်တွင် ဝင်၍ ထိုင်လေ၏။

မောင်ခဏရောသည် အားရဝမ်းသာ ပြုံးရွှင်စွာဖြင့် ခရီးဦးကြိုပြုကာ 'ဟော... ဦးကို မျှော်နေဆဲ ရောက်လာတာပဲ။ ရောက်မယ့် ရောက်တော့လည်း ဆိုင်းမပါ ဗုံမပါကိုး။ ဦး တံခါးဖွင့်ဝင်လာမှပဲ ရောက်မှန်း သိတော့တယ်။ နောက်ကျလှချည်လား ဦးရဲ့၊ အန်ဂျူဟာကို ၁၂ နာရီ ထိုးရင် စကားပြန်ဖို့ အရေးကြီးလို့ ဦးကို တစ်မျှော်တည်း မျှော်နေတာပဲ'ဟု ပြော၏။

နောက်မှ ရောက်လာသူသည် စားပွဲရှိ လူများ၏ မျက်နှာကို တစ်ယောက်စီ စိုက်ကြည့်လေ၏။ ဦးလက်ဝင်းတို့ လူစုလည်း ငြိမ်သက်စွာ ရှိ၍ စိတ်ထဲက အကြောင်းမဲ့သက်သက် လှိုက်ဖိုလာသလိုလို ရှိ၏။ အနည်းငယ် အေးစိမ့်စိမ့် ရှိသည်ဟု ထင်သဖြင့် ဦးပက်ပင်းသည် ပန်ကာခလုတ်ကို ထ၍ ပိတ်လိုက်၏။

ဦးလက်ဝင်းက တစ်ဖန် စ၍–

'ဘယ့်နှယ့်လဲ ဦးရာမွန်၊ ကျွန်တော်တို့ဟာ ပါတီကွဲပေမဲ့

ဒီနေရာမှာ စိတ်သဘောချင်း တူမယ် ဆိုရင် အားလုံး အကျိုး ဖြစ်ဖို့ပါပဲ။ ဒီက ဦးဘဖောကလည်း သူ့လူတွေနဲ့ စီစဉ်ပြီးသားပဲ။ ဦးရာမွန်ကသာ တိတိကျကျ ဈေးဆိုဖို့ လိုတာပဲ။ ဒီမှာ အပြင်လူ မရှိပါဘူး။ သွယ်ဝိုက်ပြီး ပြောနေဖို့ မလိုပါဘူး'

ဦးရာမွန်သည် ခဏမျှ ငြိမ်သက်စွာ နေပြီးလျှင် အသံအော ကြီးနှင့် 'အခု ခင်ဗျားတို့ ဘာလုပ်ဖို့ ကြံတယ်ဆိုတာ သိကြရဲ့ လား'ဟု မေး၏။

ဦးလက်ဝင်းလည်း အံ့ဩစွာ 'နို့ ဦးရာမွန်လည်း အသိသား မဟုတ်လား' ဟု မေး၍၊ မောင်ခဏရောကလည်း 'ဦးကို ကျွန်တော် ပြောပြီးပြီ မဟုတ်လား'ဟု ပြိုင်တူ ပြော၏။

ဦးလက်ဝင်းက ဆက်၍ 'အန်ဂျူပုဟာကို တင်ဖို့လေ'ဟု စကားပို ပြောရခြင်းကို စိတ်မရှည်သည့် လေသံမျိုးဖြင့် ပြော၏။

'အန်ဂျူပုဟာကို တင်ရင် မြန်မာတွေ အင်မတန် နာမယ်။ သူဟာ သူ့လူမျိုးတွေရဲ့ အကျိုးကိုသာ ကြည့်မယ့်လူ၊ အခု သူ့ကိုတင်မယ့် နေရာမျိုးကနေပြီး လုပ်မယ်ဆိုရင် မြန်မာတွေ ငါးပါးမှောက်အောင် လုပ်နိုင်တယ် ဆိုတာ သိကြရဲ့လား'ဟု ဦးရာမွန်က အသံအောကြီးဖြင့် မေးပြန်၏။

မောင်ခဏရောမှာ ပါးစပ်ဟလျက် အကြောင်သား ငေးနေ ၏။ ဦးလက်ဝင်းမှာ မျက်နှာများ နီလာ၏။ ကျန်လူများမှာ အံ့အားသင့်စွာ ကြည့်နေကြ၏။ ဦးဘဖောက ဒေါသကို အနိုင်နိုင် ချုပ်တည်းထားရသော အသံမျိုးဖြင့် ဦးရာမွန်ဘက်သို့ လှည့်ကာ–

'ခင်ဗျား ဘာတွေ ပြောနေတာလဲ။ မဆိုင်တာတွေ ခွမထိုး ပါနဲ့။ ကျုပ်တို့ လုပ်မှာကို ခင်ဗျား သဘောတူမယ် ဆိုလို့ အခုလို တွေ့တာ။ ခင်ဗျားကိုယ်ကို ခင်ဗျားက သူတော်ကောင်းလို့ ပြော

မလို့လား။ ခင်ဗျား တစ်သက်လုံး တိုင်းပြည် ညာစားနေတာကို ကျုပ်တို့ မသိဘူးလား။ အတူတူနဲ့ အနူနူဟာကို အခုမှ ကြီးကျယ် မနေပါနှင့်။ ဒီလူတွေဟာ ကလေးကလား လုပ်ရမယ့်လူတွေ မဟုတ်ဘူး။ ခင်ဗျား လိုချင်သလောက်ကို ပြောပါ။ ငွေများများ လိုချင်တာနဲ့ ဒီလို လေသံမျိုး အချင်းချင်းပေါ်မှာ မသုံးပါနဲ့’ဟု မာန်လေ၏။

မောင်ခဏရောကလည်း ‘ဦး ဘာဖြစ်လာတာလဲ။ မျက်စိ မျက်နှာလည်း မကောင်းဘူး၊ အသံလည်း တစ်မျိုး ဖြစ်နေတယ်။ စောစောစီးစီး မြင်းကြမ်း စီးသလား’ဟု ဝင်၍စွက်၏။

ဦးရာမွန်သည် တည်ကြည်ငြိမ်သက်စွာ ‘ကျုပ် မြင်းကြမ်းလည်း မစီးဘူး၊ ခင်ဗျားတို့ရဲ့ ငွေကိုလည်း တစ်ပြားမှ မလိုချင်ဘူး။ အရင်တုန်းက ကျုပ်ဟာ ခင်ဗျားတို့လိုပဲ မသမာခဲ့ဘူး။ တိုင်းပြည်ကို နှစ်ပြီး ကိုယ်ကျိုးကို ချစ်ခဲ့တယ်။ နို့ပေမဲ့ ကျုပ် အမှားကို ကျုပ် မြင်ပြီ။ ကျုပ် ဘဝသစ် ရောက်နေပြီ။ ကျုပ် ပြောင်းလဲသလိုပဲ ခင်ဗျားတို့ ပြောင်းလဲစေချင်တယ်။ စဉ်းစားပါ ဦးလက်ဝင်း၊ ဦးဘဖော။ ခင်ဗျားတို့ဟာ ငွေကလေး ငါးထောင် လောက်နဲ့ တိုင်းပြည် ရောင်းစားတော့မှာလား။ တိုင်းပြည် ဘယ် လောက် နစ်နာမယ်ဆိုတာ ခင်ဗျားတို့ အသိသားနဲ့ ယုတ်မာ တော့မှာလား။ ကျုပ်တော့ ခင်ဗျားတို့ရဲ့ မသမာတဲ့ အကြံမျိုးမှာ မပါဘူး။ ဒါတင် မကသေးဘူး၊ တိုင်းပြည်ကို ဖွင့်ပြောရလိမ့် မယ်’ဟု ပြောပြောဆိုဆိုထ၍ တံခါးရှိရာသို့ ရောက်သွားပြီးလျှင် ထွက်သွားလေ၏။

အခန်းထဲရှိ ကျန်လူများသည် မမျှော်လင့်သည့် ကိစ္စကို တွေ့ကြုံရသဖြင့် စိတ်ပျက် စိတ်ဆိုးသော မျက်နှာဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ ငိုင်လျက် ကျန်ရစ်ခဲ့၏။ မောင်ခဏရောမှာ အားနာသော မျက်နှာမျိုးဖြင့် ဦးလက်ဝင်းကို ကြည့်နေ၏။

ဦးလက်ဝင်း၏ တောက်လျှံနေသော မျက်လုံးများသည် ဝမ်းတွင်းဒေါသကို ထင်ရှားစွာ ပြကြ၏။ မည်သူမျှစ၍ စကားမပြောလိုဘဲ အားလုံး မလှုပ်မယှက် ငြိမ်သက်စွာ အတန်ကြာမျှရှိစဉ် အခန်းထောင့်ရှိ တယ်လီဖုန်းခေါင်းလောင်းသံသည် မှင်တက်မိနေသူများကဲ့သို့ ငိုင်လျက်နေခြင်းကို ဖြိုဖျက်လိုက်သဖြင့် တယ်လီဖုန်းရှိရာသို့ လှည့်ကြည့်လိုက်ကြ၏။ ဦးပက်ပင်းသည် ထိုင်ရာမှထကာ တယ်လီဖုန်း နားခွက်ကို ကိုင်၍ နားထောင်၏။

'ဟလို ဟုတ်တယ်၊ ဦးပက်ပင်းပဲ၊ ဦးလက်ဝင်းလည်း ရှိတယ်'

'အို ...' ဦးပက်ပင်း၏ မျက်နှာတွင် အံ့သြခြင်း၊ ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်း အရိပ်အယောင်တို့သည် ပေါ်လာ၏။ မျက်နှာ၌ သွေးမရှိသကဲ့သို့ ဖြစ်သွား၏။

'ဟုတ်လား၊ ဟင် ဒါဖြင့် ခုနက...ဟာ တကယ်ပဲလား၊ ဘယ်နနာရီလောက်တုန်းက ဖြစ်တာလဲ'ဟု ပြောရင်း ဆက်၍ နားထောင်လေ၏။

တုန်လှုပ်သော လက်များဖြင့် နားခွက်ကို ပြန်ချ၍ ချွေးပေါက်ကြီးများ သီးနေသော မျက်နှာကို လက်ကိုင်ပဝါဖြင့်

သုတ်ရင်း စားပွဲဘက်သို့ လှည့်ကာ 'သိပ်… သိပ်ထူးဆန်းတာပဲ' ဟု တုန်တုန်ယင်ယင် ပြော၏။

ကျန်လူများလည်း 'ဘာဖြစ်တာလဲ၊ ဘာတဲ့လဲ'ဟု သိချင်ဇောဖြင့် မေးကြ၏။

'ခုနက တယ်လီဖုန်း ဆက်ပြောတာ ဦးရာမွန်ရဲ့မိန်းမ။ ၁၁ နာရီထိုးဖို့ ဆယ်မိနစ်လောက် အလိုမှာ ဦးရာမွန်ဟာ ဒီမှာ လုပ်မယ့် အစည်းအဝေးကို အရေးတကြီး သွားစရာရှိတယ်ဆိုပြီး ကားနဲ့ အိမ်ကအထွက် ဝင်းပေါက်မှာ တခြား ကားတစ်စင်းနဲ့ ဝင်တိုက်မိတယ် တဲ့။ အတော် ပြင်းပြင်းထန်ထန် တိုက်မိသတဲ့။ ခေါင်းကို ခိုက်မိတာနဲ့ အိမ်ပေါ်ကို ယူတင်ပြီး ဆရာဝန် အပြေးခေါ်ရသတဲ့'

စားပွဲရှိ လူများသည် ကြက်သီးတဖြန်းဖြန်း ထလျက် မသိမသာ တစ်ယောက်နား တစ်ယောက် တိုးသွားကြ၏။ ဦးရှက်ကင်းမှာ တိုးတိုးကလေး 'အမျှ၊ အမျှ' ဟု ရွတ်မိလေ၏။ ဦးတက်ဆင်းနှင့် ဦးဘဖောတို့မှာ တံခါးရှိရာသို့ "ပွင့်များ လာဦးမှာလား"ဟူသော စိုးရိမ်မကင်း မျက်လုံးများဖြင့် ကြည့်မိကြ၏။ အားလုံး ကျောတစိမ့်စိမ့် ဖြစ်နေကြ၏။

'ဒါဖြင့် ခုနက လာတာ…'ဟု ဦးလက်ဝင်းသည် တစ်ပိုင်းတစ်စ ပြော၏။

'ဘုရား၊ ဘုရား။ အမျှ၊ အမျှ'ဟု မျက်စိပျက်၊ မျက်နှာပျက်၊ ချွေးဒီးဒီးကျကာ ရွတ်မိကြလေ၏။

ဦးပက်ပင်းက ဆက်ပြီး 'သေတော့ မသေပါဘူး'ဟု ပြောရာ၊ ကျန်လူများမှာ ကြောက်စိတ်များ ပေါ့သွားသော်လည်း 'ဟင်

မသေဘူး၊ ဟုတ်လား။ မသေရင် ...'ဟု မယုံနိုင်သော အသံမျိုး ဖြင့် မေး၏။

'သတိမေ့သွားတာဟာ ခုနကမှ ပြန်လည်လာသတဲ့။ ခေါင်းကို ခိုက်မိလို စကားမပြောနိုင်ဘူးတဲ့။ နို့ပေမဲ့ သတိရရ ချင်း အိပ်ရာနံဘေးမှာရှိတဲ့ တယ်လီဖုန်းကို လက်ညှိုးထိုးပြလို့ သူ့မိန်းမက ကျွန်တော့်ကို ပြောပြရမလား ဆိုတော့ သဘောတူ ဟန် ပြတာနဲ့ တယ်လီဖုန်းနဲ့ ဆက်ပြောတာ တဲ့'

စားပွဲရှိ လူစုသည် နားမလည်နိုင်လောက်အောင် ရှိနေ လေ၏။ ပထမ၌ အံ့အားသင့်လွန်း အားကြီး၍ စကားမပြော နိုင်ကြသော်လည်း မကြာမီပင် တစ်ယောက်တစ်ခွန်း ဆူညံစွာ အမျိုးမျိုးထင်မြင်ချက် ပေး၍ ဆွေးနွေးနေကြ၏။ ဦးလက်ဝင်း ကား တိတ်ဆိတ်စွာ ဘာမျှ မပြောဘဲ စဉ်းစားနေဟန် တူ၏။ သုတ္တန်အဘိဓမ္မာ၏ အလိုနှင့် ယှဉ်၍ ပြောသူ ပြော၊ အင်္ဂလိပ် တို့၏ စိတ်ဓာတ်ကျမ်းနှင့် ယှဉ်ဆ၍ ရှင်းသူရှင်း၊ တစ္ဆေပုံပြင် ဝတ္ထုက ထုတ်နုတ်၍ ငြင်းသူ ငြင်းနှင့် အားရပါးရ မိမိတို့၏ ကြောက်စိတ်၊ လန့်စိတ်များကို ဖြေကြ၏။ တစ္ဆေခြောက်သည် လည်း မဆိုသာ၊ လူပကတိ လာသည်လည်း မဟုတ်နိုင်၊ ထူးဆန်း သော အတွေ့အကြုံကို အနုလုံ ပဋိလုံ စားမြုံ့ပြန်ကြ၏။ 'အစ ကတည်းက သူ့ကြည့်ရတာ မှုမမှန်ပါဘူးလို့ ထင်သားပဲ'ဟု ပြီးမှ နိမိတ်ဖတ်ကြကုန်၏။ ဦးဘဖောမှာ ခပ်မှိုင်မှိုင်ပင် ဖြစ်နေ ၏။ 'ဦးလက်ဝင်း၊ ဒါဖြင့် ကျွန်တော်တို့ ကိစ္စဟာ ပျက်သွားပြီ ပေါ့၊ မဟန်တော့ဘူး ထင်တယ်'ဟု ပြော၏။ ကျန်လူများလည်း တိတ်သွားကြ၏။

ဦးလက်ဝင်းသည် ခေါင်းကို ဆတ်ခနဲ ထောင်ကာ 'အို ဘာလို့ မဟာန်ရမှာလဲ၊ တကယ့်လူမှ မဟုတ်ဘဲနဲ့၊ ဦးရာမွန်ရဲ့ စိတ်သဘောထား အမှန်ပြောင်းတယ်လို့ ဘယ်သူ ပြောနိုင်ပါ့ မလဲ'

'သူကတော့ ကောင်းကောင်း တရားဟောသွားတာပဲ၊ နောင်တရဖို့ ပြောတာပဲ။ သူပြောတာ မှန်တော့ မှန်သားပဲ'

'ဟာ... ကျုပ်တို့အတွက် နောင်တဆိုတာ အစိုင်အခဲနဲ့ အရသာရှိတာ မဟုတ်ဘူး။ ငွေသာ လုံးလုံးခဲခဲ သိနိုင်၊ မြင်နိုင်၊ တွေ့နိုင်တာ'ဟု ဦးလက်ဝင်းသည် ပြန်ပြောကာ ဦးပက်ပင်းအား လှမ်း၍ မပွင့်တပွင့် ရယ်ပြီးလျှင် 'ကိုင်း...ဦးပက်ပင်း၊ သူ့ရဲ့ ဝိညာဉ်လား၊ ဘာလားလဲတော့ မသိဘူး၊ အဲဒါတော့ လာပြီး ကျုပ်တို့ကို ကောင်းကောင်း နှိမ်သွားတာပဲ။ နို့ပေမဲ့ သူ့ပကတိ စိတ်ကို မေးကြည့်ရအောင်။ ၁၂ နာရီလည်း ထိုးပြီ၊ အန်ဂျူဟာ ကို စကားပြန်ရမယ်။ ဦးရာမွန် မိန်းမကို တယ်လီဖုန်းဆက်ပြီး ဦးရာမွန်ကို အရင်ပြောထားတဲ့ ကိစ္စမှာ ၄ နဲ့ ကျေနပ်မလား၊ ဘယ်လောက်နဲ့ ကျေနပ်မလဲလို့ မေးပေးစမ်းပါလို့ ပြောစမ်းပါ' ဟု ခိုင်းလေ၏။

ဦးဘဖောက 'ဖြစ်ပါ့မလား၊ ဒီမှာတော့ သူ တော်တော် ထန်သွားတာပဲ'ဟု စိတ်မချသော အသံဖြင့် ပြောလေ၏။

ဦးတက်ဆင်းကလည်း 'ကျွန်တော်တော့ ကြောက်ကြောက် ပဲ၊ ဒီလို ထူးထူးကဲကဲ ဖြစ်တာဟာ သတိထားဖို့ပဲ ထင်တယ်။ ဦးရာမွန်လိုလူမျိုး တစ်ယောက်က မလုပ်ရဲဘူး၊ မလုပ်လိုဘူး ဆိုတဲ့ ကိစ္စမှာ ကျွန်တော်တို့က ဇွတ်တိုးရင် ဖြစ်ပါ့မလား'ဟု မဝေခွဲနိုင်သလို ပြော၏။

'ဟာ... ခင်ဗျားတို့ကလဲ သူကိုယ်တိုင် လာတာမှ မဟုတ်ဘဲ။ ကဲ...ကဲ...ကျွန်တော် ပြောမယ်။ အခု တယ်လီဖုန်းနဲ့ မေး။ သူက မပါချင်ဘူး ဆိုရင် ကျွန်တော်တို့ ဒီကိစ္စကို ဖျက်ပစ်လိုက်မယ်။ အန်ဂျူဟာကို မတင်နိုင်ဘူး ပြောလိုက်မယ်။ ပြီးတော့ တိုင်းပြည်ကို ကျုပ်တို့ကို ငွေနဲ့ ဆွယ်တာတောင် တိုင်းပြည်အကျိုး ငဲ့ပြီး မဟုတ်တာ မလုပ်ဘူးလို့ လှည့်ပြီး ဖွင့်ပြောမယ်။ နို့ပေမဲ့ ဦးရာမွန်က ပါမယ် ဆိုရင် ဒီကိစ္စကို ဆက်လုပ်ဖို့ပေါ့၊ ဟုတ်လား'ဟု ဦးလက်ဝင်းက ပြော၏။

'ဟုတ်တယ်၊ မေးသာ မေးပါဦး'ဟု မောင်ခဏရောက ထောက်ခံလေ၏။

'ဦးပက်ပင်း၊ ခုနက ပြောတဲ့အတိုင်း တယ်လီဖုန်းနဲ့ မေးလိုက်စမ်းပါ'ဟု ဦးလက်ဝင်းက ခိုင်းသည့်အလျောက် ဦးပက်ပင်းသည် တယ်လီဖုန်းဆက်၍ ဦးရာမွန်၏ မိန်းမနှင့် စကားပြောလေ၏။

'ဘယ့်နှယ့် နေသေးသလဲ၊ စကားမပြောနိုင်သေးဘူးလား၊ ဪ...သတိတော့ ကောင်းကောင်းရတယ်လား'ဟု မေးပြီးလျှင် –

'ဦးရာမွန်ကို ကျွန်တော်တို့နဲ့ ကနေ့ ဆွေးနွေးဖို့ ကိစ္စမှာ ၄ နဲ့ ကျေနပ်မလား၊ ဘယ်နခုနဲ့မှ ကျေနပ်မလဲ။ နို့မဟုတ်ရင်လည်း လုံးလုံး မပါချင်တော့ဘူးလားလို့ တစ်ဆိတ် မေးပေးစမ်းပါ ခင်ဗျာ။ အလွန်တရာမှ အရေးကြီးနေလို့ပါ'ဟု ပြောလေ၏။

ဦးလက်ဝင်း ဘက်သို့ လှည့်ပြီးလျှင် 'ခဏ စောင့်ပါ တဲ့'ဟု ပြော၏။ ခဏကြာသော် လှည့်၍–

'သူ့မိန်းမက ပြောတယ်။ ဦးရာမွန်က လက် ၅ ချောင်း ထောင်ပြသတဲ့'

[ ဂန္ထလောက၊ ဒီဇင်ဘာ ၁၉၃၇ ]

## အချစ်လေးပါး

ဤအဖြစ်အပျက်ကို ကျွန်တော်သည် များစွာ မရေးလိုလှပါ။ သို့သော် စစ်ကြီး မဖြစ်မီကလေးက သူတို့ထံမှ စာတစ်စောင် ရရှိပါသည်။ ကျွန်တော်၏ "တူ"ကလေးကို လာ၍ ကြည့်စေလိုကြောင်း၊ တစ်လသား ရှိပြီဖြစ်ကြောင်း၊ တူကလေး ရ၍ ဝမ်းသာအားရ ရှိလိမ့်မည်ဟု သူတို့ ထင်ကြောင်း၊ လူမျိုးချင်းပင်ကွဲသော်လည်း ကျွန်တော့်အား ဆွေမျိုးရင်းချာ ကဲ့သို့ပင် ခင်မင်ကြောင်း၊ နွေပေါက်လျှင် သူတို့ မျှော်နေမည် ဖြစ်ကြောင်းများ ရေးလိုက်ပါသည်။ ကျွန်တော်သည် သူတို့၏ စာကလေးကို ကိုင်ကာ ငေးနေမိပါသည်။ ကျွန်တော်၏ အတွေးများသည် သူတို့၏ တိုင်းပြည်သို့ ပြန်လည်ရောက်ရှိသွားကာ သူတို့ ပြောပြသော အဖြစ်အပျက်ကလေးများသည် ကျွန်တော်၏ မျက်စိထဲတွင် စီကာစဉ်ကာ ပေါ်လာပါသည်။ တိုင်းပြည်အတွက် စွန့်စား သွားရှာသူကလေးကြောင့်လည်း သနားခြင်း၊ ချီးမွမ်းအံ့သြမိခြင်းတို့ ရောယှက်ကာ ရင်ထဲတွင် ဘာမဆိုင် ညာမဆိုင်

ဟာတာတာ ဖြစ်ပြီး ဝမ်းနည်းမိပါသည်။ တစ်ဖန် ဤသို့ ရှာမှ ရှားသူကလေး၏ သက်တမ်းမှာ တိုရှာသော်လည်း ဘဝဆုံးရှုံးရခြင်းပင် မြင့်မြတ်စွာ ဆုံးရှုံးခြင်း ဖြစ်ပေသည်ဟု အားကျမိပါသည်။ ကျွန်တော်တို့ မြန်မာ လူမျိုးထဲတွင် ဤသို့ တိုင်းပြည်ကို အသက်နှင့် လဲ၍ ချစ်သူများ အရေးရှိက ပေါ်ပေါက်လာနိုင်ပါစေဟု ရည်ရွယ်၍ တစ်ကြောင်း၊ သတ္တိရှိသူကလေး၏ စွန့်စားဝံ့ခြင်းကို မှတ်တမ်းတင်လို၍ တစ်ကြောင်း သူကလေး၏ အဖြစ်အပျက်ကို ကျွန်တော် ရေးပါတော့မည်။

ကျွန်တော့်အား ဂရုတစိုက် ပြုစုလိုက်သော ဇနီးမောင်နှံတို့က သူတို့၏သက်ဆိုင်သော အဖြစ်အပျက်ကလေးကို မြန်မာလို ရေးသည်ကို ကန့်ကွက်စရာ ရှိမည် မထင်ပါ။ သူတို့၏ တိုင်းပြည်ထဲမှာမူ ဤအဖြစ်အပျက်ကို လူသိမခံပါ။ တစ်တိုင်းပြည်လုံးတွင် လေးငါးယောက်ထက် ပို၍သိမည် မဟုတ်ပါ။ အတွင်းရေး နှိုက်နှိုက်ချွတ်ချွတ် သိသူများထဲတွင်ပင် ဤအကြောင်းအရာကို ကုန်စင်အောင် သိကြသူ ရှားပါသည်။ ဤအဖြစ်အပျက်ကလေးကို ရေးသားရခြင်းဖြင့် မြန်မာလူမျိုးများ အကျိုးရှိခြင်းကို ရည်ရွယ်ပါသည်ဟု ကျွန်တော် ပြောပြလိုက်လျှင် သူတို့တစ်တွေ ကျေနပ်လိမ့်မည်ဟု ထင်ပါသည်။ ကျွန်တော့်မှာ စိတ်ဒွိဟ ဖြစ်နေပါသည်။ ဤမွန်မြတ်လှသော သတ္တိမျိုးကိုလည်း မှတ်တမ်းတင်လိုပါသည်။ ခင်မင်သူများ၏ အတွင်းရေး ဖြစ်၍လည်း မရေးလိုလှပါ။ သို့သော် တိုင်းပြည်အကျိုးအတွက် ရေးဖို့ ဆုံးဖြတ်ရပါတော့မည်။

ဤအဖြစ်အပျက်ကလေး ရေးရာတွင် နာမည်မှန်များ မပါပါ။ ဆင်တူရိုးမှား နာမည်များပင် မပါပါ။ သူတို့ တိုင်းပြည်တွင် ခေါ်ဝေါ်လေ့ မရှိသော နာမည်များကို ရှာထည့်ထားပါသည်။ ကျွန်တော်နှင့် ခင်မင်သူများ ဖြစ်၍ အခြားသူများက မည်သူမည်ဝါဟု တပ်အပ်သေချာ စွပ်စွဲခြင်း၊ သိရှိခြင်း မဖြစ်နိုင်စေလိုပါ။ သူတို့၏ တိုင်းပြည် နာမည်ကိုပင် ကျွန်တော် ထုတ်ဖော်ရေးသားခြင်း မပြုလုပ်လိုပါ။

စစ်ကြီး မဖြစ်ခင်နှစ် နွေလများက အလုပ်အားလပ်သည်နှင့် ကျွန်တော်သည် အရှေ့ဘက် တိုင်းတစ်တိုင်းသို့ သွားရောက်လည်ပတ်ပါသည်။ မသွားခင်က ထိုတိုင်းပြည်၌ အခြေစိုက်နေသူ မြန်မာများ၏ ဆွေမျိုးများ၊ ထိုတိုင်းပြည်ရှိ ဂုဏ်သရေရှိလူကြီးများနှင့် သိကျွမ်းခင်မင်သူ မြန်မာများက ဝိုင်းဝန်း၍ မိတ်ဖွဲ့စာစောင်များ ကျွန်တော့်အား ပေးလိုက်သဖြင့် ထိုတိုင်းပြည်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် လိုလိုပင် ကျွန်တော့်မှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေထိုင် လည်ပတ်ခဲ့ရပါသည်။ ဤသူတို့အား ကျွန်တော် အထူးပင် ကျေးဇူးတင်ပါသည်။ ထမင်းလိုက်စားရသည်မှာလည်း အမောပင် ဖြစ်ပါသည်။ ပွဲလမ်းသဘင်များသို့ ခေါ်ဆောင်ကာ ကျွန်တော့်အား ဖြေဖျော်မှု ပြုကြသည်မှာလည်း မရပ်မနားပင်။ အထက်တန်းစားပုဂ္ဂိုလ် အမျိုးမျိုးဖြင့် အသိဖွဲ့ပေးကာ ခင်မင်ခဲ့ရသည်မှာလည်း အတော်အတန် များပါသည်။ အချို့ကလည်း အနည်းငယ် နောက်တောက်တောက် စကားနာ ထိုးပါသေးသည်။ 'ခင်ဗျားတို့ ဘိုးဘေးတွေက ရက်စက်ပေမယ့် ခင်ဗျားကျတော့ မခင်ဘဲ မနေနိုင်ဘူး'ဟု ပြောပါသည်။

ကျွန်တော်သည် ရောက်စ ၂ ရက်ပင် ဟိုတယ်မှာ တည်းရပါသည်။ ကျွန်တစ်လခွဲလုံးလုံးမှာ သွားရောက် အခြေတည်နေကြသူ မြန်မာများနှင့် တိုင်းရင်းသားများက သူတို့အိမ်များတွင် တစ်လှည့်စီ အတင်း ခေါ်ဆောင်ကာ တည်းခိုခိုင်းပါသည်။ တိုင်းရင်းသား အထက်တန်းစားများမှာ ကျား–မပင် အင်္ဂလိပ်လို အနည်းအများ ပြောနိုင်ပါသည်။ ပြင်သစ်လိုလည်း တချို့ ပြောကြပါသည်။ ကျွန်တော်မှာ ပြင်သစ်စကားကို မတတ်တတတ်နှင့် တစ်ခါတလေ လက်တည့်စမ်းခဲ့ပါသေးသည်။ အများအားဖြင့်တော့ အင်္ဂလိပ်စကားဖြင့် လွယ်လွယ် ပြောနိုင်ပါသည်။

ကျွန်တော်သည် မြို့တော်တွင် ၁၅ ရက်လောက် ကြာသည့်အခါ သူတို့ ဇနီးမောင်နှံနှင့် တွေ့ပါသည်။ ရှေးက ဘယ်လိုရေစက်လဲ မသိပါ။ မြင်မြင်ချင်းပင် ခင်ကြပါသည်။ တွေ့သည်မှာ ကပွဲတစ်ခု၌ ဖြစ်ပါသည်။ ဓာတ်ခုံပေါ်တွင် သူတို့တိုင်းရင်းအကလည်း ကြည့်ရပါသည်။ ခန်းမကြီးတွင် အနောက်နိုင်ငံအကမျိုး တွဲ၍ ကရန် အချိန်လည်း ပေးပါသည်။ ကျွန်တော်သည် အနောက်နိုင်ငံ အဝတ်အစားနှင့် တွဲကနေသူများကို နံဘေးက စားပိုင်းကလေး တစ်ခုတွင် ထိုင်၍ စားသောက်ရင်း ကြည့်နေပါသည်။ ကျွန်တော့်အား ခေါ်ဆောင်လာသူများမှာ တိုင်းရင်းသား စစ်ဗိုလ်ကလေးနှင့် သူ့(အိမ်ထောင်သည်) နှမတို့ ဖြစ်ပါသည်။ စစ်ဗိုလ်ကလေး၏ ယောက်ဖတော်သူမှာ ထိုနေ့ညက မလိုက်နိုင်ပါ။ ကျွန်တော်တို့ ထိုင်နေစဉ် ကပွဲခန်းမကြီးထဲသို့ ဇနီးမောင်နှံ စုံတွဲတစ်စုံ ဝင်လာပါသည်။ ယောကျ်ားဖြစ်သူမှာ

စစ်ဘက် အဝတ်အစားနှင့် ဖြစ်၍ အတော်ပင် ခံ့ပါသည်။ ယောကျ်ားပီသ၍ တည်ကြည်ရဲရင့်ပုံ ရပါသည်။ မိန်းမ ဖြစ်သူမှာ အသက် ၂၅ နှစ်မျှလောက် ရှိဟန် တူ၍ အတော့်ကို ချောပါသည်။ လူတိုင်းပင် ခေတ္တမျှ ငေးစိုက် ကြည့်ရသည်ကို ကျွန်တော် သတိမူလိုက်ပါသည်။ ဝတ်စားထားပုံမှာလည်း အလွန်ယဉ်ပါသည်။ သူတို့လူမျိုး "ခါးတောင်းကျိုက်"သည်ကို ဓာတ်ပုံထဲတွင် အကြည့်ရ ခက်သော်လည်း မျက်စိဖြင့် မြင်တွေ့ရသည့်အခါမှာ ယဉ်စစနှင့် ကြည့်လို့ ကောင်းပါသည်။ ကျွန်တော် ရောက်စဉ်က အထက်တန်းစားများသည် တိုင်းရင်းဖြစ် ပိုးထည်များကိုသာ အဆင်အမျိုးမျိုး၊ အရောင်အမျိုးမျိုးနှင့် မျက်စိပနံ့ရအောင် ဝတ်ဆင်ကြပါသည်။

ယခင်က ဤသို့ မဟုတ်၊ နိုင်ငံခြား ပိုးဖဲကို အသုံးများကြသည်ဟု ပြောပြကြပါသည်။ သူတို့ တိုင်းရင်းဖြစ် အထည်က ပို၍ လှပတင့်တယ်သည်ဟု ကျွန်တော် ထင်မိပါသည်။ ထိုညပဟုန်ကွန်ချစ်တို့ ဇနီးမောင်နှံ ဝင်လာစဉ်က ကျွန်တော်သည် ခန်းမကြီး တစ်လျှောက်လုံးကို ကြည့်ရှု ချီးမွမ်းနေခိုက် ဖြစ်ပါသည်။ ကျွန်တော့် မျက်စိထဲတွင် ယခုတိုင် မြင်ယောင်သေး၏။ ထိန်ဝင်းနေအောင် ထွန်းညှိထားသော မီးရောင်များအောက်တွင် ဖိတ်ဖိတ်တောက်လျက် ရှိသော ပိုးထည်၊ တလျှပ်လျှပ် လက်နေသည့် စိန်ကျောက်တို့ဖြင့် မွမ်းမံထားသည့် ရုပ်ရည် ချောမွေ့သန့်ပြန့်လှသည့် မိန်းမများ၊ သပ်ရပ်ခမ်းနားစွာ ဝတ်ဆင်ထားသည့် အရာရှိ အရာခံ လူကြီးများ၊ ပွဲဝင် စစ်ဝတ်စစ်စားဖြင့်

ကြည်ညိုစရာကောင်းသည့် ဗိုလ်မှူး တပ်မှူးများတို့သည် ရွှေရောင်နှင့် အဖြူ ရောယှက် ခြယ်လှယ်ထားသည့် အခန်းကြီးထဲတွင် ရှုမငြီးနိုင်လောက်အောင် တင့်တယ်လှပါပေသည်။

ထိုအသရေ လျှမ်းနေသည့် အခန်းကြီးထဲသို့ ပဟုန်ကွန်ချစ်တို့ ဇနီးမောင်နှံ ဝင်လာသည့်အခါ တိုး၍ပင် ကျက်သရေကို ဆောင်လာသည်ဟု ထင်ရပါသည်။ စားပွဲကလေးများမှာ လူအတော် ပြည့်နေသည်ဖြစ်၍ သူတို့လည်း အားမည့်စားပွဲကို ရှာရင်း လျှောက်လာရာ ကျွန်တော်တို့အနား ရောက်လာပါသည်။ ကျွန်တော်၏ အိမ်ရှင် စစ်ဗိုလ်ကလေးက ထ၍ ရိုသေစွာ နှုတ်ဆက်ပြီး ကျွန်တော်တို့နှင့် အတူထိုင်ရန် ပြောပါသည်။ ကျွန်တော်နှင့်လည်း မိတ်ဖွဲ့ပေးပါသည်။ ပဟုန်ကွန်ချစ်မှာ ရာထူးမြင့်သည့် စစ်ဗိုလ်မှန်း သိရပါသည်။ သူ့နာမည် ရှေ့က ဘွဲ့တစ်ခု ရှိပါသည်။ ကျွန်တော် တမင် ဖော်မပြပါ။ ပဟုန်ကွန်ချစ်၏ ဇနီးနာမည်မှာ အတော် ရှည်လျားပါသည်။ ပထမပိုင်းကို မြန်မာလို ပြန်လျှင် "ပပဝတီ"ဟု အဓိပ္ပာယ်ရပါသည်။ သို့သော် သူ့ကို ကျွန်တော် "ပရန်ဒီ"ဟုပင် စာဖတ်သူများအတွက် အမည် တပ်၍ ရေးပါမည်။ သူတို့နှင့် ထိုညတွင်ပင် အတော် အကျွမ်းတဝင် ဖြစ်သွားပါသည်။ ထိုညမှ စ၍ ရက်ဆက်မတတ်ပင် ထမင်းစား၊ ပွဲလမ်းသွား၊ အလည်အပတ်... စသည်ဖြင့် သူတို့က ဖိတ်ခေါ်ဆောင်ကြဉ်းပါသည်။ ပြန်ခါနီး ၁၅ ရက်မျှ သူတို့ အိမ်မှာပင် သွားရောက် နေထိုင်ခဲ့ရပါသည်။ ဤသို့ နေထိုင်ခဲ့၍လည်း ကျွန်တော်ရေးမည့် အတ္ထုပ္ပတ္တိကလေး သိခဲ့ရခြင်း ဖြစ်ပါသည်။

ရာပြည့်စာအုပ်တိုက်

ပဟုန်ကွန်ချစ်တို့ ဇနီးမောင်နှံ ရကြသည်မှာ ကျွန်တော်နှင့် တွေ့စဉ်က ခြောက်လမျှလောက်ပင် ကြာသေးသည်ဟု သိရပါ သည်။ သာမန်မျက်စိဖြင့် ကြည့်သော် သူတို့နှစ်ဦးသည် ရခါ စလည်း ဖြစ်ပြန်၊ လောကစည်းစိမ်ဘက်တွင်လည်း လိုလေသေး မရှိအောင် ရာထူး၊ ဥစ္စာ၊ ပစ္စည်းနှင့်လည်း ပြည့်စုံပြန် ဖြစ်၍ အလွန်အကြူး အထူးအကဲပင် ပျော်ရွှင်စွာ စိတ်ချမ်းသာ ရှိကြ လိမ့်မည်ဟု အတပ် ထင်မည် ဖြစ်ပါသည်။ သူတို့နှင့် နီးကပ် ကြာမြင့်စွာ နေကြည့်သည့်အခါမူ စိတ်မချမ်းသာပုံ မရသော် လည်း အထူးအကဲ ပျော်ရွှင်သည်ကို မတွေ့ရပါ။ တစ်ဦးနှင့်တစ်ဦး အထူးချစ်ကြည်ပုံတော့ ရပါသည်။ ယောကျ်ားဖြစ်သူသည် သူ့ဇနီး အပေါ်၌ အထူး ယုယကြင်နာပါသည်။ သို့သော် ပရန်ဒီသည် တစ်ခါ တစ်ခါတွင် ငေးစိုက်၍ တစ်စုံတစ်ခုကို သတိရနေ သကဲ့သို့ ရှိပါသည်။ ဤအခါများတွင် မျက်နှာမှာ မှင်တက်မိ သကဲ့သို့ မျက်နှာသေကလေး ဖြစ်သွားပြီးလျှင် သူ့မျက်စိထဲတွင် တစ်ခုခုကို မြင်ယောင်လာဘိသကဲ့သို့ ဖြစ်လာပါသည်။ ကျွန်တော် နှင့် တွေ့ခါစ ညကပင် ကျွန်တော် အနည်းငယ် သတိမူမိပါသည်။ တစ်ခါတစ်ရံ ပွဲလမ်းတစ်ခုခု သွားကြရ၍ ဆူညံ ပျော်မြူးနေသည့် အထဲတွင်ပင် ပရန်ဒီ ငေးစိုက်သွားသည်ကို ကျွန်တော် သတိပြု မိပါသည်။ ထိုအခါမျိုးကျလျှင် ပဟုန်ကွန်ချစ်သည် စကားကို ခပ်မြန်မြန် ခပ်သွက်သွက်ကြီး ရောက်တတ်ရာရာ ပြော၍ လည်း ကောင်း၊ သူ့မိန်းမအား မျက်စိချင်း စိုက်ကြည့်ကာ ပြုံး၍ လည်းကောင်း လောကကြီးထဲသို့ ပြန်လည် ဆွဲငင်ယူတတ် ပါသည်။

ဤသို့ ကျွန်တော် ရေးခြင်းမှာ အလွမ်းသယ်လွန်းအား ကြီးသည် မဟုတ်ပါ။ ပရန်ဒီ ငေးသွားသည့်အခါမှာ သူသည် လောကကြီးကို မေ့လျော့ပြီး သူ့ဝိညာဉ်သည် တခြား ရောက်သွား သည်ဟု ထင်ရပါသည်။ ထိုအခါ သူ့ယောကျ်ားက မသိမသာ သူ့စိတ်ကို ပြန်လည်ဆွဲယူပုံ ရပါသည်။

ကျွန်တော့်အတွက် ထူးဆန်းသည်မှာ ပရန်ဒီသာ ဤသို့ မျက်မြင်လောကကို မေ့ကာ ငေးစိုက်တတ်သည် မဟုတ်၊ ပဟုန် ကွန်ချစ် ကိုယ်တိုင်ပင် တစ်ခါတစ်ရံ ဤသို့ ဖြစ်သည်ကို တွေ့ရ ပါသည်။ သို့သော် ပရန်ဒီကဲ့သို့ အခါများစွာ မဖြစ်တတ်ပါ။ ထို့ပြင် ဆူညံပျော်ပါးနေသည့် လူထဲသူထဲမှ သူ ဣန္ဒြေ မပျက်ပါ။ တစ်ခါတစ်ရံ မိတ်ဆွေ တစ်ယောက်၊ နှစ်ယောက်နှင့် စကား ပြောရင်း ပဟုန်ကွန်ချစ်သည် တစ်စုံတစ်ခုကို တွေးမိသကဲ့သို့ ငေးစိုက်ကာ လိပ်ပြာလွင့်သွားပုံ ရပါသည်။ ထိုအခါမျိုးကျလျှင် လည်း ပရန်ဒီသည် သူ့ယောကျ်ားလက်ကို မသိမသာ ဆုပ်ကိုင် ကာ အလွန် ယုယကြင်နာသော အကြည့်မျိုးဖြင့် သူ့ ယောကျ်ား မျက်စိထဲသို့ စိုက်ကြည့်ပါသည်။ ပဟုန်ကွန်ချစ်သည် အိပ်ရာမှနိုး သကဲ့သို့ လောကထဲ ပြန်လည်ရောက်လာပြီးလျှင် သူ့မိန်းမအား ကြင်နာစွာ ပြန်ပြုံးလေ့ ရှိပါသည်။

ကျွန်တော်သည် သူတို့နှင့် အထူးပင် ခင်မင်ရင်းနှီးစွာ နေခဲ့ရသည် ဖြစ်၍ သူတို့အိမ်မှာ သွားရောက် မတည်းမီကပင် ဤအခြင်းအရာကလေးများကို သတိထားမိခဲ့ပါသည်။ သူတို့ လူမျိုးချင်း သတိထားမိ၊ မထားမိတော့ မသိပါ။ ပဟုန်ကွန်ချစ် တို့ ဇနီးမောင်နှံသည် ကျွန်တော်နှင့် ချစ်ကျွမ်းတဝင် ခင်မင်ကြ

သော်လည်း သူတို့ လူမျိုးချင်းထဲတွင် ခင်မင်ရင်းနှီးသူ များစွာရှိပုံ မရပါ။ ဇနီးမောင်နှံ နှစ်ဦးတည်း ကျေကျေနပ်နပ် ချမ်းချမ်းသာသာ နေကြပုံ ရပါသည်။ အသိမိတ်ဆွေများကား ပေါများပါ၏။ မျက်နှာလည်း ကြီးပုံရပါ၏။

ပရန်ဒီကို ကျွန်တော်က အလွန်ဆုံး အသက်အစိတ်ပင် ရှိလိမ့်မည်ဟု ထင်ရာ၊ တစ်နေ့တွင် သူ့အသက် ၂၇ နှစ် ကျော်ကျော် ရှိပြီဖြစ်ကြောင်း ပြောပြ၍ အံ့သြမိပါသည်။ သူတို့ အကြောင်းကို သူတို့မိတ်ဆွေများ တစ်ခါတစ်ရံ မျက်ကွယ်တွင် အနည်းငယ် ပြောသည်ကို ကြားရပါသည်။ ကျွန်တော်နှင့် ခင်မင်မှန်း သိကြ၍လား မသိ၊ မကောင်း တစ်ခါမျှ မပြောကြပါ။ တစ်ခါ သူတို့ မရှိခိုက်တွင် အရာရှိကတော် တစ်ဦးက 'ပရန်ဒီဒီလို နည်းနည်းပျော်ပုံ ရလာတာဟာ သိပ်ဝမ်းသာတာပဲ' ဟု ပြောပါသည်။ တခြားကတော် တစ်ဦးက 'ဟုတ်တယ်၊ အရင်အပျိုတုန်းက လောကီဘောင်ကိုများ စွန့်ပစ်သွားမလား အောက်မေ့တယ်။ ယောကျ်ားတောင် ဘယ်တော့မှ ယူမယ် မထင်မိဘူး'ဟု ပြောပါသည်။ 'ပဟုန်ကွန်ချစ် မို့လို့လည်း သူက ယူတာပေါ့။ သူတို့နှစ်ယောက် လက်ဆက်မိတာ ကောင်းပါတယ်' ဟု တခြားတစ်ဦးက ပြောပါသည်။ ကျွန်တော်မှာ အကျိုးအကြောင်း မသိသဖြင့် အနည်းငယ် မေးကြည့်လျှင် ကောင်းမည်လားဟု စဉ်းစားနေစဉ် သူတို့ တခြားစကား ပြောင်းသွားကြပါသည်။

ပဟုန်ကွန်ချစ်တို့ အိမ်သို့ ပြောင်းပြီး မတည်းစဉ်ကလေးတွင် သူတို့၏ မိတ်ဆွေတို့နှင့် စကားစပ်မိ၍ သင့်လျော်သလောက် မေးကြည့်ရာ၊ ပရန်ဒီ၏ ဖခင်သည် သူတို့တိုင်းပြည် ဘုရင်ဟောင်း

လက်ထက်က အတော်ပင် ရာထူးမြင့်သည့် အရာရှိကြီး တစ်ဦး ဖြစ်ကြောင်း သိရပါသည်။ ယခင် ၁၄ နှစ် လောက်က သူပုန်ထ၍ တိုင်းသူပြည်သားများ အကြိုက် အုပ်ချုပ်ရေး ပြောင်းလွဲရစဉ်က သူ့ကိုယ်သူ သေနတ်ဖြင့် ပစ်သတ်လိုက်ကြောင်း၊ သူပုန် စစ်ဗိုလ်မှူးကလေးများ သူ့အိမ်သို့ သွား၍ ဖမ်းမည် အပြုတွင် အဖမ်း မခံဘဲ သတ်သေလိုက်ကြောင်းများကို သိရပါသည်။

ထိုအခါ ပရန်ဒီ၏ တစ်ခါတစ်ခါ တွေဝေနေခြင်းသည် သူ့အဖေ အသက်ဆုံးရှုံးရခြင်းအတွက် ယူကျုံးမရ ဖြစ်၍လောဟု ကျွန်တော် စဉ်းစားမိပါသည်။ သို့သော် ထိုစဉ်အခါက သူပုန်များ နှင့် တစ်ဖက်တစ်လမ်း ဖြစ်ခဲ့လျှင် အဘယ်နည်းနှင့် ယခုအခါ အစိုးရအမှုထမ်း စစ်ဗိုလ်မှူးကြီး တစ်ဦး၏ ဇနီး ဖြစ်လာနိုင်သည် ကို စဉ်းစား၍ မရပါ။ ယခင်က သူပုန်များသည် ယခုအခါ တိုင်းပြည်ကို ကြီးစိုးနေသော အစိုးရ ဖြစ်နေသည်ကို ကျွန်တော် သိသဖြင့် အဆက်အစပ်ကို ရှာ၍ မရပါ။

သူတို့ တိုင်းပြည်မှာ နေခဲ့ရသည့် နောက်ဆုံး ၁၅ ရက် သည် ကျွန်တော့်အတွက် အပျော်ဆုံး၊ အရသာရှိဆုံး ဖြစ်ပါသည်။ ထို ၁၅ ရက်တွင် ပဟုန်ကွန်ချစ်တို့ အိမ်တွင် နေခဲ့ပါသည်။ ကျွန်တော့်ကို ဧည့်သည်အဖြစ်ဖြင့် လိုလေသေးသည် မရှိ ဂရု တစိုက် ပြုစုကြရုံသာမက ဧည့်သည်မျှမက အိမ်သားတစ်ဦး ကဲ့သို့ပင် ရင်းနှီးစွာ ခေါ်ဝေါ်ပြောဆို နေထိုင်ကြပါသည်။ သံသရာ ၏ ရှေးရေစက်အဟုန်သည် အံ့သြဖွယ်ရာပင် ဖြစ်တော့သည်။

ကျွန်တော်သည် သူတို့အိမ်သို့ ရောက်ပြီး ၂ ရက်လောက် အကြာတွင် ဧည့်ခန်းတစ်ဖက်တွင်ရှိ အခန်းကလေး တစ်ခန်း

ထဲသို့ တစ်ယောက်တည်း လျှောက်ကြည့်ရင်း ဝင်သွားမိပါသည်။ အခန်းကလေးမှာ တံခါးပွင့်နေပါသည်။ အခန်းထဲတွင် ဘာမျှ မရှိပါ။ သပ်ရပ် လှပစွာ ခန်းဆီး ခန်းကာတို့ဖြင့် ပြုပြင်ထားပါသည်။ နံရံတစ်ဖက်တွင်မူ ပရန်ဒီ ၁၇ နှစ် အရွယ်လောက်က ပန်းချီဆရာတစ်ဦး ဆေးရေးထားဟန်တူသည့် ပုံကြီးတစ်ပုံ ရှိပါသည်။

ထိုပုံတွင် ပရန်ဒီသည် ယခုထက် ငယ်လည်း ငယ်သည် ဖြစ်၍ ယခု ချောသည်ထက်ပင် ပိုမို ချောမော လှပပါသည်။ ကျွန်တော်မှာ ငေးစိုက်၍သာ ကြည့်နေမိပါတော့သည်။ မျက်နှာကလေးမှာ ကြည်လင် ချိုပြုံးနေသော်လည်း ထိုချိုပြုံးသည့် အထဲတွင်ပင် တည်ကြည်ခိုင်မြဲသော စိတ်၏ အမူအရာကို မြင်တွေ့နိုင်သည်ဟု ထင်မိပါသည်။ ထိုပန်းချီကား ရှေ့ဆီသို့ ကျွန်တော် ကြည့်မိသော အခါမှ အနည်းငယ် ပြုံးမိပါသည်။ ပန်းချီကားအောက် စားပွဲတစ်ခုပေါ်တွင် လန်းဆန်းသော ပန်းမျိုးစုံကို ပန်းအိုးဖြင့် ပြုပြင်ထည့်ထားကာ နံဘေးတွင် ဖယောင်းတိုင်ကြီး ၂ တိုင် နေ့ခင်းကြောင်တောင်ပင် ထွန်းညှိထားပါသည်။ ဘုရားစင်မှာ ဆီမီးပန်းမန် တင်သည်နှင့် တူနေပါသည်။

ကျွန်တော်၏ စိတ်ထဲတွင် ပရန်ဒီသည် အစစ အရာရာတွင် ခြောက်ပြစ်ကင်းရှာသော်လည်း မိန်းမပီပီ မိမိ၏ အလှဂုဏ်ကိုတော့ တိတ်တိတ် မာနတက်သေးတာပဲဟု ပြုံးမိပါသည်။ သူ ငယ်ရွယ်စဉ်က ပုံပန်းကို အမြတ်တနိုး ကိုးကွယ်မှုပြုခြင်းကို ပြုံးမိပါသည်။ ပန်းချီကားရှေ့ တောက်ပြောင်နေသော ကြမ်းပေါ်တွင် ကော်ဇောတစ်ချပ်လည်း တွေ့ပါသည်။ ကော်ဇောပေါ်တွင်

ထိုင်ကာ ကိုယ့်ပုံကို ကိုယ် ပြန်ရှိခိုးရှေ့သလားဟု တွေးမိပါသည်။ ကျွန်တော်သည် ထိုအခန်းကလေးထဲသို့ နေ့ရှိသမျှ ဝင်ရောက်လေ့ ရှိပါသည်။ ကျွန်တော် ဝင်ကြည့်တိုင်းလည်း လန်းဆန်းသောပန်း၊ အစဉ်မပြတ် ထွန်းညှိထားသော ဖယောင်းတိုင်တို့ကို တွေ့ရပါသည်။

ငါးရက်လောက် ကြာသောအခါ တစ်ညနေတွင် ညှော်ခန်း၌ ပရန်ဒီနှင့် ထိုင် စကားပြောရင်း ကျွန်တော် သူ့ကို စ ပါသည်။ 'ကိုမြင့်ကို စိတ်မဆိုးနဲ့နော် ပရန်ဒီ၊ ကိုယ့်ကိုယ်ကို ပူဇော်တဲ့လူများဟာ နည်းနည်းတော့ ထူးဆန်းတယ် ထင်တာပဲ။ ပူဇော်တော့လည်း ပူဇော်ထိုက်လောက်အောင်ပါပဲလေ' ဟု ကျွန်တော် ပြောပါသည်။ ရုတ်တရက် အံ့အားသင့်သွားပြီးလျှင် နောက်မှ ကျွန်တော် ဘာဆိုလိုသည်ကို သူ ရိပ်မိပါသည်။ အခန်းကလေးဘက်ကို လှမ်းကြည့်ပြီးလျှင် 'ဩော်...ကိုမြင့် ဟိုအခန်းထဲ ရောက်ပြီးပြီကိုး၊ တစ်နေ့က ကျွန်မ ထွက်လာတာလည်း ကိုမြင့် တွေ့မှာပေါ့'ဟု မပြုံးတပြုံး ပြောပါသည်။ တစ်ခဏမျှ ငြိမ်နေပြီးနောက် 'ကျွန်မ မဟုတ်ပါဘူး ကိုမြင့်ရယ်...'ဟု ပြောပါသည်။ ကျွန်တော်သည် အံ့အားသင့်သွားသည့်အတိုင်း 'အို... မဟုတ်ဘူးလား'ဟု မေးမိပါသည်။

ပရန်ဒီကို ကြည့်လိုက်ရာ ကျွန်တော် ဤအကြောင်းစ မိခြင်းကို နောင်တရမိပါသည်။ သူသည် တွေဝေငေးစိုက်လျက် သံသရာ တစ်စဉ်လုံး၏ အဖြစ်အပျက်ကို ပြန်လျှောက်ခါ တွေးနေသကဲ့သို့ ရှိပါသည်။ သူ့မျက်လုံးအိမ်များ၏ နောက်တွင် အလွန်တရာမျှ နာကျင်ခြင်းဝေဒနာ ခံစားရသကဲ့သို့ ရှိနေပါသည်။

ဤသို့ စိတ်မချမ်းသာစရာ အတွေးများ ပေါ်လာအောင် ပြုမိသူ ကျွန်တော်မှာ ယူကျုံးမရ ဖြစ်မိပါသည်။

'ပရန်ဒီ'ဟု ကျွန်တော်၏ ကရုဏာဖြင့် ခေါ်သံကို သူ ကြားရသောအခါ မချိပြုံး ပြုံးပြီးလျှင် 'ကိစ္စမရှိပါဘူး ကိုမြင့် ရယ်၊ ပရန်ဒီတို့ရဲ့အကြောင်းကို ကိုမြင့် မသိလို့ဘဲဟာ။ ကိုမြင့်သာ မဟုတ်ဘူး၊ တခြား ဘယ်သူမှ မသိဘူး၊ ကိုမြင့် မပြန်ခင် ပရန်ဒီ ပြောပြပါ့မယ်၊ အခုတော့ ကိုမြင့်ရှိတုန်း ပျော်ပျော်နေကြစို့နော်၊ ပရန်ဒီ စိတ်မကောင်း ဖြစ်မိတာကို ဝမ်းနည်းမနေပါနဲ့၊ ပရန်ဒီ စန္ဒရားတီးပြမယ်၊ နားထောင်မယ် မဟုတ်လား'ဟု စကားလွှဲ ဖယ် ပြောကာ၊ ကျွန်တော် အားနာနေမှာ စိုး၍ မျက်နှာထား ပျော်ရွှင်စွာထားကာ စန္ဒရား တီးပါသည်။

ကျွန်တော် ပြန်ချိန် နီးလာသည့်အခါ ပဟုန်ကွန်ချစ်တို့ ဇနီးမောင်နှံတို့နှင့် ခွဲရမည်ကို စိတ်ထဲတွင် အလွန် ပျင်းမိပါ သည်။ သို့သော် မိမိတိုင်းပြည်တွင် ဝမ်းရေးကျောင်းရန် ကိစ္စက ရှိသေးသဖြင့် ပြန်လာရပါသည်။ မပြန်ခင်ညတွင် ကျွန်တော်တို့ အား ထမင်းစား ဖိတ်၍ ထမင်းစား နှုတ်ဆက်သွားကြရပါသည်။ အိမ်ကို ၁၁ နာရီလောက်မှပင် ရောက်ပါသည်။ 'ကနေ့ ညတော့ မအိပ်ချင်ဘူး ပရန်ဒီရေ့၊ တို့ဧည့်သည်ကို အားရပါးရ စကားပြော ချင်တယ်'ဟု ပဟုန်ကွန်ချစ်က ပြောကာ ဧည့်ခန်းတွင် ထိုင်ကြ ပါသည်။

ပရန်ဒီသည် ပန်းချီကားထားရာ အခန်းထဲသို့ ခဏ ဝင်သွား ပါသည်။ ပြန်ထွက်လာသောအခါ မျက်နှာမှာ တည်ကြည် ငြိမ်သက်လျက် ရှိပါသည်။ မျက်လုံးများမှာမူ မှိုင်းဝေဖျော့တော့

နေသည်ကို မြင်ရပါသည်။ သူ့ယောကျ်ား၏ နံဘေးတွင် ယှဉ်လျက်ထိုင်ကာ လက်ချင်း ယှက်ထားပြီး တစ်ယောက် မျက်နှာကို တစ်ယောက် ကြည့်နေကြပါသည်။ ထို့နောက် ပရန်ဒီက ကျွန်တော့်ဘက်သို့ လှည့်ကာ 'ကိုမြင့်… မနက်ဖြန်လည်း ပြန်ရတော့မယ်နော်၊ ကျွန်မတို့တော့ ပျင်းကျန်ရစ်ခဲ့မှာပဲ၊ ကိုမြင့် မပြန်ခင်ကို ကျွန်မတို့အကြောင်း ပြောပါမယ်ဆိုတာ ကျွန်မ ကတိထားခဲ့တယ် မဟုတ်လား၊ အခု နားထောင်မလား၊ ကိုပဟုန်ကလည်း ပြောဖို့ သဘောတူပါတယ်'ဟု ပြောရာ ကျွန်တော်က တကယ် နားထောင်ချင်ကြောင်း ပြောသဖြင့် အောက်ပါအတိုင်း ပြောပြပါသည်။

'ကျွန်မမှာ တစ်ဦးတည်းသော သမီး မဟုတ်ပါ။ ကျွန်မ၏ မိခင်သည် အမြွှာပူး ၂ ယောက် မွေးပါသည်။ ကျွန်မ၏ အစ်မမှာ ကျွန်မထက် တစ်နာရီမျှ စော၍ မွေးပါသည်။ သူ့ကို နန္ဒီ၊ ကျွန်မကို ပရန်ဒီ ဟု နာမည်မှည့်ကြပါသည်။ ကျွန်မတို့ နှစ်ဦးမှာ အမြွှာပူး ဖြစ်သည့်အတိုင်း ရုပ်ချင်း အတော်ဆင်ကြပါသည်။ ငယ်စဉ်က ခဏခဏ မှားမည်စိုး၍ ကျွန်မတို့၏ လက်မောင်းအိုးပေါ်တွင် သံပူပြားကလေးဖြင့် ကျွန်မတို့ ဖခင်က အမှတ်အသား ခတ်နှိပ်လိုက်ပါသည်။ ထိုစဉ်က ကျွန်မတို့ ၂ ယောက်စလုံးပင် များစွာ မငိုလှ၊ ကြိတ်၍ ခံကြသည်ဟု ပြောသံကြားဖူးပါသည်။ ကျွန်မတော့ မမှတ်မိပါ။ နန္ဒီမှာ မျက်ရည်မကျအောင်ပင် ဖွတ်မိုတ်၍ခံသဖြင့် ကျွန်မတို့ ဖခင်က သူ့သတ္တိကို အထူး ချီးမွမ်းခဲ့သည်ဟု မေမေ ပြောဖူးပါသည်။ နန္ဒီ၏ လက်မောင်းအိုးပေါ်တွင် ဝ, အက္ခရာ ခတ်နှိပ်၍ ကျွန်မမှာ မျဉ်း

ကြောင်းငယ်ငယ်ကလေး တစ်ကြောင်းသာ ခတ်နိုပ်ခြင်း ခံရပါ သည်။ ကျွန်မတို့ မေမေမှာ ကျွန်မတို့ ငါးနှစ်သမီးလောက်က ကွယ်လွန်သွားပါသည်။

'ကျွန်မတို့မှာ မိတဆိုး ကလေးများ ဖြစ်ရသော်လည်း ကျွန်မတို့ ဖခင်မှာ ကျွန်မတို့အပေါ်တွင် အလွန်ပင် ကြင်နာစွာ ကြီးပြင်းသည့် တိုင်အောင်ပင် မွေးကျွေးပြုပြင်၍ သွန်သင်ဆုံးမ ယုယခဲ့ပါသည်။ ကျွန်မတို့ကို ခေတ်မီအောင် ကျောင်းထား ပါသည်။ အင်္ဂလိပ်စာ၊ ပြင်သစ်စာများကို ကြိုးစား၍ သင်ကြား စေပါသည်။ ဖေဖေသည် နောက်အိမ်ထောင်ပြုရန် စိတ်ကူးထဲပင် မထည့်ပါ။ ကျွန်မတို့အား အရိပ်တကြည့်ကြည့်ဖြင့်သာ ကျေနပ် နှစ်သိမ့်စွာ နေပါသည်။ ကျွန်မတို့ (၁၆)နှစ် ရှိသောအခါ ကျောင်း တွင် အတန်းကုန်ပြီဖြစ်၍ တက္ကသိုလ်လည်း ဆက်မသွားတော့ဘဲ အိမ်တွင် နေကြပါသည်။ ကျောင်းထွက်ပြီးလျှင် ကျွန်မတို့၏ အတန်းအစား အထိုက်အလိုက် နေထိုင်ရပါသည်။ ဖေဖေ၏ အိမ်မှုရေးရာများတွင် ကျွန်မတို့ပင် ဦးစီးဦးကိုင်လုပ်ကာ စီမံခန့်ခွဲ ရပါသည်။ ကျွန်မတို့မှာ အသက်ပင် ငယ်သော်လည်း လူကြီး ကလေးများ ဖြစ်လာကြရပါသည်။

'ဖေဖေမှာ အစိုးရဘက်တွင် တဖြည်းဖြည်း ရာထူးတိုး တက်ခဲ့ရာ ကျွန်မတို့ ကျောင်းထွက်သည့် အချိန်တွင် အတော်ပင် အရေးပါ အရာရောက်သည့် အရာရှိကြီးတစ်ဦး ဖြစ်နေပါသည်။ တိုင်းပြည်၏ အတွင်းရေးများတွင် များစွာ ထိရောက်အောင် ဆောင်ရွက်နိုင်သူ တစ်ဦး ဖြစ်ပါသည်။ ကျွန်မတို့ အိမ်တွင် ဖေဖေ၏ မိတ်ဆွေများသည် ဝင်ထွက်သွားလာကာ ကျွန်မတို့

ထမင်းကျွေး ဧည့်ခံရသည်မှာ မအားမလပ်လောက်အောင်ပင် ရှိပါသည်။ ကျွန်မတို့မေမေသာ ရှိလျှင် ကျွန်မတို့မှာ ဒါလောက် လူရာဝင်မည် မဟုတ်ပါ။ မေမေ မရှိသဖြင့် ကျွန်မတို့ ညီအစ်မ မှာ လူကြီး လုပ်ရပါတော့သည်။ အိမ်တွင် ဝင်ထွက် သွားလာ နေသည့် မိတ်ဆွေများတွင် အရာရှိ အရာခံများ၊ တပ်မှူး ဗိုလ်မှူး များ၊ ရေကြောင်း လေကြောင်းဆိုင်ရာ ဗိုလ်မှူးကလေးများ ပါဝင် ကြပါသည်။ သူတို့နှင့် ကျွန်မတို့ ခင်မင်သိကျွမ်းကြရာ မောင်ကြီး၊ အစ်ကိုကြီးများကဲ့သို့ စိတ်ထဲတွင် ထားပါသည်။ သူတို့ထဲတွင် ကျွန်မတို့အား ရိုးရိုး ခင်မင်သူလည်း ရှိ၊ ဆန်းဆန်းခင်မင်ချင် သူများလည်း ရှိပါသည်။ ကျွန်မတို့မှာမူ မည်သူ့အပေါ်မျှ မဆန်း ခဲ့ချင်ပါ။ သို့သော် ကျွန်မတို့ (၁၇)နှစ်ကျော်လောက် အထိသာ ထိုစကားဟာ မှန်ပါသည်။ ထိုအချိန်အခါတွင် နန္ဒီအတွက် မမှန် တော့ပါ။

'ထိုအချိန်အခါက ကျွန်မတို့ တိုင်းပြည်၏ အခြေအနေကို ကိုမြင့် ပြန်လည် စဉ်းစားကြည့်လျှင် မှတ်မိပါလိမ့်မည်။ ကျွန်မတို့ တိုင်းပြည်၏ ရာဇဝင်နှင့် ပြောင်းလဲခဲ့ပုံများကိုလည်း ကိုမြင့် အသိပင် ဖြစ်ပါသည်။ သို့ရာတွင် ကျွန်မတို့ (၁၉)နှစ် လောက် အထိ ရှေးလက်ထက်အတိုင်း ရှိ၍ ကျွန်မ အသက် (၂၀)ပြည့်နှစ် ဝင်ခါနီးမှပင် ပြောင်းလဲစ ပြုသည်ကို ကိုမြင့် သိပါလိမ့်မည်။ ကျွန်မတို့ ကျောင်းထွက်ပြီးလောက် တစ်နှစ် နှစ်နှစ် ကြာသော အခါ တိုင်းပြည်၏ အတွင်းရေးများကို ကျွန်မတို့ သိလာပါသည်။ ထိုအချိန် အခါလောက်တွင်ပင် နာမည်ကျော် ပန်းချီဆရာတစ်ဦး ကျွန်မတို့ပြည်သို့ လာရောက်သဖြင့် ကျွန်မတို့အား ပန်းချီရေး

စေရန် အခကြေးငွေ ပေး၍ ခိုင်းပါသည်။ အခန်းကလေးထဲတွင် ကိုမြင့် တွေ့ခဲ့တဲ့ ပုံကားသည် နန္ဒီ၏ပုံ ဖြစ်ပါသည်။ သူဟာ ကျွန်မထက် အဆအရာ မည်မျှချောသည်၊ မည်မျှ စိတ်ဓာတ် တည်ကြည်သည်၊ မည်မျှ ချစ်စရာကောင်းသည်ကို ကိုမြင့် ကိုယ်တိုင် ပန်းချီကားထဲမှာ မြင်ရပြီးဖြစ်၍ ကျွန်မ ထူးကဲ မပြော လိုတော့ပါ'

ပရန်ဒီ၏ အသံသည် ဤနေရာတွင် တိတ်သွားပါသည်။ ကျွန်တော်လည်း စူးစိုက် နားထောင်နေရာမှ အသက်ပင် အရှူ မှားပါသည်။ ခဏမျှ တွေဝေနေပြီးမှ ပရန်ဒီသည် ဆက်၍ ပြော ပါသည်။

'ကျွန်မရဲ့ပုံတော့ အပေါ်ထပ်မှာ ချိတ်ထားပါသည်။ သူနဲ့ တော့ ယှဉ်စရာ မရှိပါဘူး။ ရုပ်ချင်း ဆင်တူရိုးမှား ဖြစ်ပေမယ့် သူ့ရဲ့ လိပ်ပြာ ပိုလှတာကို ပန်းချီဆရာဟာ ပန်းချီကားပေါ်တွင် ဖော်ပြခဲ့နိုင်ပါသည်။ ကျွန်မတို့ကို ပန်းချီရေးတဲ့ အခါလောက် တုန်းက နန္ဒီရဲ့ အသည်းနှလုံးဟာ တခြားသူတစ်ဦး ပိုင်နေပြီ ဖြစ်ပါသည်။ ကျွန်မတို့ အိမ်မှာ ဝင်ထွက် သွားလာနေတဲ့ လူပျို အရာရှိများ၊ ဗိုလ်မှူးကလေးများထဲမှာ တည်ကြည်ပုံရပြီး ဣန္ဒြေ သိက္ခာရှိတဲ့ ဗိုလ်မှူးကလေးတစ်ယောက် ပါပါသည်။ သူဟာ နန္ဒီကို မေတ္တာရှိကြောင်း ဖွင့်ပြောတာနဲ့ နန္ဒီကလည်း အတန်ကြာ စဉ်းစားပြီးမှ သူ့မေတ္တာကို တုံ့ပြန်လိုက်ပါသည်။ ထိုသူကို မေတ္တာတုံ့ပြန်ရခြင်းမှာလည်း မေတ္တာသက်သက် ကူးလူး ဖလှယ် ချင်ရုံတင်မက တခြားအကြောင်း တစ်ခုကလည်း သူတို့ရဲ့ မေတ္တာကို အထောက်အပံ့ ဖြစ်လာပါသည်။

'ထိုစဉ်အခါက ကျွန်မတို့ တိုင်းပြည်တွင် နိုင်ငံရေး နှစ်ဂိုဏ်းကွဲနေပါသည်။ ပထမဂိုဏ်းကတော့ လက်ရှိ အခြေအနေအတိုင်း သက်ဦးဆံပိုင် စိုးစံခြင်းကို နှစ်သက်၍ တစ်ကြောင်း၊ သစ္စာတော်ကို ကျပ်တည်းစွာ တစ်သဝေမတိမ်း စောင့်စည်းလို၍ တစ်ကြောင်း၊ ပြောင်းလဲခြင်းကို အလိုမရှိ၊ နှိပ်ကွပ်စေလိုသည့် ဂိုဏ်းဖြစ်ပါသည်။ ထိုဂိုဏ်းထဲတွင် ကျွန်မတို့၏ဖခင် ပါ ပါသည်။

'ဒုတိယဂိုဏ်းကတော့ တပ်မှူး၊ ဗိုလ်မှူးကလေးများနှင့် အရာရှိအရာခံ အမြောက်အမြား ပါပါသည်။ သူတို့ကိုယ်ကို သူတို့ "မျိုးချစ်ဂိုဏ်း"ဟု နာမည်ပေးပြီးလျှင် တိုင်းပြည်ကြီးသည် လက်ရှိစနစ်ဖြင့် ဆက်လက်အုပ်စိုးခြင်း ခံနေရပါလျှင် လူမျိုးအင်အား၊ ဂုဏ်ရည်၊ သတ္တိ ဆုတ်ယုတ်တော့မည်ဟု ယူဆကာ ပြောင်းလဲရန် ကြံနေသူများ ဖြစ်ပါသည်။

'လူမျိုး ကြီးပွားရန် ဆောင်ရွက်ရာ၌ နိုင်ငံရေးအာဏာကို သူတို့လက်ထဲ ရောက်မှ ဖြစ်မည်ဟု သူတို့ အယူရှိကြပါသည်။ သို့သော် သူတို့မှာ တိတ်တိတ်ပုန်း ကြံစည်ရပါသည်။ နောက်ဆုံးတစ်နေ့ သူပုန်ထမှုကို ချိန်ထားသူများ ဖြစ်၍ လက်ရှိအစိုးရက အသေအချာ လက်ဆုပ်လက်ကိုင် မိပါလျှင် ညှာတာသနားမည် မဟုတ်ပါ။ သို့အတွက် မည်သူသည် မည်သည့်ဂိုဏ်းကဟု အသေအချာ ပြောနိုင်ခဲပါသည်။ အချင်းချင်းတော့လည်း သိကြတာပေါ့။ ကျွန်မတို့အိမ်ကို ဝင်ထွက် သွားလာနေသူ မိတ်ဆွေများတွင် နှစ်ဂိုဏ်းစလုံးကပင် ပါပါသည်။ သို့သော် ကျွန်မတို့ညီအစ်မနှင့် ခင်မင်သူများမှာ မျိုးချစ်ဂိုဏ်းက လိုလိုချည်း ဖြစ်ပါသည်။

'ကျွန်မ အထက်က ပြောခဲ့သည့်အတိုင်း "အစိုးရဂိုဏ်း" သို့မဟုတ် "ဘုရင့်ဂိုဏ်း"တွင် အရေးပါ အရာရောက်စွာ ပါသူ

တစ်ဦးမှာ ကျွန်မတို့၏ ဖခင်ပင် ဖြစ်ပါသည်။ သို့ရာတွင် ဘဝ ကံက ဘယ်လို ဖန်တီးလာသည် မသိပါ။ ကျွန်မတို့၏ ဖေဖေ က လက်ရှိ အခြေအနေအတွက် စိတ်အားထက်သန်သလောက် ကျွန်မတို့ ညီအစ်မမှာ ပြောင်းလဲရေးအတွက် စိတ်အားသန်မိ ပါသည်။ တိုတိုပြောရမည်ဆိုသော် ကျွန်မတို့မှာ "မျိုးချစ်ဂိုဏ်း" ဝင်များ ဖြစ်သွားကြပြီးလျှင် သူပုန်ထရေးတွင် ပါဝင်ရမည့်သူ များနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဖြစ်သွားကြပါသည်။

'မျိုးချစ်ဂိုဏ်းတွင် တိတ်တိတ်ပုန်းခေါင်းဆောင် ပြုလုပ်၍ ထက်မြက်စွာ ဆောင်ရွက်နေသူများထဲတွင် နန္ဒီ၏မေတ္တာကို အမြတ်တနိုး ခံယူရရှိသူ ဗိုလ်မှူးကလေး ပါဝင်ပါသည်။ သူတို့ ၂ ယောက်မှာ တစ်ယောက်ကိုတစ်ယောက် သဘောကျသည့်ပြင် တိုင်းပြည်အတွက် ဆောင်ရွက်ရာ၌လည်း စိတ်ချင်း ဖက်မိ၍ တစ်ယောက်အား တစ်ယောက် ကြည်ညိုမိကြသူများ ဖြစ်ကြ ပါသည်။ ဤသို့ သူပုန်ဂိုဏ်းသား ဖြစ်ကြခြင်းသည် သူတို့ရဲ့ မေတ္တာကို ခိုင်မြဲအောင် အထောက်အပံ့တစ်ခု ဖြစ်စေပါသည်။ ဖေဖေကတော့ ကျွန်မတို့ နိုင်ငံရေးတွင် စိတ်ပါသည်ကို လည်း ကောင်း၊ နန္ဒီမှာ မေတ္တာအပ်နှံခံရသူ ရှိနေပြီကို လည်းကောင်း လုံးဝ မသိရှာပါ။ ကျွန်မတို့သည် ပွဲလမ်းသဘင် ပျော်ရွှင်မှုများ နှင့် စိတ်လက်ချမ်းသာစွာ နေထိုင်ကြသည်ဟု သူ ထင်ပါသည်။ သူ့မှာလည်း ထိုစဉ်အခါက အလွန် အလုပ်များနေပါသည်။

'ကျွန်မတို့ ၁၉ နှစ် အဝင်မှာ တိုင်းပြည်တွင် သိသိသာသာ လှုပ်ရှားလာပါသည်။ မျိုးချစ်ဂိုဏ်းသားများလည်း အမြောက် အမြား တိုးပွားလာပါသည်။ အရေးတော်ပုံ အချိန်နီးလာသည့်

အတိုင်း သိုသိပ်ကျစ်လျစ်စွာ ဆောင်ရွက်ကြပါသည်။ ခေါင်းဆောင်များ မည်သူမည်ဝါ ဖြစ်သည်ကို လျှို့ဝှက်ထားကြပါသည်။ အစိုးရကလည်း သူပုန်ဂိုဏ်း တစ်ခုလုံးကို နှိမ်နင်းလိုသဖြင့် ပင်ရင်းခေါင်းဆောင်များကို သိသာရန် သဲလွန်စ အပူတပြင်း လိုက်ရှာနေပါသည်။ အရမ်း ဖမ်းဆီး ရှာဖွေခြင်းလည်း သူတို့ မပြုဝံ့ပါ။ အလွဲအချော် ဖြစ်သွားလျှင် အစိုးရက အကဲခတ်မိမှန်း သိ၍ တကယ့်ခေါင်းဆောင်များ လက်လွတ်သွားမည်ကို သူတို့ စိုးရိမ်ပါသည်။

'အစိုးရအကြံမှာ မိလောက်သည့် အခြေအနေနှင့် အချိန်အခါကျမှ အချုပ်အခြာ ဖြစ်သူများအား ဖမ်းဆီးရှာဖွေပြီးလျှင် သူပုန်ဂိုဏ်းကို အမြစ်ကနေ လှန်၍တူးပစ်ရန် ဖြစ်ပါသည်။ သို့သော် မည်သူတို့သည် အချုပ်အခြာ ဖြစ်သည်ကို သူတို့ ဝေခွဲ၍ မရသေးပါ။ ဤအတွင်းတွင် မျိုးချစ်ဂိုဏ်းသားများကလည်း အစွမ်းကုန် နေ့မီးညမီးဖြင့် မိမိတို့ ကိစ္စများကို ဆောင်ရွက်နေကြပါသည်။ ထိုစဉ်အခါက အစိုးရနှင့် သူပုန်ဂိုဏ်းသားများသည် အပြေးပြိုင်ပွဲ ကျင်းပသည်နှင့် တူနေပါသည်။ သူပုန်ဂိုဏ်းသားများကလည်း အစိုးရဖမ်းမည် ပြုသည့်အထိ ကိစ္စအဝဝကို အဆောတလျင် ဆောင်ရွက်နေလိုပါသည်။ အစိုးရကလည်း သူပုန်ဂိုဏ်းသားများ သူပုန် မထခင်ကလေးတွင် မိမိရရ ချက်ကောင်းရှာကာ ဖမ်းဆီးလိုပါသည်။ တစ်ယောက် ခြေလှမ်းကို တစ်ယောက် ကြည့်နေကြပါသည်'

ပရန်ဒီ၏ အသံသည် တဖြည်းဖြည်း တိုးလာရာ ယခုအခါ စူးစိုက် နားထောင်နိုင်မှ ကြားရရုံ ရှိပါသည်။ သူသည်

စကားပြောနေသော်လည်း ကျွန်တော်တို့အား မေ့လျော့ကာ သူ့ကိုယ်သူ ပြန်ပြောင်း ပြောဆိုနေသကဲ့သို့ ထင်ရပါသည်။ ဧည့်ခန်းတွင် နွေအခါပင် ဖြစ်သော်လည်း အနည်းငယ် အေးစပြုလာပါသည်။ နန္ဒီ၏ ရုပ်ပုံခန်းကလေးထဲမှ ဖယောင်းတိုင် ၂ တိုင်၏ အလင်းရောင်သည် ဧည့်ခန်းထဲသို့ ထိုးထွင်းလျက် လင်းနေပါသည်။ ဧည့်ခန်းထဲတွင်မူ ပိုးအုပ်ဆောင်း အုပ်ထားသည့် ဓာတ်မီးတစ်ပွင့်သာ ထွန်းထားပါသည်။ ပရန်ဒီသည် အတန်ကြာမျှ ငြိမ်သက်စွာနေပြီး ပင့်သက်တစ်ချက်မျှ ရှူရှိုက်လိုက်ပြီးလျှင် ဆက်၍ ပြောပြန်ပါသည်။

'အဲဟိုညကို ကျွန်မ ခုထက်ထိ မှတ်မိမယ် ဆိုတာတော့ ကိုမြင့် တွေးကြည့်နိုင်မှာပဲ။ ဆောင်းတွင်းလည်း ဖြစ်လို့ တော်တော် ချမ်းတာကို ကျွန်မ မှတ်မိပါသည်။ ကျွန်မတို့ ကပွဲတစ်ပွဲ သွားကြည့်ဖို့ ထွက်လာတော့ ဖေဖေက အပေါ်ယံ အနွေးအဝတ် လုံခြုံစွာဝတ်ဖို့ ကျွန်မတို့ကို သေသေချာချာ လိုက်မှာလိုက်သေးသည်။ ဖေဖေကတော့ အစည်းအဝေးတစ်ခု ရှိလို့တဲ့။ မလိုက်ဘူး။ ဖေဖေ အဲဒီနေ့က တစ်နေ့လုံး ခေါင်းရှုပ်နေသလိုပဲ။ ကျွန်မတို့ ကပွဲသွားခါနီးမှာပဲ ဆင်တူဝတ်ကာ ဆင်းလာတာ မြင်တော့ ရယ်ပြီးတော့ ငါ တံဆိပ်ခတ်နှိပ်ထားလို့ ငါသာ သိမှာပဲ။ တခြားလူတွေ ဒီအတိုင်း ဆိုရင်တော့ ငါ့သမီးနှစ်ယောက်ကို ခွဲနိုင်မှာ မဟုတ်ဘူးလို့ ပြောပါသည်။ ကျွန်မတို့ကလည်း ပိုးအင်္ကျီကလေးတွေ၊ ထဘီကလေးတွေ ဆင်တူ ဝတ်ထားကြသည်။ အိမ်က ထွက်ခါနီး ဖေဖေက "မင်းတို့ ပြန်လာရင် မင်းတို့ဟာ မင်းတို့အခန်း သွားအိပ်ကြတော့"ဟု ပြောပါသည်။

'ကပွဲရောက်လို့ တစ်နာရီလောက် ကြာတော့ နန္ဒီ့ရဲ့ ရည်းစား ပေါက်လာပါသည်။ သူ၏ မျက်လုံးများမှာ တောက် နေပါသည်။ နန္ဒီကို ယုယစွာ သူကြည့်သော်လည်း ဘာမျှ မပြော ပါ။ သူနှင့် ရှေ့ဆင့်နောက်ဆင့်ပင် ကျွန်မတို့ ညီအစ်မနှစ်ယောက် ကို တခြား သူပုန်ဂိုဏ်းသား တစ်ယောက်က အရေးတကြီးလာ၍ တီးတိုးပြောပါသည်။ ကျွန်မတို့လည်း ကပျာကယာ အိမ်ကို ပြန်ခဲ့ ပါသည်။ ပြီးတော့...ပြီးတော့...ကိုပဟုန် ဆက်ပြောပါ။ ကျွန်မ မပြောနိုင်တော့ဘူး'ဟု ပရန်ဒီမှာ စကားပြောရင်း တစ်ဆို့လာ သည့် အသံနှင့် ပြောပါသည်။ ပဟုန်ကွန်ချစ်က ဆက်၍ ပြော ပါသည်။ သူ၏ ဩဇာပြည့်စုံသည့် အသံမှာ ယခုကဲ့သို့ တိုးတိုး ပြောသည့်အခါတွင် သာ၍ လေးနက်ကာ နားထောင်ကောင်း လှပါသည်။

'နန္ဒီရဲ့ ဗိုလ်မှူးကလေးကလည်း သူတို့ညီအစ်မ ပြန်သွား တာကို ဖြုန်းခနဲ မသိလိုက်ဘူး။ တစ်နာရီလောက် ကြာမှပဲ သိတယ်။ သိသိချင်း သူလည်း နန္ဒီတို့အိမ် လိုက်သွားတယ်။ ဟိုရောက်တော့ တံခါးတွေလည်း ပိတ်လို့။ မီးရောင်လည်း မမြင်ရဘူး။ အိမ်ကလည်း အတော်ကြီးတဲ့အိမ် ဖြစ်ပြန်၊ အဆောင် ဆောင် အခန်းခန်းလည်း များပြန် ဆိုတော့ ဖြုန်းခနဲ ဘယ်အခန်း မှာ ဘာဖြစ်နေတယ် ဆိုတာ အပြင်ကနေ မသိနိုင်ပါ။ ဒါနဲ့ ပြတင်းပေါက်တစ်ခုက မှန်တစ်ချပ်ကို ခြေထောက်နဲ့ ကန်သွင်း၊ ပြတင်းပေါက်ကို ဖွင့်ပြီး သူလည်း အထဲ ဝင်သွားတာပဲ။ အိမ်ထဲမှာ ရမ်းပြီး လျှောက်ရှာလို့ ဘာမှ မတွေ့တော့ လှေကားကနေ အပေါ်ထပ်ကို တက်သွားတယ်။

'အပေါ်ထပ်မှာ နည်းနည်းလျှောက်မိတော့ ဘုရားခန်းဆီက မီးရောင် သူမြင်တယ်။ ဒါနဲ့ သူ အသာသွားပြီး တံခါး ခန်းဆီး ကြားထဲက နေပြီး ချောင်းကြည့်တယ်။ သူမြင်ရတဲ့ဟာကို သူ မေ့နိုင်မှာ မဟုတ်ဘူး။ ခမ်းနားစွာ ခင်းကျင်းထားတဲ့ ဘုရားစင် ရှေ့မှာ နန္ဒီဟာ ဒူးတုပ်ရှိခိုးပြီး ဘုရားကို အာရုံပြုနေတယ်။ သူ့အဖေက သူ့အနားမှာ ရပ်ပြီး လက်ထဲမှာ ဝင်းလက်နေတဲ့ ကျောက်စီဓားမြှောင်ကို ကိုင်ထားတယ်။ သူ့အဖေ မျက်နှာဟာ တင်းပြီး သွေးမရှိသလိုပဲ။ မျက်နှာတင်းသလောက် ရင်ထဲမှာ မချိပုံရတယ်။ အခန်းထဲမှာ အစိုးရဘာက်က တကယ့် ထိပ်သီး ဖြစ်တဲ့ ဗိုလ်ချုပ်ကြီးများ၊ ဝန်ကြီးချုပ်ကြီးများ လေးငါးယောက်ကို တွေ့ရတယ်။

'နန္ဒီရဲ့ ဗိုလ်မှူးကလေးဟာ ကြာကြာ ကြည့်မနေဘူး။ "နန္ဒီ..."လို့ တစ်ခွန်းအော်ပြီး အခန်းထဲ ခုန်ဝင်သွားတယ်။ သူ့ကို ချက်ချင်း လက်ဖမ်းချုပ်ပြီး ခြောက်လုံးပြူးနဲ့ ချိန်ထားတယ်။ သူ မလှုပ်နိုင်အောင် ကိုင်ထားကြတယ်။ သူ မိုက်ပြီး ဝင်သွားမိလို့ နန္ဒီကို အကူအညီ မပေးနိုင်တော့တာကို သူ နောက်မှ နောင်တ ရတယ်။ နန္ဒီရဲ့ အဖေက သူ့ရှေ့လာပြီး တည်ကြည်စွာ ပြော တယ်။ "ကျုပ်တို့ အိမ်တွင်းသားရေးကိစ္စ စိမ်ဆောင်ရွက်နေ တုန်းမှာ မောင် ဒီလို လာနှောင့်ယှက်တာ ဝမ်းနည်းပါတယ်။ ခုနက မှန်ကွဲသံဟာ မောင်ပဲ ထင်တယ်။ မောင်ဟာ ခုမှ ရောက် လာလို့ မောင့်မှာ ချမ်းသာရာတော့ ရနိုင်ပါရဲ့"လို့ ပြောတယ်။ ပြီးတော့ "အခု ကျုပ်သမီး နန္ဒီဟာ သူ မသိအပ်တဲ့အရာကို သိလို့ သူ့ကို ဒီအတိုင်း လွှတ်လိုက်မယ်ဆိုရင် မဖြစ်ဘူး။

ဒါကြောင့် တိုင်းပြည်ကောင်းစားရေးအတွက် သူဟာ သူ့အသက်ကို စွန့်လွှတ်ရလိမ့်မယ်"ဟု ပြောပါသည်။

'နန္ဒီက ဘုရားကန်တော့နေရာမှ ထလာပါသည်။ "ဟုတ်တယ် ကိုပဟုန်၊ ကျွန်မ တိုင်းပြည်အတွက် အသက်နှင့် လဲဖို့ဟာ ခွင့်ပြုပါ။ ကျွန်မ ကန်တော့ခဲ့ပါတယ်"လို့ ပြောပြီး လက်အုပ်ချီတယ်။ ကျွန်တော်လည်း ခါးကသေနတ်ကို အတင်းဆွဲတာပဲ၊ သူတို့က လူများတော့ မရဘူး။ ရန်းရင်းကန်ရင်းနဲ့ပဲ ခေါင်းကို သေနတ်ဒင်နဲ့ ဆောင့်ခံရလို့ ကြမ်းပေါ် လဲသွားတယ်။ သတိမမေ့ခင် ခဏကလေးမှာ ဘုရားရှေ့မှာ နန္ဒီရဲ့အဖေဟာ သူ့သမီးကို ကြင်နာစွာပွေ့ပြီး "ချစ်သမီး"လို့ တစ်ခွန်းလောက်ခေါ်ရင်း ကျောက်စီဓားမြှောင်ကို မြှောက်နေတာ တွေ့တယ်။ ကျွန်တော်လည်း မြောမေ့သွားတယ်။ သတိရလို့ ကြည့်လိုက်တော့ နေ့ခင်းဖြစ်နေပြီး အချုပ်ခန်းထဲ ရောက်နေတာ တွေ့တယ်။ ခြောက်လကြာမှ အချုပ်က လွှတ်လိုက်တယ်'

ပဟုန်ကွန်ချစ်သည် သူ့မျက်နှာကို လက်ဝါးဖြင့်အုပ်လျက် ဦးခေါင်းငိုက်စိုက် ချကာ၊ မိမိမျက်စိထဲမှ မပျောက်နိုင်သည့် အရာကို မျက်ဝါးထင်ထင် တွေ့မြင်ရသကဲ့သို့ တစ်ကိုယ်လုံး တုန်နေပါတော့သည်။ ပရန်ဒီသည် သူ့ယောက်ျားကို တင်းကျပ်စွာ ဖက်လျက် ယုယနစ်သိမ့်စေပါသည်။ ကျွန်တော်လည်း မျက်နှာ အသာလွှဲနေလိုက်ပါသည်။ တစ်ခဏမျှ ကြာသော် ပရန်ဒီက စကား စ ပြောပြန်သဖြင့် ကျွန်တော်လည်း စူးစိုက်ကာ နားထောင်ပြန်ပါသည်။

'ဒီအကြောင်းကိုတော့ ကျွန်မတို့ တိုင်းပြည်မှာ ဘယ်သူမှ မသိကြပါဘူး။ သိသူ လေးငါးဦးဟာလည်း တစ်သက်လုံး

ဖွင့်ပြောမယ့် လူစားမျိုးထဲက မဟုတ်ကြပါဘူး။ အဲဒီည နောက်တစ်နေ့ကျတော့ နန္ဒီဟာ ကာလရောဂါဖြစ်လို့လို့ အပြင်လူများကို သတင်းလွှင့်ပြီး တစ်ရက်လောက်နေတော့ မသာချပါသည်။ ကျွန်မလည်း ဟိုည ကတည်းက အလူးအလဲ ဖျားပါသည်။ ကျွန်မကို သူတို့ အခန်းထဲမှာ လာကြည့်ကြတော့ ကျွန်မမူးလဲနေတာ တွေ့သွားကြပါသည်။ နန္ဒီ၏ မသာပြီးတော့ အိမ်ကြီးကို ပိတ်ပြီး ကျွန်မတို့ ခြောက်လလောက် တခြားသွားနေကြပါသည်။ နောက် ကျွန်မတို့ ပြန်လာလို့ ခြောက်လလောက်ကြာတော့ သူပုန်ထကြပါသည်။ အတိုက်အခိုက် မရှိဘဲနှင့် သူပုန်များက အောင်မြင်သွားပါသည်။ ကျွန်မတို့ ဖေဖေလည်း သူပုန်တွေ လာဖမ်းဖို့အပိုင်းမှာ သူ့ကိုယ်သူ ကိစ္စတုံး စီရင်လိုက်တာပါပဲ။ ကျွန်မလည်း တစ်ကောင်ကြွက် ဆိုသလို ကျန်ခဲ့ပါသည်’ ပရန်ဒီသည် စကားပြော ရပ်ကာ ပဟုန်ကွန်ချစ်ဘက်သို့ လှည့်၍ မိမိ ဝမ်းနည်းခြင်းကို ဖုံးလွှမ်းပစ်လိုက်သည့်ပမာ ကြင်နာစွာ ပြုံးပါသည်။ ပဟုန်ကွန်ချစ်က ပြန်၍ ပြုံးပြီးလျှင် ပရန်ဒီ၏ လက်ကို ကိုင်ကာ ဆက်၍ ပြောပါသည်။

‘အဲဒီက အဆက်ကိုတော့ ကိုမြင့် တွေးမိမှာပေါ့။ နန္ဒီရဲ့ ဗိုလ်မှူးကလေးဟာလည်း သူပုန်ဘက်မှာ ဩဇာရှိတဲ့ ပဟုန်ကွန်ချစ်ဆိုတဲ့ စစ်ဗိုလ် ဖြစ်လာတာပေါ့။ သူပုန်ဘဝကနေပြီး ကြီးစိုးတဲ့ အစိုးရဘက်သား ဖြစ်လာတာပေါ့။ သူ့စိတ်ထဲမှာ နန္ဒီကို မြတ်နိုးခဲ့သလောက် အသက်ရှင်ပြီး ကျန်ရစ်ခဲ့တဲ့ နန္ဒီ့ညီမ ပရန်ဒီကလေးကို မချစ်ခင် မကြည်ဖြူဘဲ မနေနိုင်ဘူး။ တစ်နေ့ထက် တစ်နေ့ ဒီလို ချစ်ခင် ကြည်ဖြူခြင်းဟာ ရင့်သန်သထက်

ရင့်သန်ပြီး အင်မတန် ခိုင်ခဲ့တဲ့ မေတ္တာအုံကြီး ဖြစ်လာတာပေါ့။ ဒါနဲ့ လေးနှစ်လောက်ကြာတော့ ပရန်ဒီအား သူ့စိတ်ထဲမှာ ရှိသမျှကို ဖွင့်ပြောပြီး မေတ္တာမျှဖို့ တောင်းပန်တော့ ပရန်ဒီဟာ အကြီးအကျယ်ငိုပြီး ငြင်းပယ်လိုက်တယ်။ သူဟာ သူ့အစ်မ နေရာကို မယူချင်တဲ့ အကြောင်းနဲ့ သူ့အစ်မကို ဘယ်တော့မှ မမေ့နိုင်တဲ့ အကြောင်းတွေကိုလည်း ပြောပြတယ်။ လူကိုယ်တိုင်ကိုတော့ ငြင်းပယ်စရာ ရှိလို့ မဟုတ်ပါဘူး တဲ့။

'ပဟုန်ကွန်ချစ်ကလည်း စိတ်မပျက်ဘူးပေါ့လေ။ ထပ်ခါ ထပ်ခါပဲ သူ ကြိုးစားပြီးပြော၊ တခြားလူများကလည်း တိုက်တွန်း ဆိုတော့ ပရန်ဒီဟာ နည်းနည်း စိတ်ဝင်လာတုန်း သူ့အစ်မ နန္ဒီကသာ သူ့ဆန္ဒကို သိနိုင်စေရင် သူ့အချစ်ဆုံး ညီမနှင့် သူချစ်ခဲ့ဖူးသူကို သင့်သင့်မြတ်မြတ် ပေါင်းသင်း နေထိုင်စေလို မှာပဲ ဆိုတဲ့ အချက်ကို သူ နားဝင်အောင် ပြောတော့မှ ပဟုန် ကွန်ချစ် ဆိုတဲ့ ကျွန်တော့်ရဲ့ မေတ္တာကို လက်ခံပါတယ်။

'ဒါလည်း ၃ နှစ်ခွဲလောက်ကို ဖျောင်းဖျပြောဆို ယူရတယ်။ ဒါကြောင့် ကျွန်တော်တို့စုံတွဲ ရကြတာ ခြောက်လလောက်ပဲ ရှိပါသေးတယ်။ အခုနေမှာဖြင့် နန္ဒီကို နှစ်ဦးစလုံးကပဲ မမေ့ကြဘဲ ကျွန်တော်တို့ ဇနီးမောင်နှံဟာ တစ်ဦးကိုတစ်ဦး ချစ်ခင်ကြင်နာစွာ နှစ်သိမ့်နေရတာပါပဲ။ ကျွန်တော်တို့ ပျော်သလို ကိုမြင့် လူပျိုကြီး လည်း ခင်ဗျားတိုင်းပြည် ပြန်ရောက်တော့ ပျော်နိုင်ပါစေလို့ ဆုတောင်းပါတယ်။

'ကျွန်တော် ပရန်ဒီကို ပြောလို့ ရမှ ရပါ့မလား အောက်မေ့ တယ်။ သူ့အစ်မ ဆုံးပြီးကတည်းက ကျွန်တော့်ကို ယူတဲ့အထိ

သူဟာ လောကကြီးကို လုံးလုံးပစ်ပယ် ငြီးငွေ့သလိုပဲ။ ဘယ်အရာ ဘယ်ကိစ္စကိုမှ စိတ်ဝင်စားတယ် မရှိဘူး။ အခုတောင် တစ်ခါတစ်ခါ သူဟာ စိတ်တွေ ပျံ့လွင့်သွားတတ်တယ်။ ကျွန်တော်တို့ နှစ်ဦးမှာ ရိုးရိုး ဇနီးမောင်နှံများ ချစ်ခင်ကြည်နူးတာထက် ရေးဖြစ်ဟောင်း၏ အရှိန်က ပိုပြီး တစ်ဦးထက်တစ်ဦး ရင်းနှီးတယ်လို့ ထင်ပါတယ်'

ကျွန်တော်လည်း သူတို့နှစ်ဦးကို ကြည့်ရသည်မှာ အချစ်ဆုံး ဇနီးမောင်နှံ နှစ်ဦးဟု လူတိုင်း ဝန်ခံရမည် ဖြစ်ကြောင်း၊ ဝမ်းနည်း ကြေကွဲဖွယ်ရာများ တွေ့ကြုံခဲ့ရသော်လည်း ဤသို့ ကျန်ရစ်သူများမှာ ချစ်ကြည်စွာ ပေါင်းဖက် ပျော်ရွှင်နေမှုကို တွေ့ရသဖြင့် ကျွန်တော်က များစွာ ဝမ်းသာအားရကြောင်း၊ နန္ဒီကိုယ်တိုင်ကလည်း ကောင်းရာသုဂတိမှ မြင်တွေ့ရ၍ သူ့သဘောအတိုင်း ပြောနိုင်ပါမူ ကျွန်တော်နှင့် တစ်ထပ်တည်း ပြောမည်ထင်ကြောင်းများကို စိတ်ပါလက်ပါ ပြောလိုက်ပါသည်။ သူတို့လည်း ကျေနပ်ဟန် တူပါသည်။ ကျွန်တော်က ဆက်၍ 'မရှင်းတာကလေးတွေ မေးပါရစေဦး'ဟု ပြောသဖြင့် သူတို့က မေးပါဟု ပြောပါသည်။

'နန္ဒီကို ဘာကြောင့် ဒီလို ရက်စက်ပစ်လိုက်တာလဲ၊ သူ မသိအပ်တာ ဆိုတာက ဘယ်လိုလဲ၊ တိုင်းပြည်အတွက် အသက်နှင့် လဲတယ် ဆိုတာက ဘယ်လိုလဲ' ပရန်ဒီက ပြောပါသည်။ 'ဩော်...ဒါက ဒီလို...။ ကျွန်မတို့ ကပွဲသွားတဲ့ညက အိမ်မှာ ဖေဖေ့ဆီ လာပြီး အစိုးရဘက် ဘုရင့်ဂိုဏ်းက အရေးပါတဲ့ အရာရှိကြီးတွေ စည်းဝေးတယ်။ သူတို့ စည်းဝေးတဲ့ကိစ္စက

သူပုန်ဂိုဏ်းမှာ ဘယ်သူဘယ်ဝါတွေ ပါတယ်၊ ဘယ်သူဘယ်ဝါ တွေဟာ ခေါင်းဆောင်တယ် ဆိုတာကို ထောက်လှမ်းလို့ရတဲ့ အတိုင်း ဖမ်းဆီးရှာဖွေ ချုပ်နှောင်ပြီး သုတ်သင်ဖို့ စီစဉ်တဲ့ ကိစ္စပဲ။ ဒီအစည်းအဝေးကို သူတို့လုပ်မယ်ဆိုတာကို အင်မတန်မှ လျှို့ဝှက် ထားတယ်။ နို့ပေမဲ့ ကပွဲမှာ လူတစ်ယောက်က ကျွန်မတို့ကို သတင်းလာပေးတယ်။ ပဟုန်ကွန်ချစ်က အဲဒီညမှာ အရေးကြီးတဲ့ အစည်းအဝေး ရှိမယ် ဆိုတာ သိပေမယ့် ဘယ်မှာ လုပ်မယ်ဆိုတာ သူ မသိဘူး။ ကျွန်မတို့ ကပွဲက ပျောက်သွားလို့ အတန်ကြာမှ သူ ရိပ်မိပြီး လိုက်လာတာပဲ။ ကျွန်မတို့က တိတ်တိတ် ပြန်လာ ကြတယ်။

'ဘယ်လို ဖြစ်ပျက်မယ် ဆိုတာ ကိုမြင့် တွေးကြည့်ပါ တော့။ အရာရှိကြီးတွေ အခန်းထဲမှာ ထိုင်ပြီး ခေါင်းချင်းရိုက်ကာ စည်းဝေး တိုင်ပင်နေကြတာ။ ဘယ်သူဘယ်ဝါကို ဖမ်းဆီးပြီး ဘယ်အိမ် ဘယ်နေရာကို ရှာဖွေလျှင် အရေးကြီးတဲ့ စာတမ်း၊ စာရွက်၊ စာရင်းအင်းတွေ တွေ့နိုင်မယ်ဆိုတဲ့ သူလျှို အစီရင်ခံစာ တွေ ဖတ်ပြ ပြောဆိုနေကြတာ။ ဒီလို တိုင်ပင်နေတုန်း တံခါး နောက်က အသံတစ်ခုခု ကြားလို့ ကပျာကယာ ထကြည့်တာ။ မိန်းကလေး ပုံသဏ္ဍာန်တစ်ခု မြင်လိုက်လို့ နောက်က အတင်း လိုက်တာ။ လှေကားနားမှာ မိသွားတော့ ခေါ်လာပြီး စစ်ဆေး တာ။ မိန်းကလေးက ဘာမှမငြင်း၊ ဘာမှမဖြောင့် လုပ်နေတော့ မိန်းကလေးရဲ့ ဖခင်ကို တာဝန်လွှဲအပ်တာ။ ဖခင် ဖြစ်သူက လည်း မိမိတိုင်းပြည်ရဲ့ ကောင်းကျိုးကို သူ့အယူအဆအတိုင်း ကြည့်ပြီး သူ့သမီး ချောင်းနားထောင်ခဲ့တဲ့ သတင်းဟာ ပေါက်

ကြားသွားလျှင် သူပုန်တွေ မမိတော့ဘဲ တိုင်းပြည် နစ်နာပျက်စီးမှာ စိုးရိမ်လို့ သူ့အသည်းစွဲ ချစ်တဲ့ သမီးကို လွတ်ခွင့် မပေးနိုင်ဘဲ အဆုံးလမ်းကို သွားစေဖို့ ဆုံးဖြတ်တာ။ နောက်ဆုံး ဘုရားအာရုံပြုခိုင်းတုန်း ပဟုန်ကွန်ချစ် ရောက်သွားတာ...။ အို...ဒါတွေကို အစီအစဉ်နှင့် မပြောနေပါရစေနဲ့တော့ ကိုမြင့်ရယ်၊ ပြောမိရင် စိတ်ထဲ၊ ဝမ်းထဲက မချိလွန်းလို့ပါ'ဟု ပြောရင်းပင် အသံလိုက်လာပါသည်။

ကျွန်တော်လည်း ထပ်မေးရမှာ အားနာသော်လည်း တစ်ခွန်း၊ နှစ်ခွန်း မမေးဘဲ မနေနိုင်တော့ပါ။ အဖြစ်အပျက်ဇာတ်လမ်းကလေးမှာ ကျွန်တော်၏ ခေါင်းထဲတွင် အတော်ရှင်းလင်း ထင်ရှားလာသည်ဟု ထင်မိပါသည်။ 'နို့ မေးပါရစေဦး ပရန်ဒီရယ်၊ နန္ဒီကို ဒီလို အဆုံးစွန် မလုပ်လိုက်ဘဲ ကျပ်ကျပ်တည်းတည်း ချုပ်ထားပြီး ထောင်ချလိုက်လို့ မရဘူးလား'

ပရန်ဒီက ခေါင်းခါပါသည်။ 'နန္ဒီကို ဖမ်းမိတဲ့ကိစ္စက သူတို့အစိုးရအတွက်မှာ ဆိုရင် သေရေးရှင်ရေး ဖြစ်ပါတယ်။ ဒီတော့ အိမ်မှာ ချုပ်ထားမယ် ဆိုရင် အရာရှိကြီးတွေက ခွင့်ပြုသဘောတူမှာ မဟုတ်ဘူး။ ထောင်မှာ ချထားဖို့၊ တစ်ကျွန်းတစ်လံပို့ဖို့ ဆိုတာတော့ ကိုမြင့် ကျွန်မတို့မျိုးရိုး၊ ကျွန်မတို့ အတန်းအစားမှာ မိန်းကလေးအတွက် ဆိုရင် အသက် ဆုံးရှုံးရတာဟာ ဒီလို ထောင်ချ၊ ကျွန်းချ ခံရတာလောက် မဆိုးပါဘူး။ ပြီးတော့ ဖေဖေဟာ သူ့သမီးတွေကို အင်မတန်မှ ချစ်တယ်၊ အဆုံးမစီရင်ဘဲ ပြီးမယ့် ကိစ္စဆိုရင်၊ ပြီးမယ့် နည်းလမ်းဆိုရင် သူ မကြံစည်မရှာဖွေဘဲ နေပါ့မလား။ အခုတော့ မတတ်သာလွန်းလို့သာပေါ့။

ထောင်ချခံရတဲ့အဖြစ်ထက် ဘ၀ စွန့်လွှတ်ရတဲ့ အဖြစ်က ပို ကောင်းတယ်လို့ ဖေဖေ ယူဆလို့ပေါ့။ ကျွန်မ စိတ်ထဲမှာ သက်သာရာရတာ တစ်ခုကတော့ ဖေဖေ သေသွားတဲ့ အထိပဲ၊ ကျွန်မတို့ဟာ သူပုန်ဘက် ဘယ်လောက် ထိထိရောက်ရောက် ပါနေတယ် ဆိုတာ သူ မသိသွားရှာဘူး။ ဒါက တော်ပါသေးရဲ့'

'ဒါဟာ သက်သာရာ ရစရာပါပဲ။ ဒီလို နန္ဒီကို မိသွား တော့ သူ ချောင်းနားထောင်ရတာတွေကို အပြင်ဘက် သတင်း မပေးနိုင်ဘူးပေါ့၊ ဟုတ်လား။ ဒီလိုဆိုရင် သူပုန်ဘက်က ဒုက္ခ အကြီးအကျယ် ရောက်မသွားဘူးလား။ ခေါင်းဆောင်တွေ ဘာ လွတ်မလဲ။ နို့ပေမဲ့ အခု ကျွန်တော် တွေ့ရတာဖြင့် သူပုန်ဘက်က အောင်မြင်လို့ ခေါင်းဆောင်တွေဟာ ကြီးစိုးနေတာ တွေ့ရပါ ကလား'

'ဒါက ဒီလို ကိုမြင့်ရဲ့၊ ဒီဟာကို ရှင်းရမယ့် ကိစ္စဟာလည်း ကျွန်မကို ပိုပြီး ယူကျုံးမရ ဖြစ်စေတဲ့ ကိစ္စပါပဲ။ ဟိုတုန်းက အစိုးရ အရာရှိကြီးတွေ ဆွေးနွေးဆုံးဖြတ်ပြီး စီစဉ်ထားချက်တွေ ဟာ သူပုန်ဘက်က သိသွားလို့ ညတွင်းချင်းပဲ ခေါင်းဆောင် တွေဟာ လွတ်အောင် ပြေးနိုင်ကြတယ်။ သူပုန်နဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေကိုလည်း အစိုးရဘက်က လာမရှာခင် ဖျောက် ဖျက် ပစ်လိုက်ကြနိုင်တယ်'

'ဘယ်လိုနည်းနဲ့ သူတို့ သိသွားကြသလဲ'

'ကိုမြင့်... နန္ဒီက တိုင်းပြည်အတွက် သူ့အသက်နဲ့ လဲပါ တယ်လို့ ပြောတယ်ဆိုတာ ပြောပြပြီး မဟုတ်လား။ တိုင်းပြည် အတွက်တင် မဟုတ်ဘူး ကိုမြင့်ရဲ့၊ သူ့ညီမအတွက်လည်း

ပါတာပဲ။ တကယ်ဆိုတော့ သူ့ကိုယ်တိုင်မှာ အပြစ်ရှိလို့ သေရတာ မဟုတ်ဘူး ကိုမြင့်ရဲ့။ ကျွန်မတို့ ကပွဲက ပြန်လာတော့ နန္ဒီက အိမ်ပေါ် ကျွန်မတို့အခန်းကို တိုက်ရိုက်သွားတယ်။ ကျွန်မက စုံစမ်းချင်သေးတာနဲ့ ဖေဖေ့ရဲ့ စာကြည့်ခန်းဘက်ကို လျှောက်သွားတယ်။ စာကြည့်ခန်းထဲမှာ အရာရှိကြီး လေးငါးဦးနဲ့ ဖေဖေ ခေါင်းချင်းရိုက်ပြီး တိုင်ပင်နေတာ တွေ့လို့ ခန်းဆီးကြားက နေပြီး နားထောင်မိပါတယ်။

'သူတို့ရဲ့ အကြံအစည်တွေ အားလုံး သိရတာပါပဲ။ နားထောင်လို့ တော်တော်ကြာတော့ ကျွန်မလည်း ရှေ့လောကြီးတာနဲ့ သဲသဲကွဲကွဲ ကြားရအောင် ရှေ့ကိုတိုးပြီး နားထောင်မိပါတယ်။ ကျွန်မကိုယ်ကို ခန်းဆီးအဝတ်ဟာ ဖုံးမနေတော့ဘဲ အခန်းတွင်း ရောက်နေပြီဆိုတာ သတိမမူမိဘူး။ အရာရှိကြီး တစ်ဦးက လှည့်ကြည့်လိုက်တော့ ကျွန်မကို မြင်သွားတယ်။ သူလည်း သိပ်အံ့အားသင့်သွားတာပဲ။ ကျွန်မလည်း အခန်းထဲက အတင်း ထွက်ပြေးတာပဲ။ သူတို့မှာ ကြက်သေ သေနေလို့ ဖြုန်းခနဲ ထ မလိုက်နိုင်ကြဘူး။ သူတို့ ထ ပြီး လိုက်ရှာကြတော့ နန္ဒီကို လှေကားခြေရင်းမှာ ရပ်နေတာ တွေ့သွားကြပါတယ်။ နန္ဒီ အဝတ်အစားကလည်း ကျွန်မနဲ့ဆင်တူ ဆိုတော့ သူတို့ကို ချောင်းနားထောင်တာ နန္ဒီပဲလို့ သူတို့ ထင်ပြီး ဖမ်းခေါ်သွားကြပါတယ်။

'သူတို့ ဘုရားရှေ့မှာ သူ့ကို စစ်ကြော မေးမြန်းလုပ်တော့ သူ ဘာမှပြန်မပြောဘူး တဲ့။ သူ့ကို သစ္စာရေတိုက်ဖို့ စီစဉ်တော့ သူ ဖွတ်ငြင်းသတဲ့။ ဒါတွေကို နောက်မှ အရာရှိကြီးတစ်ဦးဆီက အရိပ်အမြွက်လောက်ပဲ ကြားရပါတယ်။ ကျွန်မနဲ့ နန္ဒီနဲ့ လှေကားခြေရင်းမှာ ကျွန်မ ပြေးလာရင်း တွေ့ရပါတယ်။ သူက ဆီးမေး

တော့ ကျွန်မက အကျိုးအကြောင်းကို လေးငါးခွန်းလောက်ပဲ ပြောပြနိုင်ပါတယ်။ ဒီတော့ သူက "ညီမ ရတဲ့ သတင်းဟာ အင်မတန် အရေးကြီးတယ်။ မနီးမဝေးမှာ တို့ ဂိုဏ်းသား တစ်ယောက်ကို ငါ စောင့်ခိုင်းထားတယ်။ နောက်ဖေးပေါက်က ထွက်ပြီး ရှာပြောချေ။ ညည်းနောက် သူတို့ လိုက်မဖမ်းအောင် ငါ ဒီကစောင့်ပြီး ကြည့်လုပ်မယ်"လို့ ပြောပြီး နေရစ်ခဲ့ပါတယ်။

'ကျွန်မလည်း စောင့်နေတဲ့ ဂိုဏ်းသားကို ရှာလို့တွေ့တော့၊ သတင်းအစုံပေးပြီး အိမ်ထဲ ပြန်ဝင်လာတော့ နန္ဒီကို အဆုံး စီရင်လိုက်ပြီ ဆိုတာ သိလို့ အခန်းထဲမှာ မူးလဲသွားတာပဲ။ ကျွန်မ ရတဲ့ သတင်းကလည်း သူ့ကိုပြောပြပြီး လွှတ်လိုက်ဖို့ဟာက အချိန်မရှိဘူး။ ကျွန်မပါ ဝင်ပြီး အသေခံလိုက်ရင်လည်း အကျိုး မရှိရုံတင်မကပဲ ဖေဖေ့အတွက်မှာဆိုရင် ဘယ်လောက် မချိမဆံ့ ဖြစ်မယ်ဆိုတာ တွေးမိလို့ ဘာမှမတတ်နိုင်ဘဲ နေလိုက်ရတယ်။ တစ်ခါတစ်ခါတော့လည်း ဟိုတုန်းက ဇွတ်ဝင်ပြီး ထပ်သေလိုက် ရရင် ကောင်းမှာပဲလို့ တွေးမိတယ် ကိုမြင့်ရဲ့'

ကျွန်တော်ကမူ ဟိုတုန်းက ပရန်ဒီမှာ နောက်လိုက်၍ အသေခံလိုက်လျှင် အကျိုးမရှိရုံတင်မက ပရန်ဒီတို့၏ ဖခင်မှာ ပရိဒေဝ တစ်မီးထက်တစ်မီး ဆင့်၍ ခံရရှာမည် ဖြစ်ကြောင်း စသည်ဖြင့် ဖျောင်းဖျပြောဆိုပါသည်။ ပဟုန်ကွန်ချစ်ကလည်း ပရန်ဒီအား အမျိုးမျိုး နှစ်သိမ့်စေပါသည်။

ကျွန်တော်က နောက်ဆုံး မေးခွန်းတစ်ခု မေးပါသည်။ 'တကယ်လို့သာ ပရန်ဒီဟာ နန္ဒီရဲ့ နေရာမှာဆိုရင် နန္ဒီလိုပဲ လုပ်မှာပဲ မဟုတ်လား'ဟု မေးလိုက်ရာ၊ ပရန်ဒီမှာ ကျေးဇူးတင်

သော အမူအရာဖြင့် 'ဟုတ်ပါတယ် ကိုမြင့်ရယ်၊ ဒီလိုတွေးပြီး စိတ်ဖြေရတော့တာပဲ။ ကျွန်မလည်း ဒီလိုပဲ အသက်တော့ အသေခံနိုင်မှာပဲ။ တိုင်းပြည်အတွက်က အရေးကြီးလေတော့ အသက်ကို ပဓာနထားနိုင်မှာ မဟုတ်ဘူး။ နန္ဒီ အသေခံလိုက်လို့သာ သူပုန်တွေကို ထမြောက်အောင်မြင်စွာ ကျွန်မ သတင်းပေးနိုင်တာပဲ ဆိုပြီး စိတ်ကို ဖြေရတာပဲ ကိုမြင့်ရဲ့…'ဟု ဖြည်းညင်းစွာ ပြန်ပြောပါသည်။

*

စစ်မဖြစ်ခင်က ပဟုန်ကွန်ချစ်နှင့် ပရန်ဒီတို့ဆီက ရသောစာကို တစ်နေ့က ကျွန်တော် ထုတ်ပြီး ဖတ်ကာ အထက်ပါ အဖြစ်အပျက်များကို မျက်စိထဲတွင် မြင်ယောင်လာပါသည်။ လောကမှာ အမြတ်နိုးဆုံး၊ အတွယ်တာဆုံး ဖြစ်သည့် အသက်နှင့်အချစ်ဟူသော အရာများကို စွန့်လွှတ်ရက်သည့် မျိုးချစ်စိတ်မျိုး ရှာမှရှားပါပေသည်။ မိမိအသက်တမျှ ချစ်သူကို လည်းကောင်း၊ မိမိ၏ ဖခင်ကြီးနှင့် ညီမလေးကို လည်းကောင်း မိမိအသက်ထက် ပို၍ အလေးထားသည့် တိုင်းပြည်ကြီးပွားရေးအတွက် စွန့်သွားရှာသူ မျိုးချစ်မယ်ကလေးအား စိတ်ထဲတွင် လှိုက်လှိုက်လှဲလှဲ ချီးမွမ်းကြည်ညိုမိရင်း အလွန်တရာမှ အဖိုးထိုက်တန်လှသည့် အသက်ကလေး တစ်သက် ဆုံးရှုံးရသည့် အတွက်လည်း ယူကျုံးမရဖြစ်ကာ လွမ်းဆွတ်တမ်းတမိပါသည်။

ထိုအဖြစ်အပျက်များကို ကြားရသည့် အချိန်အခါနှင့် နေရာအခန်းကိုလည်း ပြန်လည် မြင်မိပါသည်။ ပြောပြသူ ပရန်ဒီနှင့် ပဟုန်ကွန်ချစ်တို့ ဖနီးမောင်နှံကိုလည်း မျက်ဝါးထင်ထင် မြင်

ယောင်သေးပါသည်။ သူတို့၏ စကားများ အဆုံးတွင် သူတို့၏ မျက်နှာကလေးများမှာ ညှိုးငယ်လျက် အတွင်းစိတ်၏ ယူကျုံးမရ ဝမ်းနည်းခြင်းကို ထိန်းသိမ်းမရနိုင်လောက်အောင် ဖော်ပြလျက် ရှိပါသည်။ နန္ဒီ၏ ပန်းချီကား ထားသည့် အခန်းကလေးထဲမှ ဆီမီးရောင်က မှိန်သွားသည် မရှိ။ တိုး၍ပင် ဝင်းတောက်နေသည်ဟု ထိုစဉ်က ထင်မိခဲ့ပါသည်။

ပရန်ဒီတို့ ဇနီးမောင်နှံမှာ တစ်ဦးကိုတစ်ဦး အထူးတလည် ချစ်ကြည်မြတ်နိုးကြ၍သာ သူတို့၏ နှောင်းဖြစ် ပြန်လည်တွေး တောမိခြင်း ဒုက္ခကို ခံနိုင်ရည် ရှိကြပေတော့သည်။ ပရန်ဒီမှာ အစ်မ ဆုံးရှုံးရသည်ထက် ချစ်လှစွာသော ဖခင်ကြီးကိုယ်တိုင်က သမီး၏အချစ်ကို မျိုသိပ်ကာ သတ်လိုက်ရခြင်းကို တွေးပြီးလျှင် ဖခင်ကြီးအတွက်ပါ ယူကျုံးမရ ဖြစ်ရပုံ ပေါ်ပါသည်။

သို့သော် ကျွန်တော် ရရှိသည့် စာထဲတွင်ကား ဝမ်းနည်းသံ မပါ။ ဝမ်းသာသံ၊ စိတ်ပျော်သံများ ဖုံးလွှမ်းနေပါသည်။ သူတို့ မောင်နှံ ပျော်ရွှင်အားရနေခြင်းကို စာကြောင်းတိုင်းတွင် ထင်ရှား ပါသည်။ သူတို့က အင်္ဂလိပ်လို ရေးလိုက်သောစာကို တစ်ပိုင်း တစ်စ ကျွန်တော် မြန်မာလိုပြန်၍ ထည့်လိုက်ပါသည်။

ကိုမြင့်၊ ကိုမြင့်ရဲ့၊ ကိုမြင့် လာစေချင်လှပြီ။ ကိုမြင့်ကို ပြောစရာ၊ ပြစရာ ရှိလို့။ တစ်ခါတလေလည်း ဟုတ်မှ ဟုတ်ပါ့ မလားလို့ အောက်မေ့မိတယ် ကိုမြင့်ရဲ့။ နို့ပေမဲ့ ဟုတ်မှာပဲ ကိုမြင့်ရဲ့။ အထင်အရှား သက်သေခံက ရှိနေတော့ ဟုတ်ဖို့ဟာ သေချာနေတာပဲ။ ကိုမြင့် ကျွန်မတို့ဆီကို နောက်တစ်ခါ

လာလည်တော့မှ ပြောပြတော့မယ်နော်။ အို...မစောင့်နိုင်ဘူး၊ ကျွန်မတို့ ဝမ်းသာနေရင်လည်း ကိုမြင့်ကို ဝမ်းသာစေချင်တာပဲ။ ကိုမြင့်က နွေကျမှ လာမယ် ဆိုတော့ ဒီအတွင်း ဝမ်းသာဖို့ အချိန်တွေ အလကား ဖြစ်ကုန်တော့မယ်။ ကိုပဟုန် ကဖြင့် သေသေချာချာကြီးကို ယုံနေတော့တာပဲ။

ကျွန်မဖြင့် တကယ် ဟုတ်မှန်ပါစေလို့ ဆုတောင်းနေတာပဲ။ ကျွန်မဖြင့် ကိုမြင့်ကို ဒီလို ရေးပြောရတာလေ ပျော်လွန်းလို့ အမြီးအမောက်တောင် မတည့်ဘူး။ ကိုမြင့်ရဲ့ တူကလေးပေါ့။ ယောကျ်ားတော့ ယောကျ်ားကလေးပဲ။ နို့ပေမဲ့ လက်မောင်းအိုးပေါ်မှာ “ဝ”ပါလာတယ် ကိုမြင့်ရဲ့။ အံ့ဩစရာ၊ ကျေးဇူးတင်စရာ မကောင်းဘူးလား။ ကံကိုပဲ ကျေးဇူးတင်တာပေါ့။ သူပဲ ဖြစ်မှာပေါ့နော် ကိုမြင့်။ ရုပ်ကလည်း သူ့ရုပ် ပြကတော့ပဲ။ မသိတတ်တဲ့ လူတွေက အမေတူတဲ့ ကလေးပဲလို့ အပေါ်ယံယံက ပြောကြတယ်။ ကိုမြင့် ဘယ့်နှယ့်ထင်သလဲ။ နန္ဒိဟာ ဟိုဘဝမှာ ကတည်းက စိတ်ထားမြင့်မြတ်တယ်၊ တည်ကြည်တယ်၊ ကျက်သရေရှိတယ်။ ပြီးတော့ သူ သေရတာလည်း မြင့်မြတ်တဲ့ စေတနာနဲ့ သေရတယ်။ ဒီတော့ကာ ကုသိုလ်အဟုန်၊ စရိုက်အဟုန်နဲ့ ဒီဘဝမှာ ယောကျ်ားကလေး ဖြစ်နိုင်တာပေါ့၊ မဟုတ်ဘူးလား။ ကျွန်မဖြင့် သူပဲလို့ အတပ်စွဲချင်တာပဲ။ သူ စကားပြောနိုင်တဲ့ အချိန်အခါကို မျှော်လင့်တောင့်တ နေမိတာပဲ။ ကျွန်မ အိပ်မက်လည်း မက်တယ် ကိုမြင့်ရဲ့။

နွေကျရင် လာပါနော်။ ကိုမြင့် လာတဲ့အချိန်မှာ သူလည်း စကားပြောနိုင်ရော။ ဒီလိုဆိုရင် ကိုမြင့်လည်း အသေအချာ

သိနိုင်မှာပဲ။ အခုပဲ သူ လက်ညှိုးထိုးပြီး အရင်ဘဝက ပစ္စည်းတွေ ပြနိုင်ပြီ။ တစ်နေ့က သူ့ပန်းချီကားရှေ့ ခေါ်သွားတော့ သူ သဘောကျပြီး လက်ခုပ် လက်ဝါးတီး ရယ်တာပဲ ကိုမြင့်ရဲ့။ ခြေရောလက်ရော လှုပ်နေတာပဲ…။

စသည်ဖြင့် ဝမ်းသာစရာ အကြောင်းများ ပါလာပါသည်။ ပဟုန်ကွန်ချစ်ဆီကလည်း နွေကျလျှင်လာဖို့ မှာသည့်စာ ပါလာပါသည်။ နန္ဒိကလေးပဲ ဝင်စားတာ တကယ် ဖြစ်ပါစေဟု ကျွန်တော် ဆုတောင်းနေပါသည်။ ယခုစစ်ကြီး ပြီး၍ အသွား အလာ ပေါက်လျှင် သူတို့တိုင်းပြည် ကျွန်တော် သွားလည်ပါဦး မည်။

**ဆုံးဖြတ်ပါ**

အသက်ကို တွယ်တာသော အချစ်။
ချစ်သူကို တွယ်တာသော အချစ်။
မိမိရင်သွေးကို တွယ်တာသော အချစ်။
တိုင်းပြည်ကို ပုံ၍ ချစ်သော အချစ်။

ဤအချစ်လေးပါးတွင် စာဖတ်သူသည် အချစ်သုံးပါးကို ကျန်အချစ်တစ်ပါးအတွက် စွန့်လွှတ်နိုင်ပါစေသတည်း။ ။

[ ရှုမဝ လောက၊ ၁၉၃၇ ( ? ) နှင့်
နိုင်ငံရေးနှင့် အချစ်လေးပါး (၁၉၄၆) ]

## စက်မှုကဵဳရိယာ

[ ၁ ]

နွားကျောင်းခြင်း အလုပ်မှာ ထွန်းသာ၏ လုပ်ငန်းတာဝန်တစ်ခု မဟုတ်သော်လည်း နွားကျောင်းရခြင်းကို နှစ်သက်လှသော ထွန်းသာသည် အားလပ်သည့် အခါတိုင်းပင် မိမိ၏ သူရင်းတိုင် ဖြစ်သော ဦးကြီးကျော်၏ နွားများကို ကျောင်းပေး၏။ နွားကျောင်းခြင်းကို မည်သည်ကြောင့် နှစ်သက်ရသည်ကိုမူကား ထွန်းသာသည် တောသားပီပီ စဉ်းစားခြင်း မပြုပေ။ သူ့အား မေးလိုက်ပါက ကျကျနန ပြောပြခြင်း ပြုနိုင်မည်လည်း မဟုတ်ပေ။ နွားကျောင်းသည့်အခါ စိတ်ချမ်းမြေ့ ပျော်ရွှင်ခြင်းကိုသာ ထွန်းသာ သိရှိ၏။ ကျွဲပုပ်ရွာတွင် စပါးမရိတ်မီစပ်ကြား နွားကျောင်းရခြင်း လုပ်ငန်းသည် ပင်ပန်းလှသောလုပ်ငန်း မဟုတ်ပေ။ နွားစားကျက်ကား ရွာပြင်တွင် ကပ်လျက် ရှိ၏။ စပါးသီးပြုစဖြစ်သော လယ်ကွက်များနှင့် နွားစားကျက်ကြားတွင် နက်ကျဉ်းသော ရိုးကလေးတစ်ခုရှိသဖြင့် နွားများ ကျူးကျော်၍ လယ်ထဲသို့ မဝင်ရန် များစွာ ထိန်းသိမ်းဖို့ မလိုပေ။ နွားများ

ကို စားကျက်ထဲတွင် လွှတ်ထားပြီးလျှင် အတော်အသင့် ကြည့်ရှုဖို့သာ လိုပေသည်။

ထွန်းသာကား နွားကျောင်းခြင်း အလုပ်ကို မပင်ပန်း၍ နှစ်သက်သည် မဟုတ်။ မိမိတာဝန် မဟုတ်သဖြင့် လုံးလုံး မလုပ်ဘဲ နေက နေနိုင်၏။ သို့သော် အားလပ်သည့်နေ့တိုင်း နွားကျောင်းသား ငအေးကို ရွာသို့ ပြန်လွှတ်ပြီးလျှင် အရိပ်ကောင်းကောင်းကို ရွေးကာ မိမိတစ်ကိုယ်တည်း အချိန်ဖြုန်းလေ့ ရှိ၏။ တစ်ခါတလေ ပလွေတိုတစ်ခုကို တစ်နေကုန် တစ်နေခန်း မှုတ်၏။ တစ်ခါတလေ စိတ်ကူးဖြင့် ရူး၏။ တစ်ခါတလေ မျက်စိတစ်ဆုံးရှိ လယ်ကွင်းများနှင့် ကောင်းကင်တွင် ပျင်းပျင်းရိရိ တအိအိရွေ့နေသော တိမ်လိပ်ဖြူဖြူဖွေးဖွေးများကို ကြည့်ရင်း ကြည့်ရင်း ပီတိဖြစ်လာ၏။ လယ်ကွက်များတွင်ကား စိမ်းစိုစို အရောင်မှ အဝါနုဖြာ၍ အဝါရင့် သမ်းလျက်ရှိ၏။ လေတစ်ချက် တစ်ချက် သိမ်းယူလိုက်သည့်အခါ စပါးပင်များ လှိုင်းထ၍ အရောင်များ ရောသွားတော့၏။ ကြယ်ပြာရောင် ကင်းသည့် ကောင်းကင်တွင် ကွက်တိကွက်ကျား ရွေ့သွားနေသော တိမ်ဖြူ နုနုကလေးများသည် လက်ကမ်း၍ လှမ်းဆွဲလိုက်လျှင် ပါလာမည်လား ထင်ရ၏။ အခြားသူတစ်ဦး အဖို့မှာ ကျယ်ပြန့်သော လယ်ပြင်နှင့် မထူးဆန်းလှသော ကောင်းကင်ကို မြင်ရခြင်းသည် ခဏကလေးမျှ အတွင်းတွင် ပျင်းရိဖွယ်ရာ ဖြစ်လာမည် မှန်သော်လည်း ထွန်းသာ အဖို့မှာကား ဤသို့ နေ့စဉ်နေ့တိုင်း တွေ့မြင်ရသည့် လယ်ပြင်နှင့် ကောင်းကင်တို့သည် ကြည့်မဆုံး၊ မျှော်မဝ ငေး တစစ ဖြစ်လောက်အောင် ပြောင်းလဲခြင်း အမျိုး

မျိုးနှင့် အဓိပ္ပာယ် အမျိုးမျိုးကို ဆောင်၍ သရုပ်အမျိုးမျိုး ဖော်လျက် ရှိတော့၏။ သို့ရာတွင် ထွန်းသာကား ဤ အကြောင်းအရာများကို စဉ်းစားဆင်ခြင် ဝေဖန်သိမြင်သည် မဟုတ်ပေ။ တစ်ခုစီတစ်ခုစီ ခွဲခြား၍ ဤနေရာက သာယာသည်၊ ထိုနေရာက လှပသည်ဟု အနုစိတ်မနေဘဲ နွားကျောင်းရခြင်းမှာ ပျော်သည် ဟူ၍သာ မိမိစိတ်ထဲတွင် မှတ်ထင်၏။ ထွန်းသာ၏စိတ်တွင် အစွဲလမ်းဆုံး၊ မျှော်လင့်ခြင်းအာသာ အရှိစေဆုံး၊ အပျော်စေဆုံးသော အရာကား ရွာသို့ မရောက်တရောက် ဖောက်လုပ်ထားသော မော်တော်ကားလမ်းကလေး ဖြစ်ပေသည်။ ထွန်းသာသည် ပလွေမှုတ်ရင်း ထိုလမ်းစကလေးကို တစိမ့်စိမ့် ကြည့်၏။ လယ်ပြင်နှင့် ကောင်းကင်တို့ကို ငေးမောကြည့်ရှုသည်။ ထိုလမ်းစကလေးသည် မျက်လုံးများအား မလွှတ်တမ်း ဆွဲငင်၏။ ထိုလမ်းစကလေး၏ အပြီးသတ်စခန်း ရွာသို့ ဒုတ်ဒုတ်ထိ ရောက်အောင် ဖောက်မည့် အချိန်ကို ထွန်းသာသည် နေ့စဉ်ရက်ဆက် စောင့်စားမျှော်လင့်၏။

[၂]

ကျွဲပုပ်ရွာသည် မြို့နှင့် ဝေးရုံသာမက အသွားအလာ အလွန်ပင် ခက်ခဲ၍ လမ်းများ ဆိုးလှသဖြင့် ချောင်ကျလှသောရွာ ဖြစ်ပေသည်။ ချောင်ကျသောရွာ ဖြစ်ရုံသာမက ရွာသူရွာသားများလည်း အနေအထိုင် အလုပ်အကိုင်မှ စ၍ အရာရာ၌ တောသူတောသား အလွန် ပီသ၏။ ကျွဲပုပ်ရွာမှ မြို့သို့ရောက်ဖူးသူ နည်းပါး၏။ မိမိတို့ ရွာတွင်ပင် တစ်နေဝင် တစ်နေထွက် ပျော်ပိုက်ကြသူများ ဖြစ်၏။ ရွာအနီးရှိ လယ်များကား အများအားဖြင့် ရွာသူရွာသား

ပိုင် မဟုတ်ပေ။ မြို့ပေါ်တွင် နေထိုင်သော ပိုက်ဆံရှိ သူဌေးကြီး တစ်ဦး၏ လယ်များ ဖြစ်၏။ ထိုသူဌေးကြီးကို ရွာသူရွာသား တို့သည် လေးနှစ် ငါးနှစ်လျှင် တစ်ခါမျှသာ မြင်ဖူးကြရ၏။ သူဌေးကြီး၏ မြားမြောင်လှသော လယ်တို့ကို စီမံခန့်ခွဲသူကား ကိုယ်စားလှယ်ကြီး ဦးဘဖေ ဖြစ်၏။ ကိုယ်စားလှယ်ကြီး ဦးဘဖေ သည် ကျွဲပုပ်ရွာ၌ မနေ။ ကျွဲပုပ်ရွာ၌ လက်ထောက် ကိုယ်စားလှယ် ဦးသာကျော် နေထိုင်၍ ဦးသာကျော်က ကိုယ်ဖိရင်ဖိ ကြည့်ရှု လုပ်ကိုင်၏။ ဦးသာကျော်က သီးစားချပေးခြင်း၊ စပါးသိမ်းခြင်း၊ ကိုယ်တိုင် လယ်လုပ်ခြင်း၊ သူရင်းငှား ငှားခြင်းတို့ကို ပြုလုပ်၏။ ထွန်းသာသည် ဦးသာကျော်၏ သူရင်းငှားပင် ဖြစ်သော်လည်း၊ သူရင်းငှား ဘဝနှင့်ပင် အရိုးထုပ်ရမည် ဖြစ်သော်လည်း မိမိ၏ ဘဝကို မကျေနပ် မရှိ။ မိမိ၏ကံအလိုက် လက်ရုံးအားကိုးရမှ စားရသောဘဝကို အပြစ်မတင်၊ ရောင့်ရဲ၏။ ပြုပြင်ပြောင်းလဲရန် ရေးရေးမျှ အိပ်မက် မမက်မိချေ။

ထွန်းသာ ပြုပြင်ပြောင်းလဲချင်သော အရာတစ်ခုကား ရှိပါ၏။ ထိုအရာက ပလဲချောင်း ကျိုးသည့် အခါမှစ၍ ရွာနှင့် ရွာ အနီး အနား၌ ရေရှားပါးခြင်း ဖြစ်ပေသည်။ ထွန်းသာ အမုန်းဆုံးကား မိုးရာသီ လွန်သည့်နောက် နံနက် လေးနာရီ ငါးနာရီတွင် ရွာထိပ်သို့ ထွက်၍ ရေတွင်းမှ မြေကပ်ရေကို စစ်ရေကို စစ်ယူရခြင်းပင် ဖြစ်၏။ ဤအလုပ်မှာ မပင်ပန်း။ သို့ရာတွင် ရေတွင်းကား နှစ်တွင်းသာ ရှိ၏။ ရေလိုချင်သူတို့ကား များပြားလှ၏။ ရေပုံးတစ်ပုံးပြည့်ရန် အကြာကြီး စောင့်ရ၏။ ရေတွင်း၌ ရေနည်းလှသဖြင့် ၃–၄ ပုံးမျှ ခပ်ပြီးလျှင် ခန်း

သလောက် ဖြစ်သွား၍ ရေပြန်၍ ၃–၄ ပုံးစာ ပြည့်လာစေရန် စောင့်ရပြန်၏။ သူအရင် ယူသင့်၊ ငါအရင် ယူသင့် ခဏ ခဏ စကားများကြ၏။ ထွန်းသာသည် ဤကိစ္စကို မိမိအတွက် မုန်းသည်ထက် မယ်မှုံနှင့် ပတ်သက်၍ အလွန်အကဲ မုန်း၏။ စောင့်၍ နေရသဖြင့် ထွန်းသာမှာ မယ်မှုံနှင့် စကားကြာကြာ ပြောနိုင်သော်လည်း မယ်မှုံသည် ရေခပ်ရန် စောင့်ရသည်ကို မကျေနပ်။ လောဘစိတ် တိုက်တွန်းသဖြင့် အလှည့်ကျရန် မစောင့်ချင်ဘဲ လုယက်၍ မိမိပုံးကို ချထားချင်၏။ ထွန်းသာသည် မိမိ၏အချစ် ဖြစ်သော မယ်မှုံကို အလှအချော သဘောကောင်း တော်ဝင်ဟု စိတ်ထဲ၌ ခြောက်ပြစ်ကင်း အမွှမ်းတင်ပြီး ဖြစ်ရကား ရေကိုရရန် အတင်းဝင်လုသည့် အခါ၌ လည်းကောင်း၊ ရေကိစ္စ နှင့် ပတ်သက်၍ အခြားသူများနှင့် တစ်ယောက်တစ်ခွန်း စကား များ ရန်ဖြစ်ကြသောအခါ၌ လည်းကောင်း မယ်မှုံ၏ မျက်နှာထား အမူအရာတို့ကို ထွန်းသာသည် မကြည့်ရက်နိုင် ဖြစ်၏။ ဒေါသ စိတ်၊ လောဘစိတ် လွှမ်းသော မျက်နှာသည် မလှတော့ကြောင်း ကို ထွန်းသာ သိတော့သိ၏။ မယ်မှုံက မတရား ပြုချင်သည်ကို လည်း သိ၏။ “မယ်မှုံက နဂို သဘောကောင်းကလေးပါ၊ သည် ရေ ရှားတာကြောင့် သည်လို ဖြစ်ရှာတာပါ”ဟု ရင်တွင်း၌ အုံလျက်ရှိသော ချစ်သူ၏အပြစ်ကို ဖျောက်ဖျက် ဖြေဆို၏။ ရေကြောင့် မယ်မှုံ ရန်ဖြစ်သော နေ့များတွင် ထွန်းသာသည် နွားများနှင့် အတူတူ လယ်ပြင်နှင့် ကောင်းကင်ကို တွင်တွင်ကြီး ကြည့်၍ လမ်းစကလေးကို စိုက်စိုက်ကြီး ငေးကာ ပလွေတိုကို သွက်သွက်ကြီး မှုတ်လျက် ရင်ထဲရှိ မပြောပြတတ်သော ခုလု

ခုလုကလေးကို မေ့လျော့ပစ်လိုက်၏။ ရွာတွင် ရေလိုသလောက် ရလျှင် ကောင်းမှာပဲ ဟူသော တောင့်တခြင်းသည် အစဉ်မပြတ် ထွန်းသာ၌ ရှိ၏။ ကြံကား မကြံတတ်ပေ။

ထွန်းသာနှင့် မယ်မှုံတို့သည် လူသိ နတ်ကြား သမီးရည်းစားများ ဖြစ်ကြ၏။ မယ်မှုံသည် ရုပ်ရည် အတော်အတန် ချောမွေ့သူတစ်ဦး ဖြစ်၏။ သူ၏ မိဘများမှာ သူဌေး၏ လယ်ကို သီးစားလုပ်သူများ ဖြစ်သော်လည်း အိမ်ခြေယာခြေ အတော် အသင့်နှင့် နေထိုင်သူများ ဖြစ်ပေသည်။ ထွန်းသာသည် သူရင်းငှားပင် ဖြစ်သော်လည်း ရိုးသားသေဝပ်သော ဂုဏ်ကြောင့် မယ်မှုံ၏ မိဘများက သမီး၏ ချစ်ခြင်းကို မဖျက်ပေ။ ထွန်းသာနှင့် မယ်မှုံတို့သည် ချစ်ကြိုက်နေကြသော်လည်း ငမ်းငမ်းတက် အချစ်မျိုးကို နားမလည်ကြချေ။ တစ်နေ့ကျလျှင် ယူကြရမှာပဲဟု အေးအေးဆေးဆေးပင် သမီးရည်းစား ဘဝတွင် စိတ်ဖွဲ့နေသူများ ဖြစ်၏။ ထွန်းသာမှာ အချစ်အတွက် ရတက်မပွားရချေ။ လွမ်းသည်၊ ဆွေးသည်၊ စိုးရိမ်သည်၊ ပူပန်သည်ဟု မရှိဖူးချေ။ စိတ်မချခြင်း၊ မနာလိုခြင်းကိုလည်း နားမလည်ချေ။ မိမိပိုင်ဆိုင်ရမည်ဖြစ်သော ရည်းစားသည်နှင့် တစ်နေ့ တစ်ခွန်း ၂–ခွန်းမျှ တောက်တိုမည်ရ ပြောရလျှင် ကျေနပ်၏။ မယ်ဖွဲ့မောင်ဖွဲ့ ဖွဲ့ရသော ချစ်ရေးမျိုးကို စိတ်ကူးထဲတွင် မထည့်မိချေ။ နွားကျောင်းရင်း လယ်ပြင်နှင့် ကောင်းကင်ကို ကြည့်၍ လမ်းစကလေးကို မှန်းမျှော်နေရခြင်းသည် မယ်မှုံနှင့် တွေ့ဆုံရခြင်းထက် ထွန်းသာအတွက် ပို၍ လေးနက်သော အရသာ ရှိလေသည်။ သို့သော် ချစ်ကား အသည်းစွဲ ချစ်ပါ၏။

ထွန်းသာ မှန်းမျှော်လေ့ရှိသော လမ်းစကလေးသည်

ထူးဆန်းသော ရာဇဝင်ပိုင်ရှင်ကလေး ဖြစ်၏။ ထိုရာဇဝင်တွင် မြို့ပေါ်က သူဌေးကြီး၊ ဒိုင်အာကီ လူကြီးများနှင့် အခြားသူများပါ ဇာတ်လိုက်ဖြစ်ကြ၏။ ထိုရာဇဝင်တွင် ငွေစက္ကူများသည် ရာဇသံ သဝဏ်လွှာများ ဖြစ်ကြ၏။ ထိုရာဇဝင်၏ အဆုံးကား ကျွဲပုပ်ရွာသို့ ဒိုင်အာကီက မော်တော်ကားလမ်း ဖောက်လုပ်ပေးခြင်း ဖြစ်၏။ ကျွဲပုပ်ရွာသို့ သွားရာ လမ်းကြမ်းလှသဖြင့် တော်တော့လူ ရောက်ခဲ၏။ ကျွဲပုပ်ရွာသားများသည် အများအားဖြင့် မော်တော်ကားကို ကြားသာ ကြားဖူး၏။ မမြင်ဖူးကြချေ။ ထွန်းသာမှာ မော်တော်ကားကို မြင်ချင်လှ၏။ မော်တော်ကားလမ်းကလေး အဆုံးသတ်လျှင် မော်တော်ကား ဆိုသည့်အရာကို မြင်ရမှာပဲဟု တွေးတော မျှော်လင့်၍ လမ်းကလေးမြန်မြန် ပြီးစေချင်လှ၏။ မော်တော်ကားလမ်းမှာ ရွာသို့ မရောက်ခင် မိုးကျလာသဖြင့် တစ်ပိုင်းတစ်စနှင့် ရပ်ထားလိုက်ရ၏။ ဆောင်းလယ်လောက်မှ တစ်ဖန် ဆက်လက်၍ ရွာအထိ ဖောက်မည်ဟု သတင်းစကား ကြားရလေသည်။

[၃]

ဆောင်းကုန်၍ နွေပေါက်လေပြီ။ စပါးလည်း သိမ်းပြီးလေပြီ။ ရေလည်း ရှားသည်ထက် ရှားလေပြီ။ ထွန်းသာလည်း အားလပ်ချိန်များ ပိုနေပြန်လေပြီ။

လမ်းကလေးကား ရွာသို့ ဒုတ်ဒုတ်ထိ ရောက်အောင် ဖောက်ထား၏။ မည်သည့် မော်တော်ကားမျှ မလာသေး။

ထွန်းသာသည် ရွာကိုဖြတ်၍ လျှောက်လာစဉ် 'ဟော့

မောင်ထွန်း၊ လာလကွာ၊ လက်ဖက်ရည်သောက်ဦး။ မင်း ကြား ပြီးပြီလား’ဟူသော ခေါ်သံ မေးသံများကို ကြားရသဖြင့် ထိုအသံ များ၏ လာရာဌာန အိမ်တစ်အိမ်ရှိ လက်ဖက်ရည်ကြမ်းဝိုင်း သို့ ဝင်ရောက်လေ၏။ လက်ဖက်ရည်ပန်းကန် တစ်ခုထဲသို့ လက်ဖက်ရည်ကို လောင်းရင်း ‘ဘာလဲ ကိုကြီးဒွန်းရ၊ ကျွန်တော် ဘာမှ မကြားရပါကလား။ ဘယ်သူ ဘာဖြစ်လို့လဲ’ဟု မေးလိုက် လေ၏။

‘ဟာ မင်း ဘယ်သွားနေသလဲ၊ မနက်ပိုင်းက ဦးကြီး ကျော် ပြောတုန်းက မရှိဘူးလား။ တို့ရွာတော့ အကောင်ဆိုက် တာပဲ’

‘ဘယ့်နှယ်’

‘ရေပေါ့ကွ၊ ရေ’

‘မြဒွန်းကလည်းကွာ သူ မသိပါဘူး ဆိုတာပဲ၊ မင်းပြော တာ တစ်ပိုင်းတစ်ပစ်ကြီးပဲ။ အစကနေ ပြောမှပေါ့။ တို့ရွာမှာ ရေကို ဖောဖောသီသီ အလိုရှိသလောက် သုံးနိုင်တော့မတဲ့ မောင်။ ငေးမနေနဲ့၊ တကယ်ပဲ’

‘သိကြားမင်း တညင်းသီး အစားလွန်သွားလို့လား ဗျာ’

‘ဟဲ-ဟဲ၊ မင်းက တို့ နောက်နေတယ် အောက်မေ့လို့ လား။ ဟော့ ပိုက်ဆံမောင် ပိုက်ဆံ၊ ဘာမှတ်သလဲ။ ပိုက်ဆံနှင့် လောကဓာတ်ပဲ၊ ခံနိုင်ရိုးလား’

‘ကောင်းပါ့ဗျား။ နို့ပေမဲ့ ကောင်းသာ ကောင်းရ၊ ဘာမှန်း မသိရတာက ခက်တယ်’

‘သည်လိုကွယ့်၊ မြို့က ကိုယ်စားလှယ်ကြီး လာတာ

မင်းသိတယ် မဟုတ်လား။ အေး၊ ဦးကြီးကျော်ကို ပြောသွားသတဲ့။ သည်ရွာမှာ ရေရှားတာ၊ ရေတွင်းတွေ ကောတာဟာ ရေနက်နက် မတူးနိုင်ကြလို့ တဲ့။ ရေနက်နက်တူးဖို့ ဆိုတော့လည်း ရိုးရိုးတူးလို့ ရတာမျိုး မဟုတ်ဘူး တဲ့။ မြို့က သူဌေးကြီးကလည်း အဲသည် အကြောင်းကို သိလို့ ရွာသားတွေကို မေတ္တာရှိတာနဲ့ ရွာမှာ ရေ လိုသလောက် ရအောင် အဝီစိတွင်း တူးပေးတော့မတဲ့'

'ဗျာ'

'အဝီစိတွင်း တူးပေးမတဲ့ ကွ'

'ဟာဗျာ၊ ငရဲထဲ ဆွဲချတယ်လို့ ရိုက်လွှတ်တာပေါ့။ ခံနေနိုင်ရိုးလား'

'မင့်နှယ် ခွကျလိုက်တာ၊ အခုကာလ စက်မှုကိရိယာနဲ့ သိပ်နက်နက်ကြီး ရေရအောင် တူးတာကို အဝီစိတွင်း တူးတယ် ခေါ်တယ်ကွ။ အဲဒါပဲ၊ မင်း ငါနဲ့ မြို့ကို မလိုက်ချင်တာတွေ၊ နှံတာပဲ'

'ဟဲ– ဟဲ ကိုကြီးဒွန်း မြို့သွားတာ သိပါတယ်။ သည်လို တူးတော့ ရေတွေကို ခပ်ချင်တိုင်း ခပ်လို့ ရရောလား'

'ခပ်ကို ခပ်မယူရဘူး။ ရေဟာ အလိုလိုပန်းပြီး တထွက် တည်း ထွက်နေတာပဲ တဲ့။ စက်မှုကိရိယာ ဆိုတာ တကယ် တတ်နိုင်တာကွ။ မင်းက ဘာမှ မြင်ဖူးတာ မဟုတ်တော့ ဘယ် လိုဆိုတာ ပြောပြရတာ အခက်ကြီးပဲ။ ဘီးတွေ၊ မောင်းတံတွေ၊ သံကြိုးတွေ၊ သံတုတ်တွေ၊ သံလုံးတွေ၊ သံပြားတွေနှင့် စုံလို့ ပေါ့ကွာ'

'စက်မှုကိရိယာဟာ အတော် ထူးဆန်းတာပဲနော်။ မြေ

အနက်ကြီးထဲက ရေကို အလိုလို ပန်းထွက်အောင် လုပ်နိုင်တယ်။ ပေါက်ပြားတွေ ဘာတွေနဲ့ တူးဖို့ မလိုဘူးပေါ့။ နိပ်တာပဲ၊ ဘယ်တော့ အဲဒါ လုပ်ဖြစ်မလဲ။ ကျုပ်တော့ မနက် မနက် ရေစစ်ယူရတာ စိတ်အညစ်ကြီး'

'တို့ရွာက လူအင်အား နည်းနည်းတော့ စိုက်ဖို့ လိုသတဲ့။ ကိုယ်စားလှယ်ကြီးက မြို့ကနေပြီး စက်မှု ကိရိယာတွေ ယူလာမတဲ့။ ရွာကတော့ အကြမ်းအလုပ်မှာ လက်စိုက်ဖို့ လိုသတဲ့'

'လုပ်ပေးမှာပေါ့ဗျာ၊ တစ်ရွာလုံး ကောင်းဖို့ပဲ။ ကျေးဇူးရှင်ကြီး။ ဒီစက်မှုကိရိယာ ဆိုတာလည်း ကျေးဇူးတင်ဖို့ ကောင်းတာပဲ။ ရှိတောင်ခိုးဖို့ ကောင်းသေး။ လူလုပ်လို့ မရတာ သူလုပ်လို့ရတယ်။ သူဟာ မရှိရင် ခက်သေးပေါ့နော်။ ကျုပ် လောကဓာတ်ဆိုတာ ကြားဖူးပါရဲ့။ သည်လို အကျိုးဖြစ်မယ် မထင်မိဘူး။ စက်ကိရိယာ… တယ်ဟုတ်တဲ့ဟာပဲ။ မြင်ဖူးရတော့မှာပဲ'

'သူဌေးကြီးကတော့ စက်မှုကိရိယာကို နားမလည်ပါဘူးတဲ့။ သူဌေးကြီးရဲ့ သားက ကောင်းကောင်း နားလည်သတဲ့။ အဝီစိတွင်း တူးဖို့လည်း သူ့အကြံပဲ တဲ့'

'နို့ သူ့သား မရှိဘူး ဆို'

'ဂျပန်ဆိုလား၊ ဘိလပ်ဆိုလား၊ အဲဒီမှာ စာသွားသင်လို့ အခု တတ်လာလို့ ပြန်လာပြီ တဲ့။ သူ့စိတ်ကူးပေါ့'

'ကောင်းပေါ့ဗျာ၊ ကျုပ်တို့တော့ စန်းထချည်သေး။ နွားခြေထောက်တောင် ဘီးတပ်ပြီး စက်မှုကိရိယာနဲ့ ထွန်ရန်းနိုင်းဦးမလား မသိဘူး၊ ဟဲ-ဟဲ'ဟု ထွန်းသာသည် အပြီးသတ်ကာ သောက်လက်စ လက်ဖက်ရည်ပန်းကန်ကို ဖျတ်ခနဲ ချ၍ မယ်မှုံတို့၏ အိမ်ဘက်သို့ ထွက်သွားလေ၏။

[၄]

လောကကြီး၏ အဆင်ပြေခြင်း၊ မပြေခြင်းသည် စိတ်၏ အခြေအနေအပေါ်တွင် တည်ရှိသည်မှာ မှန်လှ၏။ ယခုအခါ ထွန်းသာသည် အပျော်ရွှင်ဆုံး အကျေနပ်ဆုံးသော ဘဝတွင် လောက၏ အဆင်ပြေခြင်း တည်းဟူသော အရသာကို ခံစား စံစားကာနေ၏။ မိမိ တောင့်တ မျှော်လင့်ချက်တို့သည် တစ်ခုပြီးတစ်ခု ပြည့်စုံပြီး၊ ပြည့်စုံဆဲ၊ ပြည့်စုံလတ္တံ့ ဖြစ်နေ၏။ တစ်စတစ်ဆုံးကြီး ရှိသော ရိုးပြတ် လယ်ကွက်များ၏ ခြောက်သွေ့ ပျင်းရိဖွယ်ရာသော အသွင်သည် ထွန်းသာကိုမူ သာယာ နှစ်သိမ့်စေ၏။ ကောင်းကင်၏ ကြည်ပြာလျှံအရောင်သည် ယခင်ကထက် ထူးကဲ၍ ပြာသည်ဟု ထင်ရ၏။ တိမ်ဖြူ တိမ်လိပ်ကလေးများလည်း ကောင်းကင်တွင် လေဟုန်စီးကာ ရွှက်တိုက်ရာမှ အမောပြေ အပန်းပြေ ဆိုသလို မိမိလက်ထဲသို့ ပျံကျလာတော့မည်ကဲ့သို့ ရှိ၏။ ထွန်းသာ၏ ကျေးဇူးတင်ခြင်းကို မသိရှာဘဲ ခံယူနေသော အဝိညာဏ အရာကား ရွာသို့ ဖောက်ထားသော မော်တော်ကား လမ်းကလေးပင် ဖြစ်၏။ နယ်ပိုင် ဝန်ထောက်မင်းသည် မော်တော်ကားကြီး တစ်စီးကို စီး၍ ရွာကို လာရောက်ကြည့်ရှုသည်မှာ ဤလမ်းကလေး ရှိ၍သာ မဟုတ်ပါလော။ စက်မှုကိရိယာကို မြင်လို၊ တွေ့လို၊ ဖူးလို၊ မြော်လိုသော ထွန်းသာသည် သူကြီးအိမ်ရှေ့၌ ရပ်ထားသော မော်တော်ကားကို အခြားသူများနှင့် အတူ စိန်းစိန်းကြီး အနုလုံ ပဋိလုံ ရှုစား သုံးသပ်တော်မူခဲ့၏။ ဝန်ထောက်မင်း၏ ကားမောင်းသမားသည် ကားရှေ့နားက အံဖုံး တစ်ခုကို မ လိုက်သည့်အခါ ထွန်းသာ၏ ရင်ထဲတွင် အေးခနဲ

ဖြစ်သွားပြီးလျှင် ထိုအံဖုံးအောက်က ရုပ်ထွေးများမြောင်း၍ အံ့ဩဖွယ်ရာကောင်းသော စက်မှုကိရိယာကို မျက်လုံးပြူးကာ စိုက်ကြည့်ရင်း အနားကပ်လွန်းသွားမိ၏။ မော်တော်ကား မောင်းသမားသည် ထွန်းသာအား တစ်ချက်မျှ ကြည့်ပြီးလျှင် အံဖုံးကို ဆောင့်ပိတ်လိုက်သဖြင့် ထွန်းသာမှာ ကြည့်ချင်သလောက် မကြည့်ရတော့ချေ။

ထွန်းသာသည် နေ့စဉ်နှင့်အမျှ စက်မှုကိရိယာကို စဉ်းစား၍ မဆုံး၊ အံ့ဩ၍ မဆုံး၊ ကျေးဇူးတင်၍ မဆုံး၊ တောင့်တ၍ မဆုံး ဖြစ်နေ၏။ စက်မှုကိရိယာကို အိပ်မက်ပင် မက်မိ၏။ မမြင်ဖူးသော အရာကို အိပ်မက်မက်ရသဖြင့် ဖြောင့်တန်းစွာ မမက်ဘဲ သံလုံးကြီး၊ သံမောင်းတံကြီးများကို မက်ရင်း သရဲခေါင်းကြီး၊ သရဲလက်ကြီးများ ဖြစ်လာပြီးလျှင် စားတော့မလို၊ ဝါးတော့မလို ရှိနေသဖြင့် လန့်နိုးလေရာ တစ်ယောက်တည်း ရယ်မိတော့၏။ စိတ်အနှောင့်အယှက် ဖြစ်စေသော ရေရှားပါးခြင်း ဒုက္ခကို ကယ်မည့် အဝီစိတွင်းတူး စက်မှုကိရိယာကား မရောက်သေးချေ။ သို့သော် စက်မှုကိရိယာ သဘောချင်းတူသော ဝန်ထောက်မင်း၏ မော်တော်ကားကို ထွန်းသာသည် အခါတိုင်းလို အားရဝမ်းသာ ကြည့်ရှုရုံတွင်သာမက စိတ်ထဲက ပူဇော်ကန်တော့မိ၏။ ထွန်းသာ၏ မနောကံဖြင့် ပူဇော်ကန်တော့ ခံရ၍လား မသိ၊ ဝန်ထောက်မင်း၏ကားလည်း မကြာခဏပင် ကျွဲပုပ်ရွာတွင် စခန်းချသည်ကို တွေ့မြင်နိုင်၏။ ယခင်က လမ်းခရီး ကြမ်းလှသဖြင့် ရောက်ရန် ခက်ခဲလှသော ကျွဲပုပ်ရွာသည် ယခုအခါ စက်မှုကိရိယာ၏ ကျေးဇူးကြောင့် ဝန်ထောက်မင်း၏

နေ့ချင်းပြန် ခရီးစဉ်တွင် အပါအဝင် ဖြစ်နိုင်လေပြီ။ ထွန်းသာကား မိမိရွာအတွက် စိတ်ကြီးပင် ဝင်မိ၏။ ဝန်ထောက်မင်း ခဏ ခဏ လာရောက်ချီးမြှင့်သောရွာ ဖြစ်သောကြောင့် ဂုဏ်တက် သည်ဟု ထင်မိ၏။ ထိုသို့ မိမိရွာ ဂုဏ်တက်ရခြင်းမှာလည်း စက်မှုကိရိယာဖြစ်သော မော်တော်ကားကြောင့်သာဟု ကျေးဇူး ကြီး တင်မိ၏။ ဝန်ထောက်မင်း၏ ကားမှလွဲ၍ အခြား စက်မှု ကိရိယာများ မလာသေး၊ မရောက်သေးချေ။

နွေရာသီ ကျွမ်းလှ၍ မိုးဥတု မျှော်ခေါ်ရမည့် အချိန် သည် ၁၂–ရာသီ ပတ်လုံးတွင် ပျင်းရိငြီးငွေ့ဖွယ်ရာကောင်းသော ရာသီ ဖြစ်ပေသည်။ စွတ်စိုစိမ်းလန်း ရွှဲတချမ်းချမ်းဖြစ်သော မိုးရာသီ၏ အတွေ့အငွေ့များကို မေ့လျော့နေရာမှ တောင့်တ မျှော်ခေါ် သတိတွင် ပြန်ပေါ်သည့် အချိန်ဖြစ်၏။ ရှိန်လျှံပူပြင်း သော နေမင်း၏ဒဏ်ကို ဆက်လက် မခံလိုတော့။ သူတို့သည် တိမ်းညိုမြင်ကွက် တောင်ဆီက တက်လာမည့် အခါသမယကို တောင့်တ ငံ့လင့်နေကြ၏။

ထွန်းသာသည် တစ်နှစ်၏ လုပ်ငန်း ကုန်ဆုံး၍ သုံးဖြုန်း ပြီး ဖြစ်သည့်အတိုင်း နောက်တစ်နှစ်၏ လုပ်ရေးဆောင်တာကို စဉ်းစားခြင်း အစ ပြုလေပြီ။ တစ်နှစ်နှင့်တစ်နှစ် မထူးခြား မကွဲပြားလှသော သူရင်းငှား အလုပ်တွင် နှစ်ဦးအစ၌ သူရင်းတိုင် နှင့် အတုံ့အလှည့် ဆိုရမြဲ စကား၊ ထားရမြဲ စည်းကမ်း၊ ထမ်းရမြဲ တာဝန်၊ အစီအစဉ်တို့အတွက် ကြိုတင်၍ ပြင်ဆင်ရန် အချိန်ကျ သည့်အတိုင်း ဦးကြီးကျော် အိမ်ဘက်သို့ လျှောက်ခဲ့လေ၏။

ပင်ပန်းစွာ အလုပ် လုပ်ပြန်ရဦးမည့် အရေးကို ထွန်းသာ

သည် စိတ်တွင် ဝမ်းသာစွာပင် တွေးမိ၏။ အလုပ် အားလပ်ခြင်းကို ငြီးငွေ့ညောင်းညာလှပြီ ဖြစ်ရကား အလုပ်၏ ပင်ရင်းဌာနဖြစ်သော ဦးကြီးကျော် အိမ်သို့ သွက်လက်သော ခြေလှမ်းများဖြင့် တန်းတန်းကြီး သွား၏။

ဦးကြီးကျော်၏ အိမ်၌ ကိုယ်စားလှယ်ကြီး ဦးဘဖေ ရောက်နေလေသည်။ ထွန်းသာ ရောက်သွားသောအခါ ဦးကြီးကျော်အား အိမ်ရှေ့တွင် ထိုင်နေသည်ကို တွေ့ရ၏။ ထွန်းသာကို မြင်လျှင် ဦးသာကျော် မျက်နှာပျက်သွားသည်ကို ထွန်းသာ သတိထားမိလိုက်၏။ 'မောင်ထွန်း၊ မင်းကို ငါ အခေါ်လွှတ်လိုက် မလို့ပဲ'ဟု ကြားရပြီးနောက် ဦးသာကျော်၏ နောက်စကားများကို ကြားရသော ထွန်းသာသည် ငယ်ထိပ်တွင် ထွန်တုံးနှင့်ဆောင့်လိုက်သကဲ့သို့ မူးဝေသွား၏။ ထွန်းသာအား သူရင်းငှားအလုပ်၌ ဆက်လက်၍ မထားနိုင်တော့ကြောင်း၊ ထွန်းသာကိုသာမဟုတ်၊ အခြား သူရင်းငှားများကိုလည်း ဖြုတ်ပစ်ရမည် ဖြစ်ကြောင်း၊ ဤသို့ လုပ်နေကျ လူများကို ဖြုတ်ပစ်ရခြင်းမှာ မြို့က သူဌေးကြီး၏ သားသည် နိုင်ငံခြားမှ လယ်ယာလုပ်ကိုင်ရေးအတတ်ကို တတ်လာသဖြင့် လယ်ထွန်စက်ကို ဝယ်၍ ကျွဲပုပ်ရွာရှိသူဌေးကြီးပိုင် လယ်များနှင့် အခြား ငှားရမ်း၍ရသော လယ်များကို စက်ဖြင့်သာ ထွန်တော့မည်ဖြစ်ကြောင်း၊ စက်မှုကိရိယာဆိုသည်မှာ တောကလူများ နားလည်မည် မဟုတ်သောကြောင့်နားလည်သူများကိုသာ ငှားရမ်းခေါ်ငင်၍ လောကဓာတ်နည်းအရလယ်ယာလုပ်ကိုင်တော့မည် ဖြစ်ကြောင်းကို ကြားလိုက်ရသောထွန်းသာသည် 'ကျွန်တော့် ဘာအပြစ်ရှိလို့လဲ ဦးကြီးကျော်ရဲ့'

ဟုသာ ထပ်တလဲလဲ မိမိ ဘာပြောနေမှန်းပင် မသိဘဲ ရွတ်ဆို နေမိ၏။ ဦးသာကျော်က ထွန်းသာမှာ အပြစ်ရှိ၍ မဟုတ်ကြောင်း၊ မိမိမှာ ဘာမျှ မတတ်နိုင်ကြောင်း၊ သူဌေးကြီး၏ အမိန့်ကိုသာ နာခံရကြောင်းကို ဆက်လက်ပြော၏။ ထွန်းသာမှာ စက်မှု ကိရိယာနှင့် လယ်ထွန်နိုင်သည် ဆိုခြင်းကို မယုံပင် မယုံနိုင်အောင် ရှိရကား လယ်ထွန်ရုံတွင် မဟုတ်၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ စပါးရိတ်ခြင်း၊ သိမ်းခြင်း၊ လှေ့ခြင်းမှ ကြိတ်ခြင်းအထိ အားလုံး လုပ်ငန်းမှန်သမျှကို စက်ကိရိယာဖြင့် လုံးလုံး လုပ်ကိုင်တော့မည် ဟု ကြားရပြန်သောအခါ ခေါင်းထဲတွင် ထူထိုင်းမှိုင်း၍ မည်သည့် စိတ်ကူး၊ မည်သည့်အရာမျှ မပေါ်နိုင်တော့ချေ။ 'ဦးကြီးကျော် ရယ်၊ တခြားမှာ သွားလုပ်ဖို့ဆိုလည်း ဦးကြီးကျော် သိတဲ့အတိုင်းပဲ၊ ဒီတစ်ဝိုက်မှာ သူဌေးလယ်က လွှဲလို့ လယ်ကွက် များများစားစား ရှိတဲ့ လူတွေက မဟုတ်တော့ ကိုယ်တိုင်လုပ်၊ ကိုယ်တိုင် စားချည်း ပဲ။ သူရင်းငှား ငှားနိုင်ကြတာ မဟုတ်ဘူး။ ငှားနိုင်တဲ့လူရှိတောင် ကျွန်တော်က တစ်သက်လုံး ဦးကြီးကျော်ဆီမှာ လုပ်လာခဲ့တော့ ဘယ်မှာမှလည်း အဆက်မရှိဘူး။ ဘယ်သူကမှလည်း မသိဘူး။ ကျွန်တော်တော့ ထမင်းငတ်ဖို့ပဲ'ဟု သနားစဖွယ် ခယတောင်းပန် ပြောရာမှ ရုတ်တရက် မျှော်လင့်ချက်ကလေး ပေါ်လာသဖြင့် 'အားလုံးပဲ စက်မှုကိရိယာနဲ့ လုပ်တယ် ထားပါဦး၊ အကြမ်း အလုပ်အတွက်တော့ လူလိုဦးမှာပေါ့'ဟု မေးရာ ဦးသာကျော်က ခေါင်းခါလျက် 'သူဌေးကြီးသားက အားလုံး လက်ရှိလူတွေ ဖြုတ်ပစ်ရမတဲ့။ သူ့လူနဲ့သူ စည်းစည်းလုံးလုံး အပြီး လာမတဲ့။ ဒါမှ စည်းဝါးကိုက်မတဲ့။ ငါလည်း စိတ်သိပ်မကောင်းတာပဲ

ထွန်းသာရယ်။ ပြောလို့တော့ မရတော့ဘူး'ဟု နောက်ဆုံးစကား အဖြစ်ဖြင့် ပြောလိုက်ရာ ထွန်းသာမှာ ဆက်လက်၍ ပြောစရာ မကျန်တော့သဖြင့် ထွက်လာရလေ၏။ အိမ်ပေါက်ဝမှ လှည့်ကြည့်ပြီး 'နို့ သူတို့ ဟို အဝီစိတွင်း တူးမယ်ဆိုတာ သူတို့ လူတွေဖို့ပေါ့'ဟု မေးလိုက်ရာ 'ဟုတ်မှာပဲ ထင်ပါရဲ့' ဟု အဖြေရလေ၏။

'စက်မှုကိရိယာ၊ စက်မှုကိရိယာ၊ စက်မှုကိရိယာ'ဟု ဂါထာစုတ်လျက် အခေါက်ခေါက် တိုးတိုးရွတ်လာသူ ထွန်းသာသည် စိတ်ထဲတွင် ဘယ်လိုဖြစ်ပေါ် ထိခိုက်သည်ကို သတိမထားမိချေ။ ဝမ်းနည်းခြင်းလည်း မရှိ။ စိတ်ဆိုးခြင်းလည်း မဟုတ်။ ပူဆွေးခြင်း ဟူ၍လည်း မဆိုသာ။ ရင်ထဲတွင် ဟာတာတာ၊ ခေါင်းထဲတွင် ထုံတုန်တုန် ရှိသည်ကိုသာ သိ၏။ တစ်ချက် တစ်ချက်တွင် "ထမင်းငတ်ပြီ" ဟူသော အသိဉာဏ်ကလေးသည် ဘွားခနဲ ပေါ်လာရာ ရင်ညွန့်နေရာက တစ်ခုခု ပွင့်လျက် ပူနွေးသွားသည်ဟု ထင်ရ၏။

လျှောက်မိလျှောက်ရာ စိုက်စိုက်ကြီး လျှောက်လာရာ မယ်မှုံတို့ အိမ်ရှေ့နားသို့ ရောက်လာ၏။ ထွန်းသာ၏ မျက်လုံးများသည် ပြူးသွား၏။ ခေါင်းထဲတွင် တစ်ခုခု ပေါက်ကွဲသွားသကဲ့သို့ ဝင်းထိန်သွား၏။ နှာပိတ်၍ ခေါင်းတွင် အုံတုန်တုန်၊ ထုံတုန်တုန် ရှိသူ တစ်ဦးသည် ပြင်းထန်သော နှာဆေးကို ရှူမိ၍ ငယ်ထိပ်ပေါက်အောင် ချေလိုက်သည့်အခါ ခေါင်းထဲတွင် ပွင့်လင်းသွားသကဲ့သို့ ထွန်းသာသည် အလုပ်ပြုတ်၍ မှင်တက်မိသလို ရှိနေရာမှ မိမိမြင်ရသော အရာ၏အရှိန်ကြောင့် အနီးမှ ကပ်၍ လျှပ်စစ်လက်လိုက်သကဲ့သို့ ခေါင်းထဲတွင် လင်းသွား၏။ မယ်မှုံ၏ အိမ်ရှေ့သို့ ဝန်ထောက်မင်း၏ကား ထိုးရပ်သည်ကို

မြင်ရ၏။ မယ်မှုံ၊ မယ်မှုံ၏အမေနှင့် ဝန်ထောက်မင်းသည် ကားပေါ်က ဆင်းကြ၏။ လူချင်း ခွဲမည့်ဟန် နှုတ်ဆက်ကြ၏။ ဝန်ထောက်မင်းက ကြင်နာစွာ ကြည့်ခြင်းကို မယ်မှုံသည် ကြည်လင် တောက်ပသော မျက်နှာကလေးဖြင့် ကျေးဇူးဆပ်၏။ ဝန်ထောက်မင်းသည် ကားပေါ် ပြန်တက်ပြီးလျှင် သူကြီးအိမ်ဘက်သို့ ကားထွက်သွား၏။ ထွန်းသာသည် ချက်ချင်း မယ်မှုံ၏အိမ်သို့ ရောက်သွား၏။ ထွန်းသာ မြင်သွားမှန်းကို သိသော မယ်မှုံသည် ပြောစရာ စကားများကို အသင့် ပြင်ထား၏။

'ကိုထွန်း၊ ကိုထွန်း စိတ်ဆိုးမယ် ဆိုတာကို ကျွန်မ သိပါတယ်။ ဒါကြောင့်မို့လို့လည်း ပြောမယ် ပြောမယ်နဲ့ မပြောဖြစ်နိုင်တာပါ။ ကိုထွန်း သဘောကြီးကြီး ထားပါ။ ထားနိုင်မယ်ဆိုတာလည်း ကျွန်မ သိပါတယ်။ ကိုထွန်းသာ ရှင့်ကိုတော့ ကျွန်မ မချစ်နိုင်တော့ဘူး။ အရင်တုန်းက ဘုမသိ ဘမသိ ဆိုတော့ ချစ်တယ်လို့ ထင်မိခဲ့တာပဲ။ အခု ကျွန်မမှာ ကံဇာတာ အလိုက် ဘုန်းရှင် ကံရှင်မို့လို့ အခြေအနေ မြင့်ရတော့မယ်။ ကိုထွန်း ကျွန်မကို တကယ်ချစ်ရင် သည်လို ကောင်းစားမယ့်ဟာကို နှောင့်ယှက်မယ် မဟုတ်ဘူးလို့ ထင်ပါတယ်။ ကျွန်မမှာ တောသူပေမဲ့ ရှေးက ကံကြောင့် သည်ဘဝမှာ ရခဲ့တဲ့ အခြေအနေမျိုးနဲ့ ဘုရားထူးခံ မင်းကတော် ဖြစ်ရတော့မယ် ကိုထွန်းရယ်။ ကျွန်မ အသနားခံပါရစေ၊ အရင်ဟာတွေ မေ့ပစ်လိုက်ပါတော့။ ကျွန်မ စိတ်တိုင်းကျ နေပါရစေ၊ လုပ်ပါရစေ။ ကိုထွန်းကိုတော့ မချစ်နိုင်တော့ဘူး'ဟု ဆက်တိုက်ပြောရာမှ ရပ်လိုက်ရာ ထွန်းသာမှာ ခေါင်းကလေးကို ခါ၍ အသက်ကို ရှူသွင်းရင်း–

'မင်း... မင်းကို မယားငယ် လုပ်မှာ၊ မင်းကို ပစ်သွားမှာ' ဟုသာ ပြောနိုင်၏။

'အို... လူကြီးစုံရာနှင့် အခိုင်အလုံ တောင်းရမ်းယူမှာပါ။ ငွေလည်း ၅၀၀ ကျပ် တင်ပါ့မယ် တဲ့။ တခြားတောင်ခေါ်သွားမှာ မဟုတ်ဘူး။ သည်ရွာမှာပဲ အခြေအနေ ခံ့ခံ့ညားညားနဲ့ ဘုရားထူးခံ မင်းကတော်ပီပီ ထားမှာပါ။ ကျွန်မ အပေါင်းအဖော်တွေ ကြားထဲမှာ ဘယ်သူကမှ မော်မကြည့်နိုင်တဲ့ အခြေအနေ ရောက်ရတယ် ဆိုတာ ကုသိုလ်ထူးလို့ပဲ။ အမေ အဖေနဲ့လည်း အတူတူ နေရသေး။ ယောကျ်ားဆိုတာတော့ မောင်းမတစ်သောင်းပဲ ရှိရှိ ကျွန်မ ဇာတ်တော့ ကျွန်မ စီးနိုင်ပါတယ်။ ကိုထွန်း ဝန်ထောက်မင်းဘုရားကိုလည်း စိတ်မဆိုး အပြစ်မတင်ပါနဲ့။ ကျွန်မကိုလည်း သိပ်စိတ်မဆိုးနဲ့ ကိုထွန်းရယ်။ ကံကိုသာ ချပါတော့။ ဒေါသဖြစ်ပြီး လျှောက်လည်း ရမ်းမနေပါနဲ့ ကိုထွန်းရယ်။ ဝန်ထောက်မင်းဘုရား သူကြီးအိမ်မှာ ရှိပါသေးတယ်။ ရာဇဝတ်မှုတွေ ဘာတွေ ပတ်နေပါဦးမယ်'ဟု စေတနာသံကလေးနှင့် အဆုံးသတ်လိုက်လေ၏။

ထွန်းသာသည် အပြေးကြီး ပြေးလာရသူ တစ်ဦးကဲ့သို့ မောဟိုက်နေရာမှ 'ဟုတ်တယ်၊ ဘယ်သူ့မှ စိတ်ဆိုးဖို့ မဟုတ်ဘူး။ မင့်လည်း ငါ စိတ်မဆိုးပါဘူး။ မင်းအပြစ်လည်း မဟုတ်ဘူး။ ဘယ်သူ့အပြစ်လဲ ဆိုတော့ ဟောသည် စက်မှုကိရိယာပဲ။ စက်မှုကိရိယာကြောင့် ထမင်းလည်း ငတ်ရသေး၊ ရည်းစားလည်း သူများနောက် ပါရသေး၊ စက်မှုကိရိယာ'ဟု ပြောသည့် စကားတစ်ဝက်တစ်ပျက်နှင့်ပင် မယ်မှုံတို့ အိမ်ပေါ်က အပြေးကလေး

ဆင်းလာပြီးလျှင် ကျန်စကားများကို တစ်ကိုယ်တည်း ရေရွတ်ပြောကာ မိမိအိမ်ဘက်သို့ သုတ်ခြေတင်သွား၏။

သူကြီး၏ဝင်းရှေ့ ဝန်ထောက်မင်း၏ကား ရပ်ထားသောနေရာသို့ ထွန်းသာသည် ဓားရှည်နှစ်ချောင်း ကိုင်ကာ ပေါ်လာ၏။ မော်တော်ကားကို အားရပါးရ ဓားဖြင့် ခုတ်တော့၏။ သံကိုယ်လုံးကို တစ်ချက် နှစ်ချက် ခုတ်ပြီးလျှင် စက်ဖုံးကို ဓားဖြင့် ထိုးဖောက်၍ မွှေ၏။ ဖျက်ဆီး၍ အလွယ်ဆုံးဖြစ်သော ကားဘီး ၄ လုံးစလုံးကို မွမွကြေအောင် ခုတ်၏။ ပါးစပ်ကလည်း 'စက်မှုကိရိယာ ဟဲ့၊ စက်မှုကိရိယာ ဟဲ့၊ စက်မှုကိရိယာ ဟဲ့' ဟု တစ်ချက်ခုတ် တစ်ခါ အော်၏။ ရွာတွင် ဆူညံသွားလေ၏။ 'ဖမ်းဟဲ့၊ ဆီးဟဲ့' ဟု ညာသံပေး၍ လူများ ဝိုင်းလာကြ၏။ ထွန်းသာသည် ခုတ်စရာ မကျန်သဖြင့် ရွာထိပ်က ရေတွင်းများဘက်သို့ ပြေးလေ၏။ သူကြီး ခေါင်းဆောင်၍လိုက်သော လူအုပ်ကြီးသည် ထွန်းသာ ရေတွင်းထဲသို့ ခုန်ချခါနီးတွင် လက်ရဖမ်းဆီးလိုက်ပြီးလျှင် သူကြီးအိမ်သို့ ချုပ်နှောင်ကာ ယူလာခဲ့လေ၏။ ထွန်းသာမှာ လူကောင်းပကတိကဲ့သို့ မဟုတ်တော့ချေ။ သတိလုံးလုံး မရှိတော့ချေ။ အရူးကဲ့သို့ ဖြစ်ကာ "စက်မှုကိရိယာ၊ စက်မှုကိရိယာ" ဟုသာ အော်ဟစ် မြည်တမ်းနေတော့၏။ ဝန်ထောက်မင်းလည်း ထွန်းသာကို ကြည့်ကာ 'သည်ကောင်အရူးပဲ။ အရူးပေမဲ့ အန္တရာယ်ပြုတတ်တဲ့ အရူး။ ဂတ်ကလူ လာတဲ့အထိ သူကြီးအိမ်မှာ ချုပ်ထားလိုက်ပါ' ဟု အမိန့်ပေးလိုက်၏။

ဝန်ထောက်မင်းမှာမူ ထွန်းသာက မော်တော်ကားကို

ဖျက်ဆီးထားသဖြင့် မြို့သို့ မပြန်နိုင်ဘဲ ထိုညက မယ်မှုံတို့အိမ်တွင် အိပ်ရလေ၏။

[ ဂန္ထလောက၊ ဩဂုတ် ၁၉၃၇ ]

## အညာကြို့က်

အင်းဝရွှေမြို့တော်ကြီးမှာ ထိုစဉ်က တုန်လှုပ်ချောက်ချားလျက် ရှိနေသည်။ သို့သော် မြို့တော်သူ မြို့တော်သားများကား ဣန္ဒြေ မပျက် သွားလာ လုပ်ကိုင်လျက်ပင် ရှိ၏။ စိတ်ထဲ၌သာ ဘယ် တော့ ပြေးရလွှားရ ဖြစ်မည်လဲဟု တထင့်ထင့်နှင့် နေကြရသည်။ တိုင်းတော်ပြည်တော်၏ အခြေအနေ ဆိုးရွားမှု လုံးဝ မရှိ။ ဘုန်းတော်ကြောင့် ငြိမ်ဝပ်ပိပြားကာ သူပုန်သူကန် တောပုန်း ဓားပြ မရှိ။ ထိုကြောင့် တိုင်းသူပြည်သားများ စိတ်အေးလက်အေး နှင့် နေကြစေ။ အထိတ်တလန့် ဖြစ်အောင် မမှန်သတင်း လွှင့်သူ များအား မင်းဒဏ်ခတ်မည်ဟု ရွှေနန်းတော်ကြီးမှ အမိန့်တော် ထုတ်ပြန် ကြေညာထားခြင်းကြောင့်သာ မိမိတို့၏ စိုးရိမ်မှုများ ကို လူရှေ့ သူရှေ့တွင် ဖွင့်ဟပြောဆိုခြင်း မပြုကြသော်လည်း 'အိမ်ရှေ့စံ ကိုယ်တော်ကြီးဖြင့် ရွှေပြည်တော်မှာ မရှိတော့ဘူးတဲ့၊ ထွက်တော်မူပြီး လူစုနေပြီတဲ့'ဟု အချင်းချင်း တီးတိုးပြောသူ ပြော၊ 'နန်းတော်ထဲမှာ အခစားတော့ ဝင်တုန်းပဲတဲ့၊ ဒါပေမဲ့ ရွှေနန်းရှင်ကို အယုံသွင်းပြီး နန်းချဖို့ အစီအစဉ်တွေ ရှိသတဲ့'ဟု

လေသံဖြင့် နှစ်ကိုယ်ကြား ဆိုသူဆိုနှင့် မြို့တော်သူ မြို့တော်သားများမှာ ပါးစပ်သတင်း အမျိုးမျိုးကို လျှာညောင်းအောင် လွှင့်လျက် နားလျှံအောင် ကြားလျက်ပင် ရှိကြသည်။ လွှတ်တော်ဝန်ကြီးများ၏ အမိန့်အရ စီးပွားရေး အလုပ်အကိုင်များကိုလည်း လုပ်မြဲ လုပ်လျက် အလှူအတန်းနှင့် ရှင်ပြုနားထွင်းစသော မင်္ဂလာပွဲများ၊ ပျော်ပွဲရွှင်ပွဲများကိုလည်း ကျင်းပမြဲကျင်းပလျက် ရှိကြသည်။ အိမ်ရှေ့စံ ကိုယ်တော်ကြီးက တစ်ခါသောအခါ မိမိ လူယုံများအား 'ငါ အမြင့်စံရတဲ့ အခါကျရင် ဒီလို နန်းငယ်ငယ်ကလေးနဲ့ မစံဘူးကွယ်။ နန်းတော်ကြီးကြီးခံ့ခံ့လှလှကို တည်ပြီး စံမယ်'ဟု ပြောမိရာ ထိုစကားမှာ ပေါက်ကြားသွားကာ နန်းမတော်ဘုရား၏ ဘက်တော်သားများက အိမ်ရှေ့မင်း၏ ဘက်တော်သားတို့အား နန်းကြီးသမားများဟု သရော်၍ ခေါ်ကြသည်။ ထိုအခါမှစ၍ အိမ်ရှေ့မင်း၏ ဘက်တော်သားများကလည်း တစ်ဖက်က သရော်မှုကို မထီသောအနေဖြင့် သူတို့သည် နန်းကြီးဂိုဏ်းသားဟု ဂုဏ်ယူပြောဆိုလျက်ရှိသည်။ မည်သူမည်ဝါဟာ နန်းကြီးပဲဟု တီးတိုးပြောလိုက်လျှင်ဘာကို ဆိုလိုသည်ကို ရိပ်မိသူ များကြသည်။

တိုင်းရေးပြည်ရေး မအေးရသည့် အထဲ၌ပင် ထိုစဉ်က အရေးတစ်ခု ပေါ်လာပြန်လေသည်။ ထို အရေးသစ်ကြောင့် နန်းမြို့တွင်းနေ နန်းတော်သူ နန်းတော်သားများ၊ ဝန်ကြီး ဗိုလ်မှူးစသည့် အရာရှိကြီးများမှာ မည်သို့မျှ ထိခိုက်တုန်လှုပ်ခြင်း မရှိသော်လည်း မြို့တော်၏ အစွန်အဖျား ရပ်ကွက်များ၊ အစုများတွင်ကား တထိတ်ထိတ် တလန့်လန့်နှင့် စိုးရိမ်မကင်း နေကြ

ရပေသည်။ ထိုအရေးကား အခြားမဟုတ်။ မြို့တော်အနီးအနားရှိ ရွာများသို့ ဝင်ရောက်ကာ နွား၊ ဆိတ်များမှ အစ တစ်ခါတစ်ရံ လူကိုပင် ဆွဲချီသွားတတ်သည့် ကျားကြီးတစ်ကောင်၏ အရေးပင် ဖြစ်လေသည်။ ကျားသည် တစ်စတစ်စ အတင့်ရဲလာကာ ည အချိန်သာမက နေ့အချိန်များ၌ပင် ရွာများသို့ ဝင်ရောက် ဒုက္ခ ပေးသည် အထိ ဖြစ်လာ၏။ ယခု ဖော်ပြလတ္တံ့သော အဖြစ် အပျက်များ အချိန်၌ကား ယင်းကျားကြီးသည် မြို့တော်၏ အစွန် အဖျား ရပ်ကွက်များထဲသို့ နေ့လယ်ကြောင်တောင်ပင် ဝင်၍ နွားများ၊ ကလေးငယ်များကို ချီဆွဲသွားသည်မှာ တစ်ခါ နှစ်ခါ ရှိနေပြီ ဖြစ်သောကြောင့် အစွန်အဖျား ရပ်ကွက်နေ လူများသည် ကြောက်ကြောက်လန့်လန့်နှင့် နေထိုင်သွားလာ နေကြရလေ သည်။ ကျားကြီးကို လှံတံ၊ တုတ်၊ ဓား၊ လေး၊ မြား စသည့် လက်နက်များဖြင့် လိုက်လံ ထိုးခုတ်ပစ်ခတ်သော်လည်း ကျားကြီး သည် လွတ်မြောက်သွားသည်ချည်းပင်။ ထောင်ချောက် အမျိုး မျိုးဖြင့် ထောင်ဖမ်းသော်လည်း ကျားကြီးသည် ထောင်ချောက် ၏ နေရာကို ကြိုတင် သိနှင့်သကဲ့သို့ ရှောင်ကွင်းသွားနိုင်သည် ချည်းပင်။ ထို့ကြောင့် နတ်ကျားပင် ဖြစ်ရမည်ဟု တထစ်ချ ယူဆကာ နတ်ကနားပေး၍ ပသသူများလည်း မရှားပေ။ ယင်း ကျားကြီး၏ ထူးခြားချက်တစ်ခုမှာ ရပ်ထဲရွာထဲသို့ ဝင်ဆွဲသည့် အခါ မြင်လိုက်ရသည့် လူအများ ပြောချက်အရဆိုလျှင် ကျား ကိုယ်မှာ အခြားကျားများထက် အနည်းငယ်သာ ပိုမိုကြီးသော် လည်း အမြီးမှာ အလွန်ပင် ရှည်လျားစွာ ရှိသည်။ ရွာထဲရပ်ထဲ တွင် 'မြီးရှည် လာပဟေ့' ဟု တစ်စုံတစ်ယောက်က အော်လိုက်

လျှင် ကလေးအမေများ သံကုန်ဟစ်ခေါ်သံ၊ လူအများ အော်ဟစ်ပြေးလွှားသံ၊ တုတ် ဓား ဆွဲသံ၊ ကလေးများ ငိုသံတို့နှင့် ကျွက်ကျွက်ဆူ ဖြစ်သွားလေ့ရှိသည်။

စာရေးတော်ကြီး နေမျိုးကျော်သူသည် အေးချမ်းစွာနေလိုစိတ် ရှိသူ ဖြစ်သည့်အတိုင်း မြို့စွန်ရပ်ကွက် တစ်ခုတွင် ကျယ်ဝန်းသော ဝင်းခြံနှင့်တကွ အိမ်ကြီးတစ်လုံး၌ စာရေးတော်ကြီးကတော် အပြင် တစ်ဦးတည်းသော သမီးဖြစ်သူ ခင်မြတ်လှနှင့် အတူ အေးအေးလူလူ နေထိုင်လျက် ရှိလေသည်။ နိုင်ငံရေးအရှုပ်အထွေးတွင်လည်း မည်သည့် ဘက်ကမျှ မပါဝင်ပေ။ သို့ရာတွင် လှုပ်လှုပ်ရွရွ ဖြစ်နေသည့် အခြေအနေနှင့် အချိန်အခါတွင်း၌ သတိကင်းမဲ့စွာ မနေအပ်ကြောင်းကိုမူ သိသူ ဖြစ်သည်။ ဗုဒ္ဓမြတ်စွာ၏ တရားတော်တွင် သတိစွဲမြဲခြင်းသည် အဆီအနှစ်ပင် ဖြစ်သည်ဟု ယူဆသူ ဖြစ်ရကား သတိလစ်ဟင်း မေ့လျော့ခြင်း မဖြစ်စေရန် အစဉ် အားထုတ်သူတစ်ဦး ဖြစ်ပေသည်။ မိမိ ရာထူး ဂုဏ်ထူးအရ မြို့လယ်ပိုင်း၌ နေမည်ဆိုက နေနိုင်သည်သာ မက နေပင် နေသင့်သော်လည်း စာရေးတော်ကြီးကိုယ်တိုင်နှင့် စာရေးတော်ကြီး ကတော်အပြင် သမီး ခင်မြတ်လှကပါ ပန်းပင်သီးပင် စိုက်ပျိုးရေးကို ဝါသနာထုံလှရကား ဝင်းခြံကျယ်ကျယ်ဝန်းဝန်းနှင့် စိတ်ရှိလက်ရှိ စိုက်နိုင် ပျိုးနိုင်သည့် မြို့စွန်ရပ်ကွက်၌ နေထိုင်ရသည်ကို အလွန်ပင် နှစ်သိမ့်လျက်ရှိကြသည်။ မြို့လယ်ကောင်၌ နေရသည်ထက် ပိုမို စိတ်ချမ်းသာသည်ဟု အစဉ်မပြတ် ပြောလေ့ရှိကြသည်။ သမီးကလေး ခင်မြတ်လှမှာ အသက်နှစ်ဆယ်ခန့် ရှိ၍ နာမည်နှင့် လိုက်

အောင်ပင် စိတ်သဘောထား မြင့်မြတ်ကာ ရုပ်ရည်ကလည်း ချောမွေ့လှပပေသည်။ ထိုစဉ်ကမူ ခင်မြတ်လှ၏ ကံစီမံရာကို မည်သူမျှ ကြိုတင်တွေးဝံ့မိသူ ရှိမည် မဟုတ်ပေ။ စာရေးတော်ကြီး၏ မိတ်ဆွေအချို့က ကျားကြီးမြီးရှည် ရန်ကို စိုးရိမ်ရကြောင်း သတိပေးကြသော်လည်း စာရေးတော်ကြီးမှာ တပည့် လက်သား အသိုက်အဝန်း ကောင်းသဖြင့် အကြီးအကျယ် စိုးရိမ်လှခြင်း မဖြစ်ဘဲ သတိနှင့် နေလျှင် လုံလောက်ပြီ ဟုသာ ယူဆကာ နေမြဲတိုင်း နေကြလေသည်။

တစ်နေ့သောအခါ စာရေးတော်ကြီး နေမျိုးကျော်သူ၏ မွေးနေ့ ကျရောက်သဖြင့် သံဃာတော်များအား အရဏ်ဆွမ်း ပင့်၍ ဆွမ်းဆက်ကပ်လေသည်။ သံဃာတော်များ ပြန်ကြွသွားပြီးနောက် စာရေးတော်ကြီးနှင့် ရင်းနှီးသူ မိတ်ဆွေများ၊ အိမ်နားနီးချင်းများအား နံနက်စာ သုံးဆောင်ရန် ဖိတ်ကြားထားသည့် အတိုင်း စာရေးတော်ကြီး ကတော်၊ သမီး ခင်မြတ်လှနှင့် တပည့် လက်သားတို့သည် စားဖိုချောင်တွင် အစားအသောက်များကို ဖွယ်ဖွယ်ရာရာ ဖြစ်စေရန် အမျိုးမျိုး စီစဉ်၊ စီမံလျက် အသင့် ပြင်ဆင်နေကြလေသည်။ စာရေးတော်ကြီး နေမျိုးကျော်သူကား ဝတ်ဖြူစင်ကြယ်နှင့် အိမ်ရှေ့ခန်းတွင် ရောက်နှင့်နေကြသော ဧည့်သည်များအား ဧည့်ခံစကား ပြောလျက် ရှိသည်။ ဧည့်သည် များလည်း တဖွဲဖွဲ ရောက်လာလျက် ရှိ၏။ ခင်မင်ရင်းနှီးသည့် မိတ်ဆွေတစ်ဦး နှစ်ဦးက 'စာရေးတော်ကြီးမင်းရယ်၊ ဒီလို အချိန် အခါမျိုးမှာမှ ထမင်းစား ဖိတ်သကိုးဗျ။ တခြားအိမ် ဆိုရင် လာဖြစ်မှာတောင် မဟုတ်ဘူး။ အင်မတန် ခင်မင်လေးစားလို့သာ

လာရတာ။ စာရေးတော်ကြီးမင်း အသိသား မဟုတ်လား။ မြီးရှည်တို့ ဘာတို့က အစ ဟိုဟိုဒီဒီ ရန်တွေကြောင့် ကျွန်တော်တို့ဖြင့် အိမ်ထဲကတောင် မထွက်ချင်ဘူး'ဟု ပြောကြသည်။ စာရေးတော်ကြီးက 'ဒါလောက်လည်း မဟုတ်သေးပါဘူးလေ၊ စိုးရိမ်မကင်း ဖြစ်မနေပါနဲ့။ ကိုင်း ကျုပ်ရဲ့ မွေးနေ့မှာ စိတ်ချလက်ချ ပျော်ပျော်ပါးပါး စားကြ နေကြရအောင်'ဟု ပြန်ပြောလိုက်လေသည်။

လာရောက်ကြသူ မိတ်ဆွေများထဲမှ အချို့ ရင်းနှီးသည့် ကတော်များက စားဖိုဆောင်သို့ ဝင်ကာ 'စာရေးတော်ကြီးကတော် ဘာကူလုပ်ပေးရဦးမလဲ။ ကြက်သွန် လှီးပေးမလေ၊ လက်သုပ် သုပ်ပေးမလေ' ဟု ပြောသူ ပြော၊ 'ဘာဟင်းတွေများလဲ၊ မွှေးလိုက်တာ။ စားစရာတွေကလည်း စုံလို့ပါလား။ မုန့်တီတွေလည်း များလှချည်လား'ဟု မေးသူမေး၊ ရောက်တတ်ရာရာ ရယ်စရာမောစရာ ပြောသူပြောနှင့် စားဖိုဆောင်တွင် နေရာမဆံ့လောက်အောင်ပင် စည်စည်ကားကား တရုန်းရုန်း ရှိနေတော့၏။ စာရေးတော်ကြီး ကတော်ကလည်း ကြည်လင် ရွှင်ပျသော မျက်နှာဖြင့် 'ဟင်းအမည်ကတော့ နှစ်မျိုး သုံးမျိုးလောက်ပါပဲ။ ဝက်သား၊ ကြက်သားဟင်းနဲ့ ဟင်းချို ဆိုပါတော့လေ။ ဒါပေမဲ့ ဟောဒီ သမီးခင်မြတ်လှက လက်သုပ်မျိုးစုံပါမှ ကောင်းမယ်ဆိုလို့ မုန့်တီလည်း လုပ်ထားပါတယ်။ မုန့်တီပင်ကြီးနဲ့ ပင်သေး နှစ်မျိုးမို့လို့ များနေတာပါ။ ကူဖို့ မလိုပါဘူး၊ အဆင်သင့်ပါပဲ။ ပဲမှုန့်တို့၊ ဆီချက်တို့၊ ငရုတ်ဆီတို့လည်း ဒီဒေါင်းလန်းတွေမှာ အသင့်ပါပဲ'ဟု ပြန်ဖြေလိုက်၏။

ထိုအခိုက်တွင် ခြံဝနားဆီမှ အော်သံဟစ်သံ ဆူသံညံသံ၊ လူအများ ဝိုင်း၍ ညာသံပေးသံများ ရုတ်တရက် ကြားရလေရာ အိမ်ရှေ့ရှိ ဧည့်သည်များသည် အထိတ်တလန့်ဖြစ်ကာ ထကြည့်ကြ၏။ တစ်ဦးတစ်ယောက်က 'ဟော ဒုက္ခပါပဲ၊ နန်းကြီးလား၊ မြီးရှည်လား မသိဘူး'ဟု အလန့်တကြား အော်လိုက်ရာ၊ အိမ်ရှေ့ဘက်ဆီမှ ဆူညံသံ ကြားရသဖြင့် စားဖိုဆောင်မှ လူများက နားစွင့်နေခိုက် 'နန်းကြီး လာပြီ၊ မြီးရှည် လာပြီ'ဟု အကြားများသဖြင့် မိန်းမတစ်ယောက်က စတင်၍ ဖြုန်းခနဲ ထွက်ပြေးသည်နှင့် တစ်ပြိုင်နက် ကျန်လူများပါ ရောယောင် ပြေးကြလေရာ၊ အိမ်ရှေ့လူများပါမကျန် အိမ်ရှေ့ပေါက်က ထွက်သူ ထွက်၊ နောက်ဖေးပေါက်မှ ခုန်ချသူ ချနှင့် အကုန်လုံး ဒရောသောပါး ဆင်းပြေးကြ၏။ ခလုတ်တိုက်သူ တိုက်၊ လဲသူ လဲ၊ ကွဲသူ ကွဲ၊ အမိ တသူ တနှင့် ဗရန်းသုန်းကား ဖြစ်သွား၏။ ဟင်းအိုးများ၊ ဒေါင်းလန်းများလည်း ခလုတ်တိုက် ခံရသဖြင့် ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားလေသည်။

တအားကုန် ထပြေးကြပြီးသည့်နောက် ခြံပြင်ဘက်မှ ဘာသံမျှ ထပ်မံ မကြားရသည်နှင့် အရှိန်သတ်ကာ ပြေးသူများသည် နားစွင့်ကြပြန်သည်။ ထိုခဏ၌ ခြံဝမှ နောက်ထပ် ဧည့်သည်တစ်စု မောကြီးပန်းကြီးနှင့် ဝင်လာသည်ကို တွေ့ရလေသည်။ အိမ်ရှေ့ခြံထဲသို့ ဆင်းပြေးသူများက 'ဘာဖြစ်တာလဲ၊ နန်းကြီး ထ ပြီလား၊ မြီးရှည် ဝင်သလား'ဟု ထိတ်ထိတ်ပျာပျာ ဆီးမေးကြရာ 'ဟာ... မဟုတ်ပါဘူး၊ ကျုပ်တို့ ဒီအလာမှာ ဟိုဘက်ခြံက ခွေးကြီး ထွက်ဆွဲလို့ ပြေးလိုက်ရတာ။ ခွေးရှင်

ကလည်း အော်ပြီး မောင်း၊ အနားက လူတွေကလည်း ဝိုင်းပြီး အော်ကြ ခြောက်ကြလို့သာပေါ့။ လွတ်ရုံကလေး ရှိတာ' ဟု ပြန်ပြောတော့မှပင် အိမ်မှ ဆင်းပြေးကြသူများသည် တစ်ဦး မျက်နှာကို တစ်ဦးကြည့်ကာ မိမိတို့ ထိတ်လန့်တကြား ဖြစ်မိပုံကို ခပ်ရှက်ရှက်နှင့် ဣန္ဒြေပြန်ဆည်နိုင်ကြတော့သည်။ အချို့ကလည်း 'အခုမှပဲ ရင်ထဲက အလုံးကြီး ကျသွားတော့တယ်'ဟု ပြောကြ၏။ အချို့ကမူ မည်သူမည်ဝါက မည်သို့ ပြေးတာပဲ၊ ပုဆိုးမနိုင် ပဝါမနိုင် ဖြစ်တာပဲ စသည်ဖြင့် ပြောကာ တသော သော ရယ်မောနေကြ၏။

အိမ်ပေါ်သို့ ဧည့်သည်များနှင့် အိမ်သားများ ပြန်ရောက်လာပြီးနောက် စားဖိုဆောင်တွင် ခင်မြတ်လှ ခမျာမှာ ငိုမဲ့မဲ့ ဖြစ်နေရှာ၏။ စာရေးတော်ကြီး ကတော်မှာလည်း မျက်နှာပျက်ကာ စကားမပြောနိုင်လောက်အောင် ဖြစ်နေ၏။ ဟင်းအိုးများမှာ လက်သုပ်သုပ်ရန် ပြင်ထားသည့် ဒေါင်းလန်းများပေါ်တွင် မှောက်လျက်သား ရှိနေ၏။ ထမင်းအိုးကြီးမှာ ကြမ်းပေါ်တွင် မှောက်ကျသဖြင့် ထမင်းများ အကုန်အစင် ကြမ်းကြားထဲမှ အောက်သို့ ကျနေ၏။ မုန့်တီပင်သေး ဒေါင်းလန်းထဲတွင် ဝက်သားဟင်း၊ ငရုတ်ဆီ၊ ကြက်သွန်ကြော် စသည်ဖြင့် ရောနှောနေကာ မုန့်တီပင်ကြီး ဒေါင်းလန်းထဲတွင် ကြက်သားဟင်း၊ ပဲမှုန့်၊ ဆီချက် စသည်ဖြင့် ရှုပ်ထွေးနေ၏။ ဟင်းချိုအိုး တစ်အိုးသာလျှင် ကံကောင်းထောက်မ၍ မမှောက်ဘဲ ကျန်ရစ်ခဲ့၏။

စာရေးတော်ကြီးကတော် မျက်နှာပျက်၍ ခင်မြတ်လှကလေး ငိုမဲ့မဲ့ ဖြစ်မည်ဆိုကလည်း ဖြစ်စရာပင်။ ထမင်းနှင့်

ဟင်းများကို ပြန်ချက်ရန်မှာလည်း အချိန်မရှိတော့ပေ။ ဟင်းလျာကိုပင် ဝယ်ခြမ်း၍ ရတော့မည် မဟုတ်ပေ။ ဧည့်သည်များကို ထမင်းမကျွေးနိုင်တော့ဟု ပြန်လွှတ်ရမှာလည်း အလွန်ပင် အားနာစရာ ကောင်း၊ ရှက်စရာ ကောင်းနေတော့သည်။

စာရေးတော်ကြီး နေမျိုးကျော်သူသည် ဧည့်သည်များအား "ထမင်းပွဲ တည်ခင်းကျွေးရန် အချိန်တော်ပြီ၊ အထူးသဖြင့် သီလယူထားသူများ အတွက် နောက်ကျရန် မသင့်"ဟု ဇနီးနှင့် သမီးအား သတိပေးလိုသဖြင့် စားဖိုချောင်သို့ ဝင်လာရာ စကားပြောမည်ဟု ဟ လိုက်သော ပါးစပ်သည် စားဖိုချောင် မြင်ကွင်းကြောင့် ဟ လျက်သား ဟောင်းလောင်း ဖြစ်နေတော့၏။ သို့သော် သမာဓိနှင့် သတိကို စွဲမြဲအောင် လေ့ကျင့်အားထုတ်နေသူ ဖြစ်သည့်အတိုင်း တစ်ခဏမျှသာ တွေဝေခြင်း ဖြစ်ပြီးနောက် 'ကိစ္စမရှိဘူး ဟေ့၊ ထမင်းက လွဲလို့ ကြမ်းပေါ်ရောက်အောင် ဖိတ်စဉ်ကုန်တာက နည်းနည်းပဲ။ ဒေါင်းလန်းတွေထဲမှာသာ ဖိတ်တာပဲ။ ကိုင်း- ဟင်းချိုခပ်သူ ခပ်ဟေ့။ ဒီဒေါင်းလန်းတွေထဲမှာ ရှိတဲ့အတိုင်း ရောပြီး ကျွေးမယ်။ ဟင်းချိုက သတ်သတ်ပေါ့ကွာ။ မုန့်တီပင်ကြီး ဒေါင်းလန်းနဲ့ မုန့်တီပင်သေး ဒေါင်းလန်းထဲက ဟာတွေကို တခြားစီ ပန်းကန်တွေထဲ ထည့်ဟေ့'ဟု ပြောကာ ချက်ချင်း စီမံခန့်ခွဲလေတော့သည်။ စာရေးတော်ကြီးကတော်က 'ဖြစ်ပါ့မလား'ဟု ပြောရာ 'အိုကွယ်၊ ဟင်းလျာ အစားအစာဆိုတာ အာဟာရအတွက်ပဲ မဟုတ်လား။ တခြားစီ စားစား၊ အတူရောပြီး စားစား အရသာရှိပြီး အာဟာရဖြစ်ရင် ပြီးရောပေါ့။ ကဲဟေ့ ခူးကြခပ်ကြစမ်း'ဟု ပြောကာ အိမ်ရှေ့သို့ ထွက်သွား

ပြီးလျှင် ညှော်သည်များအား စားသောက်ဖွယ် အသစ်အဆန်း နှစ်မျိုးဖြင့် အထူးတလည် ကျွေးမည်ဖြစ်ကြောင်းကို အားရဝမ်းသာ ပြောထားနှင့်၏။

ခင်မြတ်လှ ကိုယ်တိုင်နှင့် တပည့် မိန်းကလေးလေးများ ယူငင်တည်ခင်း ကျွေးမွေးသော စားဖွယ်များကို ညှော်သည်များ သုံးဆောင်ကြရာ အလွန်ပင် အရသာ တွေ့သွားလေသည်။ ညှော်သည်များ၏ ချီးကျူးထောမနာ ပြုသံများမှာ အတောမသတ်ရှိတော့သည်။ 'စာရေးတော်ကြီး ကတော်ရယ်၊ နှစ်မျိုးစလုံး တယ်ကောင်းပါကလား။ ဘယ်လိုများ စီမံထားပါလိမ့်။ ဒီနည်းကို ဘယ်ကများ ရပါလိမ့်'ဟု ပြောသူပြော၊ 'စာရေးတော်ကြီးမင်းရယ်၊ ဒီလို အရသာထူးတဲ့ ခဲဖွယ်မျိုး မကြုံဖူးပါဘူး။ ဘယ်လိုများ ခေါ်ပါလိမ့်'ဟု မေးသူမေးနှင့် ညှော်သည်များ သဘောကျ နှစ်ခြိုက်ကြောင်း သိရမှပင် စာရေးတော်ကြီးကတော်နှင့် ခင်မြတ်လှတို့မှာ ပြုံးနိုင် ရွှင်နိုင်လာတော့သည်။ အဖြစ်မှန်ကိုလည်း ပြောရမှာ ရှက်သဖြင့် ဝမ်းထဲကမူ ယားကျိ ယားကျိနှင့် နေကြလေသည်။ အရသာရှိလှသော အစားထူး အစားဆန်းများကို မည်သို့ ခေါ်ဝေါ်ပါသနည်းဟု အထပ်ထပ် မေးကြရာ၊ စာရေးတော်ကြီးသည် ပထမ၌ အကျပ်ကျနေသော်လည်း အထက်က ဆိုခဲ့သည့်အတိုင်း တရားပေါက်လုနီးပါး ဖြစ်နေသူတစ်ဦး အနေဖြင့် သတိတရားကို ချက်ချင်း ပြန်လည် လက်ကိုင်ထားလိုက်ကာ 'ကျွန်တော်တို့ကတော့ စိတ်ကူးကြံစည်ပြီး ကောင်းမယ်ထင်လို့ တီထွင် စီရင်လိုက်တာပါပဲ။ အမည်တော့ မပေးရသေးပါဘူး။ ခုနက ဖြစ်ပျက်တဲ့ ဟာကလေးကို အတိတ်ယူပြီး မုန့်တီပင်သေးကလေးကို

အရင်းခံပြီး စီမံထားတာကို မြီးရှည်၊ မုန့်တီပင်ကြီးနှင့် စီရင်ဖန်တီးထားတာကိုတော့ နန်းကြီးလို့ ခေါ်ရင် မကောင်းဘူးလား။ ဒါကတော့ ကိုယ့် အချင်းချင်းသာ သိစေပေါ့'ဟု အဖြေပေးလိုက်ရာ မိတ်ဆွေများ၊ ဧည့်သည်များ အားလုံးက ကောင်းမွန်ကြောင်း၊ သင့်လျော်ကြောင်း ဝိုင်းဝန်းပြောဆိုကြလေသည်။

ထိုနေ့မှစ၍ စာရေးတော်ကြီး နေမျိုးကျော်သူ အိမ်မှ ကျွေးမွေးလေ့ရှိသည့် မြီးရှည်နှင့်နန်းကြီး ခဲဖွယ်များမှာ အထူးကျော်ကြားသွားကာ ရမယ်ရှာ၍ စားချိန်သောက်ချိန်လောက်တွင် လာလည်သည့် ဧည့်သည်များလည်း မနည်းလှပေ။ စားဖွယ်ခဲဖွယ် အသစ်အဆန်း ဖန်တီးတတ်သူ ခင်မြတ်လှ၏ သတင်းမှာလည်း မွေးကြိုင်သင်းပျံ့စွာ ပေါ်ထွက်လာရာ တန်ခိုး အာဏာလည်း ထက်၍ အစားလည်း မက်လှသော စဉ့်ပြောင် မြို့စား ဧယျမင်းထင်နန္ဒ သူသည် စကားကမ်းလှမ်းလာကာ ခြိမ်းတစ်လှည့်၊ ခြောက်တစ်လှည့်ဖြင့် အဆောင်ပြိုင် ပဥ္စမ ကြင်ရာတော်အဖြစ်သို့ ချီးမြှင့် သိမ်းပိုက်လိုက်လေသည်။ စာရေးတော်ကြီး၏ မိတ်ဆွေရင်းချာများလည်း ခါသာပိတ်အုပ် ၁၊ ပေါ်တူဂီ မန်တီလာ ပဝါ ၁၊ ပြင်သစ် ဘိုကေးရေမွှေး ၁ နှင့် အလျှိုလျှို လာရောက်ကာ မြီးရှည်နှင့်နန်းကြီး ခဲဖွယ်များ စီရင် ဖန်တီးနည်းကို သင်ပြပေးပါမည့်အကြောင်း စာရေးတော်ကြီး ကတော်အား တိုးလျှိုး တောင်းပန်ကြရာ၊ အထူး လျှို့ဝှက်ထားရန် ကတိဖြင့် သင်ပြပေးလိုက်ရာ မကြာမီပင် ယင်းနည်းမှာ အတွင်းဝန်၊ ဝန်ကြီးမင်းများ အထိ မင်းပိုင်းစိုးပိုင်း၊ သူဌေး သူကြွယ်ပိုင်း အကုန်လုံးတွင် ပျံ့နှံ့သွားလေ၏။ မြီးရှည်နှင့် နန်းကြီးတို့သည် မင်းသုံး၊ စိုးသုံး၊ အရာရှိသုံး၊

ဗိုလ်မှူးသုံး ဖြစ်သွားရှုံသာမက အမြတ်တနိုး စီစဉ်စားသောက်ကြရသည့် ခဲဖွယ်များ ဖြစ်သွား၏။

တစ်နေ့သောအခါ ဝန်ရှင်တော်မင်းကြီး မဟာမင်္ဂလသီဟဖေယျာသည် ရွှေနန်းရှင် မင်းတရားကြီးအား မျက်နှာလို မျက်နှာရပြုလုပ်လိုသော အကြံအစည် ဖြစ်သဖြင့် မြီးရှည်နှင့် နန်းကြီးခဲဖွယ်ဆန်းများကို ရွှေနန်းတော်သို့ ယူဆောင်ကာ ပွဲတော်ဆက်လေသည်။ မင်းတရားကြီးလည်း ပွဲတော်တည်ရင်းပင် အလွန်နှစ်ခြိုက်တော်မူသဖြင့် ဝန်ရှင်တော်မင်းကြီး မဟာမင်္ဂလသီဟဖေယျာအား အနည်းငယ် ကျုံ့ရုန်းသွားပြီဖြစ်သော ဝတ်လဲတော်ကိုချက်ချင်း ဆုချတော်မူလိုက်၏။ ခဲဖွယ်များ၏ အမည်သညာကိုမေးမြန်းစုံစမ်းတော်မူရာ ဝန်ရှင်တော်မင်းကြီးသည် အမှတ်တမဲ့ပင် 'မြီးရှည်နှင့် နန်းကြီးပါဘုရား'ဟု သံတော်ဦးတင်လိုက်၏။ သံတော်ဦးတင်မိသည်နှင့် တစ်ပြိုင်နက် မိမိအမှားကို မြင်မိလေသည်။ အားလုံး အေးချမ်း ငြိမ်ဝပ်ပိပြားနေသည်ဟု အမိန့်တော်ပြန်တမ်း ထုတ်ထားပါလျက်နှင့် မြို့စွန်မြို့ဖျားမှာ သောင်းကျန်းနေသည့် မြီးရှည်ကျားကြီးအကြောင်းကို သော်လည်းကောင်း၊ ပုန်ကန်ထကြွမည် တကဲကဲလုပ်နေသော နန်းကြီးဂိုဏ်းသားများအကြောင်းကို သော်လည်းကောင်း ဖွင့်ဟ သံတော်ဦးတင်ရန်မဖြစ်နိုင်ကြောင်းကို ဝန်ရှင်တော်မင်းကြီးသည် ကောင်းကောင်းသိပေရာ၊ တောင်စွယ်မှာ နေကွယ်လျှင် အပါယ်နှင့် သုဂတိတစ်ခုခုအထိ သွားရမည့်ကိန်းမျိုးနှင့် ကြုံကြိုက်ရန် သီသီကလေးလိုတော့သည့် အရေးကို တွေးကာ ရင်ဖိုနေတော့၏။ ရွှေနန်းရှင်ဘုရားက 'အိမ်း … အရသာထူးသလို အမည်တွေကလည်း

ထူးဆန်းပါပေ။ အနက်အဓိပ္ပာယ်ကတော့ ဘယ်လိုလဲ မင်းကြီးရဲ့၊ တင်စမ်းပါဦး'ဟု အမိန့်တော်ရှိရာ 'မှန်ပါဘုရား၊ ဘုန်းတော်ကြောင့် တရုတ်ပြည်ခေါ် စိန့်တိုင်းက နည်းအရ စီမံထားသည့် ခဲဖွယ်များဖြစ်၍ စိန့်တိုင်းသားများ မှည့်ခေါ်သည့် အမည်များပါဘုရား။ အဓိပ္ပာယ် အထူးအထွေ မရှိပါဘုရား'ဟု လိမ်လည်လှည့်ဖြားကာ လျှောက်လိုက်လေ၏။ ရွှေနန်းရှင် မင်းတရားကြီးလည်း 'ကောင်းပေ့၊ ကောင်းပေ့ဗျား'ဟု မြွက်တော်မူကာ ဆက်လက်၍ အားရပါးရ ပွဲတော်တည်နေလေသတည်း။

[ရန်ကုန်တက္ကသိုလ်ရှိ ကိုစိန်၏ မြီးရှည်ဆိုင်မှ မြီးရှည်တစ်ခွက် သုံးဆောင်(ဘွာ ဘွာ...) အဝ စားပြီးနောက် တစ်မှေးအိပ်ပျော်သွားရာမှ ပေါ်ထွက်လာသည့် လူမှုသမိုင်း သုတေသနတစ်ရပ် ဖြစ်ပါသည်။ မြီးရှည်နှင့် နန်းကြီးဆိုလျှင် အသေအလဲကြိုက်ကြသည့် အညာသူ အညာသား (ဝါ) သူတို့ကိုယ် သူတို့အခေါ် အထက်သူ အထက်သားများသည် ယခုမှပင် သူတို့၏ အသည်းစွဲ မြီးရှည်နှင့် နန်းကြီး၏ ပင်ရင်းဇာစ်မြစ် သမိုင်းအမှန်ကို သိရသဖြင့် ကျွန်တော့်အား ကျေးဇူးတင် ဂုဏ်ပြုလိုမည် ဖြစ်သော်လည်း နေပါစေ ... နေပါစေ။]

[ ငွေတာရီ၊ ဩဂုတ် ၁၉၆၀ ]

ကံ ... ကံ

'ကိုစိုး၊ ဟော့– ကိုစိုး၊ မနိုးသေးဘူးလား' အိမ်ရှေ့မှ နေ၍ ကြည်လင်စူးရှစွာ ခေါ်လိုက်သော အသံသည် ကျွန်တော့်ကို ဖျတ်ခနဲ လန့်နိုးစေသည်။ ကြားကြားချင်းပင် ပါမောက္ခ ဦးဘညွန့်၏ အသံပဲဟု သိလိုက်သည်။ ခါတိုင်းဆိုလျှင် ဤ သာယာလှသော အသံမှာ စွဲမက်စရာ အလွန်ကောင်းသည်။ ထိုမနက်ကတော့ ဤအသံကို မနှစ်ခြိုက် မစွဲမက်နိုင်ပါ။

'ဟုတ်ကဲ့ ဆရာ၊ နိုးနေပါပြီ၊ ထိုင်ပါဦး ဆရာ၊ လာပါပြီ'ဟု လှမ်းအော်လိုက်ရသော်လည်း အိပ်ရာမှ ရုတ်တရက် မထနိုင်သေး၊ မျက်လုံးစုံဖွင့်နိုင်ရန် မနည်း ကြိုးစားရသည်။ တနင်္ဂနွေနေ့ မနက် ဟူသည်မှာ အိပ်ရာမှ စောစောထ စကောင်းသည် မဟုတ်။ ကျွန်တော် အလွန် ရိုသေလေးစား ချစ်ခင်သူ ပါမောက္ခ ဦးဘညွန့်မို့သာ ပြန်ထူးရတော့သည်။ အခြားသူဆိုလျှင် ဖွတ်ပင် အိပ်ချင်ဟန်ဆောင်နေမည် ဖြစ်သည်။ အိပ်ရာမှ အထ၊ ကြမ်းပေါ်သို့ ခြေမှ မချရခင်တွင် ခေါင်းရင်းရှိ အိမ်နံဘေး

လမ်းပေါ်မှ ခြေသံများ ကြားရသည်။ အိမ်နောက်ဘက် ခြံပေါက်မှ ဝင်၍ အိမ်ရှေ့ဘက်ဆီသို့ လျှောက်သွားနေသည့် ခြေသံများဖြစ်သည်။ 'ဒီကောင် ဒီအချိန် ထဦးမှာ မဟုတ်ပါဘူးကွာ'ဟု ပြောသံ ကြားရသည်။ ဆရာဦးသိန်းဟန်၏ အသံဖြစ်သည်။ 'မနိုးသေးလည်း နှိုးတာပေါ့'ဟု မညာမတာ ပြောသူကား ဦးဝန်ပင် ဖြစ်ရမည်။ အလိုက်မသိတတ်သူ ဤစိတ်ကူးယဉ်သမားနှစ်ဦးအား 'နိုးနေပါပြီ ဆရာတို့ရဲ့၊ ထိုင်ကြပါဦး၊ ဆရာဦးဘညွန့်လည်း ရောက်နေတယ်'ဟု အောင့်သက်သက်နှင့် လှမ်းပြောလိုက်ပြီးလျှင် ကပျာကယာ ရေချိုးခန်း ဝင်ရတော့သည်။ ဇနီးသည်က ဧည့်သည်များအတွက် ကော်ဖီပြင်နေသည်။

ကျွန်တော် အောက်ဆင်းလာသောအခါ ဆရာသုံးဦး ဧည့်ခန်းတွင် ကော်ဖီသောက်ရင်း စကားပြောနေကြသည်။ ဆရာဦးဘညွန့်က ကျွန်တော့်အား ပြုံးစိစိနှင့် ကြည့်ကာ 'မင်းကွာ၊ ဒီအချိန်အထိ အိပ်နေရသေးသလား။ မနက်ခင်း ဆိုတာ ဘယ်လောက် သာယာလန်းဆန်းသလဲ။ ငါတော့ ၅ နာရီခွဲလောက် ကတည်းက ထ တာ ပေါ့။ ဂေါက်သီး မရိုက်ဖြစ်တာနဲ့ လမ်းတစ်ပတ် လျှောက်ပြီးပြီ' ဟု ပြောပါသည်။ 'ဟာသူကတော့ တနင်္ဂနွေနေ့ ဆိုရင် ကိုးနာရီ ဆယ်နာရီမှ ထ တာ' ဟု ဆရာ ဦးသိန်းဟန်က ရွတ်ချွဲသံကလေး ခပ်ပါပါနှင့် ပြောလိုက်သည်။ 'စည်းစိမ်ရှင်ကိုး' ဟု ဦးဝန်က ဝင်ထောက်လိုက်ပြီးလျှင် 'ကျန်းမာရေးလည်း ဂရုစိုက်ဦးမှပေါ့' ဟု ဩဝါဒ ပေးပြန်သည်။ ကျောင်းက ဆရာများသည် (ကျွန်တော်က လွဲ၍) ကျန်းမာရေးကို ဂရုစိုက်သူများ ဖြစ်ကြသည်။ နံနက် ညနေ

ဝတ်မပျက် (ကျွန်တော်က လွဲ၍) လမ်းမှန်မှန်လျှောက်သူများ ဖြစ်ကြသည်။ အစားအသောက် (ကျွန်တော်က လွဲ၍) အလွန် ဆင်ခြင်ကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် မကြာခဏပင် နှာစီးကြ၊ အအေးမိကြ၊ ကျောအောင့်ကြ၊ ဗိုက်နာကြနှင့် (ကျွန်တော်က လွဲ၍) နေ့တိုင်းလိုလိုပင် ဆန်ပြုတ်ကိုသာ သောက် နေရသူများ ဖြစ်ကြသည်။

'ငါလာတာက'ဟု ပါမောက္ခ ဦးဘညွန့်နှင့် ဆရာဦးသိန်း ဟန်တို့က သံပြိုင် ပြောကြသည်။ စကားပြောမိတာချင်း တထပ် တည်း ဆုံသွား၍ ကြောင်တက်တက်ဖြစ်ကာ ရပ်သွားကြပြန် သည်။ သူတို့ကိစ္စ အသီးသီးကို ပြောလိုကြဟန် တူသည်။ ကျွန်တော်က 'နေပါဦးလေ၊ အေးအေး ဆေးဆေးပေါ့၊ အစောကြီး ရှိသေးတာပဲ၊ ကျွန်တော် မုန့်ဟင်းခါး ဝယ်ခိုင်းလိုက်မယ်။ အားကြ သားပဲ မဟုတ်လား၊ စားရင်းသောက်ရင်း စကားပြောကြတာပေါ့' ဟု ပြောရာ၊ သူတို့လည်း ကျေကျေနပ်နပ် ဆက်လက် စကားပြော နေကြသည်။ မုန့်ဟင်းခါးကို ဝယ်ကျွေးသည်မှာ ခင်မင်သူများ ဖြစ်၍ စေတနာနှင့် ကျွေးခြင်းလည်း ဖြစ်ပါသည်။ စောစောစီးစီး လာနိုးကြသူများ ဗိုလ်နာလျှင် နာကြပါစေတော့ ဟူသော တန်ပြန် စိတ်ထားနှင့်လည်း ကျွေးခြင်း ဖြစ်ပါသည်။

မုန့်ဟင်းခါး မရောက်ခင်ကလေးတွင် ဧည့်သည်တစ်ဦး တိုးလာပြန်သည်။ တိရစ္ဆာန်ဆရာ ဖြစ်ပါသည်။ တိရစ္ဆာန်ဆရာ ဆိုသည်မှာ လူပင် ဖြစ်ပါသည်။ တိရစ္ဆာန်က ဆရာ လုပ်နေခြင်း မဟုတ်ပါ။ တိရစ္ဆာနဗေဒ ပါရဂူကို ကျွန်တော်တို့က အတို ကောက် ခေါ်ခြင်း ဖြစ်ပါသည်။ ထိုစဉ်က တက္ကသိုလ်တွင် ဘိုင်

အော်လော်ဂျီဌာနကို နှစ်ဌာန မခွဲလိုက်သေးပါ။ တိရစ္ဆာန်ဆရာဒေါက်တာလှကျော်က ဘိုင်အော်လော်ဂျီ ပါမောက္ခ လုပ်နေတုန်းဖြစ်ပါသည်။ ယခုအခါမှာမူ ယင်းဌာနကို ခွဲလိုက်ပြီးလျှင် ဖားဆရာနှင့် ဝါးဆရာများက ဦးစီး နေပါသည်။ ဖားဆရာမှာသတ္တဗေဒ ပါမောက္ခ ဒေါက်တာ လင်းစဒေး ဖြစ်၍ ဝါးဆရာမှာရုက္ခဗေဒ ပါမောက္ခ ဒေါက်တာ ကိုကိုလေး ဖြစ်ပါသည်။ပါမောက္ခ ဒေါက်တာ ကိုကိုလေးမှာ သိပ္ပံ သုတေသနဘက်တွင်စိတ်အားသန်သူ ဖြစ်ပါသည်။ တစ်ခါက မြန်မာနိုင်ငံတွင် စပါးစိုက်ပျိုးရသည်မှာ စရိတ်ကုန် လူပန်းလှသည် ဆိုကာ အာဟာရလည်း ဖြစ်၊ တင်းလည်း တင်းတိမ်စေမည့် အစာတစ်မျိုးကိုဝါးပင်များမှ ဖန်တီးရန် ဒေါက်တာ ကိုကိုလေးက သုတေသနလုပ်နေသည်ဟု သတင်း ဖြစ်ပွားခဲ့ပါသည်။ ထို့ကြောင့် သူ့ကိုဝါးဆရာဟု ခေါ်သည်ဟု အချို့က ဆိုပါသည်။ ဟုတ်မည်မထင်ပါ။ ဤသတင်းသည် လုံးဝ အခြေအမြစ် မရှိ၊ မလိုသူများက လုပ်ကြံ ပြောဆိုခြင်းသာ ဖြစ်သည်ဟု ဒေါက်တာကိုကိုလေးကငြင်းဖူးပါသည်။ သူ့ဘာသာရပ်တွင် ဝါးများကို လေ့လာသင်ကြားရသောကြောင့် ဝါးဆရာ ခေါ်ကြခြင်းလည်း ဖြစ်နိုင်ပါသည်။တိရစ္ဆာန်ဆရာ ဒေါက်တာလှကျော်မှာ တက္ကသိုလ်တွင် မလုပ်တော့ပါ။

'ဟာ၊ ဒီတစ်ခါ ဆရာစိုးက အစောကြီး ထ တာကိုး'ဟု တိရစ္ဆာန်ဆရာက တအံ့တသြ ပြောကာ ဝင်လာသည်။ သူတို့တစ်စု အတူတူချည်းပင်။ ကျွန်တော့်ကို စောစောစီးစီး နှိုးလိုနှိုး၊ ကဲ့ရဲ့လို ကဲ့ရဲ့၊ ရှုတ်ချလို ရှုတ်ချ၊ သြဝါဒပေးလို ပေး၊ အံ့သြ

လို အံ့ဩနှင့် နိုပ်စက်ကြသူများ ဖြစ်သည်။ နောက်ထပ် အံ့ဩသူ တစ်ဦး တိုးလာပြန်သည်။ ကျွန်တော့် ဦးလေးဝမ်းကွဲ ဦးဘအောင် ဖြစ်သည်။ သူက ကမာရွတ် ပြည်လမ်းမှာ နေသည်။ ကျွန်တော်တို့ မုန့်ဟင်းခါး စားနေစဉ် ခြံဝင်းပေါက်မှ ဦးလေး ဦးဘအောင် ထော့နင်း ထော့နင်းနှင့် ဝင်လာသည်ကို တွေ့ရသည်။ လည်စည်း၊ တုတ်ကောက်၊ ရှူးဖိနပ်နှင့် ကာလ အဘိုးကြီးများ နံနက် လမ်းလျှောက်သည့်ဟန် အတိုင်း ဝတ်စား ဆင်ယင်ထားသည် ကိုလည်း မြင်ရသည်။ ဦးလေးသည် ဧည့်ခန်းရှေ့ လမ်းပေါ်မှ နေ၍ 'မောင်နွယ်စိုးတစ်ယောက် အိပ်တုန်းပဲလား ဟေ့'ဟု အော် မေးပြီးမှ အိမ်ထဲသို့ လှမ်းကြည့်မိကာ 'အံ့မယ်၊ မင်းက ဒီတစ်ခါ အိပ်ရာက ထ ပြီကိုး' ဟု တအံ့တဩ ပြောပါသည်။ ကျွန်တော်က အိမ်ရှေ့သို့ထွက်ရင်း 'ဟုတ်ကဲ့ ဦးလေး၊ ကျွန်တော် နေမြင့်အောင် မအိပ်တတ်ပါဘူး။ ဝင်ပါဦးလေ၊ မထိုင်တော့ဘူးလား၊ မုန့်ဟင်း ခါး စားပါဦး' ဟု ဖိတ်မန္တက ပြုရာ၊ ဦးလေး ဦးဘအောင်က 'အို၊ ဟို၊ မင်း အအိပ်ကြီးတာ မသိတာလိုက်လို့။ ဦးလေး မနက် မနက် လမ်းလျှောက်လာတိုင်း မင်း အိပ်နေတယ်လို့ ပြောတာ တွေ့ရတာချည်းပဲ။ မဝင်တော့ဘူးလေ၊ မင်းလည်း ဧည့်သည် တွေနဲ့ပဲ။ ဟေ့ ဒါနဲ့ ဦးယုခင်တို့အိမ် ဘယ်မှာလဲ၊ ဦးလေး မေးချင် တာကလေး တစ်ခု ရှိလို့'ဟု ပြောပါသည်။ ကျွန်တော့်ကို အအိပ် ကြီးသည်ဟု နာမည်ဖျက်သည့် ဦးလေးကို အောင့်သက်သက်နှင့် ပင် သူသိချင်သည့် ဦးယုခင်တို့ အိမ်ကို လမ်းညွှန်လိုက်ရပါသည်။

ပါမောက္ခ ဦးဘညွန့်၊ ဆရာဦးသိန်းဟန်၊ ဦးဝန်နှင့် တိရစ္ဆာန်ဆရာတို့မှာ စကားလက်ဆုံ ကျနေရာမှ အိမ်ရှေ့မှ

ပြောပြောဆိုဆို ထွက်သွားသည့် ကျွန်တော့်ဦးလေး ဦးဘအောင်အား စိတ်ဝင်စားစွာ ကြည့်လိုက်ကြပါသည်။ ကျွန်တော် ဧည့်ခန်းသို့ ပြန်လာသောအခါ ဆရာဦးဘညွန့်က 'ကိုစိုး ဦးလေးလား၊ ဘယ်မှာ နေသလဲ' ဟု မေးပါသည်။ ဒေါက်တာလှကျော်က 'သူ့ခြေထောက် ဘာဖြစ်တာလဲ'ဟု မေးပါသည်။ ဦးဝန်က 'သူ့ကြည့်ရတာ အတော်သန်သန်မာမာရှိတဲ့ အဘိုးကြီးပဲ၊ ဒိုးဒိုး ဒေါက်ဒေါက်နဲ့။ မှန်တာ ပြောတတ်ပုံလည်း ရတယ်။ ကိုနွယ်စိုးကို နှံသွားတာကြည့်ပါလား'ဟု မှတ်ချက်ချပါသည်။ ဦးသိန်းဟန်က 'အဘိုးကြီးလို့ ခေါ်ရအောင် သိပ် အသက်ကြီးဦးမယ် မထင်ပါဘူးကွာ၊ ခြောက်ဆယ်ကျော်လောက်ပဲ ရှိဦးမယ် ထင်တယ်၊ မဟုတ်ဘူးလား မောင်နွယ်စိုး၊ သူက ဘာလို့ ထော့နင်း ထော့နင်း ဖြစ်နေတာလဲ' ဟု မေးလိုက်ပြန်ပါသည်။

ကျွန်တော်သည် ကုလားထိုင်တစ်လုံးပေါ်သို့ ဖြည်းညင်းစွာ ထိုင်ချလိုက်ရင်း ပင့်သက်တစ်ချက် ရှူလိုက်ပါသည်။ အသာအယာ ခေါင်းခါလိုက်ကာ 'ဦးလေးအကြောင်း ပြောပြရမယ်ဆိုရင် ဆရာတို့ ယုံမှာ မဟုတ်ဘူး၊ ယုံစရာလည်း မရှိဘူး။ သူ့အကြောင်းကို သူက တခြားလူတွေ မသိစေချင်ဘူး။ ဒါပေမဲ့ သူ့ဘဝ တစ်ခုလုံးကို ထိခိုက်ပြောင်းလဲလာစေတဲ့ အဖြစ်အပျက်ကလေးဟာ တော်တော် စိတ်ဝင်စားစရာ ကောင်းတယ်။ သင်ခန်းစာလည်း ရနိုင်တယ်။ အတတ်ပညာ တစ်ခုခု လိုက်စားပြီးတော့ ပေါက်ပေါက်ရောက်ရောက် တတ်လာရင် ဒီအတတ်ပညာရဲ့ စွမ်းရည်ကို တကယ် ယုံကြည်ကိုးစားသင့်တယ် ဆိုတဲ့ အချက်ရယ်၊ ဗုဒ္ဓဘာသာတို့ရဲ့ ကံတရား အစစ်အမှန်ကို အကြွင်းမဲ့

ယုံကြည်ရမယ်။ ဒီလို မယုံကြည်ရင် ယူကျုံးမရ ဖြစ်တတ်တယ် ဆိုတဲ့ အချက်ရယ်၊ ဒီအချက်တွေဟာ ဦးလေးကျမှ သိပ်မှန်နေတော့တာပဲ' ဟု ပြောလိုက်၏။ သူတို့အားလုံးသည် အာရုံစိုက်လာကြပါသည်။ 'ဘယ်လိုလဲကွ၊ မင်းဟာက ဆိုစမ်းပါဦး'ဟု ဦးသိန်းဟန်က ပြောပါသည်။ 'သူ့ခြေထောက် ထော့နင်းထော့နင်း ဖြစ်နေတာနဲ့ ဆိုင်သလား'ဟု ဦးဝန်က မေးပါသည်။ 'ဆိုင်တာပေါ့၊ အဖြစ်အပျက်က ဝတ္ထုကလေးတစ်ပုဒ် ကျနေတာပဲ။ ဟို အနှစ် လေးဆယ်နီးပါး၊ သုံးဆယ့်ငါးနှစ်လောက်က ဖြစ်ခဲ့တာပေါ့။ အမှန်မှာတော့ ဦးလေးဟာ အသက်ခြောက်ဆယ် မပြည့်သေးပါဘူး။ စိတ်ထိခိုက်မှုကို တောက်လျှောက် ခံစားလာခဲ့ရလို့သာ အဘိုးကြီးလို့ ရုတ်တရက် ထင်ရတာပါ။ ဘယ်လို စိတ်ထိခိုက်ခဲ့ရတယ် ဆိုတာ ဆရာတို့ နားထောင်မယ်ဆိုရင် ပြောပြပါမယ်။ ကျွန်တော် ပြောတာကို ဆရာတို့ မယုံချင်လည်း နေကြတော့။ အဖြစ်အပျက်က ယုံဖို့လည်း မကောင်းပါဘူး'ဟု ကျွန်တော်က စကားခင်းလိုက်ရာ သူတို့အားလုံးပင် စိတ်အားထက်သန်စွာ နားစိုက်ထောင်ကြပါတော့သည်။ ကျွန်တော် ပြောသည့် အဖြစ်အပျက်ကလေးမှာ ဤသို့ ဖြစ်ပါသည်။

*

ရန်ကုန် ကောလိပ်ကျောင်းသား မောင်ဘအောင်သည် ထိုခေတ်အခါက သူ့ပတ်ဝန်းကျင် အခြေအနေအရ ဆိုလျှင် အတော်ထူးကဲသူ တစ်ဦးဟု ဆိုရပေမည်။ နိုင်ငံရေးအားဖြင့် နိုးကြားမှု မရှိသေးသော မြန်မာတို့သည် အင်္ဂလိပ်လက်အောက်တွင် အနောက်နိုင်ငံ အယူအဆများ၊ ပညာရပ်များကိုသာ လက်ခံ နှစ်

ခြိုက် လေ့လာလျက် ရှိရာ ထိုခေတ်က ကောလိပ်ကျောင်းသားများသည်လည်း မြို့အုပ် ဖြစ်ဖို့လောက်သာ စိတ်ကူးလျက် မြန်မာစာ၊ မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ပညာရပ်များကို ပြန်စောင်း၍မျှ ငဲ့မကြည့်သည့်ခေတ် ဖြစ်ပေသည်။ မောင်ဘအောင် တစ်ဦးတည်းသာလျှင် ထူးထူးခြားခြား မြန်မာမှုနှင့် မြန်မာ့ပညာရပ်များကို လိုက်စားခဲ့သည်။ မောင်ဘအောင်မှာ အင်္ဂလိပ်စာတွင်လည်း တော်သည်။ သင်္ချာတွင်လည်း တော်သည်။ သို့သော် ဤအရာများကို သူ ဂုဏ်မယူ။ ကောလိပ်ကျောင်းတွင် ဘာသာရပ် အဖြစ်ဖြင့် မသင်ကြားရသည့် မြန်မာစာပေကို မြန်မာပညာရှိများထံ ချဉ်းကပ်၍ နှံ့နှံ့စပ်စပ် လေ့လာနေခြင်းကိုသာ သူ ဂုဏ်ယူသည်။ မြန်မာစာပေကို ဆည်းပူးရင်းအခြား မြန်မာမှုများကိုပါ စိတ်ဝင်စားလာသည်။ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ နက္ခတ်ကျမ်း၊ လက္ခဏာကျမ်းများကို လေ့လာသည်။ ဘားနဒ် ပိဋကတ်တိုက်ရှိ ပေစာများကို ရှာဖွေဖတ်ရှုသည်။ ဤပညာရပ်များအနက် လက္ခဏာပညာကို နှိုက်နှိုက်ချွတ်ချွတ်လိုက်စားမိလာသည်။ အရှေ့တိုင်း လက္ခဏာပညာနှင့် အနောက်တိုင်း လက္ခဏာပညာကို နှိုင်းယှဉ်ကာ ညှိယူသည်။ နာမည်ကျော်ကြားလာသော ကေရို၏ စာအုပ်များကို ဖတ်ရှုသည်။ သုံးနှစ်မျှ လိုက်စားမိသောအခါ မောင်ဘအောင်သည် လက္ခဏာအတတ်ပညာတွင် သူမတူအောင်ပင် ထူးကဲစွာ တတ်လာတော့သည်။ သို့သော် သူငယ်ချင်းများ နောက်ပြောင်မည် စိုး၍ မိမိလက္ခဏာပညာ တတ်ကြောင်းကို အခြားသူများအား အသိမပေးချေ။

မောင်ဘအောင်သည် မြန်မာစာပေနှင့် မြန်မာ့ပညာရပ်များကို နက်နက်နဲနဲပင် တတ်ကျွမ်းနေသော်လည်း တင်းတိမ်ရောင့်ရဲခြင်း မရှိသေးပေ။ သူ၏စိတ်တွင် အားသန် တောင့်တနေခဲ့သည့် အရာကား မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့ပညာရပ်များ၏ မူလဘူတ ပင်ရင်းဌာနဖြစ်သော မန္တလေးမြို့တော်ကြီးသို့ တက်ရောက်ကာ ပညာရှိကြီးများ၊ ပုဏ္ဏားတော်ကြီးများထံမှ အားရပါးရ သင်ကြားလေ့လာနိုင်မှုပင် ဖြစ်သည်။ ထိုအခွင့်အလမ်းမှာ ကျောင်းသားဘဝက မရခဲ့။ ဘီအေ စာမေးပွဲပြီးမှပင် ရခဲ့၏။ မောင်ဘအောင်မှာ အစိုးရအလုပ်ကို လုပ်ရန်ရည်မှန်းထားသော်လည်း မြို့အုပ်စာမေးပွဲ ဝင်ရန် အချိန်လိုသေးသဖြင့် ဘီအေစာမေးပွဲ ဖြေပြီး ပြီးချင်းပင် မန္တလေးသို့ တက်ရောက်ကာ မိမိနှစ်ခြိုက်လှသည့် မြန်မာစာပေ၊ ဗေဒင်ပညာနှင့် လက္ခဏာပညာများကို ကဝိအကျော်အမော်များထံ ချဉ်းကပ်၍ စိတ်တိုင်းကျ ဆည်းပူးလေသည်။ ထိုနှစ်ကား ၁၉၂၁ ခုနှစ်ဖြစ်သည်။ လေးငါးလလောက် ကြာသောအခါ မိဘများက မြို့အုပ်စာမေးပွဲဝင်ရန် ပြန်ခေါ်သဖြင့် ရန်ကုန်သို့ပြန်ရန် ပြင်ဆင်ရတော့သည်။ စာပို့ရထားတွင် ဒုတိယတန်း တစ်နေရာကို ကြိုတင် လက်မှတ်ယူလိုက်၏။

မီးရထားပေါ်သို့ ရောက်သောအခါ မိမိလိုက်ပါမည့် ဒုတိယတန်းတွဲတွင် မိမိတစ်ဦးတည်း မဟုတ်ဘဲ အခြား ခရီးသည် သုံးဦး ပါလာသည်ကို တွေ့ရလေသည်။ ထိုခရီးသည် သုံးဦးမှာ အသက် ၅၀ ကျော် ၆၀ တွင်းရှိ အစိုးရအရာရှိနှင့် တူသူ သားသားနားနား လူကြီးတစ်ဦး၊ သူ၏ မင်းကတော်ဖြစ်ဟန်တူသူ အသက်

၅၀ ခန့်ရှိ ခံ့ခံ့ညားညား မိန်းမကြီးတစ်ဦးနှင့် အသက် ၁၈ နှစ် အရွယ်ခန့်ရှိ လှပချောမွတ် ယဉ်ကျေးသိမ်မွေ့သည် မိန်းကလေး တစ်ဦး ဖြစ်လေသည်။ မြန်မာတို့၏ ထုံးစံအရ မီးရထားထွက်၍ တစ်နာရီအတွင်း၌ပင် မောင်ဘအောင်နှင့် ခရီးဖော်များမှာ အသိ ဖွဲ့မိကြလေသည်။ အဘိုးကြီးမှာ အငြိမ်းစားယူခါစ ရာဇဝတ် ဝန်ထောက် ဦးဘကြူ ဖြစ်ကြောင်း၊ သမီးကလေး ခင်သီလှမှာ ရှစ်တန်းမှ ကျောင်းထွက်ထားကြောင်း စသည်ကို မင်းကတော်ကြီး စကားထဲမှ သိရလေသည်။ မောင်ဘအောင်သည် ဘီအေအောင် ပြီး၍ မြို့အုပ်စာမေးပွဲ ဝင်မည့် သူငယ်တစ်ဦး ဖြစ်ကြောင်းကို သိသွားသဖြင့်လည်း တစ်ကြောင်း၊ အမူအရာ အရည်အသွေး ကြည့်ရခြင်းဖြင့် မိကောင်းဖခင် သားသမီး ပီသကြောင်းကိုလည်း အကဲခတ်မိ၍ တစ်ကြောင်း၊ ဦးဘကြူနှင့် မင်းကတော်ကြီးတို့က ဖော်ဖော်ရွေရွေ အရေးတယူ ပြောဆိုကာ တစ်ဦးနှင့်တစ်ဦး ခင်မင်စ ပြုလာကြလေသည်။ ညစာစားချိန်တွင် မောင်ဘအောင် က ဘူတာစားပွဲရုံတွင် ဆင်း၍ စားရန် ရည်ရွယ်ရင်း ရှိသော်လည်း ဦးဘကြူတို့ မိသားစုက သူတို့မှာ ပါလာသည့် ထမင်း ဟင်းများ ကို တည်ခင်းကာ သူတို့နှင့် အတူ စားပါမည့်အကြောင်း ဖိတ် ခေါ် တိုက်တွန်းလှသဖြင့် မောင်ဘအောင်ကလည်း တိုက်တွန်း ချက်ကို လက်ခံကာ အတူတူ ထမင်းစားကြသည်။ ဦးဘကြူတို့ မိသားစုက တိုက်တွန်းသည် ဆိုရာ၌ သမီးဖြစ်သူက တစ်ခွန်း တစ်ပါဒမျှ ပြောခြင်း မရှိသော်လည်း မောင်ဘအောင်က အတူတူ စားပါမည်ဟု ဝန်ခံလိုက်သည်နှင့် တစ်ပြိုင်နက် နှစ်မြိုက်ဝမ်းသာ သည့် မျက်နှာအရိပ်အယောင်ကိုမူ မောင်ဘအောင်က အကဲခတ် မိလိုက်သည်။

မောင်ဘအောင်နှင့် ဦးဘကြူတို့ မိသားစုသည် အတော်ပင် ရင်းနှီးခင်မင်သွားကာ မောင်ဘအောင်ကို မင်းကတော်ကြီးက သူတို့အလုပ် လုပ်ခဲ့ရသည့် မြို့များအကြောင်း၊ ဆွေမျိုးသားချင်းများအကြောင်း၊ အငြိမ်းစားယူပြီးလျှင် အေးအေးချမ်းချမ်း နေမည့် အကြောင်းများကို ပြောပြရင်း သမီးကလေး တစ်သက်သုံးမကုန်အောင် ပစ္စည်းဥစ္စာ လယ်ယာချောင်းမြောင်း စုဆောင်းထားကြောင်းများကိုပါ ထည့်သွင်းပြောသွားလေသည်။ မောင်ဘအောင် ထံမှလည်း ဆွေမျိုး မိဘ အခြေအနေ၊ အမည်နာမများနှင့် တကွ ဝါသနာစရိုက် အရပ်ရပ်ကိုပါ လိမ္မာပါးနပ် ယဉ်ကျေးစွာ မသိမသာ စုံစမ်း၏။ မောင်ဘအောင် အနေလည်း မိမိအကြောင်း၊ မိမိဝါသနာများကို ဂရုတစိုက် မေးမြန်းသူ မရှိခဲ့ဖူး၍ တစ်ကြောင်း၊ ဤမျှလောက် လှပချောမော၍ ယဉ်ကျေးသိမ်မွေ့သည့် မိန်းကလေးတစ်ဦးအား နီးကပ်ရင်းနှီးစွာ မတွေ့ဖူးသဖြင့် တစ်ကြောင်း၊ မိမိ ကိုယ်ရေးရာဇဝင်များကို စိတ်ပါလက်ပါ အစအဆုံး တစ်ခုမကျန် ပြောပြနေမိတော့သည်။ စက္ကူရှုပေန သံဝါသဟူသော ပါဠိလာ ရှိသည်နှင့်အညီ အပြစ်ကင်းသည့် ခင်သီလှကလေးပေါ်တွင် မေတ္တာစိတ် တဖွားဖွား ယိုစီးလျက် ရှိတော့သည်။ ဦးဘကြူမှာ ရာဇဝတ်ဝန်ထောက် လုပ်ခဲ့သော်လည်း မြန်မာရာဇဝင်နှင့် မြန်မာစာပေများကို အတော်အတန် ခေါက်မိရုံမက ဗဟုသုတ အဝဝ နှံ့စပ်သူ ဖြစ်ရကား မောင်ဘအောင်နှင့် အတော်ပင် အလွမ်းသင့် သွားကာ တစ်ညဦးလုံး ဆွေးနွေးလာခဲ့ကြလေသည်။

ညဥ့်နက်၍ အိပ်ချိန် ရောက်ခါနီးတွင် စာပေအကြောင်း ဆွေးနွေးရာမှ ဗေဒင်ပညာနှင့် လက္ခဏာပညာ စသည်တို့ကို ရောက်သွားရာ မောင်ဘအောင် လက္ခဏာပညာ တတ်ကျွမ်းကြောင်းကို သိရှိသွားကြလေသည်။ မင်းကတော်ကြီးက 'အတော်ပဲ တူမောင်၊ မန္တလေးမှာ ဗေဒင်တို့ လက္ခဏာတို့ မေးမလို့ဟာ ဒေါ်ဒေါ်တို့ အချိန်မရတာနဲ့ မမေးခဲ့ရဘူး။ ကိုင်း ငါ့တူ၊ မင်းဦးရဲ့ လက္ခဏာ ကြည့်ပေးစမ်းပါကွယ်။ တူမောင့်ကို ပုဏ္ဏားလို သဘောထားလို့ မဟုတ်ဘူးနော်။ ခေတ်ပညာတတ်ထဲက ဒေါ်ဒေါ်တို့ လေးစားလွန်းလွန်းလို့ပါ။ တူမောင် မအိပ်ချင်သေးရင်ဖြင့် လက္ခဏာ ဟောစမ်းပါကွယ်'ဟု ပြော၏။

'ဟာ ဒေါ်ဒေါ်ရယ်၊ ကျွန်တော် မတောက်တခေါက်ကလေး တတ်တာပါ။ အိပ်တော့ မအိပ်ချင်သေးပါဘူး၊ ဒါပေမဲ့ ကျွန်တော့်ပညာက နုပါသေးတယ်'

'တူမောင်ကလည်း ဈေးကိုင်နေ ထင်ပါရဲ့။ ဉာဏ်ပူဇော်ခ မရမှာ စိုးလို့ ထင်တယ်'

'ဟာ မဟုတ်ပါဘူး၊ ဒေါ်ဒေါ်'

'ကိုင်း၊ ကိုင်း တူမောင်၊ မင့်ဒေါ်ဒေါ် ကျေနပ်အောင် ဦးရဲ့ လက္ခဏာ ကြည့်ပေးစမ်းပါကွယ်' ဟု ဦးဘကြူကပင် ဝင်ပြောရာ မောင်ဘအောင်မှာ မငြင်းသာဘဲ လိုက်လျောရလေသည်။

မောင်ဘအောင်သည် ဦးဘကြူ၏ လက္ခဏာကို ကြည့်ရင်း နှောင်းဖြစ်ကို ဖတ်ရာ မင်းကတော်ကြီးရော ဦးဘကြူကပါ

ခေါင်းတညိတ်ညိတ်နှင့် မှန်ကန်ကြောင်း ဝန်ခံကြလေသည်။ လက္ခဏာကြည့်ရာတွင် မွေးနေ့၊ မွေးရက်မှ စ၍ မွေးသက္ကရာဇ်ကိုပါ မေးမြန်း တွက်စစ်ကြည့်ရသည်မှာ ထုံးစံ ဖြစ်ပေသည်။

'ဖြစ်ခဲ့တာတွေ ဟောတာတော့ သိပ်မှန်တာပဲ တူမောင်ရေ့။ ကဲ ကဲ၊ ရှေ့ရေးကို ဟောစမ်းပါဦး'

မောင်ဘအောင်သည် ဦးဘကြို၏ လက္ခဏာကို ဆက်လက်ကြည့်ရာ မမျှော်လင့်သည့် အရာကို တွေ့ရသဖြင့် အနည်းငယ် အမ်းသွားလေသည်။ သူ၏ သားရေသေတ္တာထဲမှ မှန်ဘီလူးနှင့် လက်နှိပ်ဓာတ်မီးကို ထုတ်ကာ ဦးဘကြို၏ လက္ခဏာကို သေချာစွာ ထပ်ကြည့်ပြန်သည်။ မွေးနေ့ မွေးရက် သက္ကရာဇ်ကိုလည်း ထပ်လောင်းစစ်ကြော မေးမြန်းလေသည်။ ခဏ တွေဝေနေပြီးနောက်–

'ဦးရယ်၊ ရှေ့ဖြစ်မှာတော့ ထူးထူးထွေထွေ မရှိပါဘူး။ ဦးလည်း အခု အငြိမ်းစား ယူလာပြီ ဆိုတော့ ထူးထူးခြားခြား ရှိဖို့အကြောင်း မတွေ့ဘူးပေါ့၊ အေးအေးချမ်းချမ်း နေရမှာပေါ့'ဟု ပြောလိုက်၏။

'ဟာ– တူမောင်ကလည်း အတိုချုံးတာကိုး၊ အသေးစိတ် ဟောပါဦး၊ သေသေချာချာ ကြည့်ပါဦး'

'ကြည့်ပါကယ် ဒေါ်ဒေါ်၊ ကျွန်တော် ဘာမှမတွေ့လို့ မဟောရတာပါ။ ကျွန်တော့်ပညာက နုပါသေးတယ်လို့ ကျွန်တော် ပြောသားပဲ။ ပြီးတော့လည်း ဒေါ်ဒေါ်၊ ဗေဒင်တို့ လက္ခဏာတို့ ဆိုတာ ဖြစ်ပျက်ခဲ့တဲ့ အတိတ်ကို ဟောရာမှာ မှန်သလောက် မှန်နိုင်တယ်။ ဒါပေမဲ့ ရှေ့ဖြစ်ဆိုတာက အမှန်မှာတော့ ထူးကဲတဲ့

အရဟာတ် ပုဂ္ဂိုလ်တို့မှ မှန်ကန်စွာ သိနိုင်မှာပါ။ ဒီတော့ ဒီလို မသေချာတဲ့ဟာမျိုးကို ကျွန်တော်က အတိအကျ ဟောရင် ကျွန်တော် နာမည်ပျက်စရာ ရှိပါတယ်။ ဒေါ်ဒေါ်တို့နဲ့ ရှေ့ကို အခုလိုပဲ ခင်ခင်မင်မင် သိကျွမ်းနေဖို့ ကျွန်တော် မျှော်လင့်နေပါတယ်။ ဒီတော့ ကျွန်တော် အခု ဟောတာ မှားသွားရင် ကျွန်တော့်ကို လူညာတစ်ယောက်လို့ ထင်မှာ စိုးရိမ်မိပါတယ်'

'ဟာ မဟုတ်တာပဲ၊ ဒေါ်ဒေါ်တို့က ဘယ်ထင်မတုံး'

'ဒေါ်ဒေါ်တို့က မထင်ပေမဲ့ ကျွန်တော်က လိပ်ပြာလုံမှာ မဟုတ်ဘူး။ လူချင်း တွေ့ရင်တောင် နှုတ်မဆက်ရဲအောင် ဖြစ်သွားနိုင်ပါတယ်။ ဒီတော့ ကျွန်တော် မြင်သလောက် အကြမ်းအားဖြင့်ပဲ ဟောပါရစေတော့။ ဦးရဲ့ လက္ခဏာဟာ အင်မတန် ကောင်းပါတယ်။ အပင်အပန်း အပူအပင် မရှိ၊ ငြိမ်းအေးတဲ့ အခြေအနေမျိုး မကြာခင်ရောက်ဖို့ မြင်ပါတယ်။ ဦးက အငြိမ်းစား ယူခါစဆိုတော့ ဒီအမြင်နဲ့ ကိုက်ညီတယ်လို့ ဆိုရပါမယ်။ ဒါလောက်ဆိုရင် ဦးတို့ ဒေါ်ဒေါ်တို့ ကျေနပ်ပါတော့။ တစ်သက်လုံး အလုပ်လုပ်လာတာဟာ ပင်ပန်းခဲ့ရ၊ အနည်းအများ ဆိုသလို ပူပင်ခဲ့ရ မဟုတ်လား ဒေါ်ဒေါ်ရဲ့။ အခု အငြိမ်းစားယူပြီဆိုတော့ အေးအေးပဲ နေရတော့မယ် မဟုတ်လား'

'အေးကွယ်၊ မငြိမ်းမေကလည်း မောင်ဘအောင် ပြောတာ မှန်သားပဲ။ ဒါလောက်ပဲ ဟောနိုင်မှာပေါ့။ ကဲ ကဲ မင်း ဒေါ်ဒေါ်ရဲ့ လက္ခဏာ ကြည့်လိုက်ပါဦး။ သူက ဦးရဲ့ လက္ခဏာ ကြည့်ခိုင်းပေမဲ့ သူ့လက္ခဏာကို အင်မတန် ကြည့်စေချင်နေတာ ဦး သိပါတယ်'

'တော်က ပြောပြီ၊ ဒါပေမဲ့ အမှန်တော့ အမှန်ပဲ။ ဒေါ်ဒေါ် လက္ခဏာလဲ ကြည့်ပေးနော် တူမောင်၊ အိပ်ချင်ပြီလား'

'မအိပ်ချင်သေးပါဘူး ဒေါ်ဒေါ်၊ ကြည့်တာပေါ့'

မင်းကတော်ကြီး ဒေါ်ငြိမ်းမေ၏ လက္ခဏာ ကြည့်၍ ဟောရာ၌လည်း နှောင်းဖြစ်များနှင့် ပတ်သက်၍ မှန်ကန်ကြောင်း အားတက်သရော ဝန်ခံကြလေသည်။ ရှေ့ဖြစ်ကို ဖတ်ရမည့် အပိုင်းသို့ ရောက်လာရာ မောင်ဘအောင်သည် အံ့အားသင့် သွားပြန်သည်။

'ဒေါ်ဒေါ်နဲ့ ဦးရဲ့ လက္ခဏာဟာလေ သိပ်တူတာပဲ။ အသွင်မတူ အိမ်သူမဖြစ် ဆိုတာ ဒါမျိုး ထင်ပါရဲ့။ ဦးကို ဟောသလို အကြမ်းအားဖြင့်ပဲ ဟောပါရစေတော့။ ဒေါ်ဒေါ်လည်း ရှေ့ကို အေးအေးငြိမ်းငြိမ်း နေရမယ်။ ဘာမှ အကြောင့်အကြ ရှိတော့မှာ မဟုတ်ဘူး ဒေါ်ဒေါ်ရဲ့'

မင်းကတော်ကြီးမှာ ကျေနပ်သွားလေသည်။

မောင်ဘအောင်မှာ မူကား မကျေနပ်လှ။ ကြက်သီး တဖြန်းဖြန်း ထလျက် ရှိသည်။

ဦးဘကြူနှင့် မင်းကတော်ကြီးတို့၏ လက္ခဏာများကို မွေးလ၊ မွေးရက်၊ သက္ကရာဇ်နှင့် ကိုက်ညှိတွက်စစ်ကာ အသေ အချာ ကြည့်ခဲ့သည်။ နှစ်ဦးစလုံးပင် မကြာမြင့်မီ တစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း အသေဆိုး သေရမည်ကို တွေ့ရသောကြောင့် မောင်ဘအောင်မှာ စိတ်မချမ်းမသာ ဖြစ်နေသည်။ ရန်ကုန်ရောက် လျှင် သူတို့နှစ်ဦး ကားတိုက်ခံရ၍ သေမည်လား၊ ရောဂါနှင့် ဖြုန်းခနဲ သေမည်လား စသည်ဖြင့် တွေးတောနေမိသည်။ မင်း

ကတော်ကြီး ပြောသည့် စကားထဲတွင် သူနှင့်ဦးဘကြူ ရန်ကုန် ရောက်သည့် နေ့၌ပင် မော်လမြိုင် ဆွေမျိုးများဆီသို့ ခရီးဆက်မည့် အကြောင်း၊ ခင်သီလှအား အဒေါ်များနှင့် ရန်ကုန်တွင် ထားခဲ့မည့် အကြောင်းများလည်း ပါသဖြင့် သူတို့ မော်လမြိုင် အသွားမှာ တစ်ခုခု ဖြစ်လိမ့်မည်လားဟု စိုးရိမ်မိသည်။ ခုမှ တွေ့ရသူများ ဖြစ်သဖြင့် သူတို့၏ အန္တရာယ်၊ သူတို့၏ ကံကြမ္မာကို မြင်ရ သလောက် ဖွင့်ပြော၍လည်း မဖြစ်နိုင်။ ပြောလျှင် သူ့ကို အရူး ထင်သွားလိမ့်မည်။ မကောင်းဆိုးရွား နိမိတ်ဖတ်သူဟု စိတ်ဆိုး ခံရစရာ ရှိသည်။ ဖွင့်မပြောပြန်လျှင်လည်း မောင်ဘအောင် ဘာလုပ်ရမည်နည်း၊ ကျိတ်၍သာ စိုးရိမ်ပူပန် နေရမည်လား။ သူတို့အပေါ်၊ အထူးသဖြင့် ခင်သီလှ အပေါ်မှာ သံယောဇဉ် ငြိတွယ်နေပေပြီ။ အပြစ်ကင်းသူကလေး စိတ်ဆင်းရဲ ဒုက္ခရောက် ရမည့် အရေးကို တွေး၍ မောင်ဘအောင် ပူပန်နေမိသည်။ ခင်သီလှ ... သူ့လက္ခဏာကကော ...။ မောင်ဘအောင်တွင် သိလိုစိတ် ပြင်းပြစွာ ပေါ်လာသည်။

'ဦးနဲ့ဒေါ်ဒေါ်၊ ကျွန်တော့်ကို ရိုင်းတယ်လည်း မထင်ပါနဲ့ နော်။ ဦးနဲ့ဒေါ်ဒေါ်ရဲ့ လက္ခဏာတွေက ရှေ့ရေးမှာ တူလွန်းလို့ သိပ်စိတ်ဝင်စားစရာ ကောင်းတာပဲ။ ဒါကြောင့် ကျွန်တော့်စိတ် ထဲမှာ စူးစမ်းချင်တဲ့ အချက်ကလေးတွေ ပေါ်လာပါတယ်။ ဒီက ညီမကလေးရဲ့ လက္ခဏာကို ဖတ်ဖို့ ခွင့်ပြုနိုင်ရင်တော့ သိပ် ကောင်းမှာပဲ။ အားနာစရာကြီးများ ဖြစ်နေမလား'

'ဟာ၊ ဟုတ်တယ်။ ဒေါ်ဒေါ်ကလည်း ဖတ်ခိုင်းမလို့ပဲ။ တူမောင် ဟောတာတွေ မှန်လွန်းလို့ ဖတ်စေချင်နေတာ၊ အားနာ

စရာ မရှိပါဘူး၊ တူမောင် အိပ်ချင်နေမှာကိုသာ စိုးတာပါ'

'ကိစ္စမရှိပါဘူး ဒေါ်ဒေါ်၊ ဒီက ညီမကလေးက ခွင့်ပြုမယ် ဆိုရင်တော့ ဖတ်ချင်ပါတယ်၊ မကြာပါဘူး'

ခင်သီလှလည်း ခပ်ရှက်ရှက်နှင့်ပင် လက်ကလေး ထိုးပေးရာ၊ မောင်ဘအောင်သည် မှန်ဘီလူးနှင့် အသေအချာ ကြည့်၍ လက္ခဏာ ဖတ်လေသည်။ အသက်အရွယ် ငယ်သေးသူ ဖြစ်၍ ဟောစရာ များများမရှိဟု အကြောင်းပြကာ နှောင်းဖြစ်ကို အကြမ်းဖျင်း သာလျှင် မြန်ဆန်စွာ ဟောလိုက်၏။ မောင်ဘအောင် သိလိုသော အချက်ကိုကား သိရပြီ။ ခင်သီလှ၏ အသက်အရွယ်၊ အချိန်အတိုင်းအတာကို တွက်စစ်ကြည့်လိုက်သောအခါ သူ့မိဘများ အသေဆိုးနှင့် သေရမည့် အချိန်တွင် ခင်သီလှလည်း သေရမည့် အရေးကို သူ့လက္ခဏာက ပြလျက် ရှိသည်။

မောင်ဘအောင်လည်း တော်သင့်သလိုသာ ပြောပြီးလျှင် 'ကဲ ညဥ့်နက်ပြီ ဒေါ်ဒေါ်၊ တောင်ငူဘူတာတောင် ရောက်ပြီ။ အိပ်ကြစို့လား'ဟု ပြောကာ အထက် အိပ်စင်တစ်ခုတွင် မိမိစောင်နှင့် ခေါင်းအုံးကို တင်ထားလိုက်၏။ သို့သော် မအိပ်သေးဘဲ မီးရထား တွဲတံခါး တစ်ခုဆီသို့ သွားကာ တံခါးပြတင်းပေါက်မှ ငေးမျှော်ကာ နေမိ၏။ ဦးဘကြူတို့ မိသားစုလည်း အိပ်ရန်ပြင်ဆင်ကာ အသီးသီး အိပ်ကြလေပြီ။ ခင်သီလှ အိပ်ပျော် မပျော်မူ မသိနိုင်ချေ။ သူလည်း အတွေးနယ်ချဲ့ချင် ချဲ့နေပေလိမ့်မည်။ မောင်ဘအောင်မှာကား အိပ်ရန် စိတ်ပင် မကူးတော့။ အကြီးအကျယ် စိတ်ဒုက္ခရောက်လျက် ရှိသည်။ နေ့ပိုင်း ရက်ပိုင်း အတွင်းတွင် အသေဆိုးနှင့် တစ်ချိန်တည်း သေရမည့် ကံကြမ္မာရှိသူ

သုံးဦးနှင့် ဤသို့ တွေ့ဆုံရသည်ကို မချင့်မရဲ ဖြစ်မိသည်က တစ်မျိုး၊ ခင်သီလကလေးအား ငြိတွယ်မိသော မေတ္တာကြောင့် စိတ်ဆင်းရဲရသည်က တစ်ဖုံ၊ ဖွင့်၍ သတိပေးရမှာလည်း ခက်၊ မပေးလျှင်လည်း ခက်နှင့် မထွေးနိုင် မမျိုနိုင် ဖြစ်နေသည်က တစ်နည်း၊ သနားစရာ မိသားစုအား မည်သို့ လွတ်ကင်းချမ်းသာအောင် လုပ်ရပါမည်နည်းဟု အတွေးရ ကျပ်သည်က တစ်သွယ်၊ အမျိုးမျိုး အဖုံဖုံ သောကတွေ လျှံလျက် ရှိနေသည်။ သူတို့၏ လက္ခဏာများအရ နေ့ပိုင်းရက်ပိုင်းမျှ အကြာတွင် သုံးဦးစလုံးပင် အသေဆိုး သေကြရမည် ဖြစ်သည်။ ခင်သီလကို ရန်ကုန်၌ထားခဲ့၍ သူ့အမေနှင့် အဖေက မော်လမြိုင်သို့ တစ်လ ကိုးသီတင်း သွားလည်မည် ဆိုသောကြောင့် သူတို့ တွေ့ရမည့် အန္တရာယ်ကြီးသည် ရန်ကုန် ရောက်ရောက်ချင်း ကျရောက်စရာ ရှိသည်။ သို့တည်းမဟုတ် ရန်ကုန် မရောက်ခင်ပင် ကျရောက်နိုင်စရာ ရှိသည်။

မောင်ဘအောင်သည် ဤသို့ တွေးနေရာမှ တစ်စုံတစ်ခုကို သတိရလိုက်သကဲ့သို့ လက်နှိပ်ဓာတ်မီးနှင့် မှန်ဘီလူးကို ယူကာ မိမိ၏ လက္ခဏာကို ကြည့်လေသည်။ မောင်ဘအောင်မှာ လက္ခဏာပညာ တတ်မြောက်သော်လည်း ကိုယ့်လက္ခဏာကို ကိုယ်တိုင် အစဉ်ကြည့်နေသူ မဟုတ်ပေ။ ယခုမှပင် ထပ်မံ၍ သေချာစွာ တွက်ချက်စစ်ဆေးကာ ကြည့်မိပေသည်။ လက္ခဏာတို့မည်သည်မှာ တစ်ချိန်လုံး တစ်သမတ်တည်း ပြည့်စုံစွာ ပေါ်လွင်နေသည် မဟုတ်၊ ကျန်းမာရေး အခြေအနေနှင့် ကံကြမ္မာ အခြေအနေအလိုက် ပြောင်းလဲတတ်သည်။ အချို့ လက္ခဏာလမ်း

ကြောင်းများသည် မှိန်သည့်အခါ မှိန်သွားသည်။ ထင်းသည့်အခါ ထင်းလာတတ်သည်။ မောင်ဘအောင်သည် သူ့လက္ခဏာကို သူကြည့်ရာ သူလည်း မကြာမြင့်မီ အချိန်တွင်း၌ အန္တရာယ် အကြီးအကျယ် ကျရောက်ကာ၊ အသက် မသေသော်လည်း ခြေလက်အင်္ဂါ ကျိုးပဲ့ ပျက်စီးစရာအကြောင်း ရှိကြောင်းကို တွေ့ရလေသည်။

ထိုအခါကျမှပင် မောင်ဘအောင်သည် ရှေ့တွင် ဖြစ်ပျက်မည့် အရိပ်နိမိတ်ကို သိမြင်လာတော့သည်။ ဦးဘကြူတို့ မိသားစုသည် သူနှင့် အတူတူပင် တစ်ချိန်တည်းတွင် ကြောက်မက်ဖွယ် အန္တရာယ် ကျရောက်ခြင်း ခံရမည်၊ အန္တရာယ်ကို သူတို့လေးဦး စလုံး မကြာမီ တွေ့ရမည် ဆိုလျှင် တစ်ချိန်တည်း တစ်နေရာတည်း တွေ့ကြမည်သာ ဖြစ်သည်။ မီးရထား စီးနေရင်း အန္တရာယ် အတူတူ တွေ့ကိန်းကြုံနေသည် ဆိုလျှင် မီးရထား မှောက်၍သော်လည်းကောင်း၊ မီးရထားတိုက်၍သော် လည်းကောင်းသာ ဖြစ်ရမည်။ မောင်ဘအောင်သည် ဖြစ်နိုင်လျှင် အခြားတွဲများမှ ခရီးသည်များအား လက္ခဏာ လိုက်ကြည့်ချင်လှသည်။ သို့သော် တစ်တွဲနှင့် တစ်တွဲ ကူး၍ရသည် မဟုတ်သောကြောင့် ဤအကြံမှာ မဖြစ်နိုင်။ မီးရထားကြီး ခုတ်သံသည် မောင်ဘအောင်၏ ရင်တွင်း၌ တဒိန်းဒိန်း ဖြစ်နေသည့် အသံလောက် မကျယ်လှပဟု ထင်မိလေသည်။ သူ့ကိုယ်တိုင်အတွက် ကြောက်ရွံ့ထိတ်လန့်လှသည် မဟုတ်ပေ။ မီးရထားစီးသူ ခရီးသည် အားလုံးအတွက် စိုးရိမ်မိသည်။ အထူးသဖြင့် ဦးဘကြူတို့ မိသားစုကို ကျရောက်မည့်ဘေးမှ ကယ်တင်ကာကွယ်လိုသည်။

မောင်ဘအောင်သည် သူ ဘာလုပ်ရမည်နည်းဟု စဉ်းစား၏။ အန္တရာယ်ကို ရှောင်ရန် နည်းလမ်းတစ်လမ်းသာ ရှိ၏။ မီးရထားတွဲတွင် ရှိသည့် အရေးတကြီး အချက်ပေး သံကြိုးကို ဆွဲ၍ မီးရထား ရပ်ခိုင်းရမည်။ ဤသို့ ရပ်ခိုင်းမှ ခရီးသည်အားလုံး အသက်ချမ်းသာရာ ရမည်။ ဘေးဆိုးကြီးမှ လွတ်နိုင်မည်။ သံကြိုးမှာလည်း သူ ရပ်မှီနေသည့် မီးရထားတံခါး အထက်နားတွင် ရှိသည်။ အလွယ်တကူ ဆွဲလိုက်နိုင်သည်။ သံကြိုးကို လှမ်းဆွဲရန် မော့အကြည့်တွင် "အကြောင်းမရှိဘဲ ဤသံကြိုးကို ဆွဲပါက ဒဏ်ငွေငါးဆယ် တပ်မည်"ဟူသော ကြော်ငြာစာကို တွေ့ရသည်။ လက်ရပ်လိုက်သည်။ ငွေငါးဆယ်ကို နှမြော၍ မဟုတ်၊ မောင်ဘအောင် အတွက် မဖြစ်စလောက်သောငွေဟု ယူဆနိုင်၏။ သို့သော် သံကြိုးဆွဲလိုက်၍ မီးရထား ရပ်သွားသည် ဆိုပါတော့...။

"ဂတ်ဗိုလ်တို့ ဘာတို့ လာမေးတော့ ငါ ဘာပြောမလဲ။ ကျွန်တော် လက္ခဏာဖတ်ပြီး မီးရထား မှောက်မယ်မှန်း သိလို့ မီးရထား ရပ်ခိုင်းတာပါလို့ ပြောရင် ငါ့ကို အရူးလို့ ဆိုမှာပဲ။ ငါပြောတာ မယုံဘဲ မီးရထား ဆက်ခုတ်ရင်လည်း အကြောင်း မထူးဘူး။ ပြီးတော့ ငါ လက္ခဏာပညာကို တတ်တယ် ဆိုပေမဲ့ ငါ မှားချင်လည်း မှားနေမှာပေါ့။ ငါမှားရင် ရှက်စရာကြီးပဲ။ ငါ မမှားနိုင်ဘူးလို့ တထစ်ချ ပြောနိုင်မလား၊ ငါ ဘာလို့ ဒီလောကီ ပညာကို ဒါလောက် ယုံရမှာလဲ။ ဒီပညာဟာကော အစဉ် မှန် ရမယ်လို့ ငါ စိတ်ချနိုင်မလား" စသည်ဖြင့် စဉ်းစားကာ မောင်ဘအောင် သည် ချီတုံချတုံ ဖြစ်နေ၏။

ဤကား မောင်ဘအောင်၏ ပထမ အမှားပင်။

သူ့ပညာ စွမ်းရည်ကို သူ ယုံစားမှု လျော့ပါးသွားခြင်းပင် ဖြစ်သည်။ သူ့ပညာကို သူ ပြစ်မှားမိလိုက်သည်။ သူ့အတတ်ပညာကို သူ ပေါက်ပေါက်ရောက်ရောက် တတ်သလောက် သံသယကင်းစွာ ယုံကြည်ကိုးစားခဲ့ပါလျှင် နောင်တွင် ယူကျုံးမရ ဖြစ်ရမည် မဟုတ်ပေ။

မောင်ဘအောင်သည် ဆက်လက် တွေးနေပြန်သည်။

"ငါမှားတာ မဖြစ်နိုင်ပါဘူး။ ငါ အထပ်ထပ် ကြည့်၊ အထပ်ထပ် တွက်တာပဲ။ ဒီပညာဟာလည်း ငါ ဆရာ့ ဆရာ အမျိုးမျိုးဆီက သင်လာလို့ မမှားနိုင်ပါဘူး။ ဒီ မီးရထား တစ်စင်းလုံးက ခရီးသည်တွေရဲ့ အသက်ဟာ ငါ့လက်ထဲမှာ ရှိတယ်။ ငါ ကယ်မယ်။ တခြားလူတွေက မယုံရင်တောင် ဦးဘကြူတို့ကို မယုံ ယုံအောင် ပြောပြီး ဆင်းနေရစ်ခိုင်းမယ်"ဟု စိတ်ပိုင်းဖြတ်လိုက်ကာ သံကြိုးကို ဆွဲလိုက်ရန် လက်လှမ်းပြီးမှ တစ်ဖန် လက်ရုပ်လိုက်ပြန်သည်။

"ငါတတ်တဲ့ လက္ခဏာပညာဟာ မမှားနိုင်ဘူး ဆိုရင် မီးရထား ရပ်ခိုင်းလို့ကော အကြောင်းထူးမှာလား။ ငါပြောတာ သူတို့ယုံပြီး မီးရထားပေါ်က ဆင်းနေခဲ့ကြတယ် ဆိုပါတော့၊ တခြားတစ်ခုခု မဖြစ်ဘူးလို့ ဆိုနိုင်မလား။ လက္ခဏာအရ သေရမှာပဲ။ ငါလည်း ကျိုးပဲ့မှာပဲ။ ကံစီမံရာ ခံရမှာပဲ။ ဟာ၊ ဒါ မဟုတ်သေးဘူး။ ငါ ဗုဒ္ဓဘာသာပဲ။ ဗုဒ္ဓဘာသာ တရားတော်အရ ဆိုရင် ကံဆိုတာဟာ ရှေးဘဝကံတင် မဟုတ်ဘူး၊ အခု မျက်မှောက်ဘဝမှာ ပြုမူလုပ်ကိုင်မှုတွေကလည်း အကျိုးပေးနိုင်တယ်။ ဘုရားက ဟောတယ် မဟုတ်လား။ ရှေးဘဝကံကိုသာ

ယုံတဲ့လူ၊ ကံစီမံရာကို မလွဲမရှောင်သာဘူးလို့ ယုံတဲ့ လူတွေဟာ မိစ္ဆာဒိဋ္ဌိတွေ လို့။ ရှေးဘဝကံကြောင့် ဖြစ်ပျက်မယ့်ဟာကို ငါ့ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ပြုပြင် ဖန်တီးနိုင်သားပဲ။ ငါ မီးရထားသံကြိုး ကို ဆွဲမယ်"

မောင်ဘအောင်သည် သံကြိုးကို ဆွဲရန် လက်ကို မ လိုက် သည်။ ဆွဲခါနီးကလေးမှပင် "တကယ် ဒီလို ရှောင်လို့ ရပါ့ မလား" ဟူသော သံသယကလေး ဝင်လာရာ လက်ကို ပြန်ချ လိုက်၏။

ဤကား မောင်ဘအောင်၏ ဒုတိယ အမှားပင်။ ဤ အမှားကား ပထမ အမှားထက်ပင် ဆိုးရွားသေးသည်။

မောင်ဘအောင်သည် ဗုဒ္ဓဘာသာတစ်ဦး ပီပီ သဗ္ဗညုတ ဉာဏ်ကို အကြွင်းမဲ့ ရရှိသည့် မြတ်စွာဘုရား ကိုယ်တော်တိုင်က ဟောကြားတော်မူခဲ့သော ကံတရား အစစ်အမှန်ကို တထစ်ချ ယုံကြည်သင့်သည် မဟုတ်ပါလော။ လာမည့် ကံကြမ္မာကို ပညာ စွမ်းအားဖြင့် မြင်နိုင်သည် ထားဦးတော့။ ထို ရှေးဘဝကံကို ယခုဘဝတွင် ပြုမှု၊ ဆောင်မှု၊ ကြံစည်မှု၊ အားထုတ် ကြိုးပမ်းမှု များဖြင့် လွှဲဖယ်ပြုပြင် ပြောင်းလဲနိုင်သည်။ ကံစီမံရာသာဟု ယုံကြည်ကြသူများသည် ပုဗ္ဗေကတ ဟေတုက ဒိဋ္ဌိ အယူများကို လက်ခံသူများ ဖြစ်သည်။ ယခုဘဝ ကံ၊ ဉာဏ်၊ ဝီရိယဖြင့်လည်း ကောင်း၊ ဘုရား တရား သံဃာ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး များကို အောက်မေ့ရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့်လည်းကောင်း၊ ကုသိုလ်အသစ် ပြုရန် အချိန်မရ၊ အခါအခွင့် မရသည့်တိုင်အောင် ပြုခဲ့ဖူးသော ကုသိုလ်များကို ပြန်လည်သတိရကာ ထပ်တလဲလဲ သုံးသပ်ဆင်ခြင် ပီတိပွားခြင်းဖြင့် လည်းကောင်း ရှေးဘဝကံ၏

မကောင်းကျိုး ပေးမှုကို ကာကွယ်တားဆီးနိုင်သည်၊ ပြုပြင်နိုင်သည်၊ ပြောင်းလဲ ဖန်တီးနိုင်သည် ဟူသော ကံတရား၏သဘော အစစ်အမှန်ကို သိပါလျက်နှင့် ဖြစ်မှ ဖြစ်နိုင်ပါ့မလား ဟူသော ယုံမှားသံသယ ရှိမိခြင်းမှာ မောင်ဘအောင်၏အမှား ဖြစ်ပေသည်။

မောင်ဘအောင်သည် မီးရထားတွဲ တံခါးကိုမှီလျက် ချီတုံချတုံ တွေးနေသည်။ ညဉ့်လည်း နက်လှပြီ။ သန်းခေါင် ကျော်လာပေပြီ။ ဘူတာကလေး တစ်ခုကို ဖြတ်ကျော်ရာတွင် မီးရထား အရှိန် အနည်းငယ် လျှော့လိုက်သဖြင့် မောင်ဘအောင်သည် တံခါးပြတင်းပေါက်မှ ခေါင်းပြူထွက်ကာ ကြည့်လိုက်ရာ "တော်ဝိ" ဟူသော ဘူတာအမည် စာတမ်းကို မှုန်မှုန်မွှားမွှား တွေ့လိုက်ရသည်။ မောင်ဘအောင်သည် မီးရထား တွဲတံခါးကို မှီမြဲမှီလျက် ချီတုံချတုံ စိတ်ဆင်းရဲမှုကို ခံနေရသည်။

နောက်ဆုံး ဆုံးဖြတ်လိုက်သည်။ သံကြိုးကို ဆွဲမည်။

မီးရထား သံကြိုးကို ဆွဲရန် လက်အလှမ်းလိုက်တွင် ကြောက်မက်ဖွယ် မြည်ဟည်းသံကြီး ကြားရပြီးလျှင် မောင်ဘအောင်သည် ပွင့်ထွက်သွားသော တံခါးမှ လွင့်စဉ် ကျသွားလေသည်။

၁၉၂၁ ခုနှစ် တော်ဝိနှင့် ပိန်းဇလုပ် အကြားတွင် မီးရထားနှစ်စင်း တိုက်မိရာ လူအမြောက်အမြား ထိခိုက်သေကျေ ပျက်စီးကြသည်။

မောင်ဘအောင်သည် ညောင်လေးပင် ဆေးရုံတွင် သတိပြန်လည် ရလာသောအခါ သူ့ခြေထောက်တစ်ဖက် ဒူးအထက်နားမှ ပြတ်နေသည်ကို တွေ့ရသည်။ ရက်များမကြာမီ သူ့မိဘများ

ရောက်လာကာ ဝိုင်းဝန်းပြုစုကြသည်။ ဦးဘကြူတို့ မိသားတစ်စု အကြောင်းကို မေးမြန်းစုံစမ်းရာ သုံးဦးစလုံး ပွဲချင်းပြီး သေသွားကြောင်း ကြားရသောအခါ မောင်ဘအောင်သည် ပြန်၍ မေ့မြောသွား၏။

*

သူတို့အားလုံး ကျွန်တော် ဓာတ်ကြောင်းပြန်သည်ကို ဆိတ်ငြိမ်စွာ နားထောင်နေကြပါသည်။ အခန်းထဲတွင် အပ်ကျသံတောင် ကြားရမည် ထင်ပါသည်။ ဦးဝန်၏ မျက်နှာပေါ်တွင် အတွေးရိပ်၊ အဆွေးရိပ်များ သမ်းနေသည်။ ဦးသိန်းဟန်ကတော့ တည်ငြိမ်စွာ ရှိလျက် ကဲကြမ္မာ ဖန်တီးပုံကို နက်နက်နဲနဲ တွေးနေဟန် တူပါသည်။ ဒေါက်တာလှကျော်က ငိုင်၍ ငေးနေပါသည်။ သူလည်း သိပ္ပံပညာရှင်တစ်ဦး ဖြစ်သော်လည်း စကားလုံး ကာရန် အပြင်မထွက်သည့် အတွင်းနှလုံးသား ကဗျာဆရာ ဖြစ်ပေသည်။ လောကကြီးကို ခါးစောင်းတင်လာသူ ပါမောက္ခဦးဘညွန့် တစ်ဦးသာ စိတ် သိပ် ထိခိုက်တုန်လှုပ်ပုံ မရ။ ကျွန်တော်က ဓာတ်သိမ်းလိုက်သောအခါ နားထောင်သူများမှာ မှင်တက်မိသလို ခဏမျှ ငြိမ်နေကြသည်။ ဆရာဦးဘညွန့်က ဆိတ်ငြိမ်ခြင်းကို ဖြိုခွင်းလိုက်သည်။ ကုလားသံဝဲဝဲနှင့် ပြောလိုက်သည်။

'တဲခါးဒဲ တေရော'

သည်တော့မှ ကျန်လူများမှာ ပြုံးလာနိုင်ကြသည်။ ကျွန်တော်က ရယ်၍–

'ဟုတ်တယ် ဆရာ၊ ဟိုမိသားစုကတော့ တစ်ခါတည်း သေရောလို့ ဆိုရမှာပေါ့။ ကျွန်တော့်ဦးလေး ဦးဘအောင်ကတော့

အဲဒီကတည်းက စပြီး တစ်သက်လုံး ယူကျုံးမရ ဖြစ်နေတော့ တာပဲ။ အခု အထိပဲ။ သူဟာ ဒါတွေကို မေ့ပျောက်လို့ မရပါဘူး။ ဘယ်သူ့မှလဲ သူ မပြောဘူး။ ကျွန်တော်တောင် ကျွန်တော့်အမေ ပြောပြလို့ သိတာ'

'သူ့အပြစ်မှ မဟုတ်ပဲကွာ၊ မီးရထားတိုက်လို့ သေရတာ ပဲ' ဦးသိန်းဟန်က တရားသူကြီး လေသံမျိုးဖြင့် ချင့်ချိန်စဉ်းစား ကာ ပြောလိုက်၏။

'ဒီလို ကြည့်ရင်တော့ ဟုတ်တာပေါ့ ဆရာ။ ဒါပေမဲ့ သူကတော့ ဟိုတုန်းက သူသာ မီးရထားသံကြိုးကို ဆွဲပြီး မီးရထား ရပ်နိုင်းလိုက်မိရင် ဒီလိုဖြစ်ပျက်မယ် မဟုတ်ဘူးလို့ ယူဆတယ်။ သူက သူ့လက္ခဏာပညာ စွမ်းရည်ကို သံသယ ရှိလိုက်မိတာ ရယ်၊ နောက်ပြီးတော့ ဗုဒ္ဓဘာသာမှာ ရှိတဲ့ ကံတရား အစစ်အမှန် သဘောအတိုင်း သူ ကံ ဉာဏ် ဝီရိယ မသုံးလိုက်မိတာရယ်၊ ဒါ တွေဟာ သူ့အပြစ်တွေဆိုပြီး ယူကျုံးမရ ဖြစ်တာပေါ့။ ကျွန်တော် ထင်တာဖြင့် သူ့အသည်းနှလုံးတွေဟာ အဲဒီနေ့က စပြီး ကွဲအက် ကြေမွသွားတယ် ထင်တယ်'

နားထောင်နေသူများသည် သက်ပြင်း ချလိုက်ကြသည်။ ဒေါက်တာလှကျော်က 'အင်း… ကံ… ကံ'ဟု ညည်းလိုက်သည်။

'ပြင်သစ်လိုတော့ ကံကံဟာ အကတစ်မျိုးပေါ့ကွာ'ဟု မဆွေးလိုသော ဆရာဦးဘညွန့်က ဖောက်လိုက်သည်။

'သူ မြို့အုပ် လုပ်သေးသလား' ဒေါက်တာလှကျော်က ခရေစေ့တွင်းကျ သိချင်ပြန်သည်။

'ဟာ၊ မြို့အုပ်စာမေးပွဲ ဘယ်ဝင်နိုင်တော့မလဲ။ ဘီအယ်

တက်ဖို့တောင် သူ့အမေ အဖေက အတော် ဖျောင်းဖျယူရသတဲ့။ ဒါနဲ့ တစ်ခု ထူးဆန်းတာက အဲဒီနေ့က စပြီး ဗေဒင်တို့၊ လက္ခဏာ ဂို့ ဆိုတာကို သူ တစ်ခါတည်း စွန့်လွှတ်လိုက်သတဲ့။ ပြန်စောင်း တောင် လှည့်မကြည့်တော့ဘူး တဲ့'

'သူ အိမ်ထောင်ပြုသေးသလား' မေးသူက ဦးဝန် ဖြစ်သည်။

'မပြုဘူး၊ တစ်သက်လုံး လူပျိုကြီး လုပ်နေတာပဲ'

'ဩော်...ဩော်...အင်း' ဦးဝန် ကျေနပ်သွားပုံ ရသည်။

'ဘယ်ဘက် ခြေထောက်လည်း ပြတ်သွားတာ။ သူ ခြေတု တပ်ထားရတယ် ထင်တယ်' စူးစမ်းသူကား ဒေါက်တာ လှကျော် ဖြစ်ပါသည်။

'ညာဘက်ခြေထောက် ဒူးအထက်က ပြတ်သွားတယ်။ ခြေတု တပ်တာပေါ့။ သူ့အမေ အဖေက ပိုက်ဆံရှိတယ်။ ဘိလပ်က အကောင်းဆုံး သစ်သားခြေထောက် ဝယ်တပ်ပေး သတဲ့။ အခုခေတ်တော့ ပလတ်စတစ်နဲ့ လုပ်ထားတဲ့ ခြေတုတွေ ရနိုင်လို့ သူလည်း ပြောင်းတပ်မှာပေါ့'

'အင်း၊ တစ်သက်လုံး ခြေထောက်အတုနဲ့ ဆိုတော့ ဒုက္ခ ပဲနော်' ဆရာ ဦးသိန်းဟန်က အတော်သနားပုံ ရသည်။

'ခြင်ကိုက်တော့ သက်သာမှာပေါ့'ဟု ဆရာ ဦးဘညွန့်က နှစ်သိမ့်စရာ၊ ဖြေစရာ ရှာပေးလိုက်သည်။

'နို့၊ သူက ဘာလုပ်ကိုင်စားသလဲ' ဒေါက်တာလှကျော် က စပ်စုပြန်သည်။

'တစ်သက်လုံး အေးအေးဆေးဆေး ရန်ကုန်မှာ ဝတ်လုံ

လိုက်နေတာပဲ။ ပိုက်ဆံရှိတော့ သိပ်လည်း ကြိုးစားပမ်းစား မလိုက်ပါဘူး။ သူ့ရင်ထဲမှာ အဆွေးကလည်း တအုံနွေးနွေး ကိုး’

‘ဟုတ်မှာပဲ၊ ကျွန်တော်တောင်လေ သူ့ကို ခဏပဲ မြင်လိုက်ရပေမဲ့ သူ့မျက်နှာဟာ အဆွေးသမား မျက်နှာလို့ ကျွန်တော် ထင်လိုက်မိတယ်။ သူ့မျက်လုံးအိမ်တွေက ရီမှိုင်းညို့နေတာပဲ’ ဦးဝန်က အကဲခတ်လိုက်မိကြောင်း ဝန်ခံသည်။

‘ငါလည်း သူ ထော့နင်း ထော့နင်းနဲ့ ခြံထဲ ဝင်လာတော့ စိတ်ထဲမှာ နည်းနည်းထူးဆန်းတယ်ထင်လို့ ကြည့်နေမိတယ်။ ဒါပေမဲ့ ခြေတု တပ်ထားတာ သိပ်မသိသာလှဘူးကွ’ ဦးသိန်းဟန်က စိတ်ဝင်စားမိကြောင်း ဖော်ပြသည်။

‘ဒါလောက် ကြာမှတော့ ဆရာ၊ စကောင်းနေချာ ဖြစ်နေရောပေါ့၊ တုတ်ကောက်နဲ့ လျှောက်ရင် ဘယ်သိသာမလဲ။ ဒါပေမဲ့ ခြံထဲ ဝင်လာကတည်းက ကျွန်တော် ထင်လိုက်သားပဲ၊ ခြေတု တပ်ထားတာ ဖြစ်ရမယ်လို့’ ဒေါက်တာလှကျော်က သိပ္ပံပညာရှင်ပီပီ ရှင်းပြသည်။

ထိုအခိုက်အတန့်တွင် အိမ်ရှေ့ဆီမှ ‘ဟော့ မောင်နွယ်စိုးရေ၊ အပုရေ’ဟု အလန့်တကြား အော်၍ ဝင်လာသည့် ဦးလေးဦးဘအောင်ကို တွေ့ရပါသည်။ ကျွန်တော်တို့လည်း အထိတ်တလန့် ထ ကြကာ ထွက်၍ ဆီးကြိုပါသည်။

‘ဟင် ဦးလေး၊ ဘာဖြစ်လာတာလဲ’

ဦးလေးဦးဘအောင်သည် ကုလားထိုင်တစ်လုံးပေါ်သို့ တုန်တုန်ယင်ယင်နှင့် ထိုင်ချလိုက်သည်။

‘ဟာ မပြောချင်ပါဘူးကွာ၊ ငါ ဦးယုခင်တို့အိမ် သွား

တော့ သူ အပြင်သွားတယ်တဲ့။ ဒါနဲ့ ငါလည်း လမ်းတစ်ပတ် လျှောက်ပြီး အပြန် တစ်ခါ ဝင်တယ်။ ခြံထဲလည်း ဝင်မိရော ခွေးနှစ်ကောင် ထွက်ဆွဲလိုက်တာကွာ၊ ငါလည်း အမြန်ဆုံး ဒီ လာခဲ့ရတာပဲ'

'အို ဖြစ်မှ ဖြစ်ရလေ၊ ဘယ်ကို ကိုက်မိသွားသလဲ'

'ခြေသလုံးကွ၊ ငါလည်း မကြည့်ရသေးဘူး'

ဦးလေး၏ လုံချည်အောက်နားမှာ စုတ်ပြတ်နေသည်။ ဘယ်ဘက်ခြေထောက် ခြေအိတ်နှင့် ဖိနပ်ပေါ်တွင် သွေးအနည်း ငယ် ယိုစီးနေသည်။ ကျွန်တော်က ဦးလေး၏ လုံချည်ကို ဘယ် ဘက် ဒူးအထိ ပင့်ကာ အနာကို ကြည့်ပါသည်။ ခွေးကိုက်ရာမှာ မများသော်လည်း တစ်နေရာတွင် အနည်းငယ် နက်နေသည်ကို တွေ့ရသည်။

'ကိစ္စမရှိပါဘူး ဦးလေး၊ မများပါဘူး'ဟု နှစ်သိမ့်စေပြီး ရေအေးတစ်ခွက် အမောပြေ တိုက်ပါသည်။ ကျွန်တော့်ဇနီးသည် က အနာကို ရေနွေးနှင့် ဆေး၊ ဆေးသိပ်၊ ဆေးလူး၊ ပတ်တီးစည်း ပေးခြင်း အလုပ် များနေသည်။

ကျွန်တော့် ဧည့်သည်များလည်း ပျာပျာသလဲ ဝိုင်း၍ စုတ်တသပ်သပ် ရှိနေကြသည်။

ကျွန်တော်ကတော့ မျက်နှာပူနေသည်။ ရင်ထဲက ထိတ် နေသည်။ ကြဲကြဲဖန်ဖန် ဦးလေး တစ်ပတ် ပြန်လှည့်လာမိအောင် ဖန်တီးလိုက်သည့် ကံကို စိတ်ထဲက အပြစ်တင်နေမိသည်။

ဦးဝန်က 'ဟုတ်တယ်၊ ဦးယုခင် အိမ်က ခွေးတွေ သိပ် ဆိုးတာပဲ။ ထားဖို့ မကောင်းဘူး။ ကျွန်တော်တို့တောင် တစ်ခါ တစ်ခါ လိုက်ဆွဲတယ်' ဟု ပြော၏။

'မောင်တို့က ဘာမှ မပြောဘဲကိုး။ ဒီလို ဆိုးတဲ့ ခွေး မထားဖို့ ပြောပါလား'

'အချင်းချင်း ဆိုတော့ အားနာတာနဲ့ မပြောဖြစ်ဘူး။ ပြောတော့ ပြောရဦးမယ် ထင်ပါရဲ့'

'ပြောမှပေါ့။ ဟော့ မောင်နွယ်စိုး၊ ငါ ခွေးရူးဆေးရုံ သွားပြီး ဆေးထိုးရမယ် ထင်ပါရဲ့'

'လိုမယ် မထင်ပါဘူး ဦးလေး။ သူ့ခွေးတွေက ဒီလိုပဲ ကိုက်နေကျပဲ။ ဆိုးတာ သက်သက်ပဲ။ ရူးချင်လို့ ဘာလို့ မဟုတ်ပါဘူး။ အနာ မရင်းအောင် သတိထားပေါ့'

'အေး၊ ခွေး နေကောင်းရဲ့လား ဆိုတာလည်း ကြည့်လိုက်စမ်းပါကွာ။ ငါ ဆေးသွားထိုးတန် ထိုးရအောင်'

ကျွန်တော် စိုးရိမ်နေမိသည့် စခန်းကို ဆရာ ဦးဘညွန့်က စ၍ ဖော်သည်။

'ဦး အိမ်က မထွက်ခင် ကြိုတင် သတိထားလိုက်ရင် ခွေးကိုက်ခံရမှာ မဟုတ်ဘူးနော်'

'မောင့်နွယ် ကြံကြံဖန်ဖန်၊ ကျုပ်က ဘယ်လိုလုပ်ပြီး ခွေးကိုက်ခံရလိမ့်မယ်လို့ သိနိုင်ပါ့မလဲ'

'ဩော်... ကျွန်တော် ပြောတာက ဦး လက္ခဏာ...' ဟု ပြောရင်း စကားဖြတ်လိုက်ကာ 'ကျွန်တော် မေ့သွားလို့' ဟု အပြီး သတ်လိုက်သည်။

ဆရာ ဦးသိန်းဟန်က မျက်စောင်း ထိုးလိုက်သည်။

ဦးလေး ဦးဘအောင်မှာ သူ့အနာ ဆေးထည့်ပေးနေသည်ကို စိတ်ဝင်စားစွာ ငုံ့ကြည့်နေ၍ ဆရာဦးဘညွန့်၏ အမြီး

အမောက် မတည့်သည့် စကားကို ကောင်းကောင်း ကြားလိုက်ဟန် မတူ။

ဒေါက်တာလှကျော်က 'ခွေးကလည်း ဒီဘက် ခြေထောက်မှ ကိုက်တာကိုး။ ဟိုဘက်ဆိုရင် ဘာမှ ဖြစ်မှာ မဟုတ်ဘူး'ဟု ကရုဏာဖြင့် ပြောရာ ဦးလေးက 'ဟင်...'ဟု ဆိုကာ မော့ကြည့်လိုက်၏။

ဆရာ ဦးဘညွန့်က 'ညာဘက် ဆိုရင် ခွေးတောင် သွားကျွတ်ထွက်သွားမယ်'ဟု ဝင်ပြောလိုက်၏။

ဦးလေး ဦးဘအောင်က အနည်းငယ် စိတ်တိုသံဖြင့် 'ဟာ မောင်တို့ကလဲ ဘယ်ဘက်ဖြစ်ဖြစ်၊ ညာဘက်ဖြစ်ဖြစ် အတူတူပေါ့'ဟု ရှုံ့မဲ့ကာ ပြောလိုက်သည်။

သည်တော့မှ ဆရာဦးသိန်းဟန်က ဦးလေး မသိစေချင်သည့် သူ့အကြောင်းကို အလိုက်သိစွာ မသိဟန်ဆောင် နေကြစေချင်သည် ဟူသော အဓိပ္ပာယ်ဖြင့် ကျွန်တော်တို့အား အသာခေါင်းခါပြကာ–

'ဟုတ်တာပေါ့။ အဲ၊ အဲ၊ ဟုတ်တာပေါ့'ဟု ကပျာကယာ ပြောလိုက်၏။

ကျွန်တော့်မှာ အနည်းငယ် စိတ်အေးသွားသည်။ စိတ်အေးမိတာ မှားသည်။

ဦးလေးက မကျေနပ်။ ဒေါက်တာလှကျော်ကို စူးစိုက်ကြည့်ကာ 'ညာဘက် ကိုက်ကိုက်၊ ဘယ်ဘက် ကိုက်ကိုက် နာတာချည်းပဲ၊ သွေးထွက်တာချည်းပဲ မဟုတ်လား'ဟု မေးလိုက်၏။

ဒေါက်တာ လှကျော်မှာ ငြင်းစရာ ရှိလျှင် အလျှော့ပေးသူ မဟုတ်ပေ။ 'ရိုးရိုးဆို ဟုတ်တာပေါ့ ဦးရယ်။ ဒါပေမဲ့ သစ်သား ကိုက်ရင် ဘယ်နှာမလဲ' ဟု ထပ်ကွန့်လိုက်၏။ ဆရာဦးသိန်းဟန် က သူ့အား ခေါင်းခါပြ၏။

ဦးလေးဘအောင် စိတ်ဆိုးလာပြီ။ 'မောင့်နယ် ဘယ့်နယ် ပြောပါလိမ့်၊ ကျုပ်ကို သစ်တုံးများ မှတ်နေသလား'ဟု ခပ်ငေါက် ငေါက် ဆိုလိုက်၏။

ဆရာဦးဘညွန့်က ဖျန်ဖြေလိုသည့် သဘောဖြင့် 'ဩော် ... မဟုတ်ပါဘူး ဦးရယ်။ ကျွန်တော်တို့ ဆိုလိုတာက ဦး သန်မာပုံ ရလွန်းလို့ ဦးရဲ့ အသားတွေဟာ သစ်သားလို မာနေမှာ ပဲလို့ ဆိုလိုတာပါ'ဟု ပြောပြီးလျှင် ဒေါက်တာလှကျော်ကို မျက်စိ မှိတ်ပြလိုက်၏။

'ဟာ၊ ကျုပ်ရဲ့ ညာဘက်ခြေထောက် တစ်ဖက်တည်း သစ်သားလို မာရမှာလား။ မောင်တို့ ပြောတာ မဟုတ်သေးပါဘူး၊ ကျုပ် ထင်တော့ ဒီညာဘက် ခြေသလုံးတောင် ခြစ်မိသွားတယ် ထင်တယ်။ ဟော့ မောင်နွယ်စိုး၊ ကြည့်စမ်း'ဟု ပြောရင်း လုံချည်ကို ဒူးအထိ မ လိုက်ရာ–

'ဟာ...အမွေးတွေနဲ့' ဟု ဦးဝန်က အထိတ်တလန့် အော် လိုက်၏။

ဦးလေးမှာ တကယ် စိတ်တိုလာပြီ။ မျက်နှာ နီလာပြီ။ စိတ်ကို မနည်း ထိန်းထားရပုံ ရသည်။

ကျွန်တော်သည် ဦးလေး၏ ညာဘက်ခြေသလုံးကို ကပျာကယာ ငုံ့ကြည့်ပြီး 'ဘာမှ မဖြစ်ပါဘူး ဦးလေးရဲ့၊ မခြစ်

မိပါဘူး'ဟု ပြောပြီးလျှင် ပြီးချင်း အခြေအနေမှာ မဟန်တော့သဖြင့် 'ဦးလေး၊ ကားနဲ့ အိမ်ပြန်လေ၊ ကြာရင် ခြေထောက်သွေးကျနေမယ်။ ဟော့ ကားထုတ်ခိုင်း ဟော့' ဟု ဦးလေး ပြန်ဖို့ကို အရေးတကြီး စီစဉ်ရပါတော့သည်။

ဦးလေးသည် ကားစောင့်ရင်း မျက်နှာပျက်နေသည့် ကျွန်တော့်ဆရာ တစ်စုကို လက်ချာရိုက်တော့သည်။

'မောင်တို့ မှတ်ထားဖို့က လူဆိုတာ ဓာတ်ကြီးလေးပါး အစုအဝေး၊ ခန္ဓာငါးပါး အစုအဝေးချည်းပဲ။ ဒီခန္ဓာကိုယ်ကြီးမှာ ဘယ်အစိတ်အပိုင်းကမှ ဒီသဘောတရားက မလွတ်ကင်းနိုင်ဘူး။ သွေးသား အတူတူပဲ။ ဖောက်ပြန်မှု၊ မမြဲမှု အတူတူပဲ။ နာတယ်၊ ကျင်တယ်၊ ဝေဒနာ ခံရတယ် ဆိုရင် ခြေဖြစ်ဖြစ်၊ လက်ဖြစ်ဖြစ်၊ ဘယ်အစိတ်အပိုင်းပဲ ဖြစ်ဖြစ် အတူတူချည်းပဲ။ မောင်တို့က တရားကို လုံးဝ မသိဘဲကိုး။ အဲ၊ အဲ တစ်ခုတော့ ရှိတယ်၊ တစ်ခါတလေ ဝေဒနာကို မခံနိုင်လွန်း အားကြီးတဲ့အခါ ထုံသွားတတ်တယ်။ ကျုပ် မြို့အုပ်ဘဝနဲ့တုန်းက သာယာဝတီမှာ မော်တော်ဆိုင်ကယ် မှောက်လို့ ခြေထောက် ကျိုးသွားတယ်။ အဲဒီတုန်းက နာကို မနာဘူး။ အရိုးပြန်ဆက်ဖို့ ဆရာဝန်က ခြေဖျားကနေပြီး ဆန့်ဆွဲလိုက်တော့မှ အရိုးကလည်း ကျောက်ခနဲ ဆက်မိရော၊ နာလိုက်တာ မပြောပါနဲ့တော့၊ မေ့မတတ်ပဲ'

'ဟင်၊ ဦး မော်တော်ဆိုင်ကယ်ပေါ်က ကျလို့ ကျိုးတာလား။ မီးရထားပေါ်က မဟုတ်ဘူးနော်' ဦးဝန်က မေးစရာ မရှိ မေးနေသည်။

'တောက်တီးတောက်တဲ့ ဘယ်က မီးရထားပေါ်က ကျရမှာလဲ။ အဲဒီတုန်းက သာယာဝတီမှာ ဒေါက်တာဦးဖိုးဖေ

ရှိလို့သာပေါ့။ ဒီဆရာဝန်က အရိုးဆက်တာမတော့ ပထမတန်းပဲ၊ သူသာ ဟိုတုန်းက မရှိရင် ခြေထောက် ဖြတ်ပစ်ချင် ပစ်ရမှာ။ အခုတော့ တော်သေးတာပေါ့။ ထော့နင်း ထော့နင်းနဲ့ လျှောက်ရ ရုံပဲ။ အရိုးဆက်တဲ့ဘက်က မသိမသာ တိုနေလို့ ဒီလိုပဲ ထော့နင်း ထော့နင်း ဖြစ်တာပေါ့လေ။ ဒါပေမဲ့ ကံကောင်းတယ်လို့ ဆိုရ မှာပဲ။ ကျုပ်လုပ်ခဲ့တဲ့ နယ်တွေမှာ ဆိုရင် ထော့နင်း အရေးပိုင် လို့တောင် ကွယ်ရာမှာ ဆိုကြတယ်။ ကိုင်း မောင်နွယ်စိုး၊ ကား ရောက်ပြီလား၊ သွားမဟော့'

'ဟုတ်ကဲ့ ဦးလေး၊ ရောက်ပါပြီ၊ အဆင်သင့်ပါပဲ'ဟု ပြောကာ မြန်မြန်ပြန်ပါစေတော့ဟု ဦးလေးကို တွဲကာ ဧည့်ခန်း မှ ဆင်ဝင်ဘက်သို့ ခေါ်လာပါသည်။ ဧည့်ခန်းမှ အထွက်တွင် တစ်ခုခုကို မသိရလျှင် မနေနိုင်တော့သည့် အမူအရာဖြင့် ဦးဝန်က 'ဦး၊ စိတ်လည်း မရှိပါနဲ့၊ ဦး အိမ်ထောင်နဲ့ ထင်ပါတယ်'ဟု မေးစမ်းလိုက်ရာ ဦးလေးက လည်ပြန်လှည့်ကြည့်၍ 'ကျုပ် အသက် နှစ်ဆယ် ကောလိပ်ကျောင်းသား ဘဝကတည်းက အိမ်ထောင်ကျတာ အခုထက်ထိ ကုသိုလ်ကံ ထောက်မလို့ သားစုံ မယားစုံနဲ့ပါပဲ။ ကျုပ်မှာ မိန်းမလည်း ရှိတယ်၊ သားသမီးလည်း ရှစ်ယောက်ရှိတယ်၊ မြေးက တစ်ဆယ့်လေးယောက် ရှိတယ်။ ခွေးနှစ်ကောင်၊ ကြောင်လေးကောင်နဲ့ သာလိကာ တစ်ကောင် လည်း မွေးထားတယ်။ တပျော်တပါးကြီးပေါ့။ ကဲ ဒီ့ပြင် ဘာများ သိချင်သေးသလဲ'ဟု ပြောကာ ကားဆီသို့ ထွက်လာ၏။ အိမ်ရှေ့ ဆင်ဝင်အောက် ကားနားသို့ ရောက်သောအခါ ဦးလေးက အသံ တော်တော်ကျယ်ကျယ်ဖြင့်ပင် 'နေပါဦး မောင်နွယ်စိုးရဲ့၊ မင်းတို့

တက္ကသိုလ်က ဆရာတွေဟာ ဘယ်လို လူစားတွေလဲ။ ဟိုဟာ ပြော၊ ဒီဟာ မေးနဲ့၊ ဦးလေးတော့ ကြုံပဲ မကြုံဖူးပေါင်။ ကလေး တွေ စာသင်ရလွန်းလို့ အူကြောင်ကြောင် ဖြစ်ကုန်ကြတာ ထင် ပါရဲ့'ဟု ညည်းညည်းညူညူ ပြောကာ ကားပေါ်တက်သွား၏။ ဧည့်ခန်းထဲမှ ထွက်လိုက်လာသူ ဆရာတစ်စုမှာ တစ်လုံးမကျန် ကြားသွားကြ၏။

သူတို့လည်း ကျွန်တော့်ကို နှုတ်ဆက်ကာ ပြန်ကြသည်။ နှုတ်ဆက်ပုံက–

ဦးသိန်းဟန်။ ။'မင်းကွာ တို့ကို သက်သက် အရူး လုပ်တာပဲ။ မကောင်းဘူး'

ကျွန်တော်။ ။'မဟုတ်ပါဘူး ဆရာ၊ ဆရာတို့ ပျင်းနေမှာ စိုးလို့ ပုံပြောတာပါ။ ကျွန်တော် ပြောတာ ယုံစရာ မရှိဘူး၊ ယုံဖို့ မကောင်းဘူးလို့ စကတည်းက ကျွန်တော် ပြောထားသားပဲ'

ဦးဝန်။ ။'ခင်ဗျား သိပ်ရှော်တာပဲ။ ခင်ဗျား ဦးလေးက ကျွန်တော်တို့ ဘာထင်မလဲ'

ကျွန်တော်။ ။'သူ့ထင်မြင်ချက် ပြောသွားပါပြီကော။ ကျွန်တော်ကကို သူပြန်လာလိမ့်မယ်လို့မှ မထင်ဘဲကိုးဗျ။ သူသာ ခွေးကိုက် မခံရရင် ခင်ဗျားတို့နဲ့ တွေ့မှာကို မဟုတ်ဘူး။ ကျွန်တော့် ပုံလည်း ဟန်ကျနေမှာ'

ဦးဘညွန့်။ ။'ကိုစိုး သိပ်နောက်တဲ့ အကောင်ပဲ။ အိမ် ကျရင် မအုံး ပြောပြရဦးမယ်'

ကျွန်တော်။ ။ဆရာတို့ စိတ်မဆိုးတာ ဝမ်းသာပါတယ်။ ကျွန်တော်က အပျင်းပြေ ပြောနေရာက ဓာတ်လိုက် ခွေးကိုက်တာ နဲ့ ချော်တော် ငေါ့သွားရတယ်'

ဒေါက်တာလုကျော်။ ။ 'ဆရာစိုးကြီး သိပ်ရှုပ်တာပဲ၊ ခင်ဗျားကို ဒဏ်ခတ်တဲ့ အနေနဲ့ နေ့လယ် လာခဲ့ရမယ်။ မရီကြိန် က ခေါက်ဆွဲကျွေးမယ် တဲ့'

ကျွန်တော်။ ။ 'လာမှာပေါ့၊ အစားဆိုရင် ပေါ့ပါး သွက်လက်ပါတယ်'

သူတို့ ထွက်သွားပြီးနောက် ကျွန်တော်သည် တံခါးဝမှ ငေးနေမိ၏။ တက္ကသိုလ်မှာ နေရသည်မှာ ပျော်စရာ ကောင်း သည်။ စိတ်မဆိုးတတ်သည့် မိတ်ဆွေများနှင့် အပေါင်းအသင်း လုပ်ရသည်မှာ ကုသိုလ်ထူးသည်ဟု ဆိုရမည်။ ကျွန်တော့် ဝတ္ထု ဇာတ်လမ်း အဆုံးသတ်ကျမှ ပျက်သွားရသဖြင့် နမြောသလိုလို ရှိသော်လည်း စောစောစီးစီး မထစကောင်းသည့် တနင်္ဂနွေနေ့တွင် အစောကြီး အိမ်လည် စကားများသည့် ပုဂ္ဂိုလ်ငါးဦးအား ကလဲ့စား ချေလိုက်ရသဖြင့် တစ်မျိုး ကျေနပ်ရပါတော့သည်။ အဝစား ထားသည့် မုန့်ဟင်းခါးလည်း အတော် အစာကြေသွားသည်ဟု ထင်ရပါသည်။

[Max Beerbohm ရေးသည့် ဝတ္ထုတိုတစ်ပုဒ်ကို မှီး၍ ရေးပါသည်။ ပင်ရင်းဝတ္ထု အမည်တော့ အတိအကျ မမှတ်မိတော့ပါ။]

[ငွေတာရီ၊ စက်တင်ဘာ ၁၉၆၀]

## စေတနာရှင်

စေတနာရှင် တစ်ဦးဦးနှင့် တွေ့တိုင်း ကျွန်တော် ထ ပြေးချင်စိတ် ပေါက်မိပါသည်။ စေတနာရှင်များသည် သူတို့၏သွားရာလမ်း မှန်သမျှတွင် စေတနာတွေ အတုံးလိုက် အခဲလိုက် ဖြန့်ကြဲသွား တတ်ကြသလောက် သူတို့နှင့် မတော်တဆ ခရီးကြောင်း ဆုံစည်း မိသူတို့မှာ ယင်းစေတနာ အတုံးအခဲများကို ခလုတ်တိုက်မိကာ ဝေဒနာ ခံရတတ်ပါသည်။ စေတနာရှင် အပေါင်းကို ကြောက် စရာကောင်းသူများဟု ကျွန်တော် အသိအမှတ် ပြုမိသည်မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ နီးပါး အချိန်က စ၍ပင် ဖြစ်ပါသည်။

ထိုစဉ် အခါက ကျွန်တော်သည် လူငယ်များ ကြီးပွားရေး အသင်း၏ အတွင်းရေးမှူး အဖြစ်ဖြင့် ဆောင်ရွက်နေချိန် ဖြစ်ပါ သည်။ ကျွန်တော်က လုပ်ချင်လှ၍ မဟုတ်၊ ကြီးပွားရေးအသင်းကို တည်ထောင်သူလည်း ဖြစ်၊ အသင်း၏ ခေါင်းဆောင်တစ်ဆူ လည်း ဖြစ်သူ ကိုသိန်း (ယခု ဝဏ္ဏကျော်ထင် ကြီးပွားရေး ဦးသိန်း) က လုပ်ရမည်ဟု ခိုင်း၍သာ အတွင်းရေးမှူး လုပ်ရတော့သည်။

ကြီးပွားရေးဦးသိန်းမှာ ယခုထက်တိုင် ကြောက်စရာကောင်းတုန်း ဖြစ်သော အဓိပတိ စေတနာရှင်ကြီးတစ်ဦး ဖြစ်ပါသည်။ သို့သော် ကျွန်တော် ယခု ရေးမည်မှာ ဦးသိန်းအကြောင်း မဟုတ်ဘဲ ဟို တုန်းက စေတနာရှင်ကလေး တစ်ဦးအကြောင်း ဖြစ်ပါသည်။

ထိုနှစ်က အသင်းဥက္ကဋ္ဌမှာ ကိုတင်မောင် (ယခု မြန်မာပိုင် အာမခံကုမ္ပဏီကြီး၏ မန်နေဂျင်း ဒါရိုက်တာ ဦးတင်မောင်) ဖြစ်ပါသည်။ ကိုတင်မောင်နှင့် ကိုသိန်းတို့၏ ခေါင်းဆောင်မှု ကြောင့် လူငယ်များ ကြီးပွားရေးအသင်းမှာ တိုင်းပြည်တွင် ကျော်ကြားလာကာ နယ်၌လည်း အသင်းခွဲများ တစ်နေ့ထက် တစ်နေ့ တိုးတက်များပြားနေသည့် အချိန်ဖြစ်ပါသည်။ ကျွန်တော် တို့ တစ်စုသည် နေ့စဉ်နေ့တိုင်း ညနေဘက်တွင် အသင်း၏ လုပ်ငန်းများကို ဆောင်ရွက်လေ့ ရှိသည်သာမက ကမ္ဘာ့ရေးရာ၊ တိုင်းပြည်ရေးရာများကိုပါ မိမိတို့ဉာဏ်မီသလောက် ဆွေးနွေး လေ့ ရှိပြီးလျှင် ကိုယ့်တိုင်းပြည် ကောင်းအောင် မည်သို့ လုပ်ရပါ မည်နည်းဟု အားတက်သရော ငြင်းကြခုံကြ၊ နည်းလမ်း ရှာဖွေ ကြနှင့် မိုးချုပ်သည်အထိ အသင်းတိုက်၌ တပျော်တပါး နေလေ့ ရှိကြပါသည်။

တစ်နေ့ကျသော် ကိုသိန်းသည် အသင်းစာကြည့်တိုက် ထဲမှ စာအုပ်လေးငါးအုပ် ထုတ်လာကာ ကျွန်တော်တို့အား ဖတ်ရန် တာဝန်ပေးပါတော့သည်။ ‘ဒီထဲမှာ ဘရိန်းဆိုတဲ့ အင်္ဂလိပ် တစ်ယောက်ရေးတဲ့ စာအုပ်တွေ ပါတယ်။ ကုလားပြည်မှာ ကျေး လက်ပြုပြင်ရေးလုပ်ငန်း လုပ်နေပြီ။ ကျွန်တော်တို့လည်း ကိုယ့် တိုင်းပြည် ကောင်းအောင် လုပ်ချင်တယ် ဆိုရင် ကျေးရွာတွေက

စပြီး ကိုင်မှဖြစ်မယ်။ ကျွန်တော်တို့ ကျေးလက်တောရွာ ပြုပြင်ရေးကို စလုပ်ကြရအောင်' ဟု လမ်းစခင်းပါတော့သည်။ ကျွန်တော်တို့ တစ်စုလည်း ယင်းစာအုပ်များ ဖတ်ပြီးလျှင် အလွန်အားကျမိပါတော့သည်။ ကျေးလက်တောရွာ ပြုပြင်ရေးကို စာတွေ့အားဖြင့် နှောကျေနေအောင် ဖတ်ကြသည်။ ဆွေးနွေးကြသည်။ အာသာငမ်းငမ်း ဖြစ်ကြသည်။

ယင်းနှစ် ဖြစ်သော ၁၉၃၄ ခုနှစ် ကုန်ခါနီးတွင် ကိုတင်မောင်နှင့် ကိုသိန်းက ကျေးလက်တောရွာ ပြုပြင်ရေးလုပ်ငန်းကို လက်တွေ့လုပ်ကြမည်။ ဒီဇင်ဘာလ ကျောင်းပိတ် ရုံးပိတ်ရက်အတွင်းတွင် ရန်ကုန် အနီးအနားရှိ ရွာတစ်ရွာသို့ သွားမည်။ စားစရိတ် သောက်စရိတ် မျှခံကာ လိုက်ပါလိုသူများ စာရင်းပေးကြဟု အသင်းသားများအား ကြေညာပါသည်။ ကိုသိန်းက ဘယ်လို ဘယ်နည်း အဆက်ရသည် မသိ၊ ကျွန်တော်တို့ သွားမည့်ရွာက ရွာခံလူကြီးများနှင့် အဆက်ရ၍ ရွာကလည်း ကြည်ဖြူစွာ လက်ခံမည့်အကြောင်း သိကြရသည်။

ကျွန်တော်တို့ တစ်စုမှာ ကျေးလက်တောရွာမှ ရွာသူရွာသားများ၊ တောင်သူလယ်သမားများကို အလွန် ပြုပြင်ချင်သည့်စိတ် ပြင်းထန်နေကြသည်။ သို့သော် ကျွန်တော်တို့အထဲတွင် တောရွာများ၌ နေဖူး ထိုင်ဖူးသူ ထားဦး၊ ညအိပ်ညနေပင် သွားဖူးသူ ရှိမည် မထင်ပါ။ ရွာတစ်ရွာရွာကိုပင် ခဏတစ်ဖြုတ်အလည်အပတ် ရောက်ဖူးသူ နှစ်ဦး သုံးဦးထက် များမည် မဟုတ်ပါ။ တောရွာများ၏ အခြေအနေကို မှန်းဆရော်ရမ်း၍သာ ပြုပြင်ပြောင်းလဲရေး စိတ်အားသန်နေကြသည်။ ရွာသူ ရွာသားများ၊

တောင်သူလယ်သမားများ ဘယ်လို နေထိုင်ကြသည်၊ ဘယ်လို ဝတ်စားကြသည်၊ ဘယ်လို စားသောက်ကြသည်၊ ဘယ်လို အယူအဆ ဓလေ့စရိုက် ရှိကြသည်ကိုမူ ကိုယ်တွေ့အားဖြင့် သိမြင်တွေ့ကြုံဖူးသူများ မဟုတ်ပေ။

ဤအချက်ကို ဆင်ခြင်မိသူ ကိုသိန်းနှင့် ကိုတင်မောင်က ကျေးလက်ပြုပြင်ရေး လုပ်ငန်းအတွက် လိုက်ပါလိုသည်ဟု စာရင်းပေးသူ အသင်းသားများအား အစည်းအဝေးခေါ်ကာ 'ကျွန်တော်တို့ အခုသွားမှာ ကျေးလက်တောရွာ ပြုပြင်ရေး လုပ်ငန်း စတင်လုပ်ကိုင်ဖို့ သွားမှာ မဟုတ်ဘူး။ ကျွန်တော်တို့မှာ စာတွေ့ပဲ ရှိသေးတယ်။ ဒီတော့ ကျွန်တော်တို့ မြန်မာပြည်က ရွာတွေမှာ ဘယ်လိုနေတယ်၊ ဘယ်လိုရှိတယ်၊ဘာပြုပြင်ဖို့လိုတယ် ဆိုတာကို ပထမ လေ့လာကြရမယ်။ တော်တော်ကလေး စုံစမ်းလေ့လာပြီးမှ ပြုပြင်ရေးလုပ်ငန်းဆိုတာ စကြရမယ်။ အခု သွားတာ ပထမအကြိမ်ဖြစ်လို့ အစမ်းသဘော သွားတာပဲ။ အခြေအနေ စုံစမ်းဖို့တင် မဟုတ်ဘူး၊ ဒီလုပ်ငန်းကို လုပ်မယ်ဆိုတဲ့ အသင်းသားတွေဟာလည်း တကယ် လုပ်နိုင်ပါ့မလား ဆိုတာ အကဲခတ်ဖို့ပဲ။ ဒါကြောင့် စည်းကမ်းရှိဖို့ လိုတယ်။ အပင်ပန်းခံနိုင်ဖို့ လိုတယ်။ ပေးတဲ့တာဝန် မှန်သမျှ မညည်းမတွားဘဲ ကျေကျေပွန်ပွန် လုပ်ဖို့ လိုတယ်' စသည်ဖြင့် ဩဝါဒ ပေးပါသည်။ ဘယ်နေ့ ဘယ်ရက်တွင် ဘတ်စကားတစ်စီးဖြင့် ခရီးထွက်မည်၊ ဘယ်ရွာကို သွားမည်၊ ဘယ်နှရက် ကြာမည်၊ လိုက်ပါသူ တစ်ဦးလျှင် စားစရိတ်အတွက် ငွေဘယ်လောက် ထည့်ရမည်၊ ခရီးထွက်မည့်နေ့၌ ဘယ်အချိန်အရောက် အသင်းတိုက်သို့ လာရမည်ဟု မှာကြားပြီးလျှင် လိုက်ပါသူတစ်ဦးလျှင် အဝတ်အစားထည့်သည်အိတ် တစ်အိတ်

စီသာ ယူလာရမည် ဟူ၍လည်း စည်းကမ်းသတ်လိုက်ပါသည်။

ကိုသိန်းနှင့် ကိုတင်မောင်က ကျေးလက်တောရွာ ပြုပြင်ရေးလုပ်ငန်း စတင်လုပ်ရန် မဟုတ်၊ ပဏာမပျိုးသည့် အနေဖြင့် တောရွာအခြေအနေ စုံစမ်းရေး သွားရန်သာ ဖြစ်သည်ဟု ပြောသော်လည်း သတင်းများ၌မူ လူငယ်များကြီးပွားရေး အသင်းက ကျေးလက်တောရွာ ပြုပြင်ရေးလုပ်ငန်းကို ရန်ကုန်အနီး "ကျောင်းကန်ရွာ" တွင် စတင် လုပ်ကိုင်တော့မည်ဟု ခေါင်းစီးကြီးများနှင့် သတင်း ပါလာပါတော့သည်။

ဤသတင်း ပါလာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်နှင့် တစ်ရပ်တည်းသားလည်း ဖြစ်၊ သူငယ်ချင်းလည်း ဖြစ်သူကိုသူတော်က ကျွန်တော့်အား အပူကပ်ပါတော့သည်။ (ယင်းကိုသူတော်သည် ယခု မြန်မာညွန့် ဦးသူတော် လုံး၀ မဟုတ်ပါ။ မန္တလေးသား ဖြစ်သူ မြန်မာညွန့် ဦးသူတော်သည် ထိုစဉ်က ရန်ကုန်၌ အခြေမစိုက်သေးပါ။) ကျွန်တော့်သူငယ်ချင်း ကိုသူတော်သည် ကျွန်တော်နှင့်အတူ စိန်ဂျွန်းကျောင်းတွင် ရှစ်တန်းအထိ နေပြီး ရှစ်တန်းစာမေးပွဲ ကျသဖြင့် ကျောင်းထွက်ကာဖခင် ပွဲစားကြီး၏ လုပ်ငန်းတွင် ဝင်ရောက် ကူညီလုပ်ကိုင်နေသူဖြစ်ပါသည်။ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် ရှိသည့်ပြင် သဘောလည်း ကောင်းသဖြင့် သူ၏ ကုန်သည်ပွဲစားလုပ်ငန်း၌ အတော်ပင် အောင်မြင်ပါသည်။ သဘောကောင်းသည်ဆိုသော်လည်း မဟုတ်မခံတတ်၊ သတ္တိ ရှိသည်။ ကျွန်တော်တို့နေသော ရန်ကုန် အနောက်ပိုင်းတွင် သတ္တိရှိမှလည်း နေလို့ဖြစ်ပါသည်။ ကိုသူတော်သည် မည်သူနှင့်မဆို တည့်အောင် ပေါင်း

တတ်သည်။ တစ်ဖက်သား အပေါ်၌လည်း အလွန် စေတနာထားတတ်ပါသည်။ ကိုသူတော်မှာ ကျောင်းမှထွက်ပြီး လောကကြီးနှင့် ရင်ဆိုင်ရာတွင် ကျွန်တော့်ထက် အများကြီးစောသဖြင့် ကျွန်တော့်ထက် လောကအကြောင်းကို ပိုသိသည်၊ ပိုနားလည်သည်၊ လောကဝါး ဝသည်ဟု ကျွန်တော်က အသိအမှတ်ပြုထားကာ သူ့အား ခင်မင်ရုံသာမက အားလည်း ကိုးမိပါသည်။

ကိုသူတော်သည် အသားခပ်ညိုညို၊ မျက်လုံးမျက်ဖန် ခပ်ကောင်းကောင်း၊ နှာရင်း ခပ်ပြားပြား၊ နှာခေါင်း ခပ်ပွပွဖြစ်၍ သွားအနည်းငယ် ခေါနေခြင်းကြောင့် သူ့ကို လူချောလူလှဟု မခေါ်သာသော်လည်း အရုပ်ဆိုးသည်ဟုလည်း မဆိုသာပါ။ ဆံပင်သန်အောင်ဟု ဆိုကာ ခေါင်းတုံးရိတ်ထားလေ့ ရှိသည်။ (ယခုအထိ ဆံပင်ပေါက်သည်ကို မတွေ့ရသေးပါ။) စကားပြောလျှင် ပြုံးပြုံး ပြုံးပြုံးဖြင့် ပြောင်နေသော ခေါင်းတုံးကလေးကို လက်တစ်ဖက်ဖြင့် ပွတ်ကာပွတ်ကာ ပြောလေ့ရှိသည်။ သူ့ကို တွေ့ရ၊ သိရသူတိုင်း မခင်မင်ဘဲ မနေနိုင်ပါ။ ကိုသူတော် ကျောင်းထွက်ပြီးနောက် ကျွန်တော်နှင့် မတွေ့တစ်ချက်၊ တွေ့တစ်ချက် နေရာကတစ်နေ့သော် ကျွန်တော့်အိမ်သို့ ပေါက်လာသည်။ လူငယ်များကြီးပွားရေးအသင်းက ကျေးလက်ပြုပြင်ရေး လုပ်ငန်းအတွက် ကျောင်းကန်ရွာသို့ ခရီးထွက်မည် ဟူသော သတင်းကြား၍ သူလည်း လိုက်ပါလိုသည်။ တိုင်းပြည်အတွက် တတ်နိုင်သလောက် တစ်ဖက်တစ်လမ်းက လုပ်ချင်သည်ဟု နားပူနားဆာ လုပ်ပါတော့သည်။

ကျွန်တော်က သူ့ကို ကိုသိန်းထံ ခေါ်သွားရာ အသင်း

သား ဖြစ်မှ လိုက်နိုင်မည်ဆို၍ ချက်ချင်းပင် အသင်းဝင်ကြေး နှစ်စဉ်ကြေးအပြင် အလှူငွေပါ ရက်ရက်ရောရော ထည့်ဝင်ပါသည်။ ကိုသိန်းက သူ့ကို တော်တော် သဘောကျသွားပါသည်။ ကျေးလက်ပြုပြင်ရေးလုပ်ငန်း အစုသား အဖြစ်ဖြင့် လက်ခံလိုက်ပါသည်။

ကျောင်းကန်ရွာသို့ သွားရန် ရက်နီးလာလေ ကျွန်တော်နှင့် အိမ်သားအားလုံး ဗျာများလာလေ ဖြစ်ပါသည်။ ကိုသူတော်ကလည်း ခဏ ခဏ လာ၍ ဘာပစ္စည်း ယူရမည်၊ ဘယ်လိုပြင်ဆင်ရမည်ကို ဆွေးနွေးပါသည်။ ခရီးမထွက်ခင် ညတွင် ကျွန်တော် ယူရမည့် အဝတ်အစား ပစ္စည်းများကို စုဆောင်း၍ ပုံထားလိုက်သည်။ တောရွာတွင် နံနက်စောစော ကျမည့် နှင်းဒဏ်နှင့် နေ့လယ်ပူမည့် နေပူဒဏ် ခံနိုင်ရန် ဦးထုပ်၊ နေရှိန် မျက်စိထဲ ထိုးမဝင်နိုင်ရန် နေရောင်ကာမျက်မှန်၊ မြူနှင်းဝေသည့်အခါ အအေးဒဏ်ခံနိုင်ရန် မာဖလာလည်စည်း၊ ဆွယ်တာ၊ ဘလေဇာ ကုတ်အင်္ကျီ၊ ရွှံ့ဖွက်၊ ရေဖွက် အပေခံရန် ရှမ်းဘောင်းဘီ၊ တစ်ပတ်ရစ် တရုတ်ပိုးဘောင်းဘီ၊ ဇင်ဘောင်းဘီရှည် အဖြူ၊ ခြေထောက် အအေးမမိစေရန် ခြေအိတ် လေးငါးရန်၊ ရှူးဖိနပ် တစ်ရန်၊ ကင်းဗတ်ရှူးတစ်ရန်၊ တရုတ်ပွင်းထိုးဖိနပ်၊ ရေချိုးအသွားစီးရန် ခုံဖိနပ် စသည်ဖြင့် မယူမဖြစ် ထင်သည့် ပစ္စည်းများအပြင် 'နင် ခဏခဏ ချွေးထွက်တတ်တယ်၊ လဲဖို့အင်္ကျီ လုံလုံ လောက်လောက် ယူသွား'ဟူသော အဒေါ်များ၏ ဩဝါဒကို မှန်ပေသားပဲဟု လက်ခံကာ ရှပ်အင်္ကျီနှင့် စွပ်ကျယ်အင်္ကျီ တစ်ပုံတစ်ခေါင်း၊ ညဝတ် လုံချည်၊ ရေလဲ လုံချည်၊ ရေချိုးပြီး ဝတ်ရန် လုံချည်၊

နေ့လယ်နေ့ခင်း အနားယူသည့်အခါ ဝတ်ရန် ချည်လုံချည်၊ ရွာထဲသွားသည့်အခါ ဝတ်ရန် တစ်ပတ်ရစ် ပိုးလုံချည်၊ ရွာခံလူကြီးများနှင့် တွေ့ဆုံသည့်အခါ သပ်သပ်ရပ်ရပ် ရှိမှဟု ပိုးလုံချည် အသစ်၊ အပေါ်အင်္ကျီ စသည်ဖြင့် အဝတ်အစားများကို စုပုံလိုက်သောအခါ တစ်ပုံကြီး ဖြစ်နေတော့သည်။

စာရှုသူ မိတ်ဆွေ... ဤနေရာတွင် မမဲ့လိုက်ပါနှင့်၊ မပြုံးလိုက်ပါနှင့်၊ စိတ်ထဲက မကဲ့ရဲ့လိုက်ပါနှင့်။ ဘူဇွာကလေးဟာ သည်လိုပဲဟု မရှုတ်ချလိုက်ပါနှင့်။ မှန်ပါသည်။ ကျွန်တော်တို့ကတော့ ပျော့ညံ့သည့် အတန်းအစားမျိုးထဲက ပါပဲ။ သို့ပေမင့် ပျော့ညံ့သည့် အမျိုးအစား ဆိုပြီး လုံးဝ ဘေးဖယ်နေရတော့မည်လား၊ ကျွန်တော်တို့လို လူစားဟာ ကိုယ့်တိုင်းပြည် ကိုယ့်အမျိုးကို မချစ်ရတော့ဘူးလား၊ ပျော့ညံ့သည့် အတန်းအစားထဲက လာသူများဟာ ကိုယ့်တိုင်းပြည်ကောင်းအောင် လုပ်ချင်စိတ် မရှိရတော့ဘူးလား၊ လုပ်ချင်စိတ်ရှိ၍ စမ်းတဝါးဝါး လုပ်သည့်အခါ အမှားလုံးဝ မရှိရတော့ဘူးလား၊ စာရှုသူ မိတ်ဆွေကော မရောက်ဖူးသော အရပ်မှာ မလုပ်ဖူးသော လုပ်ငန်းကို စေတနာ့ရှင် လူငယ်အဖြစ် လုပ်ရမည် ဆိုလျှင် ကျွန်တော်တို့လို ယောင်ကန်းကန်းနှင့် အမှားတစ်ချက်ကလေးမျှ လုပ်မိမှာ မဟုတ်ဘူးလို့ စိတ်ချရဲ့လား။

ကျွန်တော်က အဝတ် တစ်ပုံတစ်ခေါင်းကြီးကို ကြည့်၍ 'ခက်တာပဲ၊ ကိုတင်မောင်တို့က အိတ်တစ်အိတ်တည်းသာ ယူရမတဲ့' ဟု ညည်းမိရာ၊ ကျွန်တော့်အစ်မက 'အလွယ်သားပဲ၊ တစ်အိတ်တည်းနဲ့ ရပါတယ်'ဟု ဆိုကာ ဂုန်အိတ်လတ်လတ် တစ်ခု မီးဖိုချောင်မှ ထုတ်ယူလာပါသည်။ အဝတ်အစားများ

ထည့်လိုက်ရာ ဂုန်အိတ်မှာ ဖောင်းပွနေပါသည်။ ပခုံးပေါ်တင်၍ ထမ်းကြည့်ရာ ကျွန်တော် ခွေကျသွားပါသည်။ အဒေါ်များက 'ဒီလိုဆိုရင် မဖြစ်ဘူး၊ တပည့်တစ်ယောက် ထည့်လိုက်မှပဲ'ဟု ဆိုကြသည်။ ကျွန်တော်ကလည်း တပည့်တော့ ခေါ်ချင်သည်။ သို့သော် ကိုတင်မောင်နှင့် ကိုသိန်းတို့က ကျေးလက်တောရွာ ပြုပြင်ရေး အသွားမှာ တပည့်ပါနေလျှင် သဘောကျမည် မဟုတ်ကြောင်း ရိပ်စားမိသဖြင့် မခေါ်တော့ပါဘူးဟု ငြင်းလိုက်ရပါသည်။

ကံအားလျော်စွာ ကျွန်တော့်အစ်မက အိတ်တစ်အိတ်ရှာ၍ ရလာပြန်သည်။ စစ်သားများကိုင်သည့် ကစ်ဗက်ခေါ် အိတ်ရှည်ရှည် ဖြူဖြူလုံးလုံးမျိုးထဲက ဖြစ်သည်။ ထောင်ထားလျှင် ပေါင်ရင်းနီးပါးအထိ ရောက်သည်။ ဖယ်တန်သည်ကို ဖယ်၍ မယူ မဖြစ်သည့် ပစ္စည်းများကိုသာ ထည့်လိုက်ရာ ပြည့်သွားပြန်သည်။ ထမ်းကြည့်ရာ သည်အိတ်ကိုတော့ ထမ်းနိုင်သည်၊ နိုင်ရုံ ရှိသည်။ ဆေးဝါး အမျိုးမျိုး၊ ဘီး၊ မှန်၊ ခေါင်းလိမ်းဆီ၊ သွားပွတ်တံ၊ သွားတိုက်ဆေး စသည်ကို လွယ်အိတ်တစ်လုံးနှင့် ထည့်ရပြန်သည်။ "တစ်အိတ်တည်း ယူရမယ် ဆိုပေမယ့် ဒီလွယ်အိတ်လောက် ပိုယူတာကိုတော့ ကိုသိန်းတို့ ပြောမှာ မဟုတ်ပါဘူး"ဟု ကိုယ့်ဟာကိုယ် ပြောမိသည်။

ရန်ကုန်နှင့် ၁၂ မိုင် ၁၃ မိုင်လောက်သာ ဝေးသည့် ကျောင်းကန်ရွာသို့ ခုနစ်ရက်ခန့်မျှ သွားနေရမည့် အရေးကို တွေး၍ ကျွန်တော် လန့်နေသည်။ ကိုသူတော် လိုက်မည် ဆို၍သာ တအားတက်ကာ နောက်မဆုတ်မိတော့သည်။ တိုင်းပြည် ကောင်း

စားစေချင်လျှင် ကျေးလက်တောရွာ ပြုပြင်ရေးကို လုပ်မှဖြစ်မည် ဟူသော ယုံကြည်ချက်မှာ စိတ်တွင် တစ်ဖက်က ထက်သန်နေ သလောက် တစ်ဖက်ကမူ တောရွာဆိုသည်ကို သွားရမှာ ရွံ့တွံ့တွံ့ ဖြစ်နေသည်။ ကျွန်တော်ကဲ့သို့ပင် ရွံ့မိလန့်မိသည့် အသင်းသား များလည်း လိုက်ပါမည့် သူများထဲတွင် ရှိခဲ့လိမ့်မည်ဟု ထင်ပါ သည်။

ကျွန်တော်တို့လို လူစားမျိုးကို ကြည့်ပြီး ဖေဘီယန် ဦးဘခိုင်က လူငယ်များ ကြီးပွားရေးအသင်းသည် လူပေါ်ကြော့ များ ခေါင်းဆောင်သည့်အသင်း ဖြစ်သည်ဟု သူ၏ နိုင်ငံရေး သမိုင်း စာအုပ်တွင် ရေးခဲ့ဟန် တူပါသည်။ သို့သော် သည်လူပေါ် ကြော့ ဆိုသူတွေကပင် စစ်ကြီး ဖြစ်သည့်အထိ ခုနစ်နှစ်လုံးလုံး ကျေးလက်ပြုပြင်ရေးကို မလျှော့သောဖွဲ၊ မဆုတ်မနစ်သောလုံ့လ ဖြင့် လုပ်ခဲ့ကြသည်။ ရန်ကုန်နှင့် ဝေးလံသော ရွာများတွင် ပေါင် လယ်အထိ၊ ခါးအထိ မြုပ်သော ရေထဲရွှံ့ထဲ၌ မျှော့များ၊ ကျွတ်များ အပုံလိုက် အထပ်လိုက်ကို မတွံ့မရွံ့ သွေးလှူခဲ့ကြသည်။အချိန်မှန် မအိပ်ရရုံ၊ အချိန်မှန် မစားရရုံကို စကားထဲပင် ထည့်မပြောကြ။ လုံး၀ မအိပ်ရသည့် ညများ ရှိသည်။ အငတ်ခံရသည့် ထမင်း အနပ်ပေါင်းလည်း မနည်းလှ။ လူပေါ်ကြော့များဟု ဆိုသော်လည်း ငွေရတတ်များ မဟုတ်ကြ၊ လုပ်မှ စားရသူများ ဖြစ်သည်။ စာရေး၊ ကုန်သည်၊ ကျောင်းဆရာ၊ ရှေ့နေ စသည့် လုပ်ငန်းများနှင့် ဝမ်းကျောင်းနေကြသူများ ဖြစ်သည်။ အလုပ်အကိုင်မှ အားသည့် အချိန်တိုင်း ရွာများသို့ သွား၍ ငွေရောလူပါ စိုက်ကာ ရွာသူ ရွာသားများ၏ လုပ်ငန်းအရပ်ရပ်တွင် ဝင်ရောက် လုပ်ကိုင်ပေး

ခဲ့ကြသည်။ ပေါက်တူး ပေါက်ခဲ့ကြသည်။ မြေ သယ်ခဲ့ကြသည်။ ရေတွင်း တူးခဲ့ကြသည်။ ရေကန် ဆည်ခဲ့ကြသည်။ တံတား ဆောက်ရင်း လက်သမား လုပ်ခဲ့ကြသည်။ သစ်ပင် လှဲခဲ့ကြသည်။ အိမ်သာ ဆောက်ခဲ့ကြသည်။ မြောင်းဖောက် လမ်းဖို့ လုပ်ခဲ့ကြသည်။ မီးသွေးဖုတ်ရောင်းသည့် ကိစ္စ၊ ဖက်ခူးရောင်းသည့် ကိစ္စများတွင် လက်ဝါးကြီးအုပ်ထားသော ကုလားများနှင့် ရွာသားများ ယှဉ်ပြိုင်ရအောင် စီစဉ်ပေးခဲ့ကြသည်။ ကုလားများကို ရှုံးခဲ့ကြသည်။

မိမိတို့ကိုယ်တိုင် မတတ်ကျွမ်းသည့် ပညာရပ်များ၊ နည်းနာများ ဖြန့်ဖြူးပေးရန်အတွက် တတ်ကျွမ်းသူ စိုက်ပျိုးရေးဌာန၊ ကျန်းမာရေးဌာန၊ ပညာရေးဌာန၊ သမဝါယမဌာန အရာရှိများအား ပင့်ဖိတ်၍ ဂရုတစိုက် ပြုစုကျွေးမွေးကာ ရွာသူရွာသားများအား လက်တွေ့နည်းနာ ပေးရေး၊ လုပ်နည်းကိုင်နည်း ပြရေး၊ ဟောပြောသွန်သင်ရေး ဖြစ်မြောက်အောင် မနားမနေ စီစဉ်ကြိုးပမ်းခဲ့ကြသည်။ တနင်္ဂနွေနေ့လို တစ်နေ့တစ်ရက်သာ အအားရလျှင် ရန်ကုန်မှ ၃၂ မိုင်ဝေးသော ရဲမွန်ရွာသို့ နေ့ချင်းပြန် သွား၍ ရပ်ရေးရွာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးတွင် ဆရာကြီးဦးဘဇံတို့အား ကူညီလုပ်ကိုင် ပေးခဲ့ကြသည်။ အသွားတွင် နံနက် ၅ နာရီခွဲထွက် ပဲခူးဘတ်စကား စီးသွားနိုင်သော်လည်း အပြန်တွင် ကြုံရာ လော်ရီကားကို အဖိုးအခပေး စီးကာ ဆန်အိတ်၊ ပဲအိတ်၊ မီးသွေးအိတ်၊ ထင်းတုံး စသည်များပေါ်၌ ကသိကအောက် ထိုင်လျက် ပြန်ခဲ့ကြရသည်သာ များသည်။ မိုးစုပ်စုပ်ချုပ်မှသာ အိမ်ပြန်ရောက်လေ့ရှိသည်။

သည်လူပေါ်ကြော့များသည် မိမိတို့အိမ်မှာ အေးအေးဆေးဆေး ထိုင်နေနိုင်လျက် မထိုင်၊ အားသည့်နေ့များတွင် ဖိမ်နှင့် တစ်နေကုန် အိပ်နေနိုင်လျက် မအိပ်။ ပိုသမျှ ငွေကလေးနှင့် အအားရသမျှ အချိန်ကလေးကို ရုပ်ရှင်ကြည့်ခြင်း၊ အလည်အပတ်သွားခြင်း၊ ပျော်ပွဲစားထွက်ခြင်း၊ အဖော်အပေါင်းများနှင့် ပျော်ပျော်ပါးပါး နေခြင်း၊ ကစားခုန်စား လိုက်စားခြင်း၊ ယုတ်စွအဆုံး အနားယူခြင်း ဟူသော ကိစ္စများ၌ မသုံးဘဲ၊ အသွား အစား အအိပ်အနေ အဆင်းရဲ ခံရသော ကျေးလက်ပြုပြင်ရေးတွင် သုံးခဲ့သည်။ ဤသို့ အချိန်အားသမျှ ပေး၊ ပိုက်ဆံအိတ်ထဲက စိုက်၊ လူအပင်ပန်းခံ လုပ်ခဲ့ခြင်းမှာ ကျေးလက်တောရွာ ပြုပြင်ရေးသည် တိုင်းပြည်နှင့်အမျိုး တိုးတက်ရာ တိုးတက်ကြောင်း နည်းလမ်းတစ်လမ်း ဖြစ်သည် ဟူသော ယုံကြည်ချက် အစွဲကြောင့်သာ ဖြစ်ပါသည်။ ကျွန်တော်တို့အတွက် ကိုယ်ကျိုး တစ်ပြားသားမျှ မပါခဲ့ပါ။ မဲဆွယ်ချင်၍လည်း မဟုတ်။ အထင်ကြီးစေလို၍လည်း မဟုတ်။ ရာထူးတိုးချင်၍လည်း မဟုတ်။ အမြတ်ထုတ်ကာ အချောင် ပွရအောင်လည်း မဟုတ်ပါ။

တစ်ခုတော့ ရှိပါသည်။ ကျွန်တော်တို့ တစ်စုမှာ နိုင်ငံရေးတွင် စိတ်မပါ။ ထောင်တန်း အကျခံနိုင်သော သတ္တိမျိုး မရှိ။ ရှိသမျှ စည်းစိမ်ဥစ္စာ အခြေအနေကလေးကို လုံးဝ လက်လွှတ်စွန့်ပယ်ကာ တိုင်းပြည်အတွက် အနစ်နာခံလိုက်မည် ဟူသော စွမ်းရည်လည်း မရှိ။ အစိုးရ လုပ်သမျှ ဆန့်ကျင်ရမည်၊ ဆန့်ကျင်သည့်လုပ်ငန်း မဟုတ်လျှင် ဘာမျှ မလုပ်ရ ဟူ၍လည်း သဘောမပေါက်ဘဲ မိမိတို့အမြင်၊ မိမိတို့ ယုံကြည်ချက်နှင့် ကိုက်ညီသော

လုပ်ငန်းမျိုးကိုသာ လုပ်ခဲ့သည် ဖြစ်၍ လွတ်လပ်ရေး တစ်ခုတည်းကိုသာ ဦးတည်စူးစိုက်၍ မလုပ်ခဲ့ကောင်းလားဟု အပြစ်တင်လျှင် ခံရမည်သာ ဖြစ်သည်။ ပျော့ညံ့သည့် အတန်းအစား၏ အမြင်နှင့် ယုံကြည်ချက် ဖြစ်သည်ဟု စီရင်ချက် ချလျှင်လည်း ခံရမည်သာ ဖြစ်သည်။

လွတ်လပ်ရေးအတွက် ကြိုးပမ်းမှုတွင် အသုံးချရမည့် အင်အားများ၊ စိတ်ဓာတ်များကို လမ်းလွဲကာ အင်္ဂလိပ်အစိုးရ အကြိုက်၊ အင်္ဂလိပ်အစိုးရ အလိုတော်ရိ အဖြစ်ဖြင့် ကျေးလက်ပြုပြင်ရေး လုပ်ကြသည်ဟု စွပ်စွဲခြင်း ခံခဲ့ကြရပါသည်။ ကျွန်တော်တို့ ကိုယ်ကိုတော့ ကျွန်တော်တို့ သိသည်။ အင်္ဂလိပ် အစိုးရအား မျက်နှာလို မျက်နှာရ လုပ်ခြင်း မဟုတ် ဆိုသည်ကို သိသည်။ ကိုသိန်းဟာ အင်္ဂလိပ်သူလျှိုကြီးပဲ၊ သူနှင့် သူ့အပေါင်းပါတွေဟာ ကျေးလက်ပြုပြင်ရေး ဗန်းပြပြီး တိုင်းပြည်ကို လှည့်စားနေတာ၊ ချော့နေတာ၊ လူငယ်တွေ စိတ်ဓာတ်ပျော့အောင် လုပ်နေတာဟု ပုတ်ခတ်ခြင်း ခံရပါသည်။ ဤသို့တိုင် မယုံကြည်သည့် မျိုးချစ်များကမူ အင်္ဂလိပ်အကြိုက် တမင်လုပ်တာ မဟုတ်ပေမဲ့ သူတို့ဟာ ရိုဖောင်းမစ် ပြုပြင်ရေးသမားတွေ၊ ဒါကြောင့် သူတို့ဟာ ကျုပ်တို့ ရယ်ဗော်လူရှင်နေရီ အမြစ်ကစ ပြောင်းလဲပစ်ချင်တဲ့ လူတွေရဲ့ ရန်သူ ဟု သမုတ်လိုက်ပါသည်။ (ကျွန်တော် ဂန္ထလောက စာတည်း လုပ်စဉ်ကလည်း သည်အတိုင်းပင် အပြောခံရပါသည်။)

မည်သို့ပင် စွပ်စွဲပုတ်ခတ် သမုတ်စေကာမူ ကျွန်တော်တို့ လက်တစ်ဆုပ်စာ လူစုကတော့ ကျွန်တော်တို့၏ ယုံကြည်ချက်ကို မြဲမြံစွာ လက်ကိုင်ထား၍ တတ်နိုင်သမျှ လုပ်ကိုင်ခဲ့ကြပါသည်။

အင်္ဂလိပ်လက်အောက်မှ တိုင်းပြည်လွတ်မြောက်ရေးအတွက် မိမိ ယုံကြည်ချက်၊ ရည်မှန်းချက်အရ တကယ် အနစ်နာခံသူ၊ ထောင် တန်း အကျခံသူ၊ စည်းစိမ်ချမ်းသာကို မမက်၊ ရာထူးရာခံကို မမက်၊ ဆင်းဆင်းရဲရဲ နေထိုင်၍ လွတ်လပ်ရေး ကြိုးပမ်းသူများကို ချီးကျူးကြည်ညိုမိသည်ကား အမှန်ပင်။ တတ်နိုင်သမျှ ထောက်ပံ့ အားပေးခြင်း ပြုသည်ကား အမှန်ပင်။ သို့သော် သူတို့လမ်းကား ကျွန်တော်တို့လမ်း မဟုတ်။ သူတို့လမ်း အရလည်း တကယ် လွတ်လပ်ရေး ရနိုင်မည်ဟု ဟိုတုန်းက မထင်ခဲ့ပါ။ (ဒါ ကျွန်တော် တို့ မှားတာပေါ့။) ကျွန်တော်တို့ လမ်းကို ပက်တီးဘူဇွာလမ်း၊ ဖောက်ပြန်ရေးသမားလမ်း၊ အချောင်သမားလမ်းဟု အပြောခံရပေ မင့် ကျွန်တော်တို့ကမူ ကျွန်တော်တို့ကိုယ်ကို ပက်တီးဘူဇွာ ဟူ၍လည်း မမြင်။ ကျွန်တော်တို့ကိုယ်ကို ဖောက်ပြန်ရေးသမား ဟုလည်း မထင်။ အချောင်သမား ဟူ၍လည်း မယူဆ။ ကျွန်တော် တို့ အမြင်မှာကား ကျွန်တော်တို့လည်း မျိုးချစ်ပင်။ ကျွန်တော်တို့ လည်း တိုင်းပြည်ကို ကောင်းစားစေချင်၍ ကောင်းအောင် လုပ်နေ ကြသူများပင်ဟု ကိုယ့်ကိုယ်ကို မြင်ခဲ့မိပါသည်။ ယုံကြည်ခဲ့မိပါ သည်။ (ယခုလည်း မြင်နေမိပါသေးသည်။ ယုံကြည်နေမိပါသေး သည်။)

ဤအမြင်၊ ဤယုံကြည်ချက်များ မှားခဲ့သလား၊ မှားနေ သလား။ တကယ်မှားသည် ဆိုလျှင် လူ့ဘဝသည် တန်ဖိုးမရှိ တော့ပါ။ မျိုးချစ်စိတ်ဓာတ်ကို လူတစ်မျိုး တစ်စားတည်းက၊ တစ်စုတည်းကသာ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ယခုထက်ထိ ကျွန်တော် မယုံကြည်သေးပါ။ တိုင်းပြည်အတွက် လုပ်ကိုင်ရာတွင် အနစ်နာ ခံနိုင်မှု၊ စိတ်ဓာတ်ပြင်းထန်မှုတွင် ကျွန်တော်တို့ထက် အဆ အရာ

အထောင် သာသူများ ရှိနိုင်သည်။ ရှိပါသည်။ ရှိခဲ့သည်။ သို့သော် ကျွန်တော်တို့ကို ခပ်ပျော့ပျော့ အဆင့်အတန်းမှာပဲ ရှိသေးသည်ဟု သတ်မှတ်ချင် သတ်မှတ်၊ ကျွန်တော်တို့ အနေနှင့်တော့ ကိုယ့်တိုင်းပြည်ကို ချစ်သည်။ ကိုယ့်အမျိုးကို ချစ်သည်။ ကိုယ့်အမြင်အရ တိုင်းပြည်နှင့် အမျိုးအတွက် အစွမ်းကုန် ကြိုးပမ်းချင်သည်။ တတ်နိုင်သလောက် ကြိုးပမ်းခဲ့သည်။

လူတိုင်း ဘုရားဆုပန်၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီ ဖြည့်စွမ်းခြင်းငှာ မတတ်နိုင်ပါ။ ဒုက္ခရစရိယာ မကျင့်နိုင်ပါ။ လူတိုင်း ရဟန်းဘောင်တွင် မနေနိုင်ပါ။ ဘုရားဆု မပန်သူတိုင်း၊ ပဗ္ဗဇိတ ရဟန်းပြုကာ ရဟန်းဘောင်တွင် မနေနိုင်သူတိုင်း ဗုဒ္ဓဘာသာ မဟုတ်။ တက္ကဒွန်း တိတ္ထိများ ဖြစ်သည်၊ ဒေဝဒတ် အနွယ်များ ဖြစ်သည်ဟု မယူဆသင့်ပါ။ ဥပသကာ ဥပသကီ ဘဝနှင့်ပင် လောကီ လောကုတ္တရာအကျိုး အားထုတ်သူများ အတွက်လည်း ဤလောကတွင် နေရာ အကွက်ကလေးတစ်ကွက် ခပ်ကျဉ်းကျဉ်းတော့ ရှိသင့်ပါသေးသည်။ သည် ဥပသကာ ဥပသကီများသည် လူကောင်းကြီးတွေ သိပ်မဟုတ်လှလျှင်တောင် လူဆိုးကြီးတွေတော့ မဟုတ်ပါ။ သာသနာ့အန္တရာယ် ရန်စွယ်ဆူးငြောင့် ဖြစ်မည့်သူများ မဟုတ်နိုင်ပါ။ သာသနာ စည်ပင်ပြန့်ပွားရေးကိုပင် အထောက်အပံ့ပြုသူများ ဖြစ်နိုင်ပါသည်။ ကျေးလက်ပြုပြင်ရေးလုပ်ငန်း လုပ်ခြင်းဖြင့် လွတ်လပ်ရေးလုပ်ငန်းကို ထိခိုက်စေသည်ဟု ကျွန်တော်တို့ မယုံကြည်ခဲ့ပါ။ ကျေးလက်ပြုပြင်ရေး လုပ်ငန်းသည်လည်း မျိုးချစ်လုပ်ငန်း တစ်ရပ်ပင်ဟု ယူဆခဲ့ကြပါသည်။

ရာပြည့်စာအုပ်တိုက်

ထို့ကြောင့် ကျွန်တော်တို့ လုပ်ခဲ့သော ကျေးလက်တောရွာ ပြုပြင်ရေးကို မည်သူက မည်သို့ပင် ပြက်ရယ်ပြု၍ မည်သို့ပင် တန်ဖိုးမထားစေကာမူ၊ မည်သို့ပင် စွပ်စွဲပုက်ခတ် သမုတ်စေကာမူ မည်မျှ လုပ်ခဲ့သည်ကို ကိုယ်တိုင်သိသူ ကျွန်တော်တို့မှာတော့ ယခု အနှစ် ၃၀ အကြာတွင် အားရနှစ်သိမ့်စွာ ပြန်လည်သုံးသပ် သတိရနိုင်ပါသည်။ ပြန်တွေးကြည့်တိုင်း ကိုယ့်ကိုယ်ကို ကျေနပ်နိုင်ပါသည်။ ကျွန်တော်တို့ ချလိုက်သော စိတ်ဓာတ်မျိုးစေ့သည် အပင်ပေါက်ခဲ့ရုံသာမက ယခုအခါ ရှင်သန်ထွားကျိုင်းနေပြီဟု ယူဆပါသည်။ ကျေးလက်တောရွာ ပြုပြင်ရေး ဟူသော ဝေါဟာရကို မသုံးကြစေကာမူ လွတ်လပ်ရေး ရပြီးသည့်နောက် လူထုပညာရေး၊ လူမှုဝန်ထမ်း စသည့် တိုင်းပြည်ပြု လုပ်ငန်းအချို့သည် ကျွန်တော်တို့ လွန်ခဲ့သည့် အနှစ် ၃၀ က ကျေးလက်ပြုပြင်ရေးဟု အစပျိုးခဲ့ခြင်းကြောင့်သာ ပြန့်ပွားစည်ပင် လာသည်ဟု ထင်မြင်ပါသည်။

သို့သော် ကျေးလက်ပြုပြင်ရေးလုပ်ငန်း၏ ပထမဦးဆုံး အစဖြစ်သော ကျောင်းကန်ရွာသွားသည့် အချိန်၌ကား ကျွန်တော်တို့မှာ ပျော့ညံ့သည့် အတန်းအစားမှ လူပေါ်ကြော့ပိပိ ရွာဆိုတာ ဘယ်လိုလဲဟု တကယ် မသိကြသူများ ဖြစ်သည်။ တိုင်းပြည်၌ ဤအလုပ်မျိုး တစ်ခါမျှ မလုပ်ဖူးသေး၍လည်း နမူနာယူစရာ၊ အတုခိုးစရာ မရှိ။ မည်သူကမျှလည်း လမ်းမပြနိုင်၊ မညွှန်ကြားနိုင်။ မည်သူ့ လက်တွေ့ ဗဟုသုတကိုမျှလည်း အသုံးမချနိုင်။ စေတနာသာ အရင်းခံရသည်။ အတွေ့အကြုံ မရှိ။ စာတွေ့ *နှင့် စိတ်ဓာတ်ကို အခြေပြုကာ ရည်မှန်းချက်ကို ဦးတည်ခဲ့ကြရ*

သည်။ ရည်မှန်းချက် ဆိုသည်မှာလည်း ခေါင်းဆောင်ဖြစ်ကြသူ ကိုတင်မောင်နှင့် ကိုသိန်းတို့၌သာ ပြတ်ပြတ်သားသား ရှိသည်။ ကျွန်တော်တို့လို နောက်လိုက်များမှာ ဝိုးတိုးဝါးတားပင်။ နောက် တစ်နှစ် ဆရာကြီး ဦးဘလွင် ခေါင်းဆောင်ဦးစီးသော ကျေးလက် ပြုပြင်ရေးအသင်း သတ်သတ်ဖွဲ့စည်း၍ ဒေါ်မေဆက် တို့နှင့်အတူ ပါဝင်လုပ်ကိုင် ဆောင်ရွက်ကြသော အခါကျမှပင် တစ်စတစ်စ နှင့် ဘာအတွက် ဘာကို ဘယ်လိုလုပ်ရမည် ဆိုသည်ကို သိရှိ နားလည်လာကြသည်။ လက်တွေ့ဗဟုသုတ ပြည့်ဝလာပြီး လုပ်ရည်ကိုင်ရည် တိုးတက်လာပါတော့သည်။

ကျောင်းကန်ရွာသို့ ခရီးထွက်မည့် မနက်တွင် ကိုသူတော် လောဆော်၍ လာခေါ်သော ကျေးဖူးကြောင့် အသင်းတိုက်သို့ အချိန်မီ ရောက်သွားကြပါသည်။ ကျွန်တော့် ကစ်ဗက်အိတ်ကြီး ကို မြင်သောအခါ ကိုတင်မောင်က ပြုံးသည်။ ဘာမျှ မပြော။ ကိုသိန်းက မျက်စောင်းထိုးကြည့်ကာ မဲ့သည်။ ဘာမျှ မပြော။ စင်းလုံးငှားထားသော ဘတ်စ်ကားပေါ်သို့ ပစ္စည်းများ တင်ကာ ကျွန်တော်တို့ ခရီးစကြသည်။ အသင်းသား မဟုတ်သူ မျက်နှာ စိမ်းများကိုလည်း ဘတ်စ်ကားပေါ်တွင် တွေ့ရသည်။ ကိုတင် မောင်နှင့် ကိုသိန်းက 'ဒါက ဒေါက်တာ သာဆိုင်၊ ကျောင်းကန် ရွာရဲ့ ကျန်းမာသန့်ရှင်းရေး စုံစမ်းပြီး တိုးတက်အောင် နည်းလမ်း ရှာဖွေပေးဖို့နဲ့ ကျွန်တော်တို့ အဖွဲ့သားများ ကျန်းမာရေး ကြည့်ရှု စောင့်ရှောက်ဖို့ လိုက်လာတာ။ ဒါက ဦးချစ်တင်၊ မြူနီစီပယ်က ကာယဗလ ပညာ သင်ကြားရေးဆိုင်ရာ အရာရှိ။ ရွာမှာ ကာယ ဗလ ဖွံ့ဖြိုးရေး အခြေစိုက်ဖို့ရော ကျွန်တော်တို့ရဲ့ ကာယဗလ

ကောင်းမွန်ရေး ကြီးကြပ်ဖို့ပါ လိုက်လာတာ။ ဒါက ဦးပုကလေး၊ သူရိယသတင်းစာ သတင်းအယ်ဒီတာကြီး။ ကျွန်တော်တို့ လုပ်ငန်းကို အားပေးဖို့နဲ့ သတင်းစာထဲမှာ မှတ်တမ်းတင်ဖို့ လိုက်လာရတာ' စသည်ဖြင့် မိတ်ဖွဲ့ပေးပါသည်။

ဘတ်စ်ကားပေါ်တွင် အသင်းသား ဆယ့်လေးငါးဦး ပါလာပါသည်။ ကြီးပွားရေး ကိုလှ (ယခု လူထုဦးလှ)၊ ကိုထွန်းလှ (လောကစံ ဦးထွန်းလှ)၊ တွဲဖက် အတွင်းရေးမှူး ကိုကျော်ညွန့် (ယခု ထောင်မှူး ဦးကျော်ညွန့်)၊ ကိုကျော်မြင့် (ယခု လူငယ်များ ကြီးပွားရေးအသင်း ဥက္ကဋ္ဌ၊ ဝန်ကြီးဟောင်း ဦးကျော်မြင့်)တို့မှာ ကျွန်တော်နှင့် အတော် ခင်မင်ရင်းနှီးသူများ ဖြစ်၍ ကိုသူတော် နှင့် မိတ်ဆက်ပေးလိုက်ပါသည်။ (ကျွန်တော် ဖော်ပြသူများသည် ယခုအခါ ဝါကြီး၊ သိက္ခာကြီး၊ ဂုဏ်ကြီး ဒြပ်ကြီးနှင့် ဖြစ်နေသော် လည်း ထိုစဉ်က အချင်းချင်း ခေါ်ဝေါ်ခဲ့သည့်အတိုင်း "ကို"နှင့် တပ်၍ ရေးခြင်းကို ခွင့်လွှတ်နိုင်ကြလိမ့်မည်ဟု ထင်ပါသည်။)

ကိုလှမှာ ကြီးပွားရေးမဂ္ဂဇင်းကို ထုတ်ဝေသူ အယ်ဒီတာ ဖြစ်ပါသည်။ အစက ကြီးပွားရေး မဂ္ဂဇင်းကို အသင်းက ပိုင်ဆိုင် သည်၊ ထုတ်ဝေသည်ဟု ကျွန်တော် ထင်ခဲ့ရာ အတွင်းရေးမှူး ဖြစ်လာမှပင် မဂ္ဂဇင်း၏ ငွေရေးကြေးရေးကို အသင်းက တာဝန်ယူ ခြင်း မရှိ၊ ဆောင်းပါးများ စီစဉ်ထည့်သွင်းရေးနှင့် အယ်ဒီတာ၏ လုပ်ငန်းအဝဝတွင် အသင်းက ဦးစီးချုပ်ကိုင်ခြင်း မရှိ၊ ဝင်ရောက် စွက်ဖက်ခွင့် မရှိ ဟူသော အချက်များကို သိလာရပါသည်။ အများကမူ ကြီးပွားရေး မဂ္ဂဇင်းကို လူငယ်များ ကြီးပွားရေး အသင်းက ထုတ်ဝေသည့် မဂ္ဂဇင်းဟုပင် ယူဆထားကြပုံ ရပါ

သည်။ ကြီးပွားရေး မဂ္ဂဇင်းမှာ ကိုလှ၏ ကိုယ်ပိုင်မဂ္ဂဇင်း ဖြစ်သော်လည်း အသင်း၏ဝါဒနှင့် အာဘော်ကိုလည်းကောင်း၊ အသင်း၏လုပ်ငန်းများကိုလည်းကောင်း အသားပေး၍ ဖော်ပြသော မဂ္ဂဇင်းဖြစ်သဖြင့် လူငယ်များ ကြီးပွားရေးအသင်းနှင့် ကြီးပွားရေးမဂ္ဂဇင်းမှာ ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ အတုံ့အပြန် ကျေးဇူးပြုလျက် ရှိပါသည်။ (လွတ်လပ်ရေးခေတ် အစပိုင်းတွင် မတော်တဆ သေနတ်မှန်၍ ကွယ်လွန်သွားရှာသော) သတင်း အယ်ဒီတာကြီး ဦးပုကလေးနှင့် ကိုလှတို့ ခင်မင်သဖြင့် ကျွန်တော်တို့လုပ်ငန်းများကို သူရိယသတင်းစာမှ တစ်ဆင့် တိုင်းပြည်သိအောင် သတင်းဖြန့်ဖြူးပေးရေးမှာ အတော် ထိရောက်ပါသည်။ ဒေါက်တာသာဆိုင် (ယခု အရေပြားရောဂါကု နာမည်ကျော် ဆရာဝန်ကြီး) သည် ကျောင်းကန်ရွာမှ ပြန်လာပြီးနောက် ကျွန်တော်တို့ အသင်းသား ဖြစ်လာပါသည်။ ဘတ်စ်ကားပေါ်တွင် ကိုတင့်ဆွေ (ကွယ်လွန်သူ၊ သီဟိုဠ်သံအမတ်ကြီး ဦးတင့်ဆွေ)လည်းပါလာပါသည်။ ကိုတင့်ဆွေမှာ ကိုသူတော်ကဲ့သို့ပင် ကျေးလက်ပြုပြင်ရေးလုပ်ငန်းကို သဘောကျ၍ ခရီးမထွက်ခင်ကလေးတွင်မှ အသင်းဝင်လာသူ ဖြစ်ပါသည်။ ကျွန်တော်နှင့် အစကတည်းကပင် ဆွေမျိုးပမာ ခင်မင်ရင်းနှီးသူ ဖြစ်ပါသည်။ ကျွန်တော့်ထက်တော့ အသက်ကြီးပါသည်။

ကျွန်တော်တို့နှင့် အတူ ဘတ်စ်ကားထဲတွင် ဂုန်နီအိတ်ကြီးများ၊ တောင်းများ၊ စက္ကူသေတ္တာများ၊ စာအုပ်ထုပ်ကြီးများတွေ့ရှိသဖြင့် ဘာတွေလဲဟု မေးမိပါသည်။ စာအုပ်ထုပ်ကြီးများမှာ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် စာအုပ်တိုက်များမှ အလှူခံ

လာသော စာနယ်ဇင်းနှင့် မြန်မာစာအုပ်များ၊ ကျန်းမာရေးဌာန၊ စိုက်ပျိုးရေးဌာန စသည်မှ တောင်းခံလာသော တောင်သူလယ်သမား ပညာပေးစာတမ်းများ ဖြစ်၍ ကျောင်းကန်ရွာနှင့် အနီးအနား ရွာများတွင် ဖြန့်ဖြူးဝေငှရန်ဟု သိရပါသည်။ ကျန်ပစ္စည်းများမှာ စားစရာ သောက်စရာများဟု သိရှိရသဖြင့် ကျွန်တော် ဝမ်းသာသွားပါသည်။

'ရွာကို ရောက်လျှင် ကျွန်တော်တို့ဟာ ကျွန်တော်တို့ ချက်စားမယ်။ ရွာကလူတွေကို ကူညီဖို့သွားတဲ့ ကိစ္စမှာ စားရေးသောက်ရေးနဲ့ပတ်သက်လို့ ကျွန်တော်တို့အတွက် တတာဝန်မဖြစ်စေရဘူး။ ဒါကြောင့် စားဖို့သောက်ဖို့အတွက် ဖူဖူလုံလုံ ယူခဲ့တယ်'ဟု ကိုတင်မောင်က ပြောပါသည်။ ကျွန်တော် အတော်အားတက်သွားပါသည်။ ငါးသေတ္တာက ဘယ်အိတ်ပါလိမ့်၊ ဟိုစက္ကူသေတ္တာထဲမှာတော့ ဝက်အူချောင်းတွေ ထင်ပါရဲ့။ နေ့လယ်စာအတွက် ဘီစကွတ်တို့၊ ချိ(စ်)တို့၊ ယိုတို့၊ ထောပတ်တို့က ဟိုနားက အိတ်ထဲမှာ ဖြစ်မှာပဲ။ ရောက်ရောက်ချင်း စားဖို့ ဘဲကင်တို့၊ အခေါက်ကင် အသားကင် ထမင်းကြော်တို့ကတော့ ဟိုစက္ကူသေတ္တာတွေထဲမှာနဲ့ တူတယ်။ ပေါင်မုန့် ဖူဖူလုံလုံ ပါပါလိမ့်မယ် ထင်ပါရဲ့။ ငါးပိကြော်လည်း လုံလုံလောက်လောက် ပါကောင်းပါရဲ့။ ချော့ကလက်တော့ မယူခဲ့ရင်လည်း နေပေစေ၊ တို့ဟာ မြိုးမြိုးမြက်မြက် စားသောက်ရမယ် မဟုတ်လား စသည့် အတွေးများဖြင့် ပစ္စည်းများကို စိုက်ကြည့်နေမိပါသည်။ ကျွန်တော်ကြည့်နေသည်ကို မြင်သဖြင့် ကိုသိန်းက 'ဒါက ဆန်အိတ်၊ ဟိုဟာက ကုလားပဲအိတ်၊ ဒီအိတ်က ငါးခြောက်၊ ဒါက ငရုတ်သီး

ထုပ်၊ ဟိုတောင်းတွေက ခရမ်းသီး၊ ရုံးပတီ၊ အာလူးနဲ့ ပဲတောင့်ရှည်တောင်းတွေ၊ အဲဒီဘက် ဆီပုံးပေါ်မှာက ကြက်သွန်အိတ်၊ ဟိုအထုပ်က ရွှေဖီလက်ဖက်ခြောက်၊ ဟိုနားက ဆားထုပ်နဲ့ မန်ကျည်းမှည့်ထုပ်၊ ဒီအစည်းတွေက တစ်နေ့စာထင်း'ဟု တစ်ခုစီ ပြောပြပါသည်။ 'ဘဲဥတော့ ရွာမှာ ဝယ်မယ်၊ နောက်နေ့တွေအတွက် ထင်းလည်း ရွာမှာပဲ ဝယ်မယ်'ဟုလည်း ပြောပါသည်။ ကျွန်တော်က 'ဒါပဲလား'ဟု အံ့အားသင့်စွာ မေးသောအခါ 'ဒါပဲပေါ့၊ ဒါ့ထက် ဘာလိုသေးသလဲ'ဟု ခပ်ပြတ်ပြတ် ပြောပါသည်။

ကိုတင်မောင်က 'ကျွန်တော် အစုကတည်းက ပြောမယ်။ ရွာကျရင် ထမင်းစား ဖိတ်ကြလိမ့်မယ်။ ရွာကလူတွေက ဧည့်ဝတ်ကျေအောင် ပြုစုချင်ကြလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့ အစုသွားတာ အလည်အပတ် သွားတာ မဟုတ်ဘူး၊ အပျော်သွားတာမဟုတ်ဘူး။ ရွာကလူတွေမှာ တာဝန် မပိုစေချင်ဘူး၊ ဒါကြောင့် ဘယ်က ထမင်းစားဖိတ်ဖိတ် ကျွန်တော်တို့ လက်မခံရဘူး။ အဖွဲ့အဖြစ်နဲ့လည်း လက်မခံဘူး။ ခင်မင်သွားလို့ တစ်ဦးချင်း အနေနဲ့ ဖိတ်ရင်လည်း လက်မခံရဘူး။ ဒါပေမဲ့ ကျေးဖို့ မွေးဖို့ ဖိတ်ရင် ကျွန်တော့်ကို ပြောပါ၊ ကျွန်တော်က အဖွဲ့စည်းကမ်းအရ လက်မခံနိုင်ကြောင်း ကျေနပ်အောင် ရှင်းပြပြီး အဖွဲ့ကိုယ်စား ကျေးဇူးတင်ကြောင်း ပြောပါမယ်'ဟု မှာကြားပါသည်။

ကိုသိန်းက 'ကျွန်တော်တို့ ရွာရောက်ရင် မနက်စာချက်မယ်။ ဟင်းတော့ တစ်မည်ပဲ၊ ပဲဟင်းပဲ'ဟု ပြောပါသည်။ ကျွန်တော်က 'ဘာခတ်မလဲ'ဟု မေးရာ 'ကြက်သွန်၊ ငရုတ်သီး၊ ဆားနဲ့ မန်ကျည်းသီး ခတ်မှာပေါ့'ဟု ပြောပါသည်။ 'ဒါ ပြောတာ

မဟုတ်ဘူး၊ ကြက်သားနဲ့လားလို့ မေးတာပါ'ဟု ပြောရာ 'ဘာအသားမှ မပါဘူး'ဟု ခပ်တိုတိုပင် ဖြေပါသည်။ 'ငါးကော'ဟု မေးပြန်ရာ 'ငါးလည်း မပါဘူး'ဟု အဖြေရပါသည်။ ကျွန်တော်က အလျှော့မပေး။ 'ငါးခြောက်ရှိသားပဲ'ဟု အတွန့်တက်ရာ 'အို ငါးခြောက်က နောက်နေ့တွေဖို့ ထားရမှာ။ သက်သတ်လွတ် ပဲဟင်းတစ်လှည့်၊ ဘဲဥဟင်းတစ်လှည့်၊ ငါးခြောက်နဲ့ ကုလားဟင်း တစ်လှည့်၊ ငါးခြောက်ဖုတ်ဆီဆမ်း တစ်လှည့်၊ တစ်နေ့ကို ဟင်း တစ်မည်နဲ့ စားကြရမှာ'ဟု ပြောပါသည်။ 'အဲ၊ အဲ၊ လက်ဖက် ရည်ကြမ်းတော့ များများ ပေးနိုင်မှာပဲ'ဟု သဒ္ဓါတရား ကြီးစွာ ပြောပါသေးသည်။

ကျွန်တော် ငိုင်သွားပါသည်။

ကိုသူတော်က အနားကနေ၍ တစ်စခန်း ထပြန်ပါသည်။ 'ထမင်းစား ဖိတ်ရင် ငြင်းရမှာတော့ ဟုတ်ပါပြီ။ ရွာထဲက အိမ်တွေကို သွားတဲ့အခါကျတော့ မုန့်ပဲသရေစာနဲ့ ညှော်ခံရင်ကော မစားရဘူးလား၊ မစားရင် ရိုင်းရာကျမှာပေါ့'ဟု စောဒကတက်ရာ၊ ကိုတင်မောင်က လက်ဖက်ရည်ကြမ်းလောက်တော့ သောက်နိုင်ပါသည်ဟု ဖြေပါသည်။ 'ပဲလှော်ကော'ဟု ထပ်ဆင့်မေးရာ၊ 'ပဲလှော်နဲ့ ထန်းလျက်တော့ နည်းနည်း စားနိုင်ပါတယ်'ဟု ဖြေပါသည်။

ကျွန်တော့်အတွက် မျှော်လင့်ချက် ရောင်ခြည် သမ်းလာပါသည်။

'ဒါပေမဲ့ ကိုနွယ်စိုး၊ ပဲလှော်ကို တစ်အိမ်မှာ တစ်ဆုပ်စာထက် ပိုမစားရဘူး၊ ထန်းလျက်လည်း နှစ်ခဲ့ထက် ပိုမစားရဘူး'

ဟု ကျွန်တော့်အကြောင်း သိသူ ဥက္ကဋ္ဌကြီးက မိန့်ဆိုပြန်သည်။

ကျွန်တော့်အတွက် မျှော်လင့်ချက်ရောင်ခြည် မှိန်သွားပါသည်။

သို့သော် လုပ်ငန်းအသစ်အဆန်းကို မြော်ခေါ်နေသောဇောကြောင့် လည်းကောင်း၊ လန်းဆန်းသာယာသော နံနက်စောစော ရှုခင်းများကို ကြည့်ရမြင်ရ၍ လည်းကောင်း ကျွန်တော့်မှာ ကြာကြာ ငိုင်မနေနိုင်ပါ။ ဘတ်စ်ကားပေါ်ရှိ လူအားလုံးပင် ရွှင်ရွှင်ပျပျနှင့် စကားဖောင်လောက်အောင် ပြောသွားကြရာ ကျောင်းကန်ရွာသို့ ခဏကလေးနှင့်ပင် ရောက်သွားသည်ဟု ထင်ရပါသည်။ ဘတ်စ်ကားမှာ ရွာထဲသို့ မဝင်နိုင်သဖြင့် ရွာထိပ်မှာပင် ရပ်ပါသည်။ ကိုသိန်း အဆက်အသွယ် ပြုထားသော ရွာခံလူအချို့ အသင့် စောင့်ကြိုနေကြပါသည်။

ကျွန်တော်တို့သည် ဘတ်စ်ကားမှ ဆင်း၍ ကိုယ့်ပစ္စည်းကိုယ်သယ်ကာ ရွာအလယ်လောက်တွင် ရှိသော ကျွန်တော်တို့အတွက် သတ်မှတ်ထားသည့် တည်းခိုစရာစခန်းသို့ လျှောက်သွားကြပါသည်။ ရွာထဲ ဝင်မိသောအခါ ကျွန်တော် အလွန် အံ့သြသွားပါသည်။ ကျွန်တော်သည် မြန်မာရွာ ဆိုလျှင် ဘယ်လိုနေလိမ့်မည်ဟု စိတ်ထဲက မှန်းဆပြီးသား ဖြစ်ပါသည်။ ပန်းချီကားများတွင် လည်းကောင်း၊ နိုင်ငံခြားသား ရေး စာအုပ်များထဲမှ ဓာတ်ပုံများတွင်လည်းကောင်း မြန်မာတောရွာ ရှုခင်းများကို မြင်ရဖူးလှသော ကျွန်တော်မှာ သက်ငယ်မိုး ကျဲကျဲနှင့် ယိုင်တိယိုင်တိုင် တဲကလေးများ၊ ကမ်းစပ်တွင် မြက်တောတလူလူ ထကာ ရေညှိစိမ်းစိမ်းဖုံးနေသော ရေအိုင်များ၊ ဖုန်ထနေသော သို့မဟုတ် ဗွက်ထူ

နေသော ကွေ့ကွေ့ကောက်ကောက် လှည်းလမ်းကြောင်းများ၊ ကျိုးကျ၍ ဖရိုဖရဲဖြစ်နေသော တံတားကလေးများကို တွေ့ရလိမ့်မည်ဟု တထစ်ချ မျှော်မှန်းပြီးသား ဖြစ်သည်။

သို့သော် ရွာအဝင်ဝမှ ရွာလယ်အထိ ကျွန်တော်တို့ လျှောက်လာသော လမ်းမှာကား အုတ်ချပ်များ ညီညီညာညာ စီခင်းလျက်၊ ဝဲဘက်ယာဘက် ခွဲထွက်သွားသော လမ်းများလည်း ထို့အတိုင်း။ တံတားများမှာ ထုံးဖြူသုတ်ကာ အခိုင်အခံ့။ အိမ်များမှာလည်း ပျဉ်ထောင်ကာ သွပ်မိုးနှင့် ဟိန်းလျက်။ ခပ်လှမ်းလှမ်း လမ်းချိုးတစ်ခုတွင် တိုက်ခံအိမ်ကြီးတစ်ဆောင် မားမား ထင်ထင်။ အိမ်တိုင်း သူ့ခြံနှင့် သူ့ဝင်းနှင့် သန့်ရှင်းသပ်ရပ်စွာ တင့်တယ်လျက်။ ဘယ်နေရာမှာမှ ဖုန်လည်း မထ၊ ဗွက်လည်း မထူ၊ နွံ့လည်း မရှိ၊ ရေလည်း မအိုင်၊ မြက်ပင် ပေါင်းပင်လည်း မရှုပ်။ ကျွန်တော် မျက်စိ လည်သွားပါသည်။

ကိုတင်မောင်၏ နောက်က ကပ်လျက် လျှောက်လာရင်း ‘ဒါ ရွာလားဟင်’ဟု မေးမိပါသည်။ ကိုတင်မောင်က လှည့်ကြည့်ပြီး ‘ဒါ ရွာပဲပေါ့’ဟု ဖြေပါသည်။ ‘ဒီလို ရွာမှာ ဘာပြုပြင်ရေး လုပ်ရမှာလဲ’ဟု ကျွန်တော်က မေးပြန်ရာ ‘အို ကျွန်တော်တို့ လာတာ အခြေအနေ စုံစမ်းဖို့နဲ့ အဖွဲ့ဝင်တွေ အလေ့အကျင့်ရဖို့၊ ပြီးတော့ လုပ်နည်းကိုင်နည်း ရှာကြံဖို့ဆိုတာ ကျွန်တော် ပြောပြီးပါပကော။ ရွာဆိုတာ အမျိုးမျိုး ရှိတာပေါ့။ ဒီရွာဟာ မြို့နား ကပ်နေတယ် ဆိုတာ ခင်ဗျား သတိပြုရမှာပေါ့။ ဒီကနေပြီး နေ့တိုင်း စက္ကရီတေးရီးယက်မှာ ရုံးတက်တဲ့ စာရေးတစ်ယောက် နှစ်ယောက် ရှိတာပဲ။ ကျွန်တော်တို့က ရှေ့လောကြီးပြီး ဝေးတဲ့

ခေါင်တဲ့ ရွာကို စစချင်းသွားလို့ ဘယ်ဖြစ်မလဲ'ဟု ရှင်းပြပါသည်။

ရွာခံလူကစ်ယောက်ကို ကျွန်တော်က 'ဒီရွာတစ်ခုလုံး ဒီလို အုတ်လမ်းတွေနဲ့ အိမ်ကြီးတွေနဲ့ချည်းပဲလား'ဟု မေးရာ၊ 'ဟာ၊ ဒီလိုလဲ ဘယ်ဟုတ်မလဲ။ တဲတွေ ရှိတဲ့ အပိုင်းလည်း ရှိတာပေါ့။ လမ်းတွေကတော့ တော်တော်များများပဲ အုတ်ခင်းထားပါတယ်။ လမ်းတိုင်းတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ရွာမှာ ကုလားတရုတ်တော့ မရှိသလောက်ပဲ။ ရွာက ချမ်းသာတဲ့လူတွေက ရွာသူ ရွာသားချင်း တော်တော် စောင့်ရှောက်တယ်။ ဒါကြောင့် စည်းစည်းလုံးလုံး ရှိကြတယ်။ တရုတ် ကုလား မတိုးနိုင်ဘူး'ဟု ဖြေပါသည်။

ကျွန်တော်တို့ တည်းခိုရန် စခန်းမှာ ဆောက်ပြီးခါစ သွပ်မိုးပျဉ်ထောင်ကာ အသစ်ကျပ်ချွတ် အဆောက်အဦ တစ်ခုဖြစ်ကြောင်း တွေ့ရပါသည်။ စာသင်ကျောင်း အတွက်လား၊ စာကြည့်တိုက် အတွက်လား ဆိုသည်ကိုတော့ မမှတ်မိပါ။ ရောက်ရောက်ချင်း ကိုသိန်းနှင့် ကိုတင်မောင်တို့က ဘယ်သူတွေက ပစ္စည်းသယ်၍ နေရာချ၊ ဘယ်သူက ရေတွင်းမှ ရေငင်၊ ဘယ်သူက ရေသယ်ပေး၊ ဘယ်သူက မီးမွှေး၊ ဘယ်သူက ရေနွေးတည်၊ ဘယ်သူက ထမင်းချက်၊ ဘယ်သူက ဟင်းချက်ဟု တာဝန်ခွဲဝေပေးပြီးလျှင် ရွာရှိ ဘုန်းတော်ကြီး ကျောင်းများမှ ဆရာတော်များအား ဖူးမြော်ကန်တော့ရန်နှင့် သူကြီး၊ ကျောင်းဆရာကြီး စသည့် ရွာ၌ ဩဇာညောင်းသူ လူကြီးများအား နှုတ်ခွန်းဆက်ရန် အဖွဲ့ဝင်လူကြီးပိုင်းက တစ်ခေါက် ထွက်ကြပါသည်။ ကျွန်တော်လည်း အသင်း အတွင်းရေးမှူး ဖြစ်နေသဖြင့် လိုက်ပါသွားရပါသည်။

ရာပြည့်စာအုပ်တိုက်

ကျွန်တော်တို့ ပြန်ရောက်သည့် အချိန်တွင် ထမင်းဟင်းမှာ ကျက်နေပါပြီ။ တစ်သက်လုံး တစ်ခါမျှ သည်တစ်ခါလောက် ထမင်းမမြိန်ဖူးပါ။ သက်သတ်လွတ် ပဲဟင်းတစ်မည်တည်းနှင့် စားရသော်လည်း ဤမျှ အရသာရှိသော ထမင်းဟင်းမျိုး မစားရဖူးပါ။ ရွာက လူကြီးများက တစ်ဖွဲ့လုံး နံနက်စာစားရန် ချက်ချင်း ဖိတ်မန္တက ပြုသော်လည်း ကိုတင်မောင်က စီစဉ်ပြီးကြောင်း ပြော၍ ငြင်းဆိုခဲ့ပါသည်။ ရွာ၌ နေစဉ်အတွင်း နေ့တိုင်းလိုလိုပင် ဟိုက သည်က ထမင်းစား ဖိတ်ကြပါသည်။ ဥက္ကဋ္ဌကြီး ကိုတင်မောင်ကလည်း တွင်တွင်သာ ငြင်းဆိုပါသည်။ မပြန်ခင် တစ်နေ့သာ ထမင်းစား ဖိတ်သည်ကို လက်ခံ၍ သွားစားကြပါသည်။

ရောက်သည့်နေ့တွင် ကျွန်တော်တို့၏ ရည်ရွယ်ချက်များ၊ လုပ်လိုသည့် လုပ်ငန်းများကို ရှင်းပြကာ ရွာခံလူကြီးများနှင့် ဆွေးနွေးကြပါသည်။ ဆွေးနွေးပြီးနောက် ကျွန်တော်တို့ ခေါင်းဆောင်များက လုပ်ငန်းအစီအစဉ်ကို ရေးဆွဲသတ်မှတ်ကြပါသည်။ ချက်ပြုတ်ရေး၊ သန့်ရှင်းရေး၊ သုံးရေသောက်ရေ ဖြည့်တင်းရေး၊ ပစ္စည်း ထိန်းသိမ်းစောင့်ကြပ်ရေး စသည့် အလှည့်ကျ တာဝန်များကိုလည်း ခွဲဝေသတ်မှတ် ပေးပါသည်။

နောက်တစ်နေ့မှ စ၍ ကျွန်တော်တို့လုပ်ငန်း စကြပါသည်။ နံနက် ၆ နာရီ မထိုးခင် အဖွဲ့ဝင်တစ်ဦးက ဗျူဂယ်ခရာ တုတ်၍ နှိုးပါသည်။ ကိုယ်လက် သုတ်သင်ပြီးလျှင် တန်းစီရပါသည်။ ဦးချစ်တင်က နာရီဝက်ခန့် ကာယဗလ လေ့ကျင့်ခန်းများ ပေးပါသည်။ သူက အချက်ပေးသည်ကို လိုက်၍ ကုန်းကွ

ကော့၍တစ်မျိုး၊ ဝမ်းလျားမှောက်ကာ ဝပ်ချည်ထချည် တစ်ဖုံ၊ လက်လွဲခြေလွဲ ကိုယ်လှည့်ခေါင်းလှည့်နှင့် တစ်သွင် အတော်ပင် ဖားသွားအောင် လှုပ်ရှားကြရပါသည်။ အပြီးသတ် အနေနှင့် စခန်းရှေ့က ကွင်းကို ပတ်၍ ပြေးကြရသည်။ ဟောဟဲ ဟောဟဲ နှင့် နေကြသည်။ ကိုတင့်ဆွေတစ်ယောက်သာ ခါးနာရောဂါ စွဲရှိ၍ ချမ်းသာ အပေးခံရပါသည်။ ကာယဗလ လေ့ကျင့်ခန်း ပြီးလျှင် ကော်ဖီသောက်ကြရပါသည်။ တစ်နေ့လုံးတွင် ဤတစ်ကြိမ်သာ ကော်ဖီတိုက်ပါသည်။ ကျန်အချိန်များတွင် လက်ဖက်ရည်ကြမ်း သောက်ချင်သလောက် သောက်နိုင်သည်။

ကော်ဖီသောက်ပြီးလျှင် အဝတ်အစားလဲကာ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်နှင့် စာတမ်း စာစောင်များကို ကိုယ်စီ ပိုက်၍ ရွာရှိ အိမ်များသို့ သွားရောက်ဝေငှ ဖြန့်ဖြူးကြပါသည်။ ကျောင်းကန်ရွာသည် အတော်ပင် ကြီးသည့်ရွာ ဖြစ်၍ တစ်ပိုင်းပြီး တစ်ပိုင်းသာ ဝေငှနိုင်ပါသည်။ သို့သော် ကျောင်းကန်ရွာ၌သာ ဝေသည် မဟုတ်၊ အနီးအနားရှိ ရွာကလေးများ၊ အိမ်စုကလေး များသို့လည်း သွားကာ ဝေငှဖြန့်ဖြူးကြသေးသည်။

တစ်ဖွဲ့တည်း အနေဖြင့် သွားသည့်အခါ သွား၍ အစုခွဲ၍ သွားသည့်အခါလည်း သွားပါသည်။ ဗျူဂယ်ခရာသမားက ဥက္ကဋ္ဌ ကိုတင်မောင်တို့၏ ပင်မ အစုနှင့် လိုက်ရသည်။ ရွာရှိ လူများ ကျွန်တော်တို့ လာနေမှန်း သိအောင် မောင်းထုမည့်အစား ခရာကို 'ဂေါ်'ဟု အသံရှည်ရှည် မကြာခဏ မှုတ်၍ လှည့်ကြသည်။ ခရာမှုတ်သူမှာ အလေ့အကျင့်ရသူ စကောက်တစ်ယောက်ဖြစ်၍

အသံ အတော်ကျယ်အောင် မှုတ်နိုင်သည်။ တစ်ခါတစ်ခါမှ 'ဂေါ်'ဟု အသံအဆုံးတွင် "ဂိ"ဟု အသံပြတ် ထွက်လာသည်။ တအား ဆက်မှုတ်လိုက်လျှင် "ဘူဗြ်"ဟု အသံကြမ်းကြီးများ ချုပ်မရ တည်းမရ ထွက်လာသည်။ ထို့ကြောင့် ကျွန်တော်တို့က ဂေါ်ဂိဘူဗြ် ခရာဟု ကင်ပွန်း တပ်လိုက်ပါသည်။ အစုခွဲများကို ပင်မအစုနှင့် ပေါင်းစည်းရန် လာစေလိုလျှင်လည်း ခရာနှင့် အချက်ပေး၍ ပြန်ခေါ်သည်။

ပထမနေ့တွင်ပင် သတင်းထောက်ကြီး ဦးပုကလေးက ကျွန်တော်တို့အား စာနယ်ဇင်း စာစောင် စာတမ်း အထုပ်များကို ပိုက်စေကာ ဓာတ်ပုံရိုက်ပြီးလျှင် သူရိယ သတင်းစာထဲ၌ ပုံကြီးချဲ့၍ ထည့်လိုက်သည်။ ပုံထဲတွင် ကိုသူတော်နှင့် ကျွန်တော်မှာ ဘောင်းဘီရှည်နှင့် ရှူးဖိနပ်နှင့် အခုံသား တွေ့ရပါသည်။ ကျန်အဖွဲ့သားများထဲမှ ဘောင်းဘီနှင့် ရှူးဖိနပ်ကို မဝတ်သော်လည်း ဦးထုပ်၊ လည်စည်း၊ ဘလေဇာ ကုတ်အင်္ကျီ စသည်ကို တော်တော်များများပင် ဝတ်ထားကြပါသည်။

သူရိယသတင်းစာတွင် ကျွန်တော်တို့၏ ဓာတ်ပုံ ပါလာသည်နှင့် အိမ်က ကုလားထိုင်တွင် ဇိမ်နှင့်ထိုင်ကာ သတင်းစာဖတ်ရှုသူ ပုဂ္ဂိုလ်တော်တော်များများက ကဲ့ရဲ့ကြသည်ဟု ရန်ကုန်ပြန်ရောက်မှ သိကြရပါသည်။ ကာတွန်းဆရာများကလည်း "ဒါ ကျေးလက်ပြုပြင်ရေးလား"၊ "တောကလူတွေ ဘောင်းဘီနှင့် ဘလေဇာ ဝတ်တတ်အောင် သွားသင်ပေးတာလား" ဟူသော အဓိပ္ပာယ်ပါသည့် ကာတွန်းရုပ်ပြောင်များဖြင့် သရော်ကြပါတော့သည်။ ကျွန်တော်တို့၏ လုပ်ငန်းနှင့် စေတနာတို့သည်လည်း

ဤပြက်ရယ်ပြုသော ကာတွန်းများ ဖုံးလွှမ်းခြင်း ခံရကာ တန်ဖိုး အထား မခံရတော့ပေ။

ကျေးလက်တောရွာ ပြုပြင်ရေး လုပ်ငန်း ဟူသည် ဘောင်းဘီ ဘလေဇာ ဦးထုပ် ဝတ်စားဆင်ယင်၍ ရွာသူရွာသားများ အပေါ်တွင် ကြွားသည့်လုပ်ငန်း မဟုတ်ကြောင်း၊ ကျွန်တော်တို့ ကျောင်းကန်ရွာ သွားရာ၌ ဤသို့ ဝတ်စားဆင်ယင်ရေး ကိစ္စ တစ်ခုတည်းနှင့် အချိန်ကုန်ခဲ့ခြင်း မဟုတ်ကြောင်းကို ကောင်းစွာ သိသော ကျွန်တော်တို့မှာ လုပ်ငန်းစစချင်း လွဲမှားမိပြီဖြစ်သော အမှားကို ဘာမျှ မတတ်နိုင်ဘဲ ကဲ့ရဲ့ပြစ်တင် ပြက်ရယ်ပြုမှုများကို ခေါင်းငုံ့၍သာ ခံကြရပါတော့သည်။ မူလက လက်တွေ့ဗဟုသုတ ရှိခဲ့လျှင် ဤသို့ အမှားပြုလုပ်မိမည် မဟုတ်ပါ။

ကိုသူတော်နှင့် ကျွန်တော်မှာ ကျောင်းကန်ရွာသို့ ရောက်စက မိမိတို့ ဝတ်စားဆင်ယင်မှုကို အမှားဟူ၍လည်း မထင်၊ အမှားဟူ၍လည်း မသိပါ။ နှစ်ရက် သုံးရက် ဆက်၍ ဤအဝတ် အစားများ ဝတ်စားပြီးမှ ဥက္ကဋ္ဌ ကိုတင်မောင်က သင့်လျော်သည် မထင်ကြောင်း၊ ဆင်ခြင်သင့်ကြောင်း၊ ရွာကလူတွေ မျက်စိထဲတွင် ကိုးရိုးကားရား နေလိမ့်မည်ဖြစ်ကြောင်း တိုးတိုးတိတ်တိတ် ပြောသဖြင့် ပြောင်းလဲလိုက်ကြရပါသည်။

ဘောင်းဘီ၊ ဘလေဇာ မဝတ်ရသည်ကို ကျွန်တော် မနှမြောသော်လည်း ရှူးဖိနပ် မဝတ်ရတော့သည်ကိုမူ နှမြောမိပါသည်။ အဘယ်ကြောင့်ဆိုသော် ရှူးဖိနပ်ကြောင့် ထမင်းတစ်နပ် ဝဝ စားလိုက်ရ၍ ဖြစ်ပါသည်။ ကျွန်တော်တို့ ရောက်ပြီး ဒုတိယ နေ့က ဖြစ်ပါသည်။ ကိုသူတော်နှင့် ကျွန်တော်သည် ရွာထဲမှအပြန်

နောက်ကျသဖြင့် အခြားသူများ ညစာစားပြီးခါနီးမှ တည်းခိုရာ စခန်းသို့ ရောက်လာပါသည်။ မောမောပန်းပန်း ဆာဆာလောင်လောင် ရှိလှသဖြင့် အဝတ်မလဲဘဲ အလှည့်ကျ အိုးသူကြီးထံ ချဉ်းကပ်ကြပါသည်။ အိုးသူကြီးက ခင်ဗျားတို့ ကံကောင်းလို့ မငတ်တာ၊ ဟောဒါ အကုန်ပဲဟု ပြောကာ သံပန်းကန်ပြား နှစ်ချပ်တွင် ထမင်း အမောက်ထည့်ပေးပါသည်။ ငါးခြောက်ဖုတ်လည်း ကျန်သမျှ ပေးလိုက်ပါသည်။ ကျွန်တော်တို့နှစ်ယောက် တည်းခိုရာ စခန်း နံဘေးတွင် မတ်တတ်ရပ်ကာ မြိန်ရေရှက်ရေ စားကြပါသည်။ အနား၌ မည်သူမျှ မရှိပါ။ ထမင်းတစ်ဝက်ခန့် အကုန်တွင် ကျွန်တော် ငေး၍ အလှည့်လိုက် သံပန်းကန်ပြား စောင်းသွားသဖြင့် ထမင်းများ လျှောခနဲ ကျသွားကာ ခြေစုံရပ်နေသော ကျွန်တော်၏ ရှူးဖိနပ်နှစ်ဖက်ပေါ်တွင် ပုံလျက်သား ဖြစ်နေပါသည်။ ကျွန်တော်လည်း စိတ်အပျက်ကြီး ပျက်သွားသည်။ ထမင်းက မဝသေး၊ ထပ်တောင်းစရာလည်း မရှိတော့။ ငိုင်တိုင်တိုင် ရပ်၍ ရှူးဖိနပ်များပေါ်က ထမင်းနှစ်ပုံကို ငုံ့ကြည့်နေရာ အကျဉ်းအကျပ်နှင့် တွေ့လျှင် လွတ်မြောက်ရာ နည်းလမ်းကို ရှာဖွေတတ်သော ကိုသူတော်က ခဏစဉ်းစားလိုက်ပြီးလျှင် 'ကိုနွယ်စိုး၊ မလှုပ်နဲ့၊ ဒီအတိုင်း နေ'ဟု ပြောပြောဆိုဆိုနှင့် တည်းခိုရာ အဆောက်အဦပေါ်သို့ တက်သွားကာ သတင်းစာတစ်စောင် ယူလာသည်။ ကျွန်တော့်ခြေထောက်များတွင် ကပ်လျက် သတင်းစာကို ဖြန့်ပြီးလျှင် 'ညာဘက်ကို ဆတ်ခနဲ တော့လိုက်'ဟု ပြောရာ၊ ကျွန်တော်လည်း တော့လိုက်ပါသည်။ ရှူးဖိနပ်ပေါ်မှ ထမင်းပုံသည် သတင်းစာပေါ်သို့ ရောက်သွားပါသည်။ နောက်

တစ်ဖက် ဆတ်ခနဲ တော့လိုက်ရာ ကျန်ထမင်းပုံလည်း သတင်းစာပေါ်သို့ ရောက်သွားသည်။

ကိုသူတော်က သတင်းစာပေါ်မှ ထမင်းများကို ကျွန်တော့်ပန်းကန်ပြားထဲသို့ လောင်းထည့်ကာ 'စားသာ စားဗျာ၊ အဆာတော့ မခံနဲ့၊ ဒီထမင်းတွေက ဘာမှ ပေတာကျံတာ မဟုတ်ဘူး၊ ဘယ်သူမှလည်း မြင်တာ မဟုတ်ဘူး' ဟု အားပေးသဖြင့် ကျွန်တော်လည်း ဆက်စားပါသည်။ ငါးခြောက်ဖုတ် နှစ်ဖတ်သုံးဖတ်ပါ ထမင်းထဲ ပါလာသဖြင့် အတော်မြိန်ပါသည်။ ရှူးဖိနပ်ပေါ်တွင် ကပ်လျက် ကျန်ရစ်ခဲ့သည့် ထမင်းများမှာ မပြောစလောက် ဖြစ်၍ တစ်ပန်းကန် နီးပါးပင် ဝဝ စားလိုက်ရပါသည်။ ကိုသူတော်၏ ရတ်ခြည်း စဉ်းစားတတ်သည့် ဉာဏ်စွမ်းရည်ကို ကျွန်တော် ချီးမွမ်းမိသည့်အပြင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်မိပါသည်။ ကိုသူတော်က 'ခင်ဗျား ရှူးဖိနပ်သာ ဝတ်မထားမိရင် အခက်ပဲ။ ဘယ်တော့မှ မြေကြီးပေါ်တို့၊ ခြေထောက်ပေါ်တို့က ထမင်းကို ကောက်မစားနဲ့။ အစားအစာ ဆိုတာ သန့်ရှင်းမှ ကောင်းတယ်'ဟု ကျွန်တော် မှတ်သားစရာကို ပြောပါသည်။ ကိုသူတော်သည် အားကိုးလောက်ပါပေသည်။ ရှူးဖိနပ်ကိုလည်း ကျွန်တော် ကျေးဇူးတင်မိသည်။ ထို့ကြောင့် ကိုတင်မောင်၏ အမိန့်အရ ရှူးဖိနပ် မဝတ်ရတော့သည်ကို နှမြောမိသည်။

ကျွန်တော်တို့ အဖွဲ့ တစ်ခုလုံး၏ နေ့စဉ်လုပ်ငန်းကို အနည်းငယ် ဖော်ပြလိုပါသည်။ နံနက်ပိုင်းတွင် စာနယ်ဇင်းများ၊ စာအုပ်များ၊ ပညာပေးစာတမ်းများ ဝေငှပြီးနောက် တည်းခိုရာ စခန်းသို့ ထမင်းစားအမီ ပြန်လာကြရသည်။ နံနက်စာ ညစာ

စားချိန်ရောက်လျှင် ခရာတုတ်၍ ခေါ်သည်။ နေ့ခင်းပိုင်းတွင် ကိုသိန်းနှင့် ကိုတင်မောင်တို့က သတ်မှတ်ပေးသည့်အတိုင်း အစုခွဲကာ ရွာ၏အခြေအနေကို စနစ်တကျ စူးစမ်းရန် ထွက်ကြပြန်သည်။ စုံစမ်းရမည့် အချက်အလက်များ၊ မေးရမည့် မေးခွန်းများကို ကြိုတင်လေ့လာကြရသည်။ ပညာရေး စူးစမ်း မှတ်တမ်းတင်သည့် အစု၊ စီးပွားရေးနှင့် ရောင်းဝယ်ဖောက်ကားရေး စူးစမ်း မှတ်တမ်းတင်သည့် အစု၊ စိုက်ပျိုးရေး စူးစမ်း မှတ်တမ်းတင်သည့် အစု၊ ကျန်းမာရေးနှင့် သန့်ရှင်းရေး စူးစမ်း မှတ်တမ်းတင်သည့် အစု၊ လူမှုရေးဟု ခေါ်ဆိုရမည့် မိသားစုနေထိုင်ရေး၊ စုပေါင်းစည်းလုံးရေး၊ အချင်းချင်း ဆက်ဆံရေး၊ ရပ်ရွာကိစ္စ ဆောင်ရွက်ကြိုးပမ်းရေးနှင့် ဘာသာရေးကိစ္စများကို စူးစမ်း မှတ်တမ်းတင်သည့် အစုဟု အစုများ ခွဲထားသဖြင့် ကိုယ်စီကိုယ်င ဗလာစာအုပ်၊ ခဲတံ ကိုင်ကာ ရွာရှိ အပိုင်းများ စေ့ငအောင် လျှောက်ကြရသည်။ လယ်တဲများသို့လည်း သွားကြရသည်။ အစုတိုင်းတွင် ခေါင်းဆောင်တစ်ယောက် ထားကာ အစုတစ်စု အတွင်း၌ပင် လူခွဲသည့်အခါ ခွဲ၍ သွားကြရပါသည်။

ဤသို့ စူးစမ်းရာ၌ အစိုးရအရာရှိများ ရွာမှာ လာစစ်ဆေးသလို၊ သတင်းထောက်တွေ သတင်းရှာသလို မလုပ်ရ။ အေးအေးဆေးဆေး ရွာသူရွာသားများနှင့် ခင်မင်အောင်၊ မျက်မှန်းတမ်းမိအောင် ပထမ ပြုလုပ်ပြီးမှ သွယ်ဝိုက်၍ တစ်မျိုး၊ တိုက်ရိုက်တစ်ဖုံ ကိုယ်လိုရာ ကိုယ် စူးစမ်းရမည် ဟု ကိုတင်မောင်နှင့် ကိုသိန်းတို့က ဩဝါဒ ပေးထားသောကြောင့် ဤစူးစမ်းသော လုပ်ငန်းတွင် အတော် အချိန်ကုန်ပါသည်။ အိမ်တစ်အိမ်၊ တဲတစ်တဲ ဝင်မိလျှင်

နှုတ်ခွန်းဆက်၊ အသိဖွဲ့၊ အာလာပ သလ္လာပ ပြော၊ လက်ဖက်ရည်၊ ကြမ်းသောက်၊ (ကိုသူတော်ကတော့ ကွမ်းပါ စား)၊ သူတို့ တစ်ခုခု လုပ်နေတာ တွေ့လျှင် ဝင်ပြီး ကူလုပ်၊ တောင်စဉ်ရေမရ ဟိုဟာ သည်ဟာ ပြောနှင့် လမ်းခင်းရပါသေးသည်။ နံနက်ပိုင်းတွင် စာနယ်ဇင်းများ၊ စာအုပ်များ ဝေထားသဖြင့် လည်းကောင်း၊ ရွာခံလူကြီးများက ကြိုတင် ပြောထားသဖြင့် လည်းကောင်း ကျွန်တော်တို့ အဖွဲ့အကြောင်းကို ရွာသူရွာသားတိုင်း လိုလိုက သိနေသဖြင့် ကျွန်တော်တို့ကို ကောင်းမွန်စွာ လက်ခံစကားပြော ကြပါသည်။ အိမ်တစ်အိမ်၊ တဲတစ်တဲ ဆိုလျှင် တစ်ခါတည်းနှင့် မပြီး၊ ခင်မင်၍ အလည်အပတ် လာသည် ဟူသော အမြင် ဖြစ်စေရန် နှစ်ခါ သုံးခါစီလောက် ဝင်ကြ သွားကြရပါသည်။ အိမ်တိုင်းစေ့၊ တဲတိုင်းစေ့တော့ ဝင်သည် မဟုတ်ပါ။ ဆယ်အိမ် တစ်အိမ်၊ ဆယ့်ငါးအိမ် တစ်အိမ် ဆိုသလို ဝင်ရောက်ကာ အသိ ဖွဲ့ကြပါသည်။ ရွာသူရွာသား တော်တော်များများနှင့်လည်း တကယ်ပင် ခင်မင်သွားကြပါသည်။

ကျွန်တော်တို့ ရန်ကုန် ပြန်ရောက်သောအခါ အစုခေါင်း ဆောင်များက ကျောင်းကန်ရွာ၏ ပညာရေးစစ်တမ်း၊ စီးပွားရေး စစ်တမ်း၊ စိုက်ပျိုးရေးစစ်တမ်း၊ ကျန်းမာရေးနှင့် လူမှုရေးစစ်တမ်း တို့ကို ရေး၍ တင်ပြကြရပါသည်။ ယင်း စစ်တမ်းများကို ၁၉၃၆ ခုနှစ်က “မစလရွာ စစ်တမ်းများ”ဟူသော ခေါင်းစဉ်ဖြင့် ဂန္ထ လောက မဂ္ဂဇင်းတွင် လစဉ်ဆက်၍ ဖော်ပြခဲ့ပါသည်။

ညနေပိုင်းတွင် တည်းခိုစခန်းသို့ စောစောပြန်ရောက်သူ များသည် အနည်းငယ် နားခွင့် ရပါသည်။ ခြင်းခတ်သူ ခတ်ကြ

သည်။ ရေချိုးနှင့်သူက ချိုးကြသည်။ အဝတ်လျှော်ကြသည်။ နောက်ကျမှ ပြန်ရောက်သူများကတော့ ကမန်းကတန်း ရေချိုးကြ၊ လျှော်ဖွပ်ကြနှင့် ထမင်းစားချိန် မီအောင် လုပ်ကြရသည်။ လူကြီးပိုင်းက ဩဇာညောင်းသူ ရွာခံလူကြီးများနှင့် ဆွေးနွေးကြသည်။ နီးနှောကြသည်။ ဒေါက်တာသာဆိုင်တို့၊ ဦးချစ်တင်တို့ ကလည်း သူတို့ ပညာရပ်များကို သုံးကာ ရွာက လူများအား ကူညီကြသည်။ လူနာအချို့ကို ကြည့်ရှု ကုသ ဆေးဝါးပေးသည်။ ရွာခံ လူလတ်ပိုင်းအား ကာယဗလ နည်းနာများ ပြသည်။ ညနေပိုင်းတွင် ရွာကလူများအား ဖိတ်ကာ အစည်းအဝေး လုပ်သည့်အခါ လုပ်သည်။ စိုက်ပျိုးရေးဌာနမှ ပုဂ္ဂိုလ်များ လာရောက်ကာ လက်တွေ့နည်းနာများ ပြသပေးသည်။ ကာလသားရောဂါကု ကျွမ်းကျင်သူ ဒေါက်တာသိန်းမောင်မှာ အသင်းဝင် ဖြစ်၍ တစ်ခေါက် လာကြည့်ပါသည်။ ကျွန်တော်တို့ အဖွဲ့သားများထဲမှ လည်းကောင်း၊ ရွာသားများထဲမှ လည်းကောင်း လူနာရှာမတွေ့၍ စိတ်ပျက်ပြီး ပြန်သွားပါသည်။ ညနေပိုင်းဆိုလျှင် ကျွန်တော်တို့ တည်းခိုစခန်း တစ်ဝိုက်၌ စည်စည်ကားကား ရှိလှသည်။ အချို့နေ့များတွင် ကျောက်ထိုးပွဲများလည်း ပြုလုပ်သည်။ ဥက္ကဋ္ဌ အမိန့်အရ ကျွန်တော်တို့မှာ ရွာက ကလေးများအား နမူနာပြ အနေဖြင့် နှစ်ခါပြန် သုံးခါပြန် ကျောက်ထိုးခံကြရသည်။

မမှောင်ခင် ထမင်းစားသောက် သိမ်းဆည်းပြီးလျှင် ညဦးပိုင်းတွင် ကျွန်တော်တို့သည် မိမိတို့ အိပ်မည့် ဖျာများပေါ်၌ လဲလျောင်းကြသည်။ စကားစမြည် ရောက်တတ်ရာရာ ပြောကြသည်။ ရွာခံလူများ လာရောက်လည်ပတ်ကာ စကားစမြည်

ပြောလျှင် လက်ဖက်ရည်ကြမ်း ဝိုင်းဖွဲ့၍ ညည်းခံကြသည်။ ည ၉ နာရီလောက်ဆိုလျှင် ကျွန်တော်တို့အားလုံး ခြေပစ်လက်ပစ် အိပ်ကြသည့်အချိန် ဖြစ်သည်။

ညဦးပိုင်းတွင် ရောက်တတ်ရာရာ စကားစမြည် ပြော သည်ဟု ဆိုသော်လည်း အများအားဖြင့် လူကြီးပိုင်းက အပြော များ၍ ကျွန်တော်တို့က နားထောင်လေ့ ရှိပါသည်။ ကိုတင်မောင် နှင့် ကိုသိန်းက ကျွန်တော်တို့၏ လုပ်ငန်း ဘယ်အခြေအထိ ရောက် နေသည်ကို မေးမြန်းစိစစ်ကာ အကြံဉာဏ်ပေးကြသည်။ နောက် တစ်နေ့၏ လုပ်ငန်းအစီအစဉ်များကို ကျွန်တော်တို့အား ပြောပြ၍ လျာထားပေးသည်။ တာဝန်ခွဲဝေပေးရန် လိုက ခွဲဝေပေးသည်။ အခက်အခဲရှိက ဖြေရှင်းပေးသည်။ တစ်ခါတစ်ရံ ကိုတင့်ဆွေ၊ ကိုတင်မောင်၊ ကိုသိန်းနှင့် အဖွဲ့ဝင် သုံးလေးဦးတို့ မြန်မာရာဇဝင်၊ မြန်မာစာပေမှ အစ မြန်မာမှု အရပ်ရပ်တို့ကို ဆွေးနွေးကြသည်မှာ နားထောင်၍ ကောင်းသည်နှင့် အားလုံး နားစိုက်ထောင်လေ့ ရှိကြသည်။ ဒေါက်တာ သာဆိုင်ကလည်း တစ်ထောင့်ကနေပြီး အိမ်ထောင်ရေး ပြဿနာများကို တွင်တွင် လက်ချာရိုက်လေ့ ရှိသည်။ အဖွဲ့ဝင် သုံးလေးဦးသာ သူ့ပရိသတ်အဖြစ် နားထောင် တတ်ကြသည်။

တစ်ညဦး၌ ဥက္ကဋ္ဌကြီး ကိုတင်မောင်က နောက်တစ်နေ့ ညနေတွင် စိုက်ပျိုးရေးဌာနက ကျွမ်းကျင်သူ အရာရှိတစ်ဦး လာ၍ နွားကိုယဉ်အောင် ခေတ်မီဆုံးမနည်း ရွာသူရွာသားများအား လက်တွေ့ပြသမည် ဖြစ်သဖြင့် နံနက်တွင် စာနယ်ဇင်းနှင့် စာအုပ် များ ဝေငှရင်း ကြေညာကြရန် ပြောပါသည်။ တည်းခိုစရာစခန်း

ရှေ့ရှိ ကွက်လပ်ကြီးတွင် ပြသမည်ဖြစ်၍ ကြည့်လိုသူ အဖွဲ့သားများ စူးစမ်းရေးလုပ်ငန်းမှ အချိန်မီ ပြန်လာကြရန် မှာကြားသည်။

ရွာ အခြေအနေ စူးစမ်းရေးကိစ္စတွင် ကိုသူတော်နှင့် ကျွန်တော် တစ်တွဲ တွဲရသည်ဖြစ်၍ နောက်နေ့ နေ့ခင်းပိုင်းတွင် ရွာထဲ၌လျှောက်ရင်း သတိရလာသဖြင့် ကျွန်တော်က 'ကိုသူတော်၊ နွားဆုံးမတယ် ဆိုတာ ဘာလဲ'ဟု မေးပါသည်။ ကိုသူတော်က ခဏ စဉ်းစားပြီးလျှင် 'အို၊ ကျွန်တော်တို့ လယ်သမားတွေဟာ နွားနဲ့အတူတူ လယ်ထဲမှာ အလုပ် လုပ်ကြရတယ် မဟုတ်လား၊ ဒီတော့ ကောင်းကောင်း အလုပ်လုပ်အောင် နွားကို ရိုက်နှက်ခိုင်းရတာပေါ့။ နွားကလည်း အမျိုးမျိုးရှိတာပေါ့။ ဆိုးတဲ့နွားလည်း ဆိုးတာပေါ့။ ဒီတော့ သိပ်အကြမ်းပတမ်းရိုက်ပြီး ဆုံးမကြရတဲ့ ဟာမျိုးကျတော့ နွားရဲ့ ကျန်းမာရေးလည်း ထိခိုက်၊ အလုပ်လည်း ထိခိုက်တတ်တာမို့ အကြမ်းပတမ်း မဆုံးမဘဲ ခိုင်းလို့ကောင်းကောင်းရအောင် ခေတ်မီတဲ့ ဆုံးမနည်း ယဉ်ယဉ်ကို ကနေ့ညနေ လာပြမှာ ဖြစ်မှာပေါ့'ဟု စိတ်ရှည်လက်ရှည် ပြောပြပါသည်။ ကျွန်တော်သည် တစ်နေ့လုံး ဤကိစ္စကို စိတ်ဝင်စားစွာ တွေးတောကာ ညနေ မြန်မြန် ရောက်စေချင်ပါသည်။ နွားကို ဘယ်လိုဆုံးမမည်လဲ။ စိုက်ပျိုးရေးအရာရှိက နွားရှေ့ကနေ လောကနီတိ၊
ဆုံးမမည်လဲ။ စိုက်ပျိုးရေးအရာရှိက နွားရှေ့ကနေ လောကနီတိ၊
လောကသာရ၊ သားရွှေဥ အစရှိသည့် ကျမ်းများထဲက စာတွေ ရွတ်ပြပြီး ယဉ်ကျေးအောင် ဆုံးမမည်လား။ သို့တည်းမဟုတ် နွားကို မဆိုးမသွမ်းရန်၊ ကောင်းကောင်း အလုပ်လုပ်ရန် အကျိုးသင့် အကြောင်းသင့် ပြောပြီး အစာကလေးများ ကျွေးကာ ချော့မော့ ဆုံးမလိမ့်မည်လားဟု အမျိုးမျိုး တွေးနေမိပါသည်။

'ကိုသူတော်၊ မရိုက်ဘဲနဲ့ နွားကို ဆုံးမလို့ ရပါ့မလားဗျာ'ဟု မေးပြန်ရာ၊ 'အို တောထဲက ကျားတို့၊ ခြင်္သေ့တို့တောင် ယဉ်အောင် ဆုံးမပြီး ဆပ်ကပ်ပြနေသေးတာ၊ နွားက ဒါလောက်ရိုင်းတဲ့ တိရစ္ဆာန်မှ မဟုတ်ဘဲ၊ ရမှာပေါ့။ သစ်ဆွဲတဲ့ ဆင်တွေဟာ အင်မတန် လိမ္မာတယ် ဆိုတာ ကြားဖူးတယ် မဟုတ်လား၊ ဒီတော့ နွားဆုံးမတာ သိပ်ခက်မယ် မဟုတ်ပါဘူး'ဟု ဖြေရှင်းပြပါသည်။ ကျွန်တော်လည်း 'အင်း ဟုတ်မှာပဲ'ဟု ကျေနပ်သွားသည်။

တည်းခိုစရာ စခန်းသို့ ကျွန်တော်တို့ ပြန်ရောက်သော အချိန်တွင် စခန်းရှေ့ရှိ ကွက်လပ်ကြီး၌ လူအများ ဝိုင်းအုံကာ ကြည့်ရှုနေပြီကို တွေ့ရပါသည်။ ကိုသူတော်ကတော့ ရေချိုးဦးမည် ဆိုပြီး အနီးအနားက ရေတွင်းဆီသို့ သွားပါသည်။ ကျွန်တော် လည်း ကမန်းကတန်း လူအုပ်ထဲသို့ တိုးကာ ကြည့်လိုက်ပါသည်။ ကျွန်တော် မြင်ရသည်မှာ အလာလာ၊ စိုက်ပျိုးရေးအရာရှိ ဆိုသူက လက်ထဲမှာ ညှပ်ကြိုးရောမနှင့် ဟန်တပြင်ပြင်၊ ခြေများ လက် များကို ကြိုးတုပ်ထားသည့် နွားက တုံးလုံးလဲလျက်၊ ပြီးတော့ ဘာလုပ်လိုက်သည် မသိ၊ ကျွန်တော့်မျက်စိများ ပြာသွားပါသည်။ နောက်နွားတစ်ကောင် ယူလာသည်။ ညှပ်ကြိုးကို ပွိခနဲ သုံးလိုက် ပြန်ပြီ။ ကျွန်တော်သည် ထိုအခါမှ သဘောပေါက်လာကာ လူအုပ်ထဲမှ တိုးထွက်ပြီးလျှင် ကိုသူတော်ထံ ပြေးပါသည်။ ပါးစပ် ကလည်း 'ကိုသူတော်ရေ၊ နွားဆုံးမတာ မဟုတ်ဘူး၊ သင်းတာဗျ၊ သင်းတာ။ ညှပ်ကြိုးနဲ့ ဟိုဟာကို သင်းတာ'ဟု အော်ကျယ်ဟစ် ကျယ် တောက်လျှောက်ကြွေးကြော်ကာ ပြေးပါသည်။ ရွာသား အချို့က အံ့အားသင့်စွာ ကြည့်ပြီး ရယ်ကြပါသည်။ တည်းခိုရာ

စခန်း ရှေ့နားတွင် ကိုလှက ဖမ်းဆွဲကာ 'ကိုနွယ်စိုး၊ ဘာတွေ အော်နေတာလဲ'ဟု ဟန့်လိုက်မှ ကျွန်တော် တိတ်သွားပါတော့သည်။ ကိုလှက 'နွားသင်းတာကို လယ်သမားတွေက ဆုံးမတယ်လို့ စကားယဉ်ကျေးအောင် ခေါ်တယ်ဗျ'ဟု တိုးတိုး ရှင်းပြပါသည်။ ရေချိုးနေသော ကိုသူတော်အား ကျွန်တော်က အကျိုးအကြောင်း သွားပြောသောအခါ သူ့ခေါင်းတုံးကလေးကိုလက်ဖြင့် ပွတ်ကာ 'ဟုတ်လား၊ ကျွန်တော်လည်း ထင်တော့ အထင်သားပဲ' ဟုသာ အေးဆေးစွာ ခပ်ပြုံးပြုံးပင် ပြောပါသည်။

ကျွန်တော်လည်း 'သူကတော့ စေတနာနဲ့ ရှင်းပြတာပဲလေ၊ ငါ အယူအဆ မှားလို့သာ ဖြစ်မှာပဲ'ဟု စိတ်ထဲက ခွင့်လွှတ်လိုက်ပါသည်။

ညဦးပိုင်း ရောက်သောအခါ ကျွန်တော် ဣန္ဒြေမဲ့စွာ ပြုမူဟစ်အော်လိုက်သည့် သတင်းကို ဥက္ကဋ္ဌကြီး ကိုတင်မောင်က ကြားသဖြင့် 'ကိုနွယ်စိုးကို ကျွန်တော် ဆုံးမရဦးမယ်'ဟု စကားစလိုက်ရာ တစ်စခန်းလုံး အတောမသတ် ပွဲကျသွားပါသည်။ ကိုတင်မောင်က ကျွန်တော့်အား ဆင်ဆင်ခြင်ခြင်ပြုမူရန် ဩဝါဒပေးပါသည်။ ထိုနေ့မှစ၍ ပြန်လာသည့် နေ့အထိ ကျွန်တော့်ကို ဆုံးမချင်သူ အဖွဲ့သားများ တော်တော် များပါသည်။

တစ်ညနေတွင် ရွာအခြေအနေ စူးစမ်းရာမှ ကိုသူတော်၊ ကိုကျော်ညွန့်နှင့် ကျွန်တော်တို့သုံးဦး ပြန်လာရာ ရွာ၏ သောက်ရေ တွင်းတစ်ခုဟု သတ်မှတ်ထားသည့် ရေတွင်းနားမှ ဖြတ်၍ ပြန်လာမိကြပါသည်။ ရေတွင်းတွင် မိန်းကလေး သုံးလေးဦး ရေခပ်နေသည်ကို တွေ့ရပါသည်။ တော်တော်ပင် ရုပ်ရည် တင့်

တယ် ချောမောသည့် မိန်းကလေးတစ်ဦးက သံပုံးတစ်ခုတွင် ရေပြည့်လုနီးပါး ထည့်ပြီးဖြစ်၍ သံပုံးမရန် ဟန်ပြင်ကာ ထိုင်နေသည်ကို တွေ့ပါသည်။ ခေါင်းပေါ်မှ ခေါင်းဖုကို လက်ဖြင့်ပုတ်၍ နေရာကျအောင် ပြင်နေသည်။ ကိုသူတော်က 'ဥက္ကဋ္ဌကြီးတို့က ရွာသူရွာသားတွေ တစ်ခုခု လုပ်နေတာတွေ့ရင် ဝင်ကူရမယ်လို့ မှာထား.တယ် မဟုတ်လား။ ကျွန်တော် သွား မ ပေးလိုက်မယ်' ဟု ပြောပြောဆိုဆို မိန်းကလေးနားသို့ သွားပါသည်။ 'ကဲ ညီမ၊ သံပုံးကြီးက အလေးကြီးပဲ ထင်တယ်၊ အစ်ကို မ ပေးမယ်လေ' ဟု ပြောကာ သံပုံးကို ကိုင်လိုက်ပါသည်။ မိန်းကလေးများလည်း အံ့အားသင့်စွာ ကြည့်နေပါသည်။ သို့သော် ကျွန်တော်တို့သည် နောက်နောက်ပြောင်ပြောင် လုပ်မည့်လူများ မဟုတ်ကြောင်းကိုတော့ သိနေကြသဖြင့် စိုးရိမ်ကြောက်လန့်ဟန် မရှိပါ။ သံပုံးရှင် မိန်းကလေးက 'ကိစ္စမရှိပါဘူး၊ နေပါစေ၊ ကျွန်မ မ နေကျပါ' ဟု ပြောပါသည်။ ကိုကျော်ညွန့်နှင့် ကျွန်တော်မှာ ကိုသူတော်လို ရဲသူများ မဟုတ်ကြသဖြင့်၊ ခပ်လှမ်းလှမ်းကပင် ကြည့်နေကြပါသည်။ ကိုသူတော်သည် ဆောင့်ကြောင့်ထိုင်ကာ သံပုံးကို တအားမြှောက်လိုက်ပါသည်။ သံပုံးသည် အထက်သို့ မြောက်သွားသော်လည်း ကိုသူတော်မှာ ရှံ့ဗွက်ထဲ ပက်လက်လန် လဲကျပါသည်။ သံပုံးတစ်ခုလုံး သူ့ပေါ် မှောက်ကျကာ သူ့မှာ စိုရွှဲသွားပါသည်။ မိန်းကလေးများလည်း တခစ်ခစ် ရယ်ကြပါသည်။ ကိုသူတော်၏ အကူအညီပေး ခံရမည့် မိန်းကလေးမှာမူ မရယ်ဘဲ အလွန်အားနာသည့် အမူအရာနှင့် ကြည့်နေပါသည်။

ကိုသူတော်သည် ကပျာကယာ ထ လိုက်ကာ "အို ...

ကျွန်တော် အားလွန်သွားလို့ပါ။ ကဲ...ကဲ... ရေထပ်ဖြည့်ပြီး မ ပေးပါဦးမယ်'ဟု ပြောပြောဆိုဆိုနှင့်ပင် ရေတွင်းမှ ရေငင်ကာ သံပုံးကို ဖြည့်ပြန်ပါသည်။ လေးပုံ သုံးပုံခန့် ပြည့်သောအခါ မိန်းကလေးက တော်လောက်ပါပြီ ဟု ပြောသဖြင့် တစ်ခါ နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်ကြပြန်ပြီး ကိုသူတော်က ရေပုံးမ ပြန်ပါသည်။ ကိုသူတော် ရေပုံး အကိုင်မဟန်၍လား၊ အားမနိုင်၍လား မသိ၊ ရေပုံး၏ နှုတ်ခမ်း မိန်းကလေး၏ ငယ်ထိပ်လောက်အရောက်တွင် သံပုံး ရုတ်တရက် စောင်းသွားကာ မိန်းကလေးကလည်း ခေါင်းအနည်းငယ် အငုံ့လိုက်၊ နဖူးကို ဂေါက်ခနဲနေအောင် ရိုက်မိပါတော့သည်။ မိန်းကလေးမှာ အတော် နာကျင်သွားဟန် တူပါသည်။ အနားက မိန်းကလေးများလည်း 'အို၊ ဖြစ်မှ ဖြစ်ရပလေ'ဟု ပြောဆို ဝိုင်းအုံလာကာ ကူ၍ ရေပုံးကို မိန်းကလေး၏ ခေါင်းဖုပေါ်သို့ တင်ပေးလိုက်ပါသည်။ ကိုသူတော်ကလည်း ဘာမျှ မပြောနိုင်၊ မိန်းကလေးကလည်း ဘာမျှ မပြောဘဲ မျက်နှာခပ်ပျက်ပျက်၊ ခပ်စူစူကလေးနှင့်ပင် ရေပုံးရွက်ကာ ထွက်သွားပါသည်။ နဖူးတွင် ချက်ချင်း ဖူးရောင်လာသည်ကို ကျွန်တော်တို့ မြင်လိုက်ရပါသည်။

ကျွန်တော်တို့သည် ကိုသူတော်၏ စေတနာ ဒဏ်ချက်ကြောင့် မိန်းကလေးခမျာ လမ်းတွင် မူးလဲများ နေမည်လားဟု စိုးရိမ်မကင်း ဖြစ်သဖြင့် နောက်မှ ခပ်လှမ်းလှမ်းခွာ၍ လိုက်သွားကြပါသည်။ အိမ်ကြီးတစ်ဆောင်၏ ဝင်းထဲသို့ ဝင်သွားသည်ကို တွေ့ရမှ စိတ်အေးပြီး ပြန်လာခဲ့ကြပါသည်။

ထမင်းစားပြီးချိန်တွင် ကိုသူတော်က ကျွန်တော့်အား

လက်တို့ခေါ်ပြီး 'ကျွန်တော် ညနေကဖြစ်တာ စိတ်မကောင်းဘူး ဗျာ၊ အတော်နာသွား ထင်ပါရဲ့'ဟု ပြောပါသည်။ 'မနာဘဲ နေမလားဗျာ၊ နဖူးမှာ အဖုကြီးကို ရောင်သွားတာပဲ'ဟု ကျွန်တော် က ပြန်ပြောသောအခါ 'ဟာ ဟုတ်လား။ ဒါဖြင့်ဗျာ ဆေးသွား ပေးရအောင်၊ ခင်ဗျားမှာ ဘမ်းတို့ ပရုတ်ဆီတို့ မပါဘူးလား'ဟု မေးပါသည်။ 'ဒီဆူဇာက အနယ်ဂျက်ဆစ်ဘမ်းတော့ ပါတယ်၊ တစ်ခါမျှ မဖွင့်ရသေးပါဘူး၊ ဒါပေမဲ့ဗျာ သွားမပေးရဲပါဘူး၊ ခင်ဗျား ပေးရဲရင် ပေးပေါ့'ဟု ပြောရာ၊ သူလည်း ကိုယ်တိုင် မပေးရဲသဖြင့် အကျပ်ကျနေကြပါသည်။ ကိုသူတော်က အနည်း ငယ် အချိန်ယူစဉ်းစားပြီး 'ကျွန်တော်တို့ ဒီလို လုပ်ရအောင်။ ညမိုးချုပ်တော့ ကျွန်တော်တို့ အဲဒီအိမ် သွားပြီး ဝင်းဝကနေ အိမ်ရှေ့ဝရန်တာပေါ်ကို ရောက်အောင် အနယ်ဂျက်ဆစ်ဘမ်းဘူး ပစ်တင်ထားလိုက်ရအောင်။ သူ ကနေ့ည ဖြစ်ဖြစ်၊ မနက်စောစော ဖြစ်ဖြစ် အိမ်ရှေ့ထွက်တော့ တွေ့မှာပဲ။ ဒါ သူလိမ်းဖို့ ဆေးဆိုတာ သိမှာပဲ'ဟု ပြောပါသည်။ 'ဒီ မိန်းကလေးပဲ တွေ့မယ်လို့ ဘယ်သူ ပြောနိုင်မလဲ'ဟု ကျွန်တော်က စောဒက တက်ရာ 'အိုဗျာ၊ ဘယ်အိမ်မှာမဆို မိန်းကလေး အရင်ဦးဆုံး နိုးပြီး အိမ်မှုကိစ္စ လုပ်ရတာပဲ။ မနက်စောစော တံမြက်စည်းလှည်းတော့ တွေ့မှာ ပေါ့။ သူတို့အိမ်မှာ အစေခံတို့ ဘာတို့ မရှိဘူးဆိုတာ သူ ကိုယ်တိုင် ရေခပ်တာနဲ့ သိနိုင်တယ်။ ဒီလို စဉ်းစားယူမှာပေါ့'ဟု ပြောသဖြင့် ကျွန်တော်လည်း သဘောတူလိုက်ပါသည်။ ကျွန်တော်တို့ မအိပ် ခင် နောက်ဖေးနောက်ဖီ ထွက်သည့်အနေဖြင့် နှစ်ယောက်သား ထွက်ပြီးလျှင် မိန်းကလေး၏အိမ်သို့ သွား၍ အသစ်ကျပ်ချွတ်

စက္ကူဘူးဖြင့် ထည့်ထားသော ဘမ်းဘူးကို ဝရန်တာပေါ်သို့ ပစ်တင်ထားလိုက်ပါသည်။ အိမ်ကလူများ အိပ်ကျပြီ ထင်ပါသည်။ အိမ်တံခါးပိတ်၍ တစ်အိမ်လုံး မှောင်နေပါသည်။

နောက်တစ်နေ့မနက် ထမင်းစာချိန်တွင် လူရွယ်တစ်ယောက် ကျွန်တော်တို့ တည်းခိုရာစခန်းသို့ ရောက်လာပါသည်။ ကိုသိန်း၊ ကိုလှတို့နှင့် မူလကပင် သိကျွမ်းခင်မင်သူ ဖြစ်ဟန်တူ၍ သူတို့က ထမင်းစားပါဦးဟု ခေါ်ကြသည်။ လူရွယ်က ခပ်ပြုံးပြုံးပင် 'မစားတော့ပါဘူးဗျာ၊ ဒါနဲ့ ခင်ဗျားတို့ထဲ ခပ်နောက်နောက်လူများ ပါလာသလားဗျာ'ဟု မေးပါသည်။ ကိုသိန်းတို့က 'ဟင်၊ ဘာဖြစ်လို့လဲ'ဟု မေးရာ၊ 'တစ်မနက်လုံးဗျာ၊ ကျွန်တော်တို့အိမ်မှာ အဘိုးကြီးဟာ ဆူပွက်နေတာပဲ။ မနက်စောစော သူ အိပ်ရာကထပြီး အိမ်ရှေ့တံခါး ဖွင့်လိုက်တော့ ဖိနပ်ချွတ်မှာ သွားတိုက်ဆေးဘူး အသစ်တစ်ခု တွေ့တာနဲ့ အဘိုးကြီးက ဘူးကိုညှစ်ပြီး အားရပါးရ သွားတိုက်လိုက်တာ၊ ဘမ်းတွေ ဖြစ်နေတယ်ဗျ။ ဟာ သွားဖုံးတွေရော၊ နှုတ်ခမ်းတွေပါ ပါးစပ်တစ်ခုလုံး အပူလောင်လို့ ကျွမ်းဆောင့်ဆူပွက်နေတယ်ဗျ၊ ဒါကြောင့် ကျွန်တော်တို့ လာမေးတာ'ဟု ပြောပါသည်။

ကိုသိန်းတို့ကလည်း 'ဟင် ဖြစ်မှ ဖြစ်ရပလေ' ဆိုကာ စုတ်သပ်နေကြသည်။ ကိုလှက 'ဦးက ဘာကြောင့် သွားတိုက်ဆေးဘူးလို့ ထင်ပြီး တိုက်ရသလဲ'ဟု မေးရာ၊ 'မနေ့က ရန်ကုန်က အပြန် ကျွန်တော် ပစ္စည်းတချို့ ဝယ်လာတယ်ဗျ။ အဲဒီထဲမှာ သွားတိုက်ဆေးဘူးပါတယ် ဆိုတာ အဘိုးကြီးက သိတယ်။

မနက်က အိမ်ရှေ့မှာ တွေ့တော့ ကျွန်တော့်အထုပ်ထဲက ကျကျန်ရစ်တာပဲ မှတ်ပြီး ကောက်သုံးတာပေါ့။ သွားမတိုက်ခင်တောင် ကျွန်တော်တို့ မောင်နှမဟာ နမော်မဲ့ နမာမဲ့နိုင်တယ်၊ ကိုယ့်ပစ္စည်းကိုတောင် စေ့စေ့အောင် မသိမ်းတတ်ဘူးလို့ ရေရွတ်နေသံ ကျွန်တော် အိပ်ရာထဲက ကြားလိုက်တယ်။ အနယ်ဂျက်ဆစ် ဘမ်းဘူးကလည်းဗျာ သွားတိုက်ဆေးဘူးနဲ့ တူနေတော့ အဘိုးကြီးက သေသေချာချာ မကြည့်မိဘူးပေါ့။ ဒီဘမ်းဘူးဟာ ကျွန်တော်တို့အိမ်ကို ဘယ်လို ရောက်နေသလဲတော့ မသိဘူး။ တစ်ယောက်ယောက်များ နောက်တာလား မသိဘူး'ဟု ပြောပါသည်။

ကိုသိန်းနှင့် ကိုလှတို့က 'နောက်တာတော့ ဟုတ်မယ် မထင်ပါဘူး'ဟု ပြောသော်လည်း မျက်လုံးနှစ်စုံက ကျွန်တော်နှင့် ကိုသူတော် ထမင်းစားနေသည့်ဘက်သို့ ရောက်နေသည်ကို သတိထားမိလိုက်ပါသည်။ ကျွန်တော်လည်း ထိုလူရှယ် ဝင်လာကတည်းက တထိတ်ထိတ်နှင့် ထမင်းနင်တင်တင် ဖြစ်နေရာမှ ကိုသိန်းက ကျွန်တော်တို့အား ကြည့်နေမှန်း သိသောအခါ စားနေသည့် ထမင်းသည် နင်ဆို့သွားပါသည်။ ကျွန်တော်က ကပျာကယာ ထကာ 'ဩော်...ဘမ်းဘူးအကြောင်း ပြောနေတာလား။ ခုမှ တွေ့တာကိုး။ မနေ့ညနေက ကျွန်တော် ပေါင်နာလို့ ဘမ်းလိမ်းချင်တာနဲ့ လွယ်အိတ်ထဲက ဘမ်းဘူးကို ထုတ်ပြီး ပြတင်းပေါက်ပေါင်ပေါ် တင်ထားလိုက်တယ်။ ရေအရင်ချိုးဦးမှပဲ ဆိုပြီး ရေတွင်း သွားတယ်။ ပြန်လာတော့ ဘမ်းဘူး မတွေ့တော့ဘူး။ ကျွန်တော်လည်း ဟိုရှာဒီရှာနဲ့ပဲ။ သိပ်လည်း အရေးမကြီးတာနဲ့ ဒီတိုင်း နေလိုက်တယ်။ ကျီးများ ချီသွားပြီး ချထားခဲ့တာလား မသိဘူး'ဟု မှင်သေသေနှင့် ပြောရပါတော့သည်။

ကိုသိန်းတို့နှင့် လူရွယ်ကလည်း 'ကျိုးချိုပြီး အိမ်မှာ ချသွားတာ ဖြစ်မှာပဲ'ဟု ဆိုကာ ကျေနပ်သွားကြပါသည်။ ဒေါက်တာသာဆိုင်က ယင်းလူရွယ်နှင့် လိုက်သွားပြီး အဘိုးကြီးအား သွားကြည့်ပါသည်။ အပြန်တွင် ကျွန်တော့် ဘမ်းဘူး ပါလာပါသည်။ သည်ဘမ်းဘူး ချိုနိုင်သည့်ကျိုးသည် အတော် အားကောင်းသည့်ကျိုး ဖြစ်ရမည် ဆိုသည်ကိုတော့ မည်သူကမျှ တွေးမိဟန် မတူပါ။ ကျွန်တော်က ကိုသူတော်အား 'ကျွန်တော့်ဗျာ လန့်လိုက်တာ၊ ကျိုးကယ်ပေလို့သာပေါ့'ဟု ပြောရာ၊ သူက သူ့ခေါင်းတုံးကလေးကို လက်ဖြင့်ပွတ်ကာ 'ကျွန်တော် ခင်ဗျား ဒီလို ပြောလိမ့်မယ်လို့ ထင်သားပဲ'ဟု အေးဆေးစွာပင် ခပ်ပြုံးပြုံးဖြင့် ပြန်ပြောပါသည်။

ကျွန်တော်လည်း ပထမတော့ သူ့ကြောင့် ကျွန်တော်ပါကံကောင်း၍သာ ဒုက္ခမရောက်ရသည်ကို အောင့်သက်သက် ဖြစ်မိသော်လည်း "သူ့စေတနာကြောင့် ဖြစ်ရတဲ့ ကိစ္စပဲလေ"ဟု စိတ်ထဲက ခွင့်လွှတ်လိုက်ပါသည်။

ညဦးပိုင်း ညဦးပိုင်းတွင် ကိုတင်မောင်တို့၊ ကိုတင့်ဆွေတို့ လူကြီးပိုင်းက ပြောဆို ဆွေးနွေးကြသည်များမှာ ဘေးကအလွန် နားထောင်၍ ကောင်းပါသည်။ ဗဟုသုတ အမျိုးမျိုးလည်း ရပါသည်။ သို့သော် ဖျာချင်းယှဉ်လျက် အိပ်ကြသူ ကိုသူတော်နှင့် ကျွန်တော့်မှာ တစ်ခါတစ်ရံတွင် အချင်းချင်း တီးတိုးပြောသည့်အခါ ပြော၊ တစ်ထောင့်က လဲလျောင်းလျက် လက်ချာရိုက်နေသူ ဒေါက်တာသာဆိုင်ကို နားထောင်သည့်အခါ ထောင်နှင့် ကိုတင်မောင်တို့၊ ကိုတင့်ဆွေတို့ ပြောသည့် စကားများကို မကြားတစ်လှည့် ကြားတစ်လှည့် ဖြစ်မိသည်။ နားစွန်နားဖျား ကြားလိုက်

သည့် အခါလည်း ရှိသည်။ တစ်ညဦးတွင် ကိုတင့်ဆွေက 'ခုခေတ် လူငယ်များဟာဗျာ ဝက်နင်းကိုမှ မရှောင်တတ်ဘူး။ ဒါလောက် မှ မသိတော့ ပြောနေလည်း အပိုပဲဗျ'ဟု စကား အဆုံးသတ်လိုက် သည်ကို ကြားရပါသည်။

နောက်တစ်နေ့ မနက်တွင် ကျောင်းကန်ရွာနှင့် မလှမ်း မကမ်းရှိ ရွာကလေးတစ်ရွာဘက်သို့ စာနယ်ဇင်းများ ဖြန့်ဖြူး ဝေငှရန် ဥက္ကဋ္ဌကြီး ကိုတင်မောင်၊ ကိုတင့်ဆွေတို့နှင့် အတူ သွားကြပါသည်။ ကရင်ရွာကလေး ဖြစ်ပါသည်။ ကိုသူတော်နှင့် ကျွန်တော်က ရှေ့ဆုံးကနေ ခြေသွက်သွက်ဖြင့် သွားကြပါသည်။ လမ်းတွင် ကိုသူတော်က 'ကိုနွယ်စိုး၊ ညက ကိုတင့်ဆွေ ပြောတာ ကြားရဲ့လား၊ ဒါကို ကျွန်တော်တို့ ကြည့်ရှောင်မှ ဖြစ်မယ်'ဟု ပြောပါသည်။ 'ဘာလဲဗျ'ဟု မေးရာ၊ 'ဝက်နင်းလေ၊ ခု သွားမှာ ကရင်ရွာကလေး မဟုတ်လား။ ဒီမှာ ဝက်တွေ မွေးထားမှာပေါ့။ ဒါကြောင့် ကိုတင့်ဆွေက ညက ကြိုတင်သတိပေးထားတာ ဖြစ်မှာပေါ့။ ခုလည်း စိတ်မချလို့ လိုက်လာတာ ဖြစ်မှာပဲ' ဟု ဆိုပါသည်။ ကျွန်တော်က 'ဝက်နင်းဆိုတာ ဘာလဲဗျ'ဟု မေးပြန် ရာ ကိုသူတော်သည် ခဏ စဉ်းစားပြီးလျှင် 'အင်း၊ လူက ဝက်ကို နင်းတာတော့ မဖြစ်နိုင်ဘူး။ ဝက်က လူကို နင်းတာလည်း မဖြစ်နိုင်ဘူး။ လူချော်လဲကျရင် ဝက်က တက်နင်းတတ်သလား မသိဘူး။ မတော်တဲ့နေရာ နင်းမိရင် ဒုက္ခပဲ။ ဒီဘေးရန်ကို ရှောင် ဖို့ ပြောတာ ဖြစ်ချင်လည်း ဖြစ်မယ်'ဟု ပြောပါသည်။ ကျွန်တော် က သူတို့ကို မေးရအောင်ဟု ဆိုကာ လှည့်ကြည့်လိုက်ရာ၊ ကိုတင်မောင်နှင့် ကိုတင့်ဆွေတို့ လူစုမှာ နေးတုံ့ နေးတုံ့ဖြင့်

လာနေသဖြင့် အတော်လှမ်းလှမ်းပင် နောက်ကျကျန်နေသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ကိုလည်း မစောင့်ဘဲ ဆက်သွားရန် သူတို့က လက်ပြကြပါသည်။ ကိုသူတော်က ဆက်လက်စဉ်းစားပြီးလျှင် 'ကျွန်တော် သိပြီဗျို့။ ဝက်မွေးတဲ့နေရာမှာ ထုံးစံတို့ အယူတို့ ရှိမှာပဲ။ ဝက်တွေရဲ့ ခြေရာတွေ၊ ဒါမှ မဟုတ်ရင်လည်း ဝက်တွေ သွားလေ့သွားထရှိတဲ့ လမ်းတွေကို ဝက်နင်းလို့ ခေါ်မှာပဲ။ ဆင်နင်းကွက်သစ် ခေါ်သလိုပေါ့ဗျာ။ ဒီတော့ ဒီဝက်နင်းကို လူတွေက မရှောင်ဘဲ လျှောက်သွားရင် ဝက်တွေမှာ ဝက်နာကျတတ်တယ်၊ ဘာဖြစ်တတ်တယ်လို့ ကရင်တွေက အယူရှိမှာပေါ့။ ဒီတော့ ကျွန်တော်တို့ ကျေးလက်ပြုပြင်ရေးသမားတွေဟာ ရှာသူရှာသားတွေ စိတ်ကသိကအောက်ဖြစ်အောင် မလုပ်ရဘူးဆိုတဲ့ စည်းကမ်းအတိုင်း ဝက်နင်းရှောင်ဖို့ မနေ့ညက ပြောနေတာ ဖြစ်မှာပေါ့။ ကျွန်တော်တို့က အကုန်မှ မကြားလိုက်ဘဲကိုး'ဟု လေးလေးနက်နက် ရှင်းပြပါသည်။

ကျွန်တော်ကလည်း ကိုသူတော်၏ ရှင်းပြချက် မှန်မှာပါပဲဟု သဘောတူ လက်ခံပြီးလျှင် ကရင်ရွာကလေး အဝင်ဝနားမှစ၍ မြေကြီးကို သေသေချာချာ နှစ်ယောက်သား ငုံ့ကြည့်ကာ သတိကြီးစွာဖြင့် လျှောက်လာခဲ့ကြပါသည်။ ဝက်ခြေရာကွက်ကိုလည်းကောင်း၊ ဝက်များ လျှောက်သွားထားသည့် လက္ခဏာ အရိပ်အယောင်ကို လည်းကောင်း တွေ့လျှင် မနင်းမိအောင် ရှောင်ရန် ဖြစ်ပါသည်။ သို့သော် ကျွန်တော်တို့နှစ်ယောက်မှာ ဝက်ခြေရာကွက် တွေ့လျှင်တောင် ဝက်ခြေရာဟု သိမည့်သူများ မဟုတ်သဖြင့် အခက်အခဲနှင့် တွေ့ကြပါသည်။ တစ်နေရာတွင်

ဝက်ချေးပုံတစ်ခု တွေ့ပြီဟု ကျွန်တော်က ပြရာ ကိုသူတော်က ငုံ့၍ နမ်းတော့မလောက် သေချာစွာ ကြည့်ရှုပြီးလျှင် ဝက်ချေးပုံ မဟုတ်၊ ခွေးချေးပုံ ဖြစ်သည်ဟု ဆုံးဖြတ်ပါသည်။ ကျွန်တော်တို့ နှစ်ယောက် တစ်ချိန်လုံး ခေါင်းမမော့ဘဲ လျှောက်ကြပါသည်။ ဝက်နင်းလွတ်အောင် သတိထားနေကြရသဖြင့် စာနယ်ဇင်း အစောင်များကို ဝေငှရန်ပင် မေ့နေကြပါသည်။ နှစ်ယောက်သား ခေါင်းငိုက်စိုက် လျှောက်ရင်းပင် ဘယ်က ပေါ်လာသည် မသိ။ ရောမ ဝက်ကြီးတစ်ကောင်နှင့် ကိုသူတော် ပက်ပင်းပါ တိုးမိတော့ သည်။ ကိုသူတော်ကလည်း လန့်၊ ဝက်ကြီးကလည်း ပိုလန့်ကာ ဝက်ကြီးမှာ စွတ်၍ ပြေးတော့သည်။ သို့သော် ကိုသူတော်က လန့်၍အခုန်၊ ဝက်ကြီးက စွတ်၍ အပြေး ကိုသူတော်မှာ ဝက်ကျော ပေါ်တွင် အမြီးပြန် ခေါင်းပြန် မှောက်လျက် လဲကျကာ ကားရား ကြီး ပါသွားပါတော့သည်။ ဝက်အော်သံနှင့် ကိုသူတော် အော်သံ မှာ ဘယ်သူက ဘယ်သင်းအော်နေမှန်း မသိအောင် ဖြစ်နေရာ၊ နောက်က ခရာကိုင်ကလည်း ဂေါ်ဂီဘူပြဲဟု အလန့်တကြား မှုတ်လိုက်သဖြင့် အသံများမှာ ဆူညံရောထွေး သွားပါသည်။ စာနယ်ဇင်း အစောင်များမှာလည်း ပြန့်ကျဲ ကျကျန်ရစ်ခဲ့သည်။ နောက်က မီလုမီခင် ရှိနေသော ကိုတင်မောင်တို့ လူစုနားဆီ ရောက်မှပင် ကိုသူတော် ဝက်ပေါ်က လိမ့်ကျ ကျန်ခဲ့ပါတော့ သည်။

ကရင်ကြီးတစ်ယောက် ထွက်လာပြီး သူ့ဝက်ကို အလေး ချိန်လျော့အောင် လုပ်ရမည်လားဟု စိတ်ဆိုးမာန်ဆိုး ပြောပါ သည်။ ကိုတင်မောင်နှင့် ကိုတင့်ဆွေက မတော်တဆ ဖြစ်ကြောင်း

နှင့် ကရင်ကြီးအား တောင်းပန်လိုက်ရသည်။ ကိုတင့်ဆွေက 'ခင်ဗျားတို့ဗျာ ဘာလုပ်လုပ် အရာရာနဲ့ အကြောင်းကြောင်း ချည်းပဲ။ ကျေးလက်ပြုပြင်ရေးသမား ဆိုတာ ဝက်ကို မစီးချင်ရ ဘူးဗျ။ စီးချင်ရင် မြင်းပဲ စီးစီး၊ လားပဲ စီးစီး၊ စီးပေါ့ဗျာ'ဟု ပြောပါသည်။ 'ပြီးတော့ ခင်ဗျားတို့ကို ကျွန်တော် နောက်က ကြည့်နေတယ်။ ခေါင်းတငုံ့ငုံ့နဲ့ လျှောက်နေကြတာပဲ။ ရှေ့ကို ဘာမှ မကြည့်ဘူး၊ ဘာလုပ်တာလဲ'ဟု မေးပါသည်။ ကျွန်တော် တို့က သူပြောတဲ့အတိုင်း ဝက်နင်းလွတ်အောင် ရှောင်နေရကြောင်း ရှင်းပြသောအခါ၊ ကိုတင့်ဆွေက အားရပါးရ ရယ်ကာ 'ကျွန်တော် က ကဗျာစပ်တဲ့အကြောင်း ပြောနေတာဗျ။ ကဗျာစပ်တဲ့အခါ နီးကပ်တဲ့ အပိုဒ်တွေမှာ စကားလုံးတစ်ခုလုံး ထပ်ပြီး သုံးရင် အသံသာယာမှု မရဘူး။ ဝကို ဂငယ်သတ်တဲ့ ဝဂ်ဗျ။ စကားလုံး ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ ဝက်ကောင် မဟုတ်ဘူး။ ကဗျာမှာ အသံတူချင်း နီးနီးကပ်ကပ် ပါလာတာကို ဝဂ်နင်းခေါ်တယ်ဗျ' ဟု ပြောပါသည်။

ကိုသူတော်က သူ့ခေါင်းတုံးကလေးကို လက်ဖြင့် ပွတ် ကာ ပွတ်ကာ 'ကျွန်တော်လည်း ထင်သားပဲ'ဟု အေးဆေးစွာပင် ခပ်ပြုံးပြုံးဖြင့် ပြောပါသည်။

ကျွန်တော်လည်း ကိုသူတော်ကြောင့် အရှက်ကွဲရသဖြင့် အောင့်သက်သက် နေသော်လည်း "သူ့စေတနာကြောင့် ဖြစ်ရတဲ့ ကိစ္စပဲလေ"ဟု စိတ်ထဲက ခွင့်လွှတ်လိုက်ပါသည်။

တစ်နေ့လုံး ပင်ပန်းကြသလောက် ညဦးဘက်တွင် ဖျာ ကိုယ်စီနှင့် လဲလျောင်းကာ စကားစမြည် ပြောကြရသည်မှာ

အရသာ ရှိလှပါသည်။ တစ်ညဦး၌ မြန်မာရာဇဝင်အကြောင်း လူကြီးပိုင်းက ဆွေးနွေးနေသည်ကို အိပ်ခပ်ငိုက်ငိုက်နှင့် နားထောင်သူများထဲတွင် ကိုသူတော်နှင့် ကျွန်တော်လည်း ပါပါသည်။ ကိုတင့်ဆွေက 'ခင်ဗျားတို့ ကျွန်တော်တို့ဟာ ကိုယ့်တိုင်းပြည်ရာဇဝင်ကိုပဲ အင်္ဂလိပ်လို ဖတ်နေကြတယ်။ မြန်မာရာဇဝင်ကျမ်းတွေကို လှည့်လို့တောင် မကြည့်ချင်ကြဘူး။ မြန်မာလို ခုနှစ်သက္ကရာဇ်လည်း မသိကြ မမှတ်ကြတော့ဘူး။ ဥပမာ– ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်လွတ်လပ်ရေး ဆုံးရှုံးရတဲ့ ခုနှစ် သက္ကရာဇ်ကို မေးရင် ခင်ဗျားတို့ အိတ်တင်းအိတ်တီဖိုက်လို့ ပြောကြမှာပဲ။ မြန်မာလို သက္ကရာဇ်ကို ကဲ–ဟိုဘက်က လူစုထဲက ဘယ်သူပြောနိုင်သလဲ'ဟု ကျွန်တော်တို့ဘက်သို့ လှမ်း၍ မေးလိုက်ပါသည်။

အားလုံး ငြိမ်နေကြသည်။ ကျွန်တော်က ကျွန်တော့်ထက် ဗဟုသုတ စုံသော ကိုသူတော်များ ပြောမည်လားဟု လှမ်းကြည့်လိုက်ရာ မျက်စိမှိတ်ထားသည်ကို တွေ့သဖြင့် အိပ်ပျော်နေပြီလားဟု ထင်မိပါသည်။ နက်နက်နဲနဲ စဉ်းစားနေခြင်းလည်း ဖြစ်နိုင်ပါသည်။

ကိုတင့်ဆွေက ဆက်၍ 'ခင်ဗျားတို့ မှတ်ထားဖို့ ကျွန်တော် ဆောင်ပုဒ်တစ်ခု ပေးမယ်။ ဦးကောင်း လိမ်ထုတ် မင်းဆက်ပြုတ်တဲ့၊ အဲဒါ ဘာအဓိပ္ပာယ်လဲ သိလား'ဟု မေးပြန်ပါသည်။

ကျွန်တော်လည်း မနေနိုင်တော့သဖြင့် အားကိုးရင်းဖြစ်သူ ကိုသူတော်အား လက်ဖြင့် နှစ်ချက် သုံးချက် တို့ကာ 'ကိုသူတော်၊ ကိုသူတော်၊ ဦးကောင်း လိမ်ထုတ် မင်းဆက်ပြုတ် ဆိုတာ ဘာ

အဓိပ္ပာယ်လဲလို့ ကိုတင့်ဆွေက မေးနေတယ်။ ပြောလိုက်စမ်းပါ' ဟု ပြောပါသည်။

ကိုတင့်ဆွေ ပြောနေသံများကို မကြားတစ်ချက် ကြားတစ်ချက် ရှိခဲ့ဟန်တူသော ကိုသူတော်သည် ဆတ်ခနဲ ထ ထိုင်ကာ 'ဦးခေါင်း လိမ်ထုတ် မင်းဇက် ပြုတ်၊ ဟုတ်လား'ဟု ပြော၍၊ ခဏ စဉ်းစားလိုက်ပြီးလျှင် 'အဲဒါ ရှေးဆရာကြီးတစ်ဦးက သူ့တပည့်ရင်း တစ်ယောက်ကို စေတနာနဲ့ ပေးခဲ့တဲ့ ဩဝါဒပေါ့။ ပြတင်းပေါက် တစ်ခုခုကနေ မင်းရဲ့ခေါင်းကို လိမ်ပြီးများ ထုတ်မကြည့်လိုက်နဲ့။ ထုတ်ကြည့်လိုက်တာနဲ့ တစ်ခါတည်း မင်းရဲ့ဇက် ပြုတ်ထွက် သွားလိမ့်မယ်လို့ ဆုံးမထားတာပေါ့။ အဲဒါ သိပ်မှတ်သားစရာ ကောင်းတယ်။ မီးရထားတို့ ဘတ်စ်ကားတို့ စီးရင်...'

ကိုသူတော်၏ စကားမဆုံးခင်ပင် ကိုတင့်ဆွေက 'အမယ်လေး၊ မဟုတ်ဘူး၊ မဟုတ်ဘူး ကိုသူတော်။ ဦးကောင်းဗျ ဦးကောင်း၊ ကကြီးနဲ့ ပေါင်းတယ်'ဟု ပြောနေစဉ် ကိုသူတော်က ကြားဖြတ်၍ 'သြော်၊ ဦးကောင်းလား၊ သည်လိုမှ မပြောဘဲကိုး။ ကျွန်တော် ဦးကောင်းကို မြင်ဖူးပါတယ်။ ပညာရေးဌာနက ဘိလပ်ပြန် အရာရှိပေါ့။ အသားဖြူဖြူ ရွှေကိုင်းမျက်မှန် အစဉ်တပ်တယ်။ သိပ် သဘောကောင်းတာပဲတဲ့' ဟု ပြောပြန်ရာ၊ ကိုတင့်ဆွေက 'ဟာ ဒီ ဦးကောင်းလည်း မဟုတ်သေးဘူးဗျ၊ ကင်းဝန်မင်းကြီး ဦးကောင်းကို ပြောတာ။ ဦးကောင်း လိမ်ထုတ် မင်းဆက်ပြုတ် ဆိုတာ ကျွန်တော်တို့ လွတ်လပ်ရေး ဆုံးရှုံးတဲ့ မြန်မာခုနှစ် သက္ကရာဇ် တစ်ထောင့်နှစ်ရာ လေးဆယ့်ခုနစ်ခု ဆိုတဲ့ ၁၂၄၇ ဂဏန်းကို အက္ခရာနည်းနဲ့ အမှတ်အသား လုပ်ထားတာ'

ဟု ပြောပြီးလျှင် မြန်မာဂဏန်းကို အက္ခရာဖြင့် လှယ်၍ မှတ်နည်းကို လည်းကောင်း၊ မင်းကြီးဦးကောင်း အကြောင်းကို လည်းကောင်း၊ မြန်မာများ လွတ်လပ်ရေး ဆုံးရှုံးခဲ့ပုံကို လည်းကောင်း အကျယ်တဝင့် ရှင်းပြပါသည်။

ကျွန်တော်တို့၏ လုပ်ငန်းများတွင် ရွာရှိ အလယ်တန်းကျောင်း နှစ်ကျောင်းကို တစ်ရက်ခြားစီလောက် သွား၍ ဗဟုသုတ အရပ်ရပ်ကို ဟောပြောရသည့် လုပ်ငန်းလည်း ပါပါသည်။ ဤသို့ ဟောပြောရန်အတွက် အဖွဲ့ဝင်များကို ကိုတင်မောင်နှင့် ကိုသိန်းက ရွေးချယ်၍ တာဝန်ပေးပါသည်။ ဟောပြောမည့် အကြောင်းရပ်ကို ကိုယ့်စိတ်ကြိုက်အတိုင်း ရွေး၍ ဥက္ကဋ္ဌ ကိုတင်မောင်အား ကြိုတင် ပြောထားရပါသည်။ တစ်ကြိမ်လျှင် အဖွဲ့ဝင်သုံးယောက် တစ်ဦးပြီးတစ်ဦး ဟောပြောသည်။ တစ်ဦးလျှင် ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက်သာ ပြောကြရသည်။ ကိုသူတော်နှင့် ကျွန်တော်မှာ ဥက္ကဋ္ဌကြီးက ရွေးမည်လားဟု တစောင့်စောင့် နေခဲ့သော်လည်း ကျွန်တော်တို့အား ဤတာဝန် ပေးရန် မေ့လျော့နေကြဟန် တူပါသည်။

ဦးကောင်း လိမ်ထုတ် ဆောင်ပုဒ်ကို ကိုသူတော် စဉ်းစဉ်းစားစား အဖြေပေးသည့်ည နောက်တစ်နေ့တွင် တောင်ပိုင်း အလယ်တန်းကျောင်းသို့ သွား၍ ဟောပြောရမည့် အဖွဲ့ဝင် သုံးဦးအနက် တစ်ဦးမှာ အနည်းငယ် နေထိုင်မကောင်း၍ မသွားနိုင်ကြောင်း နံနက် ထမင်းစားချိန်တွင် သိရပါသည်။ 'ဒါဖြင့် ကျန်နှစ်ယောက်ပဲ သွားကြတာပေါ့'ဟု ဥက္ကဋ္ဌ ကိုတင်မောင်က ပြောခိုက်၊ ကိုသူတော်က 'ကျွန်တော် သွားပေးပါမယ်။ ကျွန်တော်

လည်း တတ်သမျှပညာ ဖြန့်ဖြူးလိုပါတယ်။ ကျွန်တော့်ကို အစား ထည့်ပါ'ဟု ပြောပါသည်။ ငြင်းရမှာလည်း အားနာဟန်၊ အလုပ် တာဝန် အပိုတစ်ခု ပေးရမှာလည်း မပေးလိုဟန်ဖြင့် ကိုတင်မောင် အင်တင်တင် ဖြစ်နေစဉ်၊ ကိုသိန်းက 'ခင်ဗျား ဘာဟောပြောမလဲ' ဟု မေးပါသည်။ ကိုသူတော်က 'ပထဝီဝင်အကြောင်း ဆိုင်ရာ နည်းနည်းနဲ့ ရာဇဝင် မှတ်သားစရာ ပြောမလို့ပါ'ဟု ဖြေပါသည်။ 'ဘယ်လို ပြောမှာလဲ'ဟု မေးပြန်ရာ 'မနေ့ညက ကိုတင့်ဆွေ ပြောတာ မှတ်ထားပါတယ်၊ အဲဒါ အတိုချုပ် ပြောပြမှာပါ'ဟု ပြောပါသည်။ ကိုသိန်းက ကိုတင်မောင်အား' ဒါလောက်ဖြင့် ကိစ္စမရှိနိုင်ပါဘူး'ဟု ပြောရာ၊ ဥက္ကဋ္ဌကြီးက ကိုသူတော်အား 'လိုက်သွားချင် လိုက်သွားလေ'ဟု ခွင့်ပြုပါသည်။

အနားက ကျွန်တော့်မှာမူ ကိုသူတော် တကယ် စေတနာ ထက်သန်ပုံ၊ ပရိသတ် လူပုံလယ်တွင် ဟောရဲပြောရဲသည့် သတ္တိ ရှိပုံကို စိတ်ထဲက ချီးကျူးနေမိပါသည်။ ဤအချိန်က စပြီး သူ့ကို စံနမူနာထားကာ အတုခိုးမည် ဟူ၍လည်း သန္နိဋ္ဌာန် ချလိုက်ပါ သည်။ ကိုသိန်းတို့ ချေးထူပြီး ကိုသူတော်အား မေးလား မြန်းလား နှင့် "ဒါလောက်နဲ့တော့ ကိစ္စ မရှိပါဘူး"ဟု မှတ်ချက်ချသည် ကိုလည်း ကျွန်တော် မခံချင်ပါ။ သို့သော် အသင်းခေါင်းဆောင် များ ဖြစ်နေ၍ ဘာမျှ မပြောရဲပါ။ ကိုသူတော် ဟောပြောမည့် ကျောင်းသို့ သူနှင့်အတူ ကျွန်တော် လိုက်သွားပါသည်။

ဘာကြောင့်မှန်း မသိ။ ကိုတင်မောင်၊ ကိုသိန်းနှင့် ကိုတင့် ဆွေတို့ ကျွန်တော်တို့နောက်က လိုက်လာကြသည်။ ခါတိုင်း ဆိုလျှင် ကျောင်းဟောပြောပွဲများသို့ သူတို့သုံးဦးစလုံး လိုက်လေ့

မရှိပါ။ ကိုသူတော်၏ အစွမ်းအစကို မြင်လို၍၊ ချီးကျူးလို၍ လိုက်လာဟန် တူပါသည်။

စာသင်ကျောင်း၌ အဖွဲ့ဝင်နှစ်ဦး ဟောပြောပြီးလျှင် ကိုသူတော်အလှည့် ရောက်လာပါသည်။ ကိုသူတော်က ပထဝီဝင် ဆိုင်ရာ မှတ်သားစရာကို စတင် ဟောပြောပါသည်။

'ကနေ့ မင်းတို့ကို ဆရာက၊ (သူ့ကိုယ်သူ ဆရာဟု ပြောလိုက်၍ ကျွန်တော် ကြက်သီးထသွားလောက်အောင် သဘောကျမိပါသည်။) ကနေ့ မင်းတို့ကို ဆရာက ပထဝီဝင်နဲ့ ရာဇဝင် ဆိုင်ရာ မှတ်သားစရာတွေ ပြောပြမယ်။ ပထမဦးဆုံး ပထဝီဝင်နဲ့ ပတ်သက်လို့ ကမ္ဘာကြီး လုံးတာကို ဘာကြောင့် သိနိုင်တယ် ဆိုတာ ဆရာ ပြောပြမယ်။ ကမ္ဘာကြီးဟာ မပြားဘူး၊ လုံးနေတယ်၊ ဘာကြောင့် လုံးတယ်လို့ ပြောနိုင်သလဲ။ ကဲ ဆိုစမ်း'

ကလေးများက ငြိမ်နေကြပါသည်။ ကိုသူတော်က ဆက် ဟောပါသည်။

'တို့ နေထိုင်တဲ့ ကမ္ဘာကြီးဟာ လိမ္မော်သီးပုံလိုပဲ နေတယ် ဆိုတာ မင်းတို့ စာအုပ်တွေထဲမှာ မဖတ်ဖူးဘူးလား'

'ဖတ်ဖူးပါတယ်'ဟု ကလေးအချို့က ဖြေသည်။

'အဲဒီတော့ ကမ္ဘာကြီး လုံးတယ် ဆိုတာ သိဖို့ အလွယ် ကလေးရယ်။ လိမ္မော်သီးကို ကြည့်စမ်း၊ လိမ္မော်သီးဟာ လုံးနေ တယ်၊ မပြားဘူး။ လိမ္မော်သီး အပြားရယ်လို့ မင်းတို့ တွေ့ဖူး ကြသလား'

'မတွေ့ဖူးဘူး'ဟု ကလေးအားလုံးက အားရပါးရ အော် လိုက်ပါသည်။ ကလေးတစ်ယောက်က 'ဆီးပြားတော့ တွေ့ဖူး တယ်' ဟု အသံသဲ့သဲ့ဖြင့် ထပ်ဆင့်လိုက်ပါသည်။

'အဲ လိမ္မော်သီးဟာ မပြားဘဲ လုံးနေသလို ကမ္ဘာကြီးဟာလည်း လုံးနေတာပဲ၊ မပြားဘူး။ အဲဒါကို သေသေချာချာ မှတ်ထား။ ပထဝီဝင်ဆိုင်ရာ ဒါပဲ ဆရာ ပြောစရာ ရှိတယ်'ဟု ပြောပါသည်။

နံဘေးမှ ရပ်နေသူ ကျောင်းဆရာကြီးနှင့် ဆရာများသည် ပါးစပ်ဟောင်းလောင်းနှင့် ကိုသူတော် ဟောပြောချက်ကို ငေးစိုက်နားထောင်လျက် ရှိကြပါသည်။

ကိုသူတော်က ရာဇဝင်ဆိုင်ရာကို ဆက်၍ ဟောပြောပါသည်။

'မင်းတို့ဟာ ကိုယ့်တိုင်းပြည် ရာဇဝင်ကိုပဲ အင်္ဂလိပ်လို ဖတ်နေကြတယ်။ မြန်မာရာဇဝင်ကျမ်းတွေကို လှည့်လို့တောင် မကြည့်ချင်ကြဘူး'ဟု အစချီ၍ ကိုတင့်ဆွေ ညက ပြောခဲ့သည်များကို တစ်ဆင့် ဖောက်သည်ချပါသည်။

ထိုကျောင်းမှာ မြန်မာအလယ်တန်းကျောင်း ဖြစ်၍ အင်္ဂလိပ်စာပင် မသင်ပါ။ ကလေးများအား ရာဇဝင်ကို အင်္ဂလိပ်လို ဖတ်နေကြသည်ဟု ကိုသူတော် စွဲချက်တင်လိုက်သည်နှင့် ကျောင်းဆရာကြီးနှင့် ဆရာများ၏ အဟောင်းသား ပါးစပ်များသည် ပို၍ ဟ သွားပါသည်။ အကြီးဆုံးပါမှ ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်သာ ရှိသေးသည့် ကလေးပရိသတ်ကမူ အတော်နှစ်ခြိုက်ပုံ ရပါသည်။ ငြိမ်လျက် နားထောင်နေကြပါသည်။

ကိုတင့်ဆွေ၏ ပြောပြချက်၊ ရှင်းပြချက်များကို ကိုသူတော်သည် သူမှတ်မိသလောက် ပြန်လည်ဟောပြောရန် ကြိုးစားခြင်း မှန်ပါသည်။ သို့သော် ညက ကိုတင့်ဆွေ ရှင်းပြစဉ်က

မငိုက်တစ်ချက် ငိုက်တစ်ချက် နားထောင်ထား၍လား၊ သို့မဟုတ် အတိုချုံးပြီး ပြောရ၍လား မသိ၊ သူ့ဟောပြောချက်များမှာ ဟိုရောက် သည်ရောက်နှင့် ကျွန်တော်ပင် အဆက်အစပ် ရှာမတွေ့ပါ။ ကိုသူတော်လည်း သူ့ဟာသူပြောရင်းပင် ချာလည်လိုက်နေသဖြင့် မြန်မြန် အဆုံးသတ်လိုဟန်ဖြင့်–

'ကဲ နောက်ဆုံး ဆရာက မင်းတို့ မှတ်ထားဖို့ မင်းကြီးဦးကောင်းအကြောင်း ဆောင်ပုဒ်တစ်ခု ပေးလိုက်မယ်။ **ဦးကောင်းလိမ်ထုတ် မင်းဆက် ပြုတ်** တဲ့။ မင်းတို့ မမေ့အောင် ဟောဒီကျောက်သင်ပုန်းကြီးမှာ ဆရာ ရေးပြမယ်။ ကူးရေးကြ၊ ကူးရေးကြ'ဟု ဩဝါဒပေးကာ ကျောက်သင်ပုန်းကြီးတွင်–

**ဦးကောင်းလိန်ထုပ်၊ မင်းဇက်ပြုတ်**ဟု စာလုံးကြီးကြီးဖြင့် ရေးလိုက်ပါသည်။

ကိုတင်မောင်မှာ မနေနိုင်တော့ပါ။ 'စာလုံးပေါင်း မှားနေတယ် ကိုသူတော်၊ လိန်နဲ့ ထုပ် မှားနေတယ်'ဟု လေသံဖြင့် ကိုသူတော် ကြားလောက်အောင် လှမ်းပြောလိုက်ပါသည်။ ကိုသိန်းက 'မင်းဇက်ပြုတ်လည်း မှားနေတယ်'ဟု အသံကျယ်ကျယ်ဖြင့် ထပ်ပြောလိုက်ပါသည်။ ကိုသူတော်သည် ကျောက်သင်ပုန်း ဖျက်သည့် အဝတ်ကို ယူကာ စာလုံးနှစ်လုံးကို ဖျက်၍ အသစ်ရေးလိုက်ရာ–

**ဦးကောင်းလိင်ထုပ်၊ မင်းဇက်ပြုတ်**

ဟု ဖြစ်လာပါသည်။

ကိုတင့်ဆွေ၊ ကိုသိန်းနှင့် ကိုတင်မောင်တို့က ပြိုင်တူပင် 'မှားနေသေးတယ်၊ ပြင်ရေးပါ၊ ပြင်ရေးပါ'ဟု အလောတကြီး

အော်ပြောသဖြင့် ကိုသူတော်သည် စာတစ်ကြောင်းလုံးကို ကမန်းကတန်း ပြင်ရေးလိုက်ရာ –

**ဦးကောင်းလိင်ထုတ်၊ မြင်းစက်ပြုတ်**

ဟု ကျောက်သင်ပုန်းကြီးပေါ်တွင် ထင်းထင်းကြီး ကျန်ရစ်ခဲ့ပါသည်။ အဟောင်းသား ဖြစ်နေသော ဆရာကြီး၏ပါးစပ်မှာ အစွမ်းကုန် ဟ သွားရာမှ ဆရာကြီးသည် အောက်မေးရိုးပြုတ်ထွက်သွားမည်ကို စိုးရိမ်၍လား မသိ၊ သူ့မေးစေ့ သူကိုင်ကာ "ဂတ်"ခနဲ နေအောင် ပြန်စေ့လိုက်သံ ကြားရပါသည်။ ကိုသိန်းလည်း စိတ်ဆိုးမာန်ဆိုးနှင့် ကိုသူတော့်လက်ထဲမှ ကျောက်သင်ပုန်းဖျက် အဝတ်နှင့် မြေဖြူခဲကို ဆိုး ဆတ် ဆွဲယူလိုက်ကာ၊ ကိုသူတော် ရေးထားသည်ကို ဖျက်ပြီးလျှင်–

**ဦးကောင်းလိမ်ထုတ်၊ မင်းဆက်ပြုတ်။ ၁၂၄၇ ခုနှစ်။**

ဟု ရေးလိုက်ပါသည်။ ပြီးလျှင် 'လာ၊ သွားမယ်'ဟု ဆိုကာ ဆရာကြီးနှင့် ဆရာများကိုပင် နှုတ်မဆက်ဘဲ ထွက်လာခဲ့ပါသည်။

လမ်းတွင် ကျွန်တော်တို့ နှစ်ယောက်အား ကိုတင့်ဆွေ၊ ကိုတင်မောင်နှင့် ကိုသိန်းတို့က ပြောကြဆိုကြ ကြိမ်းကြသည်ကိုတော့ ပြည်ဖုံးကား ချပါရစေ။ ကျွန်တော် နားမလည်သည်က ကိုသူတော် လုပ်သမျှကို ဘာကြောင့် ကျွန်တော့်ပါ အဆစ်ထည့်ထည့်ပြီး ကြိမ်းမောင်းကြသည် ဟူသော အချက်ပင် ဖြစ်ပါသည်။ ကိုသူတော်သည် ကြိမ်းသမျှကို ငုံ့ခံရင်း၊ သူ့ခေါင်းတုံးကလေးကို လက်ဖြင့် ပွတ်ကာ ပွတ်ကာ 'နည်းနည်း မှားသွားတယ်လို့ ကျွန်တော်လည်း ထင်သားပဲ'ဟု ခပ်ပြုံးပြုံးဖြင့် အေးဆေးစွာ ပြန်ပြောပါသည်။

ရာပြည့်စာအုပ်တိုက်

ကျွန်တော်လည်း "ဩော် သူလည်း စေတနာနဲ့ ပညာပေးဖို့ ကြိုးစားတာပဲ။ သူ့စေတနာကြောင့် ဖြစ်ရတဲ့ ကိစ္စပဲလေ"ဟု သူ့ကြောင့် အရှက်ကွဲလာရသည်ကိုပင် စိတ်ထဲက ခွင့်လွှတ်လိုက်ပါသည်။

ကျောင်းကန်ရွာသို့ ကျွန်တော်တို့ ရောက်ပြီး လေးငါးရက်ခန့် အကြာတွင် ဝေငှဖြန့်ဖြူးစရာ စာနယ်ဇင်းများ၊ စာအုပ်များ ကုန်သလောက် ဖြစ်သွားပါသည်။ ထိုနေ့ ညဦးပိုင်း မအိပ်ခင် အချိန်တွင် ဥက္ကဋ္ဌကြီး ကိုတင်မောင်နှင့် ကိုသိန်းတို့ ဤအကြောင်း ဆွေးနွေးနေကြပါသည်။ 'ခက်တာပဲဗျာ၊ ဝေဖို့ စာနယ်ဇင်းတွေ စာအုပ်တွေ မနက်ဖြန် တစ်ရက်စာပဲ ကျန်တော့တယ်။ မနက်ဖြန်လည်း တနင်္ဂနွေနေ့ ဖြစ်နေတယ်။ ဌာနတွေ တိုက်တွေ ပိတ်မှာပဲ။ ဘယ်ကမှ စာအုပ်တွေ၊ စာတမ်းတွေ၊ သတင်းစာ မဂ္ဂဇင်းတွေ သွားတောင်းလို့ ရမှာ မဟုတ်ဘူး။ ဒါမျိုး တောင်းရတာလည်း နှစ်ရက် သုံးရက်လောက် ကြာမှ ရတာ။ ကျွန်တော်တို့ ပြန်ဖို့ ရက်ကလည်း နီးနေပြီ။ စာအုပ်စာတမ်းတွေ ဆက်ပြီး ဝေဖို့ မရှိတာ သိပ်နာတာပဲ'ဟု ညည်းတွားနေသံ ကြားရပါသည်။ စာအုပ်စာတမ်း ဝေငှဖြန့်ဖြူးရေးမှာ ပညာပေးရေးအတွက်သာ အကျိုးရှိရုံ မဟုတ်ဘဲ ရွာ၏အခြေအနေ စူးစမ်းသည့် လုပ်ငန်း အတွက် ရွာသူရွာသားများနှင့် မျက်မှန်းတန်းမိအောင် ဖန်တီးပေးသည့် အကျိုးလည်း ရှိသဖြင့် ကျွန်တော်တို့ အားလုံး စိတ်မကောင်း ဖြစ်ကြပါသည်။

ကိုသူတော်က သူ့ဖျာပေါ်မှာ ဆတ်ခနဲ ထ ကာ 'ဒီကိစ္စ အတွက် မပူပါနဲ့ဗျာ။ ကျွန်တော် ဆောင်ရွက်ပေးနိုင်ပါတယ်။

ရန်ကုန်မှာ စာအုပ်ဆိုင်ရှင် တစ်ယောက်နဲ့ ကျွန်တော် သိတယ်။ သူ့ဆိုင်မှာ စာအုပ်ကလေးတွေ အထုပ်လိုက် အထုပ်လိုက် ပုံနေတာပဲ။ သူကလည်း လူတွေ လာတိုင်း ပေးပေးနေတာပဲ။ သူ့ဆိုင်က တနင်္ဂနွေနေ့လည်း မပိတ်ပါဘူး။ ကျွန်တော် နက်ဖြန်မနက် သွားယူပေးပါမယ်'ဟု စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် ပြောပါသည်။

ကိုတင်မောင်၊ ကိုသိန်းမှ အစ ကျွန်တော်တို့အားလုံး ဝမ်းသာသွားကြပါသည်။ ကိုလှက 'ဘာစာအုပ်မျိုးတွေလဲဗျ'ဟု မေးရာ 'ကျွန်တော်တော့ ဖတ်မကြည့်မိဘူး။ တစ်ခါ မေးကြည့်တော့ ကျန်းမာသန်စွမ်း ထွားကျိုင်းရေး ပညာပေးစာအုပ်တွေလို့ ပြောတာပဲ'ဟု ကိုသူတော်က ပြန်ပြောပါသည်။ ကာယဗလ ဦးချစ်တင်က 'ဟာ အတော်ပဲဗျို့၊ ဒီစာအုပ်မျိုးတွေ များများဝေပေးဖို့ ကောင်းတယ်။ ခင်ဗျား များများ ယူလာနိုင်ပါ့မလား'ဟု စိတ်အားထက်သန်စွာ မေးပါသည်။ ကိုသူတော်က 'ရပါလိမ့်မယ် ထင်တယ်။ ကျွန်တော် မရ ရအောင် ယူခဲ့မယ်ဗျာ။ တခြားစာအုပ်တွေ ရရင်လည်း ယူခဲ့မယ်'ဟု အာမခံ ခံလိုက်ပါသည်။

ဥက္ကဋ္ဌကြီး ကိုတင်မောင်က ကိုသူတော် စေတနာထက်သန်ပုံကို ချီးကျူးသည်။ ကိုသိန်းက 'ဒီလို အပင်ပန်းခံဖို့ စိတ်ထားရှိတဲ့ စေတနာရှင်မျိုးမှ ကျေးလက်ပြုပြင်ရေးသမား ပီသတယ်'ဟု ထပ်လောင်း ထောမနာ ပြုလိုက်သည်။ ကျွန်တော်တို့အား ဝက်မစီးဘဲ ဘာကောင် ညာကောင် စီးရောပေါ့ဟု လည်းကောင်း၊ ကိုသူတော်ကြောင့် မင်းကြီး ဦးကောင်းခမျာ သေပြီးမှတောင် မထုတ်တန်တဲ့ ကိုယ်ပိုင်ပစ္စည်း ထုတ်ရရှာသေးသနော်ဟု လည်း

ကောင်း ပြောခဲ့သူ ကိုတင့်ဆွေကပင် 'ကိုသူတော်က ဒီလိုနေရာမျိုးကျတော့ အားကိုးရသားပဲ'ဟု အားရဝမ်းသာစွာ ပြောပါသည်။ ကျွန်တော်လည်း ကျွန်တော့်သူငယ်ချင်း စေတနာရှင် ကိုသူတော်အတွက် ဂုဏ်ယူမိကာ အတော် ကျေနပ်နေပါသည်။

ကိုသူတော်သည် နံနက်စောစော ဘတ်စ်ကားနှင့် ရွာမှ ထွက်သွားပြီး နေ့လယ်လောက်တွင် ပြန်ရောက်လာပါသည်။ ကျွန်တော်တို့က ရွာအဝင်ဝက စောင့်၍ ဆီးကြိုနေကြသည်။ သူနှင့် စာအုပ်ထုပ် ခြောက်ထုပ်ပါလာသည်။ တစ်ထုပ်လျှင် စာအုပ်တစ်ရာစီ ပါသည်ဟု ပြောပါသည်။ စာအုပ်ကလေးများမှာ ခပ်ပါးပါးပင်ဖြစ်၍ အဖုံးစိမ်းကလေးများနှင့် သေသပ်စွာ ချုပ်ထားပုံ ရသည်။ စက္ကူအညိုဖြင့် တစ်ဖက်တစ်ချက်တွင် အုပ်၍ သပ်ရပ်စွာ ချည်နှောင်ထားသော စာအုပ်ထုပ်များကို ထမ်းကာ ပေါ့ပါးသွက်လက်သော ခြေလှမ်းများဖြင့် တည်းခိုရာစခန်းသို့ ကျွန်တော်တို့ ပြန်လာခဲ့ကြပါသည်။ ကိုသူတော် လက်ထဲတွင်လည်း မဂ္ဂဇင်း ဂျာနယ် အဟောင်းများနှင့် ဝတ္ထုစာအုပ် ဆယ့်လေးငါးအုပ် တစ်ပွေ့တစ်ပိုက်ကြီး ပါလာ၍ စခန်းသို့ ရောက်သောအခါ အသင့်စောင့်နေသော ကိုတင်မောင်နှင့် ကိုသိန်းက အားရဝမ်းသာ ယူကြည့်ကာ 'ဒါတွေ မနက်ဖြန် ဝေရမယ်။ ဟို ချည်ထားတဲ့ စာအုပ်ထုပ်တွေကတော့ အေးအေးမှ ဖြေတာပေါ့။ ကိုသူတော် အမောဖြေပါစေဦးလေ'ဟု ပြောပြီးလျှင်၊ စာအုပ်ထုပ်များကို တရိုတသေ သိမ်းထားလိုက်ပါသည်။ ကိုသိန်းက ကိုသူတော်အား ကော်ဖီ ဖျော်တိုက်ပါသည်။ ကျွန်တော်တို့ကိုတော့ မတိုက်ပါ။

ညနေဘက်တွင် ရွာခံလူတစ်ဦး ရောက်လာကာ ရွာမြောက်ဖျားရှိ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်နှင့် သံဃာများက ကျွန်တော်တို့ ဝေငှသည့် စာအုပ်စာတမ်းများကို အလိုရှိကြောင်း၊ များများပေးထားနိုင်လျှင် ဘုန်းတော်ကြီးများကလည်း တစ်ဆင့် ဖြန့်ဖြူးပေးမည် ဖြစ်ကြောင်း မှာလိုက်သည်ဟု ပြောပြပါသည်။ ကိုတင်မောင်နှင့် ကိုသိန်းတို့က အားရဝမ်းသာ ဖြစ်သွားလျက် ကျေးလက်ပြုပြင်ရေးနှင့် ပညာပေးရေးလုပ်ငန်းတွင် သံဃာတော်များက ဦးစီးကူညီပါလျှင် ခရီးအလွန်ရောက်မည် ဖြစ်၍ ဤသို့ မှာကြားလိုက်သည်ကို အလွန် ကျေးဇူးတင် ဝမ်းသာကြောင်း၊ စာအုပ်များ ချက်ချင်းပင် ပို့လိုက်မည် ဖြစ်ကြောင်း ပြောကြားကာ ကိုသူတော်၊ ကိုကျော်ညွန့်နှင့် ကျွန်တော်တို့အား စာအုပ်အထုပ်နှစ်ထုပ် သွား၍ အလှူခိုင်းပါသည်။ ကျွန်တော်နှင့် ကိုကျော်ညွန့်က ထမ်းကြရသည်။ ကိုသူတော်က ဂျာနယ်ငါးစောင်လောက် လက်က ကိုင်သွားသည်။

ကျွန်တော်တို့သည် ဘုန်းကြီးကျောင်း ရောက်လျှင် ကျောင်းထိုင် ဆရာတော်အား ဝတ်ချကာ ဂျာနယ်များ၊ စာအုပ်များ လာလှူကြောင်း ကိုသူတော်က လျှောက်ထားပါသည်။ ဆရာတော်က သာဓုခေါ်ကာ ကျွန်တော်တို့ လုပ်ငန်းအကြောင်းကို မေးမြန်း၍ ကိုသူတော်နှင့် ဆရာတော် အတော်ကြာကြာ စကားလက်ဆုံ ကျကြပါသည်။ ပြန်ခါနီးတွင် 'ဒကာတို့ စာအုပ်တွေက ဘယ်လို စာအုပ်မျိုးတွေလဲ' ဟု ဆရာတော်က မေးရာ၊ ကိုသူတော်က 'ကျန်းမာသန်စွမ်း ထွားကျိုင်းရေး ပညာပေး စာအုပ်တွေပါဘုရား' ဟု လျှောက်ထားရာ ဆရာတော်က သာဓု ထပ်ခေါ်ပါသည်။

တည်းခိုရာ စခန်းသို့ ကျွန်တော်တို့ ပြန်ရောက်သောအခါ ရုတ်ရုတ် ရုတ်ရုတ်နှင့် ဖြစ်နေကြသည်ကို တွေ့ရပါသည်။ ကိုတင်မောင်နှင့် ကိုသိန်းတို့က မျက်နှာထား တင်းတင်းနှင့် ကျွန်တော်တို့အား စောင့်နေကြသည်။ ကိုလှတို့က စိတ်ဆိုးနေပုံ ရသည်။ တစ်ခုခုတော့ ဖြစ်ပြီ၊ ဘာဖြစ်လာပါလိမ့်ဟု ကျွန်တော် စနောင့်စနင်း ဖြစ်သွားသည်။ ကိုတင်မောင်က 'ကိုသူတော်၊ ဘယ့်နှယ့် လုပ်တာပဲ၊ ကျွန်တော်တို့ကို ခွေးဖြစ်အောင် လုပ်တာလား'ဟု ဆီးမေးပါသည်။ ကိုသူတော်ရော ကျွန်တော်ပါ အံ့အားသင့်သွားသည်။ ကိုသူတော် ယူခဲ့သည့် စာအုပ် အစိမ်းကလေးများလည်း အထုပ် ဖြေပြီးသား တွေ့ရသည်။ ကိုသိန်းနှင့် အခြားလူများ လက်ထဲတွင် ကိုင်ထားသည်။ ကိုသိန်းက 'ဒီစာအုပ်တွေ ဘယ်သူ့ဆီက ယူခဲ့သလဲ' ဟု မေးပါသည်။ ကိုသူတော်က 'ဆူးလေဘုရား အဝိုင်းက ဦးသွယ်ဆီကလေ။ သူ့ဆိုင်က နာမည်ကျော်ပဲ။ ဆေးလည်း ရောင်းတယ်၊ စာအုပ်လည်း ရောင်းတယ်။ ကျွန်တော်က တောမှာ သူ့စာအုပ်တွေ များများ ဝေပေးမယ် ဆိုလို့ သူလည်း ပေးလိုက်တာပဲ။ ဘာမှတောင် မမေးဘူး။ ဘာဖြစ်လို့လဲ'ဟု ပြောပါသည်။ ကိုသိန်းက 'ဒီစာအုပ်တွေဟာ ဘယ်လို စာအုပ်တွေလဲ၊ ခင်ဗျား သိသလား'ဟု မေးပြန်ရာ၊ 'ကျန်းမာ သန်စွမ်း ထွားကျိုင်းရေး ပညာပေးစာအုပ်တွေ ဖြစ်မှာပေါ့။ အဲ... အဲ တစ်ခုတော့ ရှိတယ်၊ မလိုလားတဲ့ လူဦးရေ တိုးပွားမှု တားဆီးရေး အကြောင်းလည်း ပါတယ် တဲ့။ အဲဒါကို မကြိုက်လို့လား။ ဒါမှ မဟုတ်ရင်လည်း စာအုပ် မှားလာလို့လား' ဟု ပြန်မေးပါသည်။ ကိုလှက ဝင်၍ 'ဟုတ်တယ်၊ ဟုတ်တယ်။

တကယ်ပဲ သန်စွမ်းထွားကျိုင်းရေးနဲ့ လူဦးရေတိုးပွားမှု တားဆီးရေး စာအုပ်တွေပဲ။ စာအုပ် မမှားပါဘူး'ဟု ပြောပြီး 'ဒီမှာ ကိုသူတော်၊ ခင်ဗျား တစ်အုပ်မှ ဖတ်မကြည့်ခဲ့ဖူးလား' ဟု မေးပါသည်။ 'ဟင့်အင်း၊ မဖတ်မိဘူး'ဟု ကိုသူတော်က ဝန်ခံရာ ကိုတင်မောင်က 'ဒါတွေဟာ ဂျာမနီ ဆေးကြော်ငြာတွေဗျ။ ဒါတွေ ဒီရွာကလူတွေ လျှောက်ပေးလိုက်မိရင် ငါးပါးမှောက်တော့မပေါ့။ အခု ကြည့်မိလို့သာ တော်တော့တာပေါ့'ဟု ပြောပါသည်။ ကိုသူတော်လည်း သူ့ခေါင်းတုံးကလေးကို လက်ဖြင့်ပွတ်ကာ 'ဟင်... ဟုတ်လား၊ မသိပါဘူး။ လွယ်လွယ်နဲ့ ရလာတော့ တစ်ခုခုကြောင့်ပဲလို့ ကျွန်တော် ထင်တော့ ထင်သားပဲ'ဟု အေးဆေးစွာ ခပ်ပြုံးပြုံးဖြင့်ပင် ပြန်ပြောပါသည်။

ကျွန်တော်က 'ဒါပေမဲ့ ကိုတင်မောင်၊ ကျွန်တော်တို့ဟာ အင်္ဂလိပ်ဆေးတွေကိုသာ အားပေးရမှာလား။ ဂျာမနီက ဆေးတွေလည်း တော်တော်စွမ်းတယ်လို့ ကြားဖူးတယ်။ ဂျာမနီ ဆေးကြော်ငြာကော ဘာဖြစ်သလဲ။ လူတွေ သိသွားလို့ ဝယ်သုံးရင်လည်း ကျန်းမာသန်စွမ်း ထွားကျိုင်းလာမှာပေါ့။ မကောင်းဘူးလား။ မလိုလားတဲ့ လူဦးရေတိုးပွားမှု တားဆီးရေး ဆိုတာလည်း ကမ္ဘာ ရိက္ခာ ပြဿနာ၊ အငတ်ပြဿနာ ဖြေရှင်းတဲ့ နေရာမှာ အရေးကြီးတာပဲ'ဟု ကိုသူတော်ကို ဝိုင်းအပြစ်တင်နေကြသည်မှာ မတရားဟု ထင်သဖြင့် ဝင်၍ ပြောလိုက်ပါသည်။

ကိုတင့်ဆွေက 'တယ်ခက်တဲ့ ကိုနွယ်စိုးပဲ'ဟု ညည်းလိုက်ပါသည်။

ကိုလှက 'သန်စွမ်းထွားကျိုင်းလာမှာတော့ ဟုတ်တယ်။

လူတစ်ကိုယ်လုံးတော့ မဟုတ်ဘူးဗျ။ မလိုလားတဲ့ လူဦးရေတိုးပွား မှု တားဆီးရေး ဆိုတာလည်း ကမြင်းကြော ထခိုင်းတာဗျ’ဟု ကျွန်တော့်ကို လှမ်းပြောလိုက်ပါသည်။ ကျွန်တော် ကြောင်ကြည့် နေသည်ကို တွေ့ရသော ကိုတင့်ဆွေက ကျွန်တော့်ကို ထောင့် တစ်ထောင့်သို့ ခေါ်သွားပြီး၊ စာအုပ်ထဲမှ ကြော်ငြာများကို တစ်ခုစီ ပြကာပြကာ ရှင်းပြတော့မှ ကျွန်တော် သဘောပေါက်သွားပါ သည်။ စာအုပ်မှာ ဂျာမနီဆေး ကြော်ငြာချည်းသက်သက် မဟုတ် ပါ။ ကျန်းမာရေးနှင့်ဆိုင်သော ဆောင်းပါး တစ်ခု နှစ်ခုလည်း ပါပါသည်။

ကိုတင်မောင်က ‘ကဲ…ကဲ ကိုသူတော်လည်း မသိလို့ မှားတာပဲ၊ စေတနာနဲ့ သူလုပ်ပေးတာဆိုတော့ သူ့ သိပ်အပြစ် မတင်ကြပါနဲ့လေ။ ကျွန်တော်တို့ အပြစ်လည်း ပါတာပဲ။ သေသေချာချာ မမေးမြန်းဘဲ သူ့ လွှတ်လိုက်တာကိုး။ ဒါပေမဲ့ လက်မလွန်သေးလို့ ကိစ္စမရှိပါဘူး၊ စာအုပ်တွေဝေမှ မဝေရ သေးပဲ’ဟု အများ ကျေအေးအောင် ပြောလိုက်ပါသည်။ ကိုသူ တော်လည်း အနေရ ချောင်သွားပါသည်။

ကိုကျော်မြင့်က ကပျာကယာ သတိရသည်နှင့် ‘နေပါဦး၊ သူတို့ ခုနပဲ ဘုန်းကြီးကျောင်း သွားလှူကြသေးတယ် မဟုတ် လား။ လုပ်ကြပါဦး၊ ဒီစာအုပ် ဘုန်းကြီးတွေ ဖတ်မိရင် ဒီရွာက ကျွန်တော်တို့ မောင်းဆော်ပြီး နှင်ထုတ်ပါလိမ့်မယ်’ ဟု ပြောရာ၊ ကိုတင်မောင်က ‘ကိုသူတော်တို့ပဲ သွားပြီး ဆရာတော်ဆီက ပြန်တောင်းခဲ့ပါ။ဒါပေမဲ့ ဆရာတော်တို့ မဖတ်သေးရင် ဘာစာအုပ် ဆိုတာ မလျှောက်ခဲ့နဲ့နော်။ ကောင်းအောင်သာ ကြည့်လျှောက် ခဲ့ကြ’ ဟု တာဝန်ပေးပြန်ပါသည်။

ကိုကျော်ညွန့်က မလိုက်လိုတော့ဟု ငြင်းသဖြင့် ကိုသူ တော်နှင့် ကျွန်တော်သာ ဘုန်းကြီးကျောင်းသို့ ပြန်သွားရပါသည်။ ဆရာတော်အား ဝတ်ချရာ 'ဩော် ဒကာတို့ ပြန်လာသလား၊ ဘာကိစ္စလဲ'ဟု မေးပါသည်။ ဆရာတော်မှာ ဂျာနယ်များကို ဖတ်ပြီးစ ဖြစ်၍ စာအုပ်ထုပ်များကို ဖြေတော့မည့်ဆဲဆဲ ဖြစ်ဟန် တူပါသည်။

ကိုသူတော်က 'တပည့်တော်တို့ စာအုပ်ထုပ် မှားယူလာ လို့ပါ ဘုရား။ ဒီကပြန်မှ သိရပါတယ်။ လူကြီးတွေက ပြန်အယူ ခိုင်းလို့ လာယူတာပါဘုရား'ဟု လျှောက်ရာ၊ ဆရာတော်က 'ဟင် ဟုတ်လား၊ ဘယ်လို မှားလာသလဲ။ စာအုပ်ပဲ ဒကာလေးတို့ရယ် အတူတူပေါ့။ ဘာစာအုပ်ဖြစ်ဖြစ် ကိစ္စမရှိပါဘူး။ ရွာကလူတွေ အတွက်တော့ ဘယ်လိုဟာမျိုး ဖတ်ရဖတ်ရ ပညာတိုးမှာပါပဲ။ ဘုန်းကြီးတို့ဆီ ထားသာ ထားခဲ့ပါ။ ဘုန်းကြီးလည်း ခုပဲ ဖြေဖတ် ကြည့်တော့မလို့'ဟု အမိန့် ရှိပါသည်။

ကျွန်တော်က 'မဖြစ်ဘူးဘုရာ့၊ မဖြစ်ဘူး။ ဒီစာအုပ်တွေ က ဂျာမနီ'ဟု စကားမဆုံးခင်ပင် ကိုသူတော်က တံတောင်နှင့် တွက်ကာ 'ဒီလိုပါဘုရာ့၊ ဒီစာအုပ်တွေက ဂျာမနီပြည်က လက် နက်ကိရိယာတွေ သုံးပြီး မြန်မာတွေ သွေးဆူထကြွလာအောင် လှုံ့ဆော်တဲ့ စာအုပ်တွေပါ ဘုရား။ ဒီတော့ ဒီစာအုပ်မျိုးကို တပည့်တော်တို့က ဝေတယ် ဘာတယ်ဆိုရင် အင်္ဂလိပ်အစိုးရက ကြိုက်မှာ မဟုတ်ပါဘူး ဘုရား။ ရာဇဝတ်မကင်း ဖြစ်ပါလိမ့်မယ်။ အရှင်ဘုရားတို့ဆီ ထားဖို့လည်း မကောင်းပါဘူး ဘုရား'ဟု လျှောက်ပါသည်။

သည်တော့မှ ဆရာတော်က စာအုပ်ထုပ်များ ပြန်ယူသွားဖို့ အသာတကြည် ခွင့်ပြုပါသည်။ ကျွန်တော်တို့ နှစ်ယောက်လည်း စာအုပ်ထုပ်များကို ထမ်း၍ လေးကန်နွမ်းချည့်စွာ တည်းခိုရာ စခန်းသို့ ပြန်လာကြပါသည်။

ကျွန်တော်တို့ ပြန်ရောက်သောအခါ ယင်းစာအုပ်ထုပ်များကို ဘာလုပ်ရမည်နည်း ဟူသော ပြဿနာ ပေါ်လာပါသည်။ ဝေ၍လည်း မဖြစ်၊ တည်းခိုရာစခန်းတွင် သည်အတိုင်း ထားခဲ့၍ ရွာကလူများ တွေ့သွားလျှင်လည်း မကောင်း၊ အပြန်တွင် သယ်သွားရမှာလည်း တစ်ယောက်ယောက် မြင်၍မေးလျှင် အဖြေရခက်၊ မမေးလျှင်တောင် တို့တော့ မဝေဘဲ သူတို့စာအုပ်တွေနမြောလို့ ပြန်ယူသွားတယ်ဟု အထင်လွဲမှာစိုးနှင့် ကျွန်တော်တို့တစ်တွေမှာ ယမ်းထုပ်ကြီးများ ပိုက်ထားရသကဲ့သို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည်။

ဥက္ကဋ္ဌကြီး ကိုတင်မောင်က 'ကဲ ကဲ၊ ကျွန်တော်တော့ အဖြေရပြီ။ ဒီစာအုပ်တွေ မှားယူလာတဲ့ ကိုသူတော်နဲ့ ကိုနွယ်စိုးပဲ ရွာစွန်ရွာဖျား တစ်နေရာရာကို ဒီစာအုပ်ထုပ်တွေ သယ်သွားပြီး လူမသိအောင် ကျင်းတူး မြှုပ်ကြပေတော့'ဟု အမိန့်ပေးပါသည်။ ဟောဗျ၊ ယူလာတာက ကိုသူတော်၊ ကျွန်တော့်ပါ အခုတော့ ဆွဲထည့်ပြန်ပြီ။ လောကကြီးများ သည်လိုပဲ၊ မတရားကြတာ။ ဒါပေမဲ့ အပြစ်မဆိုသာ ပေဘူးလေ။ နေ့လယ်တုန်းကတော့ "ဒါ ငါ့သူငယ်ချင်းကွ" ဆိုသည့် မျက်နှာပေးနှင့် ကျွန်တော်က ရင်တကော့ကော့ နေခဲ့မိတာကိုး။

ပတ်ဝန်းကျင်ကို အစဉ် သတိထား စူးစမ်းကြည့်ရှုတတ်

သည့် ကိုသူတော်က ညနေ ဘုန်းကြီးကျောင်းမှ အပြန်တွင် လူ ပြတ်ပြီး အိမ်များနှင့် အတော်လှမ်းသည့် နေရာတစ်ခု သတိပြုခဲ့ မိကြောင်း၊ ယင်းနေရာ၌လည်း ကျင်းနက်နက်ကြီးတစ်ခု ရှိသည် ကို သူသတိထားခဲ့မိကြောင်း၊ သည်ကျင်းကြီးထဲသို့ စာအုပ်ထုပ် များ ပစ်ချထားလျှင် မည်သူမျှ တွေ့နိုင်မည် မဟုတ်ကြောင်း ပြောပါသည်။

ကိုသူတော်၏ အကြံကို ကိုတင်မောင်နှင့် ကိုသိန်းက သဘောတူလိုက်ပါသည်။ ရွာက လူများ မသိအောင်၊ ညမိုးချုပ်မှ ကျွန်တော်တို့ စာအုပ်ထုပ်များ ယူသွားပြီး ကျင်းထဲ ပစ်ချရန် အမိန့်ပေးကြပါသည်။ ထိုနေ့ ညစာ ထမင်းစားသည့်အခါ ကျွန်တော်တို့နှစ်ယောက်မှာ ခါတိုင်းလို မမြိန်လှပါ။ မိုးချုပ်၍ ရွာက ဧည့်သည်များ ပြန်သွားသောအခါ ကိုသူတော်နှင့်ကျွန်တော် တို့ စာအုပ်ထုပ်များ ထမ်းကြရပြန်သည်။ စာအုပ်ထုပ်မှာ ခြောက် ထုပ် ဖြစ်နေ၍ တစ်ခေါက်တည်းနှင့် ပြီးနိုင်ရန် ကိုကျော်ညွန့်အား ကူသယ်ပေးပါဟု မနည်း တောင်းပန်ရသည်။ ကျွန်တော်က လက် နှိပ်ဓာတ်မီးကို ကြိုးချည်၍ လွယ်ထားသည်။

လရောင် မှုန်တိမှုန်မွှားအောက်တွင် ကိုသူတော်က ရှေ့မှ သွား၍ ကျွန်တော်တို့က နောက်မှ ကြောက်ကြောက် ကြောက် ကြောက်နှင့်ပင် လိုက်ရသည်။ အတန်ကြာ သွားပြီးလျှင် ကိုသူ တော်သည် ရုတ်တရက် ရပ်လိုက်သည်။ 'ကျွန်တော်ပြောတဲ့ ကျင်းကြီးဟာ ဟိုအနားက ဟာပဲ'ဟု ပြောပါသည်။ လက်နှိပ် ဓာတ်မီးနှင့် ထိုးကြည့်ရာ ဘုန်းကြီးကျောင်း တစ်ကျောင်း၏ နောက်ဘက်နား ကပ်လျက် ကျင်းကြီးတစ်ခုကို တွေ့ရပါသည်။

ရာပြည့်စာအုပ်တိုက်

'ကဲ အထုပ်တွေ ဒီလမ်းပေါ်မှာ ချ။ ကျွန်တော်နဲ့ ကိုနွယ်စိုးက အထုပ်တွေ သယ်ပြီး ကျင်းထဲ ပစ်ချမယ်။ ကိုကျော်ညွန့်က ဒီကနေ လက်နှိပ်ဓာတ်မီးနဲ့ တစ်ချက်တစ်ချက် ထိုးပြ။ သိပ်တော့လည်း ကြာကြာ မထိုးနဲ့၊ ရွာကလူတွေ မြင်လို့ လာကြည့်နေဦးမယ်'ဟု ကိုသူတော်က စီစဉ်ပါသည်။ ကိုသူတော်သည် ဘယ်ခါမဆို အစီအစဉ်ကောင်းသူ ဖြစ်ပါသည်။

ကိုသူတော်နှင့် ကျွန်တော်သည် စာအုပ်ထုပ် နှစ်ထုပ်စီ ထမ်း၍ ကျင်းဆီသို့ သွားပါသည်။ ကျင်းထိပ်တွင် ရပ်ကာ ကိုသူတော်က "တစ်၊ နှစ်၊ သုံး"ဟု ဆိုပါသည်။ "သုံး" အရောက်၊ ဝုန်းခနဲနေအောင် အထုပ်များကိုလည်း ပစ်ချလိုက်ရော ဗတ်ခနဲနေအောင် ပျော့ရွှတ်ရွှတ် အဖတ်များ ကျွန်တော်တို့ကို လာကပ်ပါလေရော။ တွင်းထဲမှ စဉ်တက်လာသော ပျော့ရွှတ်ရွှတ် အဖတ်များကြောင့် ကျွန်တော်တို့၏ မျက်နှာ၊ လက်နှင့် ရင်ဘတ်တစ်ခုလုံး ရစရာ မရှိအောင် ပေကျံကုန်ပါသည်။

'ဘာတွေပါလိမ့်'

'ရွှံ့တွေ နေမှာပေါ့ဗျာ'

'ဟာ နံတယ် ကိုသူတော်'

'ကျွန်တော်လည်း နံတယ်'

ကျွန်တော်တို့လည်း ကိုကျော်ညွန့် ရပ်နေသည့် နေရာသို့ ပြန်သွားရာ၊ ကိုကျော်ညွန့်က နောက်ဆုတ် နောက်ဆုတ်နှင့် အကပ်မခံပါ၊ လက်ဖြင့် နှာခေါင်းကိုလည်း ပိတ်ထားပါသည်။ 'မီးထိုးပြပါဦး' ဟု ပြောမှ ခပ်လှမ်းလှမ်းကနေ မီးထိုးပြရာ၊ ကျွန်တော်တို့ နှစ်ယောက်စလုံးမှာ မစင်ဖတ်များ ရစရာ မရှိအောင်

ကပ်နေသည်ကို တွေ့ရပါသည်။ မထူးတော့ဘူးဟု ကျွန်အထုပ်နှစ်ထုပ်ကိုလည်း မစင်ကျင်းထဲကိုပင် ပစ်ချလိုက်ပါသည်။ သည်တစ်ခါ ဝုန်းခနဲ နေအောင်တော့ ပစ်မချပါ။ ကျင်းထိပ်က အသာတွန်းချလိုက်ပါသည်။

ကိုကျော်ညွန့်က လက်နှိပ်ဓာတ်မီးနှင့် ကျင်းနားတစ်ဝိုက်သို့ တစ်ချက်နှစ်ချက် ထိုးကြည့်ကာ 'ဒါက ဘုန်းကြီးကျောင်းနောက်ဖေးဆိုတော့ ဘုန်းကြီးကျောင်းရဲ့ မစင်တွင်း အဟောင်းကြီး ဖြစ်မှာပေါ့ဗျ။ ဟိုမှာ မြင်လား၊ အိမ်သာလား ကုဋီလား အသစ်တစ်လုံး ဆောက်ထားတာ'ဟု ပြောပါသည်။

ကိုသူတော်က သူ့ခေါင်းတုံးကလေးကို လက်ဖြင့် ပွတ်ကာ 'ကျွန်တော်လည်း ထင်တော့ ထင်သားပဲ'ဟု အေးဆေးစွာ ပြန်ပြောပါသည်။

သည်တစ်ခါတော့ သူ့စေတနာ ဘယ်လောက်ကောင်းကောင်း "စေတနာကြောင့် ဖြစ်တာပဲလေ"ဟု ကျွန်တော် ခွင့်မလွှတ်နိုင်တော့ပါ။ အဲသည်ကတည်းက စေတနာရှင်ဆိုလျှင် ကြောက်စရာကောင်းသူဟု အသိဉာဏ် ဝင်လာပါသည်။

ကိုသူတော်သည် သူ့ခေါင်းတုံးကို ပွတ်ရာမှ ရုတ်တရက် လက်ရုပ်လိုက်ကာ 'ဟာ၊ ခေါင်းမလည်း တက်ပေကုန်ပါပြီ။ တတ်နိုင်ပါဘူးလေ၊ ပြန်ကြစို့'ဟု ပြောသဖြင့် သုံးယောက်သား ပြန်လာခဲ့ပါသည်။ ကိုကျော်ညွန့်မှာ ကျွန်တော်တို့နှင့် လှမ်းနိုင်သမျှ လှမ်းအောင် ခွာ၍ လျှောက်ပါသည်။ တည်းခိုရာစခန်းသို့ရောက်ခါနီးတွင် ကိုကျော်ညွန့်အား မည်သူ့ကိုမျှ ပြန်မပြောဖို့ ခယယ တောင်းပန်ကြရသည်။ လမ်းတွင် ရွံ့များ ပေလာလို့

ဟူသော အကြောင်းပြချက်ဖြင့် ကျွန်တော်တို့အတွက် အဝတ်အစား ယူပေးဖို့ကိုလည်း တောင်းပန်ကြရသည်။ ကျွန်တော်တို့သည် မစင်ပေနေသည့် အဝတ်များကို ချုံတစ်ခုထဲ ထိုးဝှက်၊ ရေတွင်းတွင် ရေမိုးချိုး၊ ကိုကျော်ညွန့် ယူပေးသည့် အဝတ်အစားများလဲ စသည့် ကိစ္စများ ပြီးစီးမှ တည်းခိုရာ အဆောက်အဦပေါ်သို့ တက်သွားပါသည်။ မအိပ်သေးဘဲ စောင့်နေသည့် ကိုတင်မောင်နှင့် ကိုသိန်းအား အထုပ်များ ကျင်းထဲ ပစ်ပြီးကြောင်းသာ ပြောရ၍ အိပ်ကြပါတော့သည်။ စိတ်ထဲက နံတံတံပင်။

သို့နှင့် ကျွန်တော်တို့ ပြန်ရမည့်နေ့ ရောက်လာပါသည်။ ရွာကလူများနှင့် အတော်ပင် ခင်မင်နေသဖြင့် စိတ်ထဲက ဟာတာတာ ဖြစ်မိပါသည်။ ဘတ်စ်ကားပေါ်တွင် ကျွန်တော်က ကိုတင်မောင်နှင့် ကိုသိန်းအား 'ကျွန်တော်တို့ လာတာ ရွာမှာ တော်တော်အကျိုးရှိမှာပဲနော်၊ ဘယ့်နှယ့်ထင်သလဲ'ဟု မေးရာ၊ နှစ်ယောက်စလုံးက ပြုံးစိစိလုပ်ကာ အဖြေမပေးပါ။ ကြီးပွားရေး ကိုလှက 'ဟာ အကျိုးရှိတာပေါ့။ ကိုသူတော်နဲ့ ကိုနွယ်စိုးရဲ့ ကျေးဇူးကြောင့် ရွာကလူတွေ မမြင်ဖူးတာမြင်ရ၊ မကြားဖူးတာ ကြားရရှာတယ်။ ပြီးတော့ မဖတ်ဖူးတာတောင် ဖတ်ကြရတော့မလို့ ဖြစ်တယ်မဟုတ်လား'ဟု ပြောသဖြင့်၊ ကျွန်တော့်စိတ်ထဲတွင် ကျေနပ်သွားကာ "ကိုလှ တော်သားပဲ"ဟု ကျေးဇူးတင်မိပါသည်။

ကိုတင့်ဆွေက 'လင်းစမ်းပါဗျ၊ ဘယ်လိုလဲ'ဟု မေးရာ ကိုလှက 'ဟော ရွာကလူတွေ မမြင်ဖူးတဲ့ ကိုးရိုးကားရား အဝတ်အစားတို့၊ လူက ဝက်စီးတာတို့ မြင်ရတယ်။ မကြားဖူးတဲ့ ဂေါ်ဂီဘူဗြဲတို့၊ လူနဲ့ဝက် ထပ်တူအော်သံတို့၊ ညှပ်ကြီးနဲ့သင်းတယ်

လို့ အော်သံတို့၊ ဦးကောင်းလိုင်ထုတ် မြင်းဇက်ပြုတ် ဆိုတာတို့ ကြားရတယ်။ မဖတ်ဖူးတဲ့ သန်စွမ်းထွားကျိုင်းရေး ဗဟုသုတ တွေတောင် ဖတ်ကြရတော့မလို့ သီသီပဲ လိုတော့တယ်ဗျာ၊ ကျွန်တော်ဖြင့် အသည်းယားလိုက်တာ'ဟု ပြောလိုက်ရာ ဘတ်စ်ကား တစ်စင်းလုံး ပွဲကျသွားပါသည်။

ကျွန်တော်က 'ဂေါ်ဂီဘူမြဲနဲ့ ကျွန်တော်တို့နဲ့ ဘာဆိုင်လို့ လဲဗျာ'ဟု စာဒကတက်ရာ 'အင်း ဒါတော့ ဟုတ်တယ်'ဟု ပြစ်ချက်တစ်ခုက လွတ်ငြိမ်းခွင့် ပေးလိုက်ပါသည်။

ရန်ကုန် ပြန်ရောက်ပြီး တစ်လလောက် အကြာတွင် ကျွန်တော်တို့ လူငယ်များ ကြီးပွားရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး ကျင်းပပါသည်။ ကိုသူတော်နှင့် ကျွန်တော်တို့ ကျောင်းကန်ရွာတွင် လုပ်ခဲ့သမျှကို တော်တော် မျက်စိစပါးမွေး စူးခဲ့ဟန်တူသော ကြီးပွားရေး ကိုလုတို့ လူစုက တစ်နာရီအတွင်း သက်တမ်းစေ့တော့မည့်ဆဲဆဲ ဖြစ်သည့် အမှု ဆောင် ကော်မတီ အဖွဲ့တစ်ခုလုံးအား အယုံအကြည်မရှိ အဆို တင်သွင်းပါတော့သည်။ ဥက္ကဋ္ဌ ကိုတင်မောင်နှင့် အတွင်းရေးမှူး ကျွန်တော်မှ အစ အခြားကော်မတီဝင်များက ပြန်လည် အရွေးခံ မည် မဟုတ်ကြောင်း ပြောသော်လည်း မကျေနပ်ဘဲ အယုံအကြည် မရှိ အဆိုကို တင်ဖြစ်အောင် တင်ပါသည်။ သို့သော် ကျောင်း ကန်ရွာမှ အဖြစ်အပျက်များကို သင်းလုံးကျွတ် ပရိသတ်ရှေ့တွင် ဖွင့်ပြောရမှာ ခက်၍လား မသိ၊ အယုံအကြည်မရှိ အဆိုအတွက် သူတို့ အကြောင်းပြချက်ကတော့ အသင်း၏ ဖွဲ့စည်း အုပ်ချုပ်ပုံ စည်းကမ်းဥပဒေတွင် ကျေးလက်ပြုပြင်ရေး လုပ်မည် ဟူသော ရည်ရွယ်ချက် မပါသဖြင့် ကျောင်းကန်ရွာသို့ သွားခြင်းသည်

ရာပြည့်စာအုပ်တိုက်

အသင်းစည်းမျဉ်း အပြင်ဘက် ကျသည် ဟူ၍ ဖြစ်ပါသည်။ ထို့ပြင် ယင်းသို့ မူလရည်ရွယ်ချက်များတွင် မပါသည့် ဆောင်ရွက်ချက်အတွက် ကုန်ကျသော အသင်းငွေ ရှစ်ဆယ်ကျော်ကို သင်းလုံးကျွတ် အစည်းအဝေးခေါ်၍ ခွင့်ပြုချက် မတောင်းဘဲ သုံးစွဲခဲ့ခြင်းသည် ကော်မီတီက အာဏာအလွဲသုံးစားလုပ်ခြင်း ဖြစ်သည် ဟူ၍လည်း အကြောင်းပြပါသည်။

ထို့ကြောင့် နောက်နှစ်အတွက် အမှုဆောင်အဖွဲ့ ရွေးကောက်မည့် ဆဲဆဲတွင်ပင် အမှုဆောင် အဖွဲ့ဟောင်းမှာ အယုံအကြည်မရှိ အဆိုနှင့် ပြုတ်ကျသွားပါသည်။ ကျွန်တော့် စိတ်ထဲမှာတော့ အကြောင်းတစ်ခုခုကြောင့် အမဲခံလိုက်ရသည်ဟု သိလိုက်ပါသည်။

သို့သော် ကိုသိန်း၊ ကိုတင်မောင်၊ ကိုကျော်မြင့်နှင့် ကျွန်တော်တို့၏ ကျေးလက်ပြုပြင်ရေး လုပ်လိုသော ဆန္ဒမှာ ပြင်းပြလျက်ပင် ရှိခဲ့ပါသည်။ ထို့ကြောင့် လူငယ်များ ကြီးပွားရေးအသင်း အနေဖြင့် ကျေးလက်ပြုပြင်ရေး မလုပ်ရလျှင် သတ်သတ်သီးခြားလုပ်မည် ဟူသော ဓွဲဖြင့် သုံးလေးလ အတွင်း၌ပင် ကျေးလက် တောရွာ ပြုပြင်ရေးအသင်းဟု အဖွဲ့သစ်တစ်ခု ဖွဲ့စည်းတည်ထောင်လိုက်ကြပါသည်။ ကျွန်တော်တို့နှင့် စိတ်တူသဘောတူ ဖြစ်သော ဆရာကြီး ဦးဘလွင်ကို ဥက္ကဋ္ဌတင်၍ ဆရာကြီး၏ ကိုယ်ထိလက်ရောက် အားတက်သရော ခေါင်းဆောင်မှုအောက်တွင် ကျေးလက်ပြုပြင်ရေး လုပ်ငန်းများကို ကမ္ဘာစစ်ကြီးဖြစ်သည် အထိ ထထကြွကြွ လုပ်ကိုင်ခဲ့ကြပါသည်။

ဤသို့ အဖွဲ့သစ် ဖွဲ့၍ ကျေးလက်ပြုပြင်ရေး လုပ်ငန်းလုပ်ကြသော်လည်း ကျွန်တော်တို့သည် လူငယ်များကြီးပွားရေး

အသင်းကို ပစ်ပယ်သွားခြင်း၊ အသင်းမှ ခွဲထွက်ခြင်း မဟုတ်။ သာမန်အသင်းသား အနေဖြင့် ဆက်လက်ပါဝင် ဆောင်ရွက်ပါသည်။ အသင်း၏ လုပ်ငန်းတစ်ရပ်ဖြစ်သော ညကျောင်းတွင် စာပြခြင်း၊ အစည်းအဝေးများ တက်ခြင်း၊ ပေးသမျှ တာဝန်ကို ထမ်းဆောင်ခြင်းဖြင့် လူငယ်များ ကြီးပွားရေး အသင်းသားပီပီ ဆောင်ရွက်ရင်း ကျေးလက်ပြုပြင်ရေး အသင်းဝင်များ အဖြစ်ဖြင့်လည်း မိမိတို့ စိတ်အားသန်သည့် လုပ်ငန်းကို အားသွန်စိုက်ကာ ကြိုးပမ်းလုပ်ခဲ့ကြပါသည်။

တစ်ခုတော့ ရှိသည်။ ကိုသူတော်က ကျေးလက်ပြုပြင်ရေး အသင်းတွင် ပါဝင် လုပ်ကိုင်ပါရစေဟု ခွင့်တောင်းသောအခါ ပါဝင်ခွင့် မပြုနိုင်ဟု တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြပါသည်။

(**စာရှုသူမိတ်ဆွေ။** ။ ကျွန်တော့်ဇာတ်လိုက် ကိုသူတော် ဆိုသည့်လူ တကယ် မရှိပါ။ ကျေးလက်ပြုပြင်ရေး သွားတုန်းက သူနှင့် နာမည်တူ၊ ရုပ်တူသူပင် မပါပါ။ ကျွန်တော် ရေးခဲ့သမျှတွင် ကိုသူတော် ပါဝင်သည့် အခန်းများ၊ အဖြစ်အပျက်များသည် လုံးဝ မဟုတ်မဟတ် လုပ်ဇာတ်သာ ဖြစ်ကြောင်း အတိအလင်း ဝန်ခံပါရစေ။ ကျေးလက်ပြုပြင်ရေး ဆောင်ရွက်ချက်များမှာမူ နောက်ဆုံး အယုံအကြည်မရှိ အဆိုနှင့် ပြုတ်ကျရသည်အထိ အမှန်အတိုင်း ရေးထားပါသည်။ ဝတ္ထုဟန် အယောင်ဆောင်ထားသော ဤမော်ကွန်းတင် မှတ်တမ်းကို ဖတ်ရှုရာ၌ စာရှုသူ ငြိမ့်ငွေ့မည်စိုး၍ ကိုသူတော်နှင့် သူ၏ဇာတ်လမ်းကို လီဆယ်လုပ်ကြံ ဖန်တီးကာ ထည့်လိုက်ခြင်းသာ ဖြစ်ပါသည်။)

[ ငွေတာရီ၊ နိုဝင်ဘာ ၁၉၆၃ ]



အင်္ဂလိပ်-မြန်မာ နှစ်ဘာသာ ကျွမ်းကျင်သူ၊
မြန်မာစာကိုလည်း လက်၊ စကားပြေ နှစ်ထွေနိုင်နင်းသူ၊
ရသဟန် အဖွဲ့အနွဲ့တွင် ဟာသစွက်၍ ရေးတတ်သူ၏
မအူပင်၊
ကုသိုလ်ဆက်၊
စိမ်းလန်းသောတောင်ကုန်း ...
အက်ဆေး(၃)ပုဒ်။
နိုင်ငံရေး၊
အချစ်လေးပါး၊
စက်မှုကိရိယာ၊
အညာကြိုက်၊
ကံ...ကံ၊
စေတနာရှင်...
ဝတ္ထုတို/ရှည် (၆)ပုဒ်
စုစည်းမှု။